# ကာသ

# နတ်ရထား



www.foreverspace.com.mm

www.foreverspace.com.mm

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ တာဝန်ကျေသော ဆောင်ရွက်ချက်**

* * * * * * * * * * * * * * * * * * * * *

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

* * * * * * * * * * * * * * * * * * * * *

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

* * * * * * * * * * * * * * * * * * * * *

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

* * * * * * * * * * * * * * * * * * * * *

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

# ကုသ

# နတ်ရထား

နှင့်

ဘာသာပြန်ဝတ္ထုတိုများ

**စော်ဝင်မြို့မ စာအုပ်တိုက်**
၇၇/ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊
☎ - ၂၇၉၅၇၂

www.foreverspace.com.mm

## ဝိနာဘာဝ

## (၁)

ကမ်းနစ်ဖက်တွင် မြင့်စောက်သည့် ကျောက်ကမ်းပါးကြီးများ ဖြစ်ထွန်းလျက်ရှိသော ယန်စီမြစ်များသို့ လှေဖြင့် ဆန်တက်သွားရသည်မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖိုရှိလှပါတော့သည်။

သို့ရာတွင် ကျွန်တော်သည် နောက်ဆုံး၌ ချုံကင်မြို့နွှန်တွင် နေထိုင်လျက်ရှိသည့် အငြိမ်းစား ဘုရင်ခံကြီး၏နေအိမ်သို့ ရောက်သွားလေတော့သည်။

ဘုရင်ခံကြီးမှာ ရှေးဟောင်းပစ္စည်းများကို စုဆောင်းရာတွင် လွန်စွာဝါသနာပါသူတစ်ယောက် ဖြစ်သည်ဟူ၍ ကျော်စောလျက်ရှိပေသည်။ ၎င်းသည် ရာထူးရှိစဉ်အခါက မိမိအာဏာကို အသုံးပြုပြီး လွန်စွာ အဖိုးတန်လှသည့် ရှေးဟောင်းပစ္စည်းများကို ရှာဖွေရယူ စုဆောင်းထားနိုင်ခဲ့သည်ဟု ကြားသိရသည်။

၎င်းသည် မည်သည့်ရှေးဟောင်းရုပ်တုကိုဖြစ်စေ၊ ပန်းချီကားချပ်ကိုဖြစ်စေ၊ မည်သူထံမှဖြစ်စေ၊ အလိုရှိပါက ငွေပေး၍သော်လည်းကောင်း၊ အာဏာကို အသုံးပြု၍သော်လည်းကောင်း မုချရအောင် ယူနိုင်ခဲ့မြဲပင်ဖြစ်တော့သည်။ သို့နှင့်အမျှ ၎င်းထံတွင် လွန်စွာရှားပါးအဖိုးတန်လှသည့် ရှေးဟောင်းပစ္စည်းအမျိုးမျိုးတို့ကို ရှာဖွေစုဆောင်း ထားရှိနိုင်ခဲ့တော့သည်။

www.foreverspace.com.mm

ဘုရင်ခံကြီးသည် ကျွန်တော့်အား သူ၏ စည့်ခန်းဆောင်ကြီး အတွင်းသို့ ခေါ်ဆောင်သွားလေသည်။ ကျွန်တော်သည် ၎င်းနှင့်စကား ပြောနေစဉ် အခန်းတွင်း၌ရှိသော ပစ္စည်းများကို တစ်ချက်တစ်ချက်တွင် ကြည့်ရှုမိရာ ရှေးဟောင်းပစ္စည်းဆို၍ ဘာတစ်ခုကိုမျှ မတွေ့ရချေ။ အခန်း အတွင်း၌ ကျွန်းသစ်သားရေတစ်ချပ်နှင့် ကြွေပန်းအိုးတစ်လုံးမျှကိုသာ တွေ့မိသည်။

ဘုရင်ခံကြီးမှာ လွန်စွာတည်ငြိမ် ပျော့ပျောင်းအေးဆေးလှသည့် ရုပ်သွင် ဆောင်လျက်ရှိသည်ကို ကျွန်တော် အံ့ဩစွာ တွေ့မိတော့သည်။ အသက်အရွယ် ကြီးရင့်လာသည့်အတွက် စိတ်နှလုံးနူးညံ့ပျော့ပျောင်းလာ ဟန် တူပေသည်။ ၎င်းသည် ကျွန်တော့်အား အထူးဖော်ရွေစွာ စည့်ခံပေ တော့သည်။

ကျွန်တော်သည် ဘုရင်ခံကြီးအား မနာလိုပင် ဖြစ်လာမိတော့ သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏အိမ်မှာ လွန်စွာလှပပြီး စိတ်၏ အေးချမ်းကြည်လင်မှုကို အခါမလင့် ဖန်တီးပေးလျက်ရှိသောကြောင့်ပင်။

ကျွန်တော်သည် ဘုရင်ခံကြီးအား ၎င်းစုဆောင်းထားရှိသည့် ရှေးဟောင်းပစ္စည်းများ အကြောင်းကို စတင်မေးမြန်းလိုက်ပါတော့သည်။

၎င်းသည် ရယ်မောလိုက်ပြီး . . .

"ခင်း . . . ကျုပ်ဆီမှာ ရှေးဟောင်းပစ္စည်းတွေကို စုဆောင်း ထားရှိတာ အမှန်ပါပဲ၊ ဒါပေမယ့် နောင်အနှစ်တစ်ရာခန့်ကြာရင် ဒီပစ္စည်း တွေဟာ တခြားလူများလက်ထဲကို မုချရောက်သွားကြမှာပါပဲ၊ ဘယ်မိသား စုမဆို ရှေးဟောင်းပစ္စည်းတွေကို အနှစ်တစ်ရာထက်ပိုပြီး ပိုင်ဆိုင်လေ့ မရှိခဲ့ကြပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီရှေးဟောင်းပစ္စည်းတွေဟာ သူတို့ကံနဲ့သူတို့ ဖြစ်လာကြတယ်၊ ဒီပစ္စည်းတွေက ကျွန်တော်တို့ကို နေ့တိုင်းကြည့် ကြည့်ပြီး ပြက်ရယ်ပြုကြပါတယ်"

ဘုရင်ခံကြီးသည် ဤသို့ပြောပြီးနောက် ဆေးတံကို မီးညှိသောက် လေတော့သည်။

"ဒီရှေးဟောင်း ပစ္စည်းတွေဟာ သူတို့ကံနဲ့ သူတို့ ဖြစ်လာကြ တယ်ဆိုတာကို ဘုရင်ခံကြီး အမှန်ပင် ယုံကြည်ပါသလားခင်ဗျား"

"ဘာကြောင့် မယုံကြည်ရမှာလဲ . . . ယုံကြည်တာပေါ့။ သူတို့လည်း သူတို့ကံနဲ့ပေါ့။ သူတို့ဟာ အသက်မရှိကြပေမယ်လို့ တကယ်စင်စစ်တော့ အသက်ရှိကြတယ်၊ ပိုင်ရှင်တွေကို နေ့စဉ်ကြည့်ကြည့်ပြီး ပြက်ရယ်ပြုနေ

www.foreverspace.com.mm

ကြတယ်၊ ဒီပိုင်ရှင်တွေဟာ ငါတို့ကို အမြဲတမ်းပိုင်ဆိုင်လိမ့်မယ်လို့ အထင်ကြီးနေကြတယ်၊ ဒီပိုင်ရှင်တွေဟာ တစ်နေ့ကျရင် သေရွာကို သွားကြရမယ်ဆိုတာ သူတို့မတွေးမိကြဘူးလို့ ပြက်ရယ်ပြုနေကြတော့တယ်၊ သူတို့ဆီမှာလဲ အသက်ရှိတယ်နော်၊ တကယ်ကို အသက်ရှိနေကြတယ်”

“ဘုရင်ခံကြီး ဘာကိုဆိုလိုပါသလဲ ခင်ဗျာ”

“ကျုပ်ဆိုလိုတာက ဘယ်ရှေးဟောင်းပစ္စည်းမဆို အသက်ရှိကြတယ်၊ သူတို့လဲ သူတို့ကံနဲ့ပေါ့၊ နှစ်ကာလ ဘယ်လောက်ကြာအောင် ဘယ်သူနဲ့ အတူနေရပြီး နှစ်ကာလဘယ်လောက်ကြာရင် ဘယ်သူ့ထံကို ကူးပြောင်းနေထိုင်ရမယ်ဆိုတာဟာ သူတို့ရဲ့ ကံစီမံတဲ့အတိုင်းပေါ့”

“ဒါဖြင့်ရင် ဒီရှေးဟောင်းပစ္စည်းတွေဟာ နှစ်တော်တော်ကြာရင် တခြားဘဝကို ကူးပြောင်းသွားကြရတယ်လို့ ဆိုလိုပါသလားခင်ဗျာ”

“တခြားဘဝကို ကူးပြောင်းသွားရမယ်လို့ မဆိုလိုပါဘူး၊ ဒီရှေးဟောင်းပစ္စည်းတွေမှာ အသက်ကာလ အပိုင်းအခြားရှိကြတယ်လို့ ပြောလိုပါတယ်၊ ပန်းပုဆရာတစ်ယောက်ဟာ ရုပ်တုတစ်ခုကို ထုလုပ်တယ်ဆိုပါတော့၊ ဒီရုပ်တုကို ထုလုပ်နေစဉ်အခါမှာ ဒီပန်းပုဆရာဟာ သူရဲ့ဝိညာဉ်နဲ့ ဝါသနာစရိုက်တွေကို အဲဒီရုပ်တုထဲကို ထည့်သွင်းလိုက်တော့တာပဲ…၊ ဗိုက်ထဲမှာ ကလေးတစ်ယောက် သန္ဓေတည်နေတဲ့အခါမှာ မိခင်ရဲ့အကျင့်စရိုက်နဲ့ ဝါသနာ စသည်တို့ဟာ အဲဒီကလေးရဲ့ ကိုယ်ထဲကို ကူးပြောင်းရောက်ရှိသွားသလိုပေါ့။ အဲဒီတော့…ပန်းပုဆရာရဲ့ အသက်ဝိညာဉ်၊ ဝါသနာနဲ့ စရိုက်တို့ဟာ သူထုလုပ်နေတဲ့ ရုပ်တုထဲကို တဖြည်းဖြည်း ဝင်ရောက်သွားပြီး နှစ်ကာလ အတော်ကြာကြာ ဒီရုပ်တုထဲမှာပဲ ကိန်းအောင်းပြီး နေတော့တယ်၊ ဒီပန်းပုဆရာဟာလည်း ဒီရုပ်ထုကို ထုလုပ်ပြီးတဲ့နောက်မှာ ကံကုန်သွားရင် ဒီရုပ်တုကို ခွဲခွာပြီး ဘဝပြောင်းသွားရတော့တာပဲ၊ ပိုင်ရှင် ဘဝပြောင်းသွားရင် ဒီရုပ်တုဟာ ပိုင်ရှင်သစ်လက်ကို ကူးပြောင်းရောက်ရှိသွားရမှာပါပဲ၊ သူတို့လဲ သူတို့ကံနဲ့ပေါ့၊ ဥပမာပြရမယ်ဆိုရင် ကျုပ်ဆီမှာအခုရှိနေတဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုဟာ ခုနက ကျုပ်ပြောပြခဲ့တဲ့ သဘောတရားအတိုင်း ဖြစ်ခဲ့ရတော့တာပဲ”

ကျွန်တော်သည် ဘုရင်ခံကြီးထံသို့ လာရောက်ခဲ့ခြင်းမှာ သူစုဆောင်းထားသော ပစ္စည်းဟောင်းများကို ဖတ်ရှုလိုသောကြောင့်ပင်ဖြစ်ပေသည်။ ကျွန်တော်မှာ ကျောက်စိမ်းရုပ်တုအကြောင်းကို တစ်ကြိမ်တစ်ခါမျှ မကြားမိခဲ့ဘူးချေ။

အဘယ်ကြောင့်ဆိုသော် ယင်းကျောက်စိမ်းနတ်သမီး ရုပ်တုမျိုးကိုပိုင်ဆိုင်သူ အရေအတွက်မှာ လွန်စွာရှားပါးလှသောကြောင့်ပင် ဖြစ်သည်။

သို့နှင့်အမျှ ဘုရင်ခံကြီးပြောပြလိုက်သော ကျောက်စိမ်းနတ်သမီးရုပ်တုအကြောင်းကို သိလိုလှသည့်စိတ်သည် တဖွားဖွား ပေါ်ပေါက်လာလေတော့သည်။

ကျွန်တော်သည် ဘုရင်ခံကြီးအား ပေစာဟောင်းတစ်ထုပ်ကို ညွှန်ပြပြီး…

"မှန်ပါတယ်ခင်ဗျား…အနုပညာရှင်တစ်ဦးရဲ့ လက်ရာပေါ်မှာ အဲဒီပညာရှင်ရဲ့ ဗိဉာဉ်နဲ့ ဝသီစရိုက်၊ ဝါသနာ၊ အကျင့်သိက္ခာတွေဟာထင်ပြီး ကျန်နေခဲ့တယ်ဆိုတာကို ကျွန်တော် ယုံကြည်ပါပြီခင်ဗျာ၊ ဒီပေစာဟောင်းကို အစအဆုံး ဖတ်ကြည့်လိုက်မယ်ဆိုရင် ဒီပေစာကို ရေးသားပြုစုခဲ့တဲ့ စာဆိုရဲ့ သဘောစရိုက် ဝါသနာစသည်တို့ကို အထင်အရှား သိရှိနိုင်မှာပါပဲ"

"မှန်တယ်…လောကမှာ ကောင်းမွန်လှပတဲ့ အနုပညာလက်ရာမှန်ရင် ကြာရှည်အောင် တည်မြဲနေမှာ မုချပါပဲ၊ အဲဒီအနုပညာပစ္စည်းဟာ ပြုစုဖန်တီးလိုက်တဲ့ အနုပညာဆရာရဲ့ အသည်းနှလုံးထဲက ပေါက်ဖွားလာတဲ့ သားရတနာသဖွယ် ဖြစ်တော့တယ်၊ အခု ကျုပ်ဆီမှာရှိနေတဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုဟာ ခုနက ကျုပ်ရှင်းပြခဲ့တဲ့ သဘောတရားတွေ မှန်ကန်ကြောင်း သက်သေခံနေတော့တယ်၊ အနုပညာရှင်တစ်ဦးဟာ အနုပညာ လက်ရာထူးတစ်ရပ်ကို ဖန်တီးပေးနိုင်ဖို့ တမင်မွေးဖွားလာခြင်း ဖြစ်တယ်၊ ဒါကြောင့်လဲ လက်ရာဟာ ကောင်းမွန်ရတော့တယ်"

"ဒီလိုဆိုရင် ဘုရင်ခံကြီးဆီမှာရှိတယ်ဆိုတဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုဟာ အင်မတန်လှပြီး အင်မတန် အဆင့်အတန်း မြင့်မှာပေါ့နော်၊ ကျွန်တော် ကြည့်ပါရစေလား ခင်ဗျာ"

"ဟာ…ကြည့်ရပါတယ်၊ ပြပါမယ်"

ဘုရင်ခံကြီးသည် အခြားအနုပညာ ရှေးဟောင်းပစ္စည်းများကို မိမိအိမ်၏ အောက်ဆုံးထပ်တွင် သိမ်းဆည်းထားသော်ငြားလည်း ကျောက်စိမ်းနတ်သမီးရုပ်တုကိုမူကား အိမ်အထက်ဆုံးထပ်ရှိ မှန်အိမ်ငယ်တစ်လုံးထဲတွင် အမြတ်တနိုး တယုတယ ထားရှိပေတော့သည်။

"ဒီကျောက်စိမ်းနတ်သမီးရုပ်တုကို ဘယ်သူထုလုပ်ခဲ့ပါသလဲ"



www.foreverspace.com.mm

www.foreverspace.com.mm

"ချန်ဖိုးဆိုတဲ့ လူတစ်ယောက်ပါ၊ သူ့အကြောင်းတွေကို မသိကြသလောက်ပါပဲ၊ ကျုပ်ကတော့ သူ့အကြောင်းတွေကို (ကော့ကြီး) သီလရှင်ကျောင်း တိုက်အုပ်သီလရှင်ကြီးဆီက ကြားသိခဲ့ရတယ်၊ ဒီကျောက်စိမ်းနတ်သမီးရုပ်တုကိုလဲ အဲဒီသီလရှင်ကြီးဆီကပဲရတယ်၊ ဒါပေမယ့် မလွယ်လှဘူး၊ ဒီသီလရှင်ကြီးကျောင်းအတွက် ဝတ္ထုကမြေအဖြစ် လယ်တွေ အတော်များများ ပေးလှူခဲ့ရတယ်၊ ဒါတောင်မှ ဒီရုပ်တုကိုပိုင်တဲ့ သီလရှင်အနိစ္စရောက်သွားပြီးမှပဲ ရတော့တယ်၊ ဒါပေမယ့် နတ်သမီးရုပ်တုကို သီလရှင်ကျောင်းမှာ မထားတော့ဘဲ ကျုပ်အိမ်မှာသာ တယုတယ တမြတ်တနိုးထားပါတယ်"

အဖြူစင်းနှင့် အစိမ်းစင်းများ ဖြစ်ပေါ်နေသည့် ကျောက်စိမ်းနတ်သမီးရုပ်တုကို ဘုရင်ခံကြီးနေအိမ်၏ တတိယအထပ်တွင် မှန်အိမ်ငယ်အတွင်း၌ ယုယမြတ်နိုးစွာ ထားရှိသည့်အပြင်၊ ၄င်းမှန်အိမ်ငယ်ကိုလည်း လေးလံခိုင်ခန့်သော သံကွန်ချာကြီးတစ်ခုဖြင့် ဖုံးအုပ်ထားသည်ကို အံ့သြစွာ တွေ့ရှိရတော့သည်။

ဘုရင်ခံကြီးက ကျွန်တော့်အား…

"ဒီနတ်သမီးရုပ်တုကို တစ်ပတ်လှည့်ပြီး ကြည့်ကြည့်စမ်းပါ၊ မင်းကြည့်သလို နတ်သမီးရုပ်တုကလဲ မင်းကို ပြန်ပြီးကြည့်ပါလိမ့်မယ်"

ကျွန်တော်သည်ခပ်လန့်လန့်နှင့်ပင် နတ်သမီးရုပ်တုကို တစ်ပတ်လှည့်၍ကြည့်စဉ် နတ်သမီးရုပ်တုသည် ကျွန်တော့်အား မျက်ခြည်မပြတ်လိုက်၍ကြည့်နေသလို ထင်မိလာတော့သည်။

နတ်သမီး၏ရုပ်သွင်မှာ အလွန်မူဆွေးနေသည့်ဟန်ကို ဖော်ပြလျက်ရှိနေသည်။

ဦးခေါင်းကို နောက်သို့လှည့်ထားပြီးလျှင် ယာဘက်လက်ကို မြှောက်ထားပြီး၊ ဝဲဘက်လက်ကို ရှေ့သို့ အနည်းငယ် ဆန့်ထားသည်။

မိမိချစ်သူနှင့် ကွေကွင်းကွဲကွာခဲ့ရသဖြင့် မရှင်ညှိုးလျှသော အသွင်ဖြင့် အပြေးသွားနေသောဟန်မှာ ကွင်းကွင်းကွက်ကွက် ပေါ်ထင်လျက်ရှိသည်။ ပန်းပုဆရာသည် ဤတစ်တောင်မျှသာအမြင့်ရှိပြီး လှစ်စွာ အဓိပ္ပာယ်ပါလှသည့် ရုပ်ဟန်သွင်ပြင်မျိုးကို ပေါ်လွင်အောင် ထုလုပ်ထားနိုင်ခဲ့သည်မှာ အံ့သြချီးမွမ်းဖွယ်ကောင်းလှပေတော့သည်။

နတ်မသီးဝတ်ဆင်ထားသော နတ်ဝတ်တန်ဆာ၏ ခေါက်ရာကလေးများပင် လှစ်စွာသဘောဝကျပြီး အသက်ဝင်နေပေတော့သည်။

www.foreverspace.com.mm

အထူးသဖြင့် နတ်သမီးပန်ဆင်ထားသည့် နားတောင်းတစ်ရန်မှာ အသေမျိုးမဟုတ်ဘဲ လှည့်ဖြုတ်နိုင်သော အရှင်မျိုးဖြစ်နေသည်။ သာမည ပန်းပုသရာမျိုးသည် ဤမျှသဘာဝကျပြီး လွန်စွာ အဓိပ္ပာယ်ပေါ်လျက်ရှိသော ရုပ်တုမျိုးကို ထုလုပ်နိုင်မည်မဟုတ်ချေ။ မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည့် ချစ်ဒုက္ခဝေဒနာကို လက်ဆုပ်လက်ကိုင် ပြသလိုသောကြောင့်ပင် ဖြစ်ရပေသည်။

ကျွန်တော်သည် နတ်သမီးရုပ်တုကို ကြည့်ရင်းကြည့်ရင်းပင် လွန်စွာ စိတ်ဝင်စားလာရတော့ကား ဘုရင်ခံကြီးအား မိမိသိလိုချက်များကို မေးမြန်းရတော့သည်။

"ပိုင်ရှင်သီလရှင်ဟာ ဒီနတ်သမီးရုပ်တုကို ဘယ်လိုရရှိခဲ့ပါလဲ ခင်ဗျာ"

"အေး...ပြောပြရတာပေါ့၊ ဒီရုပ်တုရဲ့ဟန်ကို သေသေချာချာ ကြည့်လိုက်စမ်း၊ နတ်သမီးဟာ ထွက်ပြေးနေတဲ့ပုံ ပေါ်မနေဘူးလား...၊ ပြီးတော့လဲ နတ်သမီးရဲ့ မျက်စိနှစ်လုံးကို ကြည့်လိုက်ပါဦး၊ ချစ်မေတ္တာ စိတ် လွန်ကဲနေတဲ့ဟန်၊ ကြောက်ရွံ့ထိတ်လန့်နေတဲ့ဟန်နဲ့ ဒုက္ခဝေဒနာတွေကို ကြိတ်မှိတ်မျိုသိပ်ပြီး ခံစားနေရတဲ့ဟန်တွေ ပေါ်မနေဘူးလား၊ ကဲ...ကဲ...ကျုပ်တို့ အိမ်အောက်ကို ဆင်းသွားကြပါစို့၊ ဒီနတ်သမီးရုပ်တုနဲ့ စပ်လျဉ်းတဲ့ အကြောင်းအရာအားလုံးကို ကျုပ်ပြောပြမယ်"

## (၂)

ဤကျောက်စိမ်းနတ်သမီးရုပ်တုကို ပိုင်ဆိုင်သော သီလရှင်၏ အမည်မှာ မီလင်ဖြစ်သည်။ သီလရှင်ကျောင်းတွင် အခြားသီလရှင်များနှင့် မရောမနှောဘဲ တသီးတသန့်ပင် နေထိုင်ခဲ့သည်ဖြစ်၍ ၎င်း၏အကြောင်းကို မည်သူမျှ သိခွင့်မရနိုင်တော့ချေ။

သို့ရာတွင် မီလင်သည် ရောဂါဝေဒနာကို အပြင်းအထန် ခံရလျက် သေချိန်နီးမှပင် မိမိ၏အဖြစ်သနစ်များကို တစ်လုံးမကျန် တိုက်အုပ်သီလရှင်ကြီးအား ထုတ်ဖော်ပြောပြသွားလေတော့သည်။

လွန်ခဲ့သော နှစ်တစ်ရာခန့်က ဖြစ်ခဲ့သည်။ ထိုစဉ်က မီလင်သည် အထူးပင် နုပျိုစိုလန်း ချောမောလှပသူဖြစ်လျက် ကေဖန်မြို့ရှိ

www.foreverspace.com.mm

ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာနေသည့် ခြံကြီးတစ်ခြံအတွင်းဝယ် လှပသည့် အိမ်ကြီးတစ်ဆောင်တွင် နေထိုင်လျက်ရှိသည်။ တိုင်းမင်းကြီး၏ တစ်ဦးတည်းသော သမီးချောရတနာ ဖြစ်ရကား မိဘများအပေါ်တွင် နွဲ့ဆိုးဆိုးနိုင်သော သူတစ်ယောက် ဖြစ်လာတော့သည်။ ၎င်း၏ ဖခင်ဖြစ်သူ တိုင်းမင်းကြီးမှာ တရားစီရင်ရာ၌ မညှာမတာ အပြစ်ပေးလေ့ရှိသည်။ သို့ရာတွင် မိမိ၏တစ်ဦးတည်းသော သမီးကိုကား လွန်စွာချစ်လေတော့သည်။ ဆွေမျိုးများသည် တိုင်းမင်းကြီးအိမ်တွင် လာရောက်နေထိုင်ကြရာ တိုင်းမင်းကြီးသည် ပညာရှိသော ဆွေမျိုးသားချင်းများအား မိမိလက်အောက်တွင် ရာထူးများ ပေးအပ်ခန့်ထားခဲ့ပြီး ပညာမရှိသူတို့အား မိမိအိမ်ကြီးအတွင်း၌ သင့်လျော်သော အိမ်အလုပ်များကို လုပ်ကိုင်စေသည်။

တစ်ရက်တွင် တိုင်းမင်းကြီး၏ တူနှစ်ဝမ်းကွဲ တော်စပ်သူ တစ်ယောက်သည် ရောက်ရှိလာတော့သည်။ ၎င်း၏အမည်မှာ ချန်ပိုဖြစ်သည်။ ချန်ပိုမှာ အသက် ၁၆-နှစ်ခန့်ရှိလျက် လိမ္မာ၊ ပါးရည် နပ်ရည်နှင့် ပြည့်စုံသူတစ်ယောက်ဖြစ်သည်။

ချန်ပိုသည် အနည်းငယ် အရပ်မြင့်ပြီး ကိုယ်လုံးကိုယ်ဖန် တောင့်တင်းသူတစ်ယောက်ဖြစ်ရကား တိုင်းမင်းကြီးကတော်က ၎င်းအား ဧည့်သည်များကို ဧည့်ဝတ်ပြုရသည့်တာဝန်ကို လွှဲအပ်ထားသည်။

သို့ရာတွင် ချန်ပိုကား စာရေးစာဖတ်တတ်သူ မဟုတ်ချေ။

၎င်းသည် မီလင်ထက် တစ်နှစ်မျှ အသက်ကြီးလေသည်။ ချန်ပိုနှင့် မီလင်တို့သည် မကြာမီအတွင်း တစ်ယောက်နှင့်တစ်ယောက် အထူးခင်မင် ရင်းနှီးလာကြတော့သည်။ ချန်ပိုက မိမိမွေးဖွားကြီးပြင်းလာခဲ့ရသည့် ကျေးရွာအကြောင်းကို မကြာမကြာပြောပြသည်ကို မီလင်က အထူးစိတ်ဝင်သားစား နားထောင်လေ့ရှိသည်။

၂-လမျှကြာသော် တိုင်းမင်းကြီးနှင့် မင်းကြီးကတော်တို့သည် ချန်ပို၏လုပ်ရည်ကိုင်ရည်များကို အားမရ မကျေမနပ် ဖြစ်လာကြတော့သည်။ ၎င်းသည် မိမိအား လွှဲအပ်ထားသည့် တာဝန်များကို စိတ်တိုင်းကျအောင် မထမ်းဆောင်နိုင်သည်ကို တွေ့မိကြတော့သည်။ လူကြီးများက ၎င်းအား ပြောဆိုဆုံးမလျှင် ချန်ပိုသည် ငြိမ်မနေဘဲ ပြန်လှန်ပြောရမှသာ ကျေနပ်တော့သည်။ ထို့ကြောင့် တိုင်းမင်းကြီးကတော်သည် ၎င်းအား ဥယျာဉ်မှူးအလုပ်ကို ပြောင်းလဲလုပ်ကိုင်စေတော့ရာ ချန်ပိုမှာ ၎င်းအလုပ်ကိုမှ ပိုမိုနှစ်သက်သဘောကျလေတော့သည်။

www.foreverspace.com.mm

ချန်ပိုသည် သူ့တစ်ပါး၏ အတုကို ယူတတ်သည်မဟုတ်ဘဲ၊ ပင်ကိုဉာဏ်နှင့် လွင်ဉာဏ်ရှိသော လူထူးတစ်ယောက်ပင် ဖြစ်တော့သည်။ သူသည် ဖူးပွင့်ဝေဆာနေသည့် ပန်းမျိုးစုံနှင့် သစ်ပင်မျိုးစုံတို့ဖြင့် ပြည့်လျှမ်းလျက်ရှိသော ဥယျာဉ်ကြီးအလယ်တွင် တုံ့ပြန်သွားလာကူးသန်းသည်။ ထူးသောသူတစ်ယောက် ဖြစ်သည့်အတိုင်း တစ်ကိုယ်ရည် တကာယ သေးချမ်းစွာနေထိုင်ခွင့်ရခိုက်တွင် ချန်ပိုသည် ဆရာမရှိဘဲနှင့် ပန်းချီရေးခြယ်သည့်အတတ်ပညာကို တတ်မြောက်လာတော့သည်။

ငှင်းပြင် သူသည် အားလပ်သည့် အချိန်ကလေးများတွင်လည်း လှပဆန်းကြယ်သော စက္ကူမီးအိမ်များကို ပြုလုပ်လေ့ရှိသည်။

အသက် တစ်ဆယ့်ရှစ်နှစ်အရွယ်သို့ ရောက်လာပြားလည်း ချန်ပိုအား တစ်အိမ်လုံးက အထင်မကြီးကြသေးချေ။ သို့ရာတွင် အဘယ် အကြောင်းကြောင့်မသိ မီလင်သည် ၎င်းအား ပိုမိုဂရုစိုက်လာတော့သည်။ ချန်ပိုမှာ ကိုယ်လုံးကိုယ်ထည် သန့်မာထွားကျိုင်းပြီး လှပလာတော့သည်။ သို့နှင့်အမျှ ချန်ပိုသည် တိုင်းမင်းကြီးမှတစ်ပါး တစ်အိမ်လုံး၏ ချစ်ကြည်မှုကို ခံယူရရှိလာပေတော့သည်။

မောင်နှမနှစ်ဝမ်းကွဲ တော်စပ်သူ ချန်ပိုနှင့် မီလင်တို့သည် တစ်ဦးနှင့်တစ်ဦး အတော်ပင် ခင်မင်ရင်းနှီးလာကြတော့သည်။ တစ်ဦးကို တစ်ဦး တစ်ထောင့်ငါးရာမေတ္တာဖြင့် ချစ်လိုသည့်စိတ်များသည် သူတို့ နှစ်ဦး၏ အစ္ဈတ္တသန္တာန်အတွင်းဝယ် အလိုအလျောက် ဖြစ်ပေါ်လာကြ တော့သည်။ သို့ပြားလည်း သူတို့နှစ်ဦးမှာ အမျိုးတစ်မျိုးတည်း ဖြစ်နေရကား မည်သည့်နည်းနှင့်မျှ လက်ထပ်၍မရနိုင်ကြချေ။

(၃)

တစ်ရက်တွင် ချန်ပိုသည် တိုင်းမင်းကြီးကတော်အား မိမိသည် အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်ကို သွားရောက်သင်ကြားတော့မည်ဟု အသိပေးလိုက်တော့သည်။

သူသည်ကျောက်စိမ်းတုံး ပန်းပုရုပ်များကို ရောင်းချသော ဆိုင် တစ်ဆိုင်သို့ သွားရောက်ပြီးလျှင် ပန်းပုထုနည်းကို သင်ယူလေတော့သည်။ တိုင်းမင်းကြီးကတော်လည်း မိမိသမီးနှင့် မကြာခဏ တွေ့ဆုံပြောဆိုခွင့်

www.foreverspace.com.mm

မပေးလိုသည်နှင့်အမျှ ချန်ပိုအား ကြည်ဖြူစွာပင် အခွင့်ပေးလိုက်တော့သည်။ ချန်ပိုသည် တိုင်းမင်းကြီး၏အိမ်တွင်ပင် ဆက်လက်နေထိုင်ပြီး ညတွင်မှ ပြန်လာလေ့ရှိတော့သည်။

သူသည် အခွင့်ရလျှင် မီလင်နှင့် အတိုးချ၍ စကားပြောလေတော့သည်။ တစ်ရက်တွင် တိုင်းမင်းကြီးကတော်က သူ၏သမီးအား ပြောဆို သတိပေးလေတော့သည်။

*"သမီးရေ…သမီးနဲ့ ချန်ပို နှစ်ယောက်တို့ဟာ ကလေးတွေ မဟုတ်ကြတော့ဘူးကွယ့်၊ နှစ်ယောက်စလုံး ကြီးပြင်းလာကုန်ကြပြီ၊ ချန်ပိုဟာ သမီးရဲ့အစ်ကို နှစ်ဝမ်းကွဲတော်သော်လည်း သမီးဟာ သူ့ကို ခဏခဏတွေ့ဖို့ မကောင်းတော့ဘူးကွယ်"*

မိခင်၏ပြောစကားများကို ကြားလိုက်ရတော့မှပင် မီလင်သည် ချန်ပိုအပေါ်တွင် ပို၍ မေတ္တာသက်ဝင်လာလေတော့သည်။

ထိုညတွင် မီလင်သည် ချန်ပိုအား ပန်းဥယျာဉ်ကြီးအတွင်း၌ တိတ်တိတ်ခိုးတွေ့ဆုံပြီး မိခင်ပြောစကားများကို ချန်ပိုအား ပြောပြလေတော့သည်။

*"အစ်ကိုကြီးချန်ပို…အမေက ကျွန်မကို အစ်ကိုကြီးနဲ့ ခဏခဏတွေ့ရဘူးလို့ ပြောနေတယ်"*

*"အေး…ဟုတ်တာပေါ့၊ တို့များ ကြီးပြင်းလာကုန်ကြပြီကိုး"*

*"ကြီးပြင်းလာတာနဲ့ ဘယ်လိုဆိုင်ပါသလဲ အစ်ကို"*

ချန်ပိုသည် မီလင်၏ခါးကလေးကို မိမိလက်ဖြင့် အသာဖက်ထားလိုက်ပြီး…

*"ဆိုင်ပါသော်ကော ခင်ရယ်…၊ ခင်ဟာ ကြီးပြင်းလာတော့ ပိုပြီးလှလာတယ်၊ ကျက်သရေရှိလာတယ်၊ ချစ်စရာကောင်းလာတယ်၊ အစ်ကိုကလဲ ခင့်ကိုတစ်နေ့တခြား စွဲလက်လာရတော့တယ်၊ ဘယ်လောက်ချစ်၊ ဘယ်လောက်စွဲမက် လာရတယ်ဆိုတာ ပြောပြရရင် အစ်ကိုဟာလေ ခင့်အနားမှာရှိရင် ပိုပြီးစိတ်ပျော်ပါတယ်၊ ခင်နဲ့ဝေးနေရရင် စိတ်မချမ်းသာ ဖြစ်ရတော့တယ်"*

မီလင်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးလျှင်…

*"ဒါဖြင့် အစ်ကို အခုစိတ်ပျော်နေပြီပေါ့နော်"*

*"ပျော်တာပေါ့ ခင်ရယ်၊ ဘာပြောကောင်းမလဲ၊ ခင်နဲ့အစ်ကိုတို့ဟာ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်နေကြပါပြီ"*

www.foreverspace.com.mm

"ဒါပေမယ့်လေ ခင်ဟာ အစ်ကို့ကို လက်မထပ်နိုင်ကြောင်း အစ်ကိုသိတယ်မဟုတ်လား၊ နောက်ပြီးတော့လဲ ခင့်ရဲ့မိဘတွေက ခင့်ကို မကြာမီ သင့်တော်တဲ့ ယောကျ်ားတစ်ယောက်ယောက်နဲ့ နေရာချပေးဖို့ စီစဉ်နေကြတယ်ဆိုတာ အစ်ကိုသိတယ်မဟုတ်လား"

"အို…ခင် ဒီလိုမပြောပါနဲ့ကွယ်၊ ဒီလိုမပြောရဘူးကွယ်"

"အစ်ကို ဒီအကြောင်းတွေကို သိထားဖို့ လိုပါတယ်"

"ခင်ရေ…အစ်ကို တခြားဟာ ဘာမှမသိချင်ပါဘူးကွယ်၊ အစ်ကိုသိထားတာ တစ်ခုပဲရှိတယ်၊ ဒီကမ္ဘာကြီး ဖြစ်ပေါ်လာစကတည်းကိုက ခင်ဟာ အစ်ကို့ရဲ့ကြင်ဖော်၊ အစ်ကိုဟာ ခင့်ရဲ့ ကြင်ဖော်ဖြစ်လာခဲ့တယ်လို့ အစ်ကိုယုံကြည်နေပါတယ်ကွယ်၊ ဒါကြောင့် ခင်ဟာ အစ်ကို့ကို ချစ်နိုင်မယ်ဆိုရင် အမှားမတွေ့နိုင်ဘူးဆိုတာ ခင်ယုံကြည်ပါတော့ကွယ်"

မီလင်သည် ချန့်ပိုဖက်ထားရာမှ ရုန်းထွက်ပြီး မိမိအိမ်ဆီသို့ ပြေးသွားတော့သည်။

အချစ်ပန်းပွင့်လာသည့် အချိန်ကား အထူးပင် စိုးရိမ်ဖွယ်ကောင်းလှပေတော့သည်။ ထိုထက်ကား အချစ်သဘော နိုးကြားလာပြီး အချစ်အရသာကို တွေ့သိခံစားခွင့် ရလိုက်ခြင်းသည် မမေ့နိုင်သော စွဲလမ်းမှုကို ဖြစ်စေတော့သည်။ မီလင်သည် ထိုညတွင် အိပ်မပျော်နိုင်တော့ဘဲ မိမိမီခင်ပြောဆိုမှာကြားခဲ့သည့်စကားနှင့် မိမိချစ်သူချန့်ပိုပြန်လည်ပြောကြားခဲ့သော စကားများကို အပြန်ပြန် စဉ်းစားနေမိတော့သည်။ သူတို့သည် နိုးကြားထကြွလာသည့် အချစ်စိတ်ကို မျိုသိပ်ဖုံးဖိလိုက်လေလေ၊ ပိုကဲလာလေလေ ဖြစ်တော့သည်။

သို့ဖြစ်ရာ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် မတွေ့ဆုံမိရန် ကြိုးစားရှောင်ဖယ်ပြီး နေလိုက်ကြတော့သည်။ သုံးရက်အလွန်တွင် မီလင်သည် ချစ်ဒုက္ခဝေဒနာကို မျိုသိပ်ခံစားနေရာမှ မအောင့်နိုင်တော့သဖြင့် ချန့်ပိုထံသို့ တိုက်တဆိတ် သွားရောက်တွေ့ဆုံရပြန်တော့သည်။ သို့နှင့် သူတို့နှစ်ဦးသည် အချစ်စားမြုံ ပြန်မိကြပြန်တော့သည်။

သို့ရာတွင် သူတို့တွင်ကား မည်သည့်အကြံအစည်မျှ မရှိကြသေးချေ။ တစ်ယောက်ကိုတစ်ယောက် အသေအလဲ ချစ်ကြရုံမျှသာတည်း။

ထိုခေတ်ကာလ၏ ဓလေ့ထုံးစံအရ မီလင်၏မိဘနှစ်ပါးတို့သည် သူတို့သမီးနှင့် သင့်တော်မည့် ယောကျ်ားပျိုများကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံရှာဖွေ စပ်ဟပ်နေကြတော့သည်။

သို့ရာတွင် မီလင်က မိမိသည် မည်သူ့ကိုမျှ လက်မထပ်လို သေးကြောင်းနှင့်သာ ပြန်ပြောလေတော့သည်။ တစ်ဦးတည်းသော သမီးဖြစ်သည့်ပြင် အသက်လည်း မကြီးလှန်းသေးရကား မိဘနှစ်ပါးတို့က မီလင်အား လက်ထပ်ရမည်ဟု အတင်းအကျပ်ကိုတိုက်တွန်းရန် ဝန်လေးနေကြတော့သည်။

ထိုစဉ်ဝယ် ချန်ပိုသည် ပန်းပုပညာကို အပတ်တကုတ် ကြိုးစားသင်ယူနေတော့သည်။ ချန်ပိုသည် အထူးသဖြင့် ကျောက်စိမ်းတုံးကို ပန်းပုရုပ်ထုရာတွင် လွန်စွာစိတ်ပါဝင်စားလေတော့သည်။ ပါရမီခံတတ်ခံ ရင့်သန်သူတစ်ယောက်ဖြစ်ရကား ချန်ပိုသည် ကျောက်စိမ်းတုံး ပန်းပုထုနည်းကို နိုင်နင်းစွာ တတ်မြောက်သွားလေတော့ရာ ဆိုင်ရှင်ဖြစ်သူမှာ လွန်စွာအံ့သြသွားလေတော့သည်။ သို့နှင့်အမျှ သူဌေးသူကြွယ်နှင့် အထက်တန်းအရာရှိကြီးများသည် ပန်းပုဆိုင်သို့ မကြာခဏ လာရောက်ပြီးလျှင် ကျောက်စိမ်းပန်းပုရုပ်တုများကို မှာထားဝယ်ယူကြတော့သည်။

တစ်ရက်တွင် မီလင်၏ဘခင် တိုင်းမင်းကြီးသည် ဘုရင်မကြီးအား မွေးနေ့လက်ဆောင်ပစ္စည်းတစ်ခုကို ဆက်သရန် အကြံပေါ်လာတော့သည်။ သင့်တော်မည့်လက်ဆောင်ကို လိုက်လံရှာဖွေရာ အရည်အသွေး လွန်စွာကောင်းမွန်သည့် ကျောက်စိမ်းတုံးကြီးတစ်တုံးကို ရှာဖွေတွေ့ရှိသဖြင့် ချန်ပိုအလုပ်လုပ်နေသော ပန်းပုဆိုင်သို့ သွားရောက်ပြီး နတ်သမီးရုပ်တုတစ်ခု ထုလုပ်ပေးရန် အပ်နှံလေတော့သည်။

တိုင်းမင်းကြီးသည် ဆိုင်အတွင်း၌ ချန်ပို၏လက်ရာများကို မြင်မိရာ လွန်စွာမှပင် အံ့သြသွားရလောက်အောင် နှစ်ခြိုက်မိလေတော့သည်။

*"သားရေ..နတ်သမီးရုပ်တုကို ဘုရင်မကြီးဆီ လက်ဆောင်အဖြစ် ဆက်သမလို့ကွယ်၊ မင်း အစွမ်းကုန် ထုလုပ်ပေးနော်၊ မင်းလက်ရာဟာ တကယ့်ကို ကောင်းလို့ရှိရင် မင်းကောင်းစားတော့မယ်လို့သာ မှတ်လိုက်ပေတော့"*

ချန်ပိုသည် ကျောက်စိမ်းတုံးကြီးကို ကြည့်၍ အကဲခတ်လိုက်ပြီးလျှင် လွန်စွာသဘောကျလေတော့သည်။ ၎င်းသည် နတ်သမီးရုပ်တုကို ထုလုပ်နေတော့ရာ မပြီးမချင်း မည်သူ့ကိုမျှ ကြည့်ခွင့်မပေးချေ။

ပြီးစီးသွားသောအခါ နတ်သမီးရုပ်တုသည် လွန်စွာမှပင် ပြောင်မြောက်ပေတော့သည်။ လွန်စွာမှလည်း သဘာဝကျပေတော့သည်ဖြစ်ရာ

www.foreverspace.com.mm

နတ်သမီးပန်ဆင်ထားသော နားတောင်းမှာ အသေမဟုတ်ဘဲ လှည့်၍ရသော နားတောင်းရှင်မျိုး ထုလုပ်ထားသည်ကို တွေ့မြင်ရပေသည်။ နတ်သမီး၏ မျက်နှာကိုမူ ၎င်းချစ်ကြိုက်နေသော မီလင်၏ပကတိမျက်နှာအတိုင်း ပုံစံသဏ္ဍာန်မတိမ်း ထုလုပ်ထားသည်ကို အံ့သြစွာ တွေ့မြင်ရတော့သည်။

သို့ဖြစ်ရာ တိုင်းမင်းကြီးသည် နတ်သမီးရုပ်တုကို လွန်စွာသဘောကျ နှစ်သက်လေတော့သည်။ ဤမျှလှပ၍ သဘာဝကျလှပသော ရုပ်တုမျိုးသည် ဘုရင်မကြီးပျော်စံသည့် နန်းတော်တွင်း၌ပင် မရှိသေးဟု ကောင်းစွာယုံကြည်မိတော့သည်။

*"ဒီနတ်သမီးရုပ်တုရဲ့ မျက်နှာဟာ ငါ့သမီးမီလင်ရဲ့ မျက်နှာအတိုင်းပဲပါကလား"*

*"မှန်ပါတယ်၊ ကျွန်တော် မီလင်ရဲ့ မျက်နှာကို စိတ်ထဲမှာ တရေးရေးထင်မြင်ပြီး ဒီနတ်သမီးရုပ်တုကို ထုလုပ်ခဲ့ပါတယ်"*

*"သားရေ...မင်းလက်ရာကဖြင့် အင်မတန် ကောင်းလှတယ်ကွယ်၊ ရှာမှရှားတဲ့ လက်ရာပါပဲ၊ ဒီနေ့ကစပြီး မင်းကောင်းစားတော့မယ်၊ ဒီနတ်သမီးရုပ်တုကို ထုလုပ်ပေးတဲ့အတွက် မင်းကို ငါ အများကြီး ကျေးဇူးတင်ပါတယ်ကွယ်"*

သို့နှင့် ချန်ပိုသည် လွန်စွာပြောင်မြောက်သည့် ပန်းပုဆရာကျော်တစ်ဦးအဖြစ်သို့ ရောက်ရှိကျော်စောသွားပေတော့သည်။ သို့ရာတွင် ချန်ပိုမှာ မိမိအလိုရှိနေသော အရာကိုကား မရနိုင်သေးချေ။ မိမိမှာ မည်မျှပင် နာမည်ကျော်ကြားလာစေကာမူ မီလင်နှင့် ဖူးစာဆုံခွင့် မရသေးသည့်အတွက် စိတ်မချမ်းသာ ဖြစ်နေရကား အလုပ်တွင် စိတ်ပါဝင်စားမှု မရှိတော့ချေ။

သို့နှင့် မီလင်သည် အသက် ၂၁-နှစ်ရွယ်သို့ ရောက်ရှိလာငြားလည်း ၎င်းအား မည်သူနှင့်မျှ စေ့စပ်ကြောင်းလမ်းခြင်း မရှိသေးချေ။ မကြာမီပင် ၎င်းအား အလွန်အထက်တန်းကျသော မျိုးရိုးမှ ယောကျ်ားပျိုတစ်ယောက်နှင့် စေ့စပ်နိုင်လေတော့သည်။ မီလင်မှာကား သည်တစ်ကြိမ်တွင် မငြင်းဆန်နိုင်တော့ချေ။

မီလင်နှင့် ချန်ပိုတို့သည် အတူးပင် စိတ်မချမ်းသာ ဖြစ်သွားကြပြီး သူတို့နှစ်ဦးသည် ထွက်ပြေးကြရန် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြတော့သည်။

ပြောင်မြောက်သော ပန်းပုဆရာတစ်ယောက် ဖြစ်လာသည့် ချန်ပိုအား မီလင်သည် ကောင်းစွာအားကိုးနိုင်ပေပြီ။ သို့နှင့်အမျှ မီလင်၏ လက်ဝတ်ရတနာအချို့ကို ယူဆောင်ပြီး ဝေးကွာသော နယ်တစ်နယ်အတွင်းသို့ သွားရောက်၍ ပန်းပုဆိုင်တစ်ဆိုင်ဖွင့်ကာ နေထိုင်လုပ်ကိုင်စားသောက်ကြရန် သူတို့သည် ဆုံးဖြတ်ချက်ချထားလိုက်ကြတော့သည်။

ချစ်သူနှစ်ဦးတို့သည် ခြံနောက်ဖေးရှိ တံခါးမှ ထွက်ပြေးကြရန် ပြင်ဆင်ကြတော့သည်။ သို့ငြားလည်း တိုင်းမင်းကြီး၏ အစေခံကြီးတစ်ဦးက တွေ့ရှိသွားပြီး မီလင်အား ထွက်ခွင့်မပေးဘဲ ဖမ်းဆီးထားလိုက်တော့သည်။

ချန်ပိုသည် အထူးဒေါသစိတ်မွန်လာပြီးလျှင် အစေခံကြီးအား တွန်းပစ်လိုက်တော့သည်။ သို့ဘိလည်း အစေခံကြီးသည် မီလင်အား မလွှတ်သေးသဖြင့် ချန်ပိုသည် ၎င်းအား တစ်ချက်ထိုးလိုက်တော့သည်။ ထိုးလိုက်သော အရှိန်ကြောင့် အစေခံကြီးနောက်သို့ ယိမ်းယိုင်သွားပြီး ကျောက်တံတိုင်းကို ဦးခေါင်းနှင့် ဆောင့်မိကာ မြေပေါ်သို့ လဲကျသေဆုံးသွားပေတော့သည်။

သို့နှင့် ချစ်သူနှစ်ဦးတို့သည် ထွက်ပြေးကြတော့သတည်း။

## (၄)

နောက်တစ်နေ့နံနက်တွင် မီလင်နှင့် ချန်ပိုတို့ ထွက်ပြေးသွားကြခြင်းနှင့် အစေခံကြီး သေဆုံးသွားရခြင်းတို့ကို တွေ့သိကြသော တိုင်းမင်းကြီးတို့ ဇနီးမောင်နှံသည် လွန်စွာစိတ်မချမ်းမသာ ဖြစ်ကြရတော့သည်။ သူတို့သည် သမီးဖြစ်သူ လင်နောက်လိုက်ပြေးသည့် သတင်းကို တတ်နိုင်သမျှ ဖုံးဖိထားလိုက်ပြီးလျှင် သမီးအား ကြိုးစား၍ ရှာဖွေကြငြားလည်း အရာမထင်နိုင်ခဲ့ချေ။ တိုင်းမင်းကြီးကား လွန်စွာဒေါသထွက်လာပြီးလျှင်

*"သင်းတို့နှစ်ယောက်ကို ရေမြေဆုံးဆိုင် တွေ့အောင်ရှာပေးပြီး ကြီးလေးတဲ့ အပြစ်ဒဏ်ကို ပေးလိုက်မယ်"* ဟု ပြောဆိုကြိမ်းမောင်းနေတော့သည်။

နေပြည်တော်မှ လွတ်မြောက်သွားပြီးနောက် ချစ်သူနှစ်ဦးတို့သည် ခရီးဆက်လက်၍ သွားမြဲသွားကြတော့သည်။



www.foreverspace.com.mm

သူတို့သည် မြို့ကြီးများကို ရှောင်ခွာပြီး ယန်စီမြစ်ကို ကူးဖြတ်ကာ တရုတ်ပြည်တောင်ပိုင်းသို့ သွားရောက်ကြတော့သည်။

"ခင်… ကန်စီနယ်ဒေသမှာ ကျောက်စိမ်းတုံးကောင်းကောင်းတွေ ရှိနိုင်တယ်လို့ မောင်ကြားဖူးပါတယ်"

ဗီလင်လည်း အနည်းငယ် တွေးတောလိုက်ပြီ…

"မောင်…မောင်ဟာ ကျောက်စိမ်းတုံး တစ်မျိုးတည်းကို ဆက်လက်ပြီး ကိုင်သွားဖို့ ကြံရွယ်ပါသလား၊ မောင်ဟာ ကျောက်စိမ်းတစ်မျိုးတည်းကိုသာ ဆက်လက်ပြီး ကိုင်သွားမယ်ဆိုရင် မောင့်လက်ရာကို လူတွေမှတ်မိကုန်ပြီး ခင်တို့တယ်ရောက်နေကြမှန်းကို လူတွေသိကုန်ကြလိမ့်မယ်"

"မောင်တော့ဖြင့်လေ ကျောက်စိမ်းတစ်မျိုးတည်းကိုပဲ အမြဲကိုင်သွားဖို့ ကြံစည်ဆုံးဖြတ်ထားတယ်"

"မှန်ပါတယ်မောင်၊ အဲဒီအကြံအစည်ကဖြင့် ခင်တို့အစေခံကြီးသေသွားခင်က ဖြစ်ပါလိမ့်မယ်၊ အခု သူသေသွားပြီမဟုတ်လား၊ သူတို့က ဒီအစေခံကြီးကို ကျွန်မတို့ သတ်ပစ်ကြတယ်လို့ အထင်မှားနေကြတယ်မောင်…၊ ဒါကြောင့် မောင်ရယ်…မီးအိမ်တို့၊ ရှုံ့ကစားစရာအရုပ်တို့ကိုပဲ လုပ်ပါလားမောင်"

"ဘာကြောင့်လဲ ခင်၊ မောင်ဟာ ကျောက်စိမ်းတုံးကို နိုင်နိုင်နင်းနင်းကိုင်နိုင်တဲ့အတွက် နာမည်ရခဲ့ပြီမဟုတ်လား"

"ဟုတ်ပါတယ် မောင်၊ ဒါကြောင့်လဲ ခင်တို့မှာ အခက်ကြုံနေရတာပေါ့မောင်"

"ဒီလောက်တောင် မစိုးရိမ်ပါနဲ့ခင်ရယ်၊ ကန်စီဒေသဟာ နေပြည်တော်နဲ့ မိုင်တစ်ထောင်ကျော် ခရီးဝေးပါတယ်၊ ဟိုရောက်ရင် မောင်တို့ကို ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင်ဖြင့် မောင်ဟာ ကျောက်စိမ်းတုံးကို ပန်းပုထုလုပ်တဲ့အခါမှာ ဟန်ကို တစ်မျိုးပြောင်းလဲပေးလိုက်မှ နေရာကျလိမ့်မယ်၊ အရင်ထုလုပ်နေကျဟန်မျိုးအတိုင်း မထုလုပ်ပါနဲ့တော့မောင်၊ နောက်ပြီးတော့ အကောင်းဆုံးလက်ရာမျိုးလဲ မဖြစ်ပါစေနဲ့တော့၊ သာမည ရွက်ကြမ်းရေကျိုသဘောမျိုးသာ ထုလုပ်ရင် တော်လောက်ပါပြီမောင်"

ချန်ပိုသည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး စဉ်းစားနေတော့သည်။ သူသည် အရေအတွက်အားဖြင့် တစ်ထောင်ခန့်မျှရှိသော သာမည

ကျောက်စိမ်းတုံး ပန်းပုဆရာလက်ရာမျိုးကိုသာ ထုလုပ်ကာ လူသိမခံဘဲ ဘေးကင်းစွာ နေထိုင်သွားရမည်လော။ သို့တည်းမဟုတ် မိမိ၏ပြောင်မြောက်သော အနုပညာရပ်ကို ပျက်သုဉ်းသွားစေရမည်လော ဟူ၍ စဉ်းစားဝေခွဲခြင်း မပြုနိုင်သေးချေ။

မီလင်၏ အတွေးအယူအဆမှာလည်း မမှားချေ။ မိမိလင် ချန်ပိုသည် အပေါစား ပန်းပုရုပ်တုမျိုးကို မထုလုပ်လိုကြောင်းကို မီလင် ကောင်းစွာသိပေသည်။ ၎င်းပြင် မိမိတို့သည် ယန်စီမြစ်ကြီးကို ကူးဖြတ် ကြပြီးနောက် ကျောက်စိမ်းတုံးများ ဖြစ်ထွန်းရာ ကန်စီမြို့နယ်သည် မိမိ လင်အား မုချဆွဲဆောင်လေတော့မည်ကိုလည်း ကြိုတင်ရိပ်စားမိလျက် ရှိတော့သည်။

သူတို့သည် ယန်စီမြစ်ကို ကူးဖြတ်ကြပြီးနောက် ကန်စီနယ်၏ မြို့တော်ဖြစ်သည့် နန်းချန်းမြို့တွင် နားနေရန် မငံ့ကြဘဲ ကီယန်မြို့က လေးသို့ ခရီးဆက်ခဲ့ကြပြန်သည်။

လမ်းခရီးတွင် မီလင်က လင်ဖြစ်သူအား ကျောက်စိမ်းတုံးကို ပန်းပုမထုလုပ်တော့ဘဲ ကန်စီနယ်မှထွက်သည့် အကောင်းဆုံးမြေစေး တစ်မျိုးဖြင့် ကြွေရုပ်များကိုလုပ်ရန် တိုက်တွန်းလေတော့သည်။

သို့ြငားလည်း ချန်ပိုက မလိုက်လျောချေ။

"*ခင်အကြံပေးတဲ့အတိုင်း မောင်က မြေစေးနဲ့ အရုပ်တွေကို လုပ်ပေးမယ်လို့ မောင်လက်ရာတွေဟာ ပြောင်မြောက်လွန်းတဲ့အတွက် မကြာမီ လူများသိကုန်ကြမှာပါပဲခင်ရယ်၊ ခင်က မောင့်ကို အဖိုးပေါတဲ့ အလယ်အလတ်တန်းစား ရုပ်တွေကိုသာ ထုလုပ်စေချင်ပါသလား…၊ မောင်တော့ဖြင့်လေ ဒီမြို့ကလေးမှာသာ ကျောက်စိမ်းတုံးတွေကို ပန်းပုထု နေရရင် ဘေးမရှိဘူး၊ မုချဘေးကင်းမယ်လို့ ထင်တော့တာပဲ၊ ခင် မစိုးရိမ် ပါနဲ့လေ*"

မီလင်သည် လင်ဖြစ်သူ၏ လိုအင်ဆန္ဒတွေကို မလွန်ဆန်နိုင် တော့ဘဲ ခွင့်ပြုလိုက်ရတော့သည်။

"*အချစ်ရေ ဒီလိုဆိုရင် မောင့်သဘောအတိုင်းပါပဲ၊ ဒါပေမယ့် နာမည်ထွက်လာအောင်တော့ဖြင့် လက်ရာကောင်းတွေကို မပြလိုက်နဲ့ နော်…၊ ခင်တို့မှာ ဘေးရန်တွေ မငြိမ်းသေးပါဘူး၊ မောင်က အကောင်း ဆုံးလက်ရာတွေကို ထုတ်ဖော်ပြလိုက်ရင် ခင်တို့တော့ မုချဒုက္ခတွေကြုံ ရတော့မှာပါပဲ၊ သတိထားပါနော် မောင်*"



www.foreverspace.com.mm

မီလင်သည် လင်ဖြစ်သူအား ဤကဲ့သို့ ကြိုတင်ကာ သတိပေးထားခဲ့ပြားလည်း ချန်ပိုသည် အကောင်းဆုံးသော လက်စွမ်းကိုသာ ပြသလိမ့်မည်ဖြစ်ကြောင်းကို ကောင်းစွာယုံကြည်နေမိတော့သည်။ အကောင်းနှင့်အလှကိုသာ နှစ်သက်လေ့ရှိသော ချန်ပိုသည် မည်သည့်နည်းနှင့်မျှ မိမိ၏လက်စွမ်းကို လျှော့လိမ့်မည်မဟုတ်ရကား မီလင်မှာ စိတ်တထင့်ထင့်နှင့် နေရရှာတော့သည်။

မိမိ၏ဖနီး လက်ဝတ်ရတနာအချို့ကို ရောင်းချ၍ ကျောက်စိမ်းတုံးများကို ဝယ်ယူကာ ချန်ပိုသည် ကီယန်မြို့ကလေးတွင် ပန်းပုဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ထားရှိလေတော့သည်။ ငွေအလုပ်လုပ်နေစဉ် မီလင်က အမြဲကြည့်ရှု အကဲခတ်လေ့ရှိသည်။

"အဲဒီအနေမျိုး အတန်းအစားမျိုးဟာ တော်လောက်ပါပြီမောင်၊ ဒါထက်ပိုပြီး ကောင်းအောင်လုပ်ဖို့ မရှိတော့ပါဘူး။ လက်ရာသိပ်ကောင်းသွားရင် ခင်တို့ကို သိသွားကြလိမ့်မယ်၊ သတိထားပါနော်မောင်"

ချန်ပိုသည် သူ့မယားအား ဝီတိဖြာဝေနေသော မျက်လုံးအစုံတို့ဖြင့် မကြာခဏ ရွှန်းရွှန်းစားစား ကြည့်လေ့ရှိသည်။ ကျောက်စိမ်းတုံးကို လိုအပ်သလို ဖြတ်ပြီးလျှင် အလယ်အလတ်အမျိုးအစား နားတောင်းနှင့် ဆွဲကြိုးများကို ပြုလုပ်လေတော့သည်။ သို့ရာတွင် များစွာအားမရချေ။ ကျောက်စိမ်းတုံးမှ လှပစွာလှပသော ပစ္စည်းမျိုးကို ထုလုပ်နိုင်သည်ဖြစ်၍ အဘယ်ကြောင့် အဖိုးမတန်သော အမျိုးအစားတို့ကိုသာ ပြုလုပ်ရမည်နည်း။ သို့ဖြစ်ရာ ချန်ပိုသည် ပိုမိုလှပ၍ အဆင့်အတန်းမြင့်လှသည့် နားတောင်းနှင့် ဆွဲကြိုးများကို မီလင်နောက်ကွယ်၌ တိတ်တဆိတ် ပြုလုပ်လေတော့သည်တွင် ငွေပို၍ ရရှိလေတော့သည်။

"မောင်ရေ…မောင့်လက်ရာတွေဟာ ပိုပြီးကောင်းလာနေပြီ၊ ဒီလိုဆိုရင် ခင် အင်မတန် စိုးရိမ်နေပါပြီ၊ အထူးသတိထားပါနော်…၊ နောက်တော့လဲ ခင်ဟာ ကိုယ်ဝန်ရှိ၊ ကလေးရတော့မယ်"

"ဟင်…ကလေးရတော့မယ်လား၊ မောင် ဝမ်းသာလိုက်တာ ခင်ရယ်၊ မောင်တို့ဟာ မကြာခင် မိသားစုဖြစ်လာတော့မှာပေါ့နော်"

"ဒါပေမယ့် မောင်ရေ မောင့်လက်ရာတွေဟာဖြင့် တစ်နေ့တခြား ကောင်းလာလွန်း၊ အဆင့်အတန်းမြင့်လာလွန်းပါပြီ၊ ခင်အင်မတန် စိုးရိမ်မိလာပြီ"

မှန်ပါပေသည်။

www.foreverspace.com.mm

တစ်နှစ်ကြာသော် "ပယ်ပုဂ္ဂိ" ဆိုင်ထွက် ကျောက်စိမ်းပစ္စည်းတို့၏ ကောင်းသတင်းများသည် အထူးပင် ပျံ့နှံ့ကျော်ကြားလာလေတော့သည်။

"ပယ်ပုဂ္ဂိ" ဟူသော အမည်မှာ ချန်ပိုက သူ၏ဆိုင်ကို ပေးထားသောအမည်ပင်။

ကီယန်တစ်မြို့လုံးသည် သူတို့၏ဆိုင်သို့ မကြာခဏ ဝင်ရောက်လာကြပြီး ကျောက်စိမ်းလက်ဝတ်ရတနာများကို အမြတ်တနိုး ဝယ်ယူကြတော့သည်ဖြစ်ရာ မကြာမီပင် ကီယန်မြို့ကလေးသည် လှပသော ကျောက်စိမ်းရတနာပစ္စည်းများကို ဝယ်ယူရရှိနိုင်သည့် နေရာဒေသအဖြစ် အသိအမှတ်ပြုခြင်းခံရပြီးလျှင် ခရီးသွားများသည် ထိုမြို့ကလေးသို့ကျောက်စိမ်းရတနာပစ္စည်းများ ဝယ်ယူရန် မကြာခဏဝင်ရောက်လာ လေ့ရှိကြတော့သည်သာ။

(၃)

တစ်ရက်တွင် လူတစ်ယောက် သူတို့၏ဆိုင်အတွင်းသို့ ဝင်ရောက်လာကာ ပြသထားရှိသော ကျောက်စိမ်းရတနာ ပစ္စည်းများကို ကြည့်ရှုပြီးလျှင် ချန်ပိုအား မေးလိုက်တော့သည်။

*"ဒါထက်…စကားမစပ် ခင်ဗျားနာမည် ချန်ပိုမဟုတ်ပါလား။ ကေဖန်မြို့ တိုက်မင်းကြီးနဲ့ ဆွေမျိုးတော်တယ်မဟုတ်လား"*

ချန်ပိုက လုံးဝမဟုတ်ရကြောင်း၊ မိမိသည် ကေဖန်မြို့သို့လည်း တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ကြောင်း ငြင်းဆိုလိုက်တော့သည်။

ထိုသူသည် ချန်ပိုအပေါ်တွင် သင်္ကာမကင်းဖြစ်လာကာ စူးစိုက်ကြည့်ရှုအကဲခတ်လိုက်ပြီးလျှင် …

*"ခင်ဗျားပြောတဲ့စကားသံဟာ တရုတ်ပြည်မြောက်ပိုင်းမှာ ပြောဆိုလေ့ရှိကြတဲ့ စကားသံအတိုင်းပါပဲကလား၊ ခင်ဗျား အိမ်ထောင်ကျပြီလား"*

*"ဒါ…ခင်ဗျားသိဖို့ အရေးမဟုတ်ပါဘူး"*

ထိုစဉ် မီလင်သည် ဆိုင်ခန်းအနောက်မှနေ၍ တိတ်တိတ်နိုးကြည့်နေတော့သည်။ ထိုသူပြန်သွားသောအခါ ၄င်းသည် မိမိဖခင်၏ အတွင်းဝန်တစ်ယောက်ဖြစ်ကြောင်း ချန်ပိုအား ပြောပြလေတော့သည်။

www.foreverpage.com.mm

ချန်ပို၏ အထူးခင် လက်ရာကောင်းလှသော ကျောက်စိမ်းလက်ဝတ်ရတနာများ ပုံသဏ္ဌာန်ကြောင့် မီးခိုးကြွက်လျှောက် လိုက်လံစုံစမ်းရာဖွေတွေ့ရှိသွားဟန်တူချေတော့သည်။

ထိုသူသည် နောက်ရက်တွင် ဆိုင်အတွင်းသို့ တစ်ဖန် ရောက်ရှိလာပြီး ရှေးနည်းအတိုင်း မေးပြန်တော့သည်။

ချန်ပိုက ၎င်းလူအား

*"ခင်ဗျား ဘာတွေပြောနေတယ်ဆိုတာ ကျုပ်မသိပါဘူး"* ဟု ပြန်ပြောလိုက်သည်။

ထိုသူက

*"ကောင်းပြီ…ခင်ဗျား ချန်ပိုအကြောင်းမသိသေးရင် ပြောပြရတာပေါ့။ သူ့ဆီမှာ အပြစ်သုံးခုရှိနေတယ်၊ ပထမအပြစ်ကတော့ လူသတ်မှု၊ ဒုတိယအပြစ်ကတော့ တိုင်းမင်းကြီးရဲ့ သမီးကို သွေးဆောင်ခိုးယူသွားမှု၊ တတိယအပြစ်ကတော့ တိုင်းမင်းကြီးကတော်ရဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို ခိုးဆောင်သွားမှုပါပဲ၊ ခင်ဗျားဟာ ချန်ပိုမဟုတ်ပါဘူးလို့ အသေအချာပြောရင် ခင်ဗျားရဲ့မိန်းမကို ကျုပ်ဆီကို လက်ဖက်ရည်ကြမ်းတစ်ခွက် ယူလာခိုင်းစမ်းပါဗျာ၊ ခင်ဗျားရဲ့ မိန်းမကို ကျုပ်မြင်ရလို့ သူဟာ တိုင်းမင်းကြီးရဲ့သမီး မဟုတ်ဘူးဆိုမှ ကျုပ်ကျေနပ်နိုင်မယ်"*

*"ကျုပ် ဒီနေရာမှာ ဆိုင်ဖွင့်ပြီး ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေပါတယ်၊ ခင်ဗျားက မဆီမဆိုင်တာတွေမေးပြီး အခုလို အနှောင့်အယှက်ပေးနေမယ်ဆိုရင် ကျုပ်ဆိုင်ထဲမှာနေလို့ မဖြစ်တော့ဘူး။ ကျုပ်ဆိုင်ထဲက ခပ်မြန်မြန် ထွက်သွားလိုက်ပါ"*

သို့မှလည်း ထိုသူသည် ဆိုင်အတွင်းမှ မချိသွားဖြဲနှင့် ထွက်သွားရချေတော့သည်။

ထို့နောက် သူတို့သည် ပြုလုပ်ပြီးသား ကျောက်စိမ်းရတနာပစ္စည်းများနှင့် အခြားအဖိုးတန်ပစ္စည်းအားလုံးကို လျှင်မြန်စွာထုပ်ပိုး၍ လှေတစ်စင်းကို ငှားရမ်းပြီးလျှင် ကီယန်မြို့မှ ညချမ်းအချိန်တွင် ယန်စီမြစ်အထက်သို့ ပြောင်းရွှေ့ဆန်တက်သွားကြတော့သည်။ သူတို့၏ကလေးမှာ သုံးလမျှသာ ရှိသေးသည်။

သူတို့သည် တစ်လကြာမျှ လှေဖြင့်ဆန်တက်လာစဉ် ကလေးမှာ မကျန်းမမာဖြစ်လာသည့်အပြင် ပါလာသောငွေများလည်း ကုန်လုနီးပြီဖြစ်ရကား ကန်ပိုန်မြို့တွင်းသို့ ဝင်ရောက်နားနေကြရတော့သည်။

www.foreverspace.com.mm

ချန်ပိုသည် ကန်ပိုနီမြို့တွင် လွန်စွာပြောင်မြောက်လှသည့် ကျောက်စိမ်းရုပ်တုတစ်ခုကို ထုတ်ယူလိုက်ပြီးလျှင် ကျောက်စိမ်းပွဲစားကြီးတစ်ဦးအား ရောင်းချလိုက်သည်။ ၎င်းရုပ်တုမှာ အခြားမဟုတ်။ မျက်စိတစ်ဖက်မှိတ်ထားပြီး ဝပ်လျက်ရှိသော ခွေးတစ်ကောင်၏ရုပ်တုပင် ဖြစ်လေတော့သည်။

ကျောက်စိမ်းပွဲစားကြီးသည် ၎င်းခွေးရုပ်တုကို သေချာစွာကြည့်ရှုအကဲခတ်လိုက်ပြီးလျှင် . . .

*“ဟင် . . . ဒီကျောက်စိမ်းရုပ်တုဟာ ဘယ်ဟိုဆိုင်ထွက် ပစ္စည်းပါကလား၊ ဒီလိုအဆင့်အတန်းမြင့်ပြီး သဘာဝကျလှတဲ့ လက်ရာမျိုးကို တခြားဘယ်ဆိုင်ကမှ မထုလုပ်နိုင်ပါဘူး၊ အတုမခိုးနိုင်ပါဘူး”*

*“ဟုတ်ပါတယ် . . . ခင်ဗျားပြောတာမှန်ပါတယ်၊ ကျွန်တော် ဒီအရုပ်ကို ဒီဆိုင်ကပဲ ဝယ်လာခဲ့ပါတယ်”*

ကန်ပိုမြို့သည် မြင့်မားလှသော တောင်ရိုးတန်းကြီးတစ်ခု၏ ခြေရင်းတွင် တည်ရှိနေသည်။ ထိုစဉ်ဝယ် ဆောင်းရာသီဝင်ရောက်လာပြီ ဖြစ်ရကား ချန်ပိုသည် လွန်စွာဝမ်းမြောက်မိတော့သည်။ သို့နှင့်အမျှ သူတို့နှစ်ဦးသည် ၎င်းမြို့တွင်ပင် နေထိုင်ကြရန် ဆုံးဖြတ်လိုက်ကြတော့သည်။

သူတို့၏ကလေးသည် ကျန်းမာလာပြီဖြစ်သည်အတိုင်း ၎င်းမြို့တွင်ပင် ဆိုင်တစ်ဆိုင်ဖွင့်ရန် ဆုံးဖြတ်လိုက်ကြတော့သည်။ ကန်ပိုနီမြို့သည် အတော်ပင်ကြီးသည်ဖြစ်ရကား ထိုမြို့တွင် ခေတ္တမျှသာ နေထိုင်ကြပြီး မကြာမီအတွင်းမှာပင် အတွင်းကျကျ မြို့ငယ်တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန်လည်း စဉ်းစားထားပြီးဖြစ်သည်။ ကန်ပိုနီမြို့တွင် ချန်ပိုသည် နောက်ထပ်ကျောက်စိမ်းရုပ်တုတစ်ခုကို ရောင်းချလိုက်ရပြန်တော့သည်။

*“ဘာကြောင့် ဒီရုပ်တုကို ရောင်းလိုက်ပြန်သလဲ”*

*“တို့ဟာ ဆိုင်တစ်ဆိုင်ဖွင့်နိုင်ဖို့ ငွေလိုနေလို့ပါ”*

*“ဒီလိုဆိုရင် . . . ခင်ပြောတာ နားထောင်ပါမောင်၊ ဒီတစ်ခါ ကျောက်စိမ်းပစ္စည်းဆိုင် မဖွင့်ပါနဲ့တော့၊ ကြွေထည်ပစ္စည်းဆိုင်ကိုသာ ဖွင့်ပါတော့မောင်”*

*“ဘာကြောင့်ပါလဲခင်”*

*“ခင်အကြိမ်ကြိမ် သတိပေးခဲ့တာကို မောင် နားမထောင်ခဲ့တဲ့အတွက် ခင်တို့ကံကောင်းလို့သာ ဘေးဒုက္ခက လွတ်မြောက်လာခဲ့ရတယ်၊ မောင်ဟာ ကျောက်စိမ်းကို ဒါလောက်ပဲ ခင်မင်တွယ်တာ နှစ်သက်နေရ*

*သလားရှင်၊ ကိုယ့်မယားနဲ့ ကလေးထက်ပဲ ခင်မင်နေရသလားရှင်၊ ခဏ လောက် အောင့်အည်းချိုသိပ်ပြီး နေသင့်ပါတယ်၊ နောက်လဲ မကြာလှ တော့ပါဘူး၊ အခြေအနေတွေ တစ်မျိုးပြောင်းသွားရမှာပါပဲ၊ အဲဒီအခါ ကျတော့ ကျောက်စိမ်းကို မောင့်သဘောအတိုင်း လုပ်ကိုင်သွားနိုင်ပါ လိမ့်မယ်"*

ချန်ပိုသည် များစွာစိတ်မပါလှဘဲလျက် နွံ့စေးဖြင့် ပြုလုပ်ထား သော အရုပ်အမျိုးမျိုးကို မီးဖုတ်ပြီး ဆိုင်တွင်ထားရှိရောင်းချလေတော့ သည်။ သူသည် များလှစွာသော ဗုဒ္ဓရုပ်တုတော်များကိုလည်း ပြုလုပ် ရောင်းချပေသည်။

သို့ရာတွင် ကန့်တုန်မြို့မှ ကျောက်စိမ်းကုန်သည်အများပင် ကန် ဗိုန်မြို့အတွင်းသို့ တစ်ပတ်လျှင် တစ်ကြိမ်မျှ ဝင်ရောက်ဖြတ်သန်းသွား ကြသည်ကို မြင်တွေ့ရသော် လွန်စွာမှပင် အားမလိုအားမရ ဖြစ်မိတော့ သည်။ သူသည် ကန်ဗိုန်မြို့တွင်းရှိ ကျောက်စိမ်းဆိုင်များသို့ တစ်ရက်တွင် သွားရောက်ကြည့်ရှုပြီး ဒေါသစိတ်တွေ တဖွားဖွား ပေါ်ထွက်မိတော့သည်။ သို့ဖြစ်ရာ သူသည် မိမိနေအိမ်သို့ ပြန်ရောက်သော် မြေစေးဖြင့် ပြု လုပ်ထားသည့် ရုပ်တုများကို မြင်မိသည်တွင် ထုချေမိလိုက်တော့သည်။

*"ငါဟာ ကျောက်စိမ်းကို ကောင်းကောင်းကြီး ကိုင်နိုင်သူတစ် ယောက်ဖြစ်တယ်၊ ဘာကြောင့် နွံ့ကိုကိုင်ရမှာလဲ"* ဟု…ဒေါသစိတ်ဖြင့် ရေရွတ်သည်ကို မီလင်မြင်လိုက်ရာ လွန်စွာထိတ်လန့်သွားရချေတော့ သည်။

*"မောင် အရင်မလိုပါနဲ့ဦးလေ၊ ခဏတော့ စောင့်နေဦးမှပေါ့ မောင်ရယ်၊ မောင် မှာဦးမယ်နော်"*

တစ်ရက်တွင် ကျောက်စိမ်းကုန်သည်ကြီး မစ္စတာဝမ်းသည် ချန်ပိုအား ၄င်း၏ဆိုင်သို့ဖိတ်ခေါ်လေသည်။

*"မိတ်ဆွေကြီး ဘယ်ကိုရောက်ခဲ့ပါသလဲ"* ဟု ချန်ပိုက မေးလေ သည်။

မစ္စတာဝမ်းက…

*"ကျွန်တော်အခုပဲ ကီယန်မြို့က ပြန်လာတယ်"* ဟု ပြန်ပြော လေသည်။

သို့ပြောပြီးနောက် မစ္စတာဝမ်းသည် အထုပ်တစ်ထုပ်ကို ဖြေ လိုက်ပြီး ကျောက်စိမ်းမျောက်ရုပ်တုတစ်ခုကို ပြသလေသည်။

*"ကြည့်စမ်းပါ…ဘယ်လောက်သဘာဝကျတဲ့ ရုပ်တုလဲ၊ ဘယ်လောက်ပြောင်မြောက်တဲ့ လက်ရာလဲ၊ ဒီလိုပြောင်မြောက်တဲ့ လက်ရာမျိုးကို "ပယ်ဟို" ဆိုင်ကသာ ထုလုပ်ပေးနိုင်တယ်"*

ချန်ပိုသည် ထိုကျောက်ရုပ်တုကို သေချာစွာ ကြည့်ရှုအကဲခတ်လိုက်ပြီးလျှင်… *"ဟာ…ဒီရုပ်တုကဖြင့် ပယ်ဟိုဆိုင်က ထုလုပ်တဲ့အစစ်မဟုတ်ပါဘူး၊ အတုသာဖြစ်တယ်"*

*"ခင်ဗျားပြောတာ မှန်တယ်…အတုပါပဲ၊ ကျောက်ရဲ့မျက်နှာပေါ်မှာ သဘာဝကျတဲ့ ဟန်အမူအရာတွေ နည်းနည်းမှ ပေါ်မနေပါဘူး ခင်ဗျား အတော်ပဲ ဝေဖန်အကဲခတ်တတ်တယ်နော်"*

*"ဒီလောက်တော့ အကဲခတ်တတ်တာပေါ့ဗျာ"*

*"ဟုတ်ပြီ…ခင်ဗျား ကျွန်တော့်ကို တစ်ခါတုန်းက ဝယ်နေတဲ့ ခွေးရုပ်တုတစ်ခုကို ရောင်းချခဲ့တာ ကျုပ်အမှတ်ရမိပြီ၊ အဲဒီခွေးရုပ်တုပေါ်မှာ ကျုပ်ရာခိုင်နှုန်းတစ်ရာ အမြတ်ရလိုက်တယ်၊ အင်မတန် ပြောင်မြောက်ပြီး သဘာဝကျတဲ့ လက်ရာထူးတစ်ခုပါပဲ၊ ဒီလိုပြောင်မြောက်တဲ့ လက်ရာကောင်းမျိုး ခင်ဗျားဆီမှာ ရှိပါသေးသလား"*

*"ရှိပါတယ်၊ ပယ်ဟိုဆိုင်ထွက် လက်ရာအစစ်အမှန်ဖြစ်တဲ့ ကျောက်ရုပ်တုဟာ ဘယ်လိုနေတယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပြပါမယ်"*

ချန်ပိုသည် ကီယန်မြို့တွင် ၎င်းထုလုပ်ခဲ့သော ကျောက်စိမ်းကျောက်ရုပ်တုကို မစ္စတာဝမ်းအား မိမိဆိုင်တွင် ပြသလေတော့ရာ မစ္စတာဝမ်းသည် လွန်စွာသဘောကျနှစ်ခြိုက်ပြီး ၎င်းအားရောင်းချရန် ပြောလေတော့သည်။

နန်းချင်းမြို့သို့ နောက်တစ်ကြိမ်သွားရောက်သောအခါတွင် မစ္စတာဝမ်းသည် ၎င်း၏မိတ်ဆွေများအား ကန်ဝိုနီမြို့တွင်းရှိ ရုပ်လုပ်ရောင်းသည့် ဆိုင်ကလေးတစ်ဆိုင်မှ ထူးခြားကောင်းမွန် ပြောင်မြောက်လှသည့် ကျောက်စိမ်းရုပ်တုများကို ဝယ်ယူရရှိကြောင်း ပြောကြားတော့သည့်အပြင် ယင်းရုပ်ရောင်းသော ဆိုင်ရှင်လက်တွင် ဤကဲ့သို့ ပြောင်မြောက်လှသည့် လက်ရာကောင်းများ ရောက်ရှိနေခြင်းမှာလည်း လွန်စွာအံ့သြဖွယ်ကောင်းလှသည်ဟု ထင်မြင်ချက်ပေးလိုက်တော့သည်။

ခြောက်လခန့်ကြာသော် စစ်သားသုံးယောက်တို့သည် ချန်ပိုနှင့် မီလင်တို့အား ဖမ်းဆီးပြီး နေပြည်တော်သို့ ခေါ်ဆောင်လာရန် အမိန့်စာ

နှင့်အတူ ချန်ပိုတို့ဆိုင်သို့ ရောက်လာကြတော့သည်။ ၎င်းတို့နှင့်အတူ တိုင်းမင်းကြီး၏အတွင်းဝန်လည်း ပါလာသည်။

ချန်ပိုက...

*"ကောင်းပါပြီခင်ဗျာ...ကျွန်တော် ခင်ဗျားတို့နဲ့အတူ လိုက်ပါမယ်၊ ခဏလောက် စောင့်ကြပါဦး၊ ကျွန်တော် အဝတ်အစားအနည်းငယ် ထုပ်ပိုးပါရစေ"* ဟု ပြောဆိုလေတော့သည်။

မီလင်က....

*"ကျွန်မကလေးအတွက် လိုအပ်တဲ့ပစ္စည်းအချို့ကိုလည်း ရှာဖွေယူဆောင်ခွင့်ပေးပါရှင်၊ ဒီကလေးဟာလဲ တိုင်းမင်းကြီးရဲ့ မြေးဖြစ်ကြောင်းကိုလဲ ရှင်တို့ သတိရှိကြစမ်းပါ"* ဟု ပြောဆိုလေသည်။

စစ်သားသုံးယောက်တို့မှာ ချန်ပိုနှင့် ၎င်း၏ဇနီးအား အကြမ်းမဖက်ဘဲ ကောင်းမွန်စွာ ခေါ်ဆောင်လာရန် တိုင်းမင်းကြီးက ညွှန်ကြားလိုက်သည်ဖြစ်၍ ၎င်းတို့သည် ချန်ပိုတို့ဇနီးမောင်နှံအား ဆိုင်အနောက်ဘက်သို့ ဝင်သွားခွင့်ပေးပြီးလျှင် ဆိုင်အရှေ့ဘက်တွင် စောင့်ဆိုင်းနေကြတော့သည်။

ချန်ပိုသည် ခွဲရခါနီးတွင် မချိတင်ကဲ ဝမ်းနည်းလှိုက်ဖိုပြီး ဇနီးနှင့်ကလေးတို့အား အကြိမ်ကြိမ်နမ်းရှုပ်ပြီးလျှင် ပြတင်းပေါက်မှ ခုန်ဆင်းလိုက်တော့သည်။ မိမိ ဇနီးနှင့် ကလေးတို့အား ဘယ်သောအခါမှ ပြန်လည်တွေ့ဆုံခွင့် ရတော့မည်မဟုတ်ဟူ၍လည်း စွဲမြဲစွာ ယုံကြည်ထင်မှတ်လိုက်တော့သည်။

မီလင်က...

*"မောင်...မောင့်ကို ခင် အမြဲချစ်ပါမယ်၊ ယုံပါနော် ... ဒါပေမယ့် ကျောက်စိမ်းကို ဘယ်တော့မှ မကိုင်ပါနဲ့တော့နော်"* ဟု တိုးတိုးမှာကြားရှာသည်။

ချန်ပိုသည် ပြတင်းပေါက် အပြင်ဘက်မှနေ၍ မျက်ရည်ပြည့်လျှမ်းနေသော မျက်စိအစုံတို့ဖြင့် မီလင်အား နောက်ဆုံးကြည့်ရင်း လက်မြှောက်ပြကာ ပျောက်ကွယ်သွားလေတော့သည်။

ချန်ပို ပျောက်ကွယ်သွားသောအခါ မီလင်သည် ဆိုင်ခန်းအရှေ့ဘက်သို့ ပြန်ထွက်လာပြီး မိမိပစ္စည်းများကို လွယ်အိတ်တစ်လုံးထဲသို့ ထည့်သွင်းနေတော့သည်။ ၎င်းနောက် စစ်သားများအား သူ၏ကလေးငယ်ကို ကိုင်ထားရန် ပေးအပ်ပြန်တော့ရာ စစ်သားတို့သည် မယုံသင်္ကာ



www.foreverspace.com.mm

ဖြစ်လာကြပြီး ဆိုင်းအတွင်းအပြင် နေရာမလပ် ရှာဖွေကြတော့သည်။ သို့ရာတွင် ချန်ပိုသည် ပျောက်ကွယ်သွားနှင့်ချေပြီတကား။

မီလင်သည် မိမိအိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ မိခင်ဖြစ်သူမှာ သေဆုံးသွားခဲ့ပြီဖြစ်သည့်အပြင် ဖခင်တိုင်းမင်းကြီးမှာလည်း အတော်ပင် အိုမင်းမစွမ်း ဖြစ်နေချေပြီ။ ဖခင်ဖြစ်သူအား နှုတ်ဆက်သောအခါ ဖခင်သည် မိမိအား စိုးစဉ်းမျှ ခွင့်လွှတ်လိုသည့် အမူအရာကို မပြဘဲ ခက်ထန်လျက်ရှိသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရတော့သည်။

တိုင်းမင်းကြီးသည် သူ၏မြေးငယ်ကို မြင်လိုက်ရတော့မှာပင် အနည်းငယ် ရွှင်ပျလာတော့သည်။ ၎င်းမြင် ချန်ပိုလွတ်မြောက်သွားသည့်အတွက်လည်း အတော်ပင် သက်သာရာရသွားဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ချန်ပိုကို ဖမ်းဆီးရမိလာပါက မိမိဘယ်လိုလုပ်ရမည်ကို မတွေးဆတတ်အောင်ပင် ဖြစ်နေချေတော့သည်။

သို့ဖြားလည်း တိုင်းမင်းကြီးကား မိမိသမီးအား ဘဝဆိုးသို့ ပို့ဆောင်ခဲ့သည့်အပြင် မိမိ၏မိသားစု အားလုံးတို့အားလည်း ကြီးစွာသော စိတ်ဆင်းရဲမှုများကို ဖြစ်စေသည့်ချန်ပိုအား စိုးစဉ်းမျှ ခွင့်မလွှတ်နိုင်တော့ချေ။

**(၆)**

သို့နှင့် နှစ်ပေါင်းအတော်ကြာသွားချေတော့သည်။ သို့ဖြားလည်း ချန်ပို၏ သတင်းကိုကား အစအနပင် မကြားသိရတော့ချေ။

တစ်ရက်တွင် ကန်တုန်နယ် ဘုရင်ခံမစ္စတာယင်းသည် နေပြည်တော်သို့ ရောက်ရှိလာရာ တိုင်းမင်းကြီးက ဘုရင်ခံကြီးကို ဂုဏ်ပြုသောအားဖြင့် ညစာစားပွဲတစ်ရပ်ကို တည်ခင်းဧည့်ခံ ကျွေးမွေးပေတော့သည်။

ညစာစားပွဲကြီးတွင် ဘုရင်ခံကြီးက တိုင်းမင်းကြီး ဘုရင်မထံ လက်ဆောင်တော်အဖြစ် ဆက်သခဲ့သည့် ကျောက်စိမ်းနတ်သမီးရုပ်တုလောက်ပင် ကောင်းမွန်ပြောင်မြောက်သဘာဝကျလှသော ရုပ်တုတစ်ခုကို မိမိယူဆောင်လာကြောင်း၊ ၎င်းရုပ်တုမှာ သဏ္ဌာန်အသွင်အပြင် ဟန်အမူအရာအားဖြင့် တိုင်းမင်းကြီးက ဘုရင်မကြီးအား ဆက်သခဲ့သည့် ကျောက်စိမ်းနတ်သမီးရုပ်တုနှင့် လွန်စွာတူလှကြောင်း၊ အကယ်စင်စစ်ဆိုမူကား

www.foreverspace.com.mm

မိမိယူဆောင်လာသော ရုပ်တုသည် တိုင်းမင်းကြီးက ဘုရင်မကြီးအား လက်ဆောင်အဖြစ် ဆက်သခဲ့သည့် ရုပ်တုထက် များစွာသာလွန်လှပကြောင်း၊ မိမိသည် ယင်းရုပ်တုကို ဘုရင်မကြီးထံသို့ သွားရောက်ဆက်သမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် ဘုရင်မကြီးထံတွင် အသွင်သဏ္ဍာန် ဟန်အမူအရာချင်းတူညီကြသည့် ရုပ်တုတစ်စုံ ရှိလာနိုင်တော့မည်ဖြစ်ကြောင်းများကို ပြောကြားလေတော့သည်။

ထမင်းစားပွဲသို့ ကြွရောက်လာကြသည့် ဧည့်သည်တော်များကမူ ဘုရင်မကြီးအား တိုင်းမင်းကြီးဆက်သထားသည့် ကျောက်စိမ်းနတ်သမီးရုပ်တုထက် ဘုရင်ခံကြီးယူဆောင်လာသော နတ်သမီးရုပ်တုက သာလွန်လှပ ပြောင်မြောက်သည်ဟူသော ဘုရင်ခံကြီးပြောဆိုချက်ကို မယုံကြည်နိုင်ကြချေ။ ဘုရင်မကြီးအား တိုင်းမင်းကြီးဆက်သထားသည့် နတ်သမီးရုပ်တုထက် သာလွန်ကောင်းမွန်အောင်ထုလုပ်ရန် မဖြစ်နိုင်ဟု ထင်မြင်ချက်ပေးကြလေသည်။

ဘုရင်ခံကြီးက . . . *"ကဲဗျာ . . . ခင်ဗျားတို့ မယုံကြည်နိုင်ကြလို့ရှိရင်လဲ ခဏစောင့်ကြပါဦး၊ ထမင်းစားပွဲကြီးပြီးရင် ကျွန်တော် ခင်ဗျားတို့ကို ပြသပါ့မယ်"*

ထမင်းစားပွဲကြီး ပြီးဆုံးသွားလေသောအခါ ဘုရင်ခံကြီးသည် လွန်စွာအရောင်လက်သည့် သစ်သားသေတ္တာတစ်လုံးကို စားပွဲပေါ်သို့ ယူဆောင်လာစေတော့သည်။ ထို့နောက် ၎င်းသေတ္တာကို ဖြည်းညင်းစွာ ဖွင့်လိုက်ပြီး အတွင်းရှိ ကျောက်စိမ်းနတ်သမီးရုပ်တုကို ထုတ်ယူ၍ စားပွဲအလယ်တွင် တင်ပြထားတော့သည်။

ယင်း ကျောက်စိမ်းနတ်သမီးရုပ်တု မြင်ရလျှင်မြင်ရချင်း ဧည့်သည်တော်များသည် မည်သည့်အသံကိုမျှ ဂရုမပြုကြဘဲ အထူးငြိမ်သက်စွာ အာရုံစူးစိုက်လျက် ကြည့်ကြတော့သည်သာ။ ယင်းကျောက်စိမ်းနတ်သမီးရုပ်တုသည် တိုင်းမင်းကြီးက ဘုရင်မကြီးအား လက်ဆောင်တော်အဖြစ် ပေးဆက်ခဲ့သော ရုပ်တုနှင့် တထေရာတည်းပင် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရှိကြပေတော့သည်။ ထိုစဉ် အစေခံတစ်ယောက်သည် မီလင်ထံသို့ အမြန်သွားရောက်ကာ အကြောင်းကြားလေရာ၊ မီလင်သည် တရုတ်ကပ်ကြားမှ ချောင်းကြည့်လိုက်တော့သည်။ စားပွဲကြီးပေါ်၌ တင်ပြထားသည့် ကျောက်စိမ်းနတ်သမီးရုပ်တုကို မြင်လိုက်ရသော် အထူးပင် မျက်နှာညှိုးငယ်သွားရချေတော့သည်။

www.foreverspace.com.mm

ထိုနောက် စိတ်ကိုတင်းပြီး

"ဒီရုပ်တုဟာ သူ့လက်ရာ အစစ်အမှန်ပါပဲရှင်၊ မုချသူ့လက်ရာပါပဲ၊ ကျွန်မသေချာပါတယ်" ဟု တီးတိုးပြောဆိုမိတော့သည်။

ငှင်းနောက် ချန်ပို အသက်ရှင်လျက်ရှိနေပါသေးသလောဟု သိလိုလှသဖြင့် နားစွင့်၍ စောင့်နေမိပြန်တော့သည်။

ထိုနောက် ကန်တုန်ဘုရင်ခံကြီးသည် အောက်ပါအတိုင်း ပြောသံများကို ကြားရလေတော့သည်။

"ဒီရုပ်တုကို ထုလုပ်ဖန်တီးပေးတဲ့သူဟာ ရုပ်တုတွေကို အမြဲထုလုပ်ရောင်းစားနေတဲ့သူ မဟုတ်ပါဘူး။ ကျုပ်မိန်းမရဲ့တူမကို အကြောင်းပြုပြီး သူနဲ့သိခဲ့ရတယ်၊ ကျုပ်မိန်းမရဲ့တူမဟာ တစ်နေ့မှာ လက်ထပ်မင်္ဂလာပွဲတစ်ခုကို တက်ရောက်လိုတဲ့အတွက် ကျုပ်မိန်းမဆီက နဂါးနှစ်ကောင်ခေါင်းချင်းဆိုင်နေတဲ့ ကျောက်စိမ်းလက်ကောက်တစ်ရန်ကို ငှားယူသွားပါတယ်၊ တူမဟာ လက်ကောက်တစ်ဖက်ကို မတော်တဆ ချိုးလိုက်မိတဲ့အတွက် အင်မတန် ထိတ်လန့်သွားတော့တယ်၊ ဘာကြောင့်လဲဆိုရင် ဒီကျောက်စိမ်းလက်ကောက်မျိုးဟာ ကျကျနန သေသေသပ်သပ် ခဲခဲယဉ်းယဉ်း ပြုလုပ်ထားရတဲ့အတွက် အစားရှာလို့ မလွယ်လှပါဘူး။ ဒါနဲ့ပဲ တူမဟာ ဖန်ဆိုင်ပေါင်းများစွာကို သွားရောက်ခဲ့တယ်၊ ဒါပေမယ့် ဘယ်ဆိုင်ကမှ ဒီလိုလက်ကောက်မျိုး နောက်တစ်ကွင်း လုပ်မပေးနိုင်ကြဘူး။ ဒါနဲ့ပဲ တူမဟာ အားမလျှော့သေးဘဲ လက်ဖက်ရည်ဆိုင်တွေကို သွားရောက်ပြီး ကြော်ငြာခဲ့တယ်၊ ကံကောင်းတယ်ဗျာ၊ ကြော်ငြာပြီးသုံးရက်မှာပဲ အဝတ်အစား စုတ်ချာချာဝတ်ထားတဲ့ လူတစ်ယောက်ပေါ်လာတော့တယ်၊ တူမက လက်ကောက်တစ်ကွင်းကို ထုတ်ပြတော့ အဲဒီလူက ဒီလက်ကောက်မျိုးကို သူလုပ်ပေးနိုင်ကြောင်း ပြောပါတယ်၊ အဲဒီနေ့ကစပြီး ကျုပ်ဟာ ဒီလူကို သိလာတော့တာပဲ"

"ဘုရင်ကြီးဟာ တိုင်းမင်းကြီးဆက်သထားတဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုမျိုး နောက်ထပ်တစ်ရုပ် အလိုရှိတော်မူကြောင်း ကျုပ်ကြားရလေတော့ ကျုပ်ဟာ ဒီလူကို ချက်ချင်း ပြေးပြီးသတိရလိုက်မိတော့တယ်၊ ဒါနဲ့ပဲ ကျုပ်ဟာ ကန်တုန်နယ်ကထွက်တဲ့ အကောင်းဆုံး ကျောက်စိမ်းအဖြူရောင်တစ်တုံးကို အမြန်မှာယူလိုက်ပြီး ဒီလူကို အခေါ်လွှတ်လိုက်တယ်၊ သူ့ကို ကျုပ်အခန်းထဲ ခေါ်ဆောင်လာစဉ်မှာ သူဟာ အတော်ပင် ထိတ်လန့်တုန်လှုပ်နေတာကို တွေ့ခဲ့ရတယ်၊ ကျုပ်က သူ့ကို အတော်ပဲ

www.foreverspace.com.mm

နားသွင်းရပြီး ဘုရင်မကြီးထံမှာ ရှိနေတဲ့ ကျောက်စိမ်းနတ်သမီးရုပ် သဏ္ဌာန်မျိုးနဲ့ တထေရာတည်းဖြစ်အောင် ထုလုပ်ပေးစေချင်တဲ့အကြောင်း အထူးသဖြင့် နတ်သမီးပန်ဆင်ထားတဲ့ နားတောင်းကွင်းမှာ အသေမျိုး မဟုတ်တဲ့ ရှည်လို့ရတဲ့ အရှင်မျိုးဖြစ်စေလိုကြောင်းကို ရှင်းပြလိုက်တော့ သူက ဘာမှပြန်မပြောဘဲ ခေါင်းသာညိတ်ပြလိုက်တယ်၊ ဒါနဲ့ပဲ သူဟာ ကျောက်စိမ်းတုံးနားကို ချဉ်းကပ်လာပြီး ရှုထောင့်အမျိုးမျိုးကနေပြီး သေသေချာချာ ကြည့်ရှုအကဲခတ်တော့တယ်"

"ကျုပ်က ကျောက်စိမ်းတုံးဟာ ဘယ့်နှယ်နေသလဲ၊ ရုပ်တုထုလို့ ရပါ့မလားလို့မေးလိုက်တော့ သူက ဒီကျောက်စိမ်း အဖြူစင်းတုံးဟာ အင်မတန် အမျိုးကောင်းပါတယ်၊ ဒီလိုကျောက်စိမ်း အဖြူစင်းတုံးမျိုးကို တစ်သက်လုံး လိုက်ရှာနေတာ အခုမှပဲ တွေ့ရတော့တယ်၊ ထုပေးပါမယ်၊ စိတ်ချတော်မူပါ၊ ဒါပေမယ့် ကျွန်တော်မျိုးက ထုလုပ်ခအဖြစ် ငွေတစ်ပြား တစ်ချပ်မျှ မပေးမှသာလျှင် ထုလုပ်ပေးနိုင်ပါမယ်၊ ငွေပေးမယ်ဆိုရင် ကျွန်တော်မျိုး ထုလုပ်မပေးလိုတော့ပါဘူး။ ဒါပေမယ့် ဒီနတ်သမီးရုပ်တုကို အစကအဆုံးတိုင် ပြီးမြောက်အောင်ထုလုပ်နေတဲ့ အချိန်အတွင်းမှာ ကျွန်တော်မျိုးကို လုံးဝလွတ်လပ်ခွင့် ပေးထားစေလိုပါတယ်၊ ဒီတော့မှပဲ စိတ်ထဲမှာရှိသမျှကို သဘောကျထုလုပ်ခွင့် ရနိုင်ပါလိမ့်မယ်လို့ ပြန်ပြောပါတယ်"

"ဒါကြောင့် ကျုပ်ဟာ သူ့ကို ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနဲ့ ကုလားထိုင်တစ်လုံးသာရှိတဲ့ အခန်းထဲမှာ နေရာချထားလိုက်ပြီး သူ့အလို ရှိတဲ့ အခြားပစ္စည်းအနည်းငယ်ကိုလဲ ထားရှိပေးခဲ့တယ်၊ ဒီလူကတော့... တကယ့်ကို ဆန်းတဲ့လူတစ်ယောက်ပါပဲ၊ ဘယ်သူ့ကိုမှ စကားမပြောဘဲ တစ်ကိုယ်တည်းပဲ အေးအေးနေလေ့ရှိတယ်၊ ထမင်းလာပို့တဲ့လူတွေအပေါ် မှာတော့ ဆက်ဆံပုံ နည်းနည်းရိုင်းတယ်၊ ဒါပေမယ့် ဒီလူဟာ အစွဲအလမ်း တစ်ခုကြောင့် မဖြစ်မနေ ကြိုးစားသဟန်တူတယ်...

ဒါကြောင့်လဲ သူ့လက်ရာဟာ အင်မတန် ပြောင်မြောက်တော့ တာပဲ၊ ၈-လကျော်နီး ကာလအတွင်းမှာ သူထုလုပ်နေတဲ့ နတ်သမီး ရုပ်တုကို ကျုပ်ကိုကြည့်ခွင့်မပေးဘူး။ နောက် ၃-လကြာမှပဲ ထုလုပ်လို့ပြီးစီး သွားတဲ့ နတ်သမီးရုပ်တုကို ကျုပ်ဆီ ယူလာပြီး ပြတော့တယ်၊ အဲဒီနတ် သမီးရုပ်တုကို ကျုပ် မြင်လျှင်မြင်ချင်းပဲ အင်မတန် အံ့သြချီးမွမ်းမိတော့ တယ်၊ လက်ရာက အင်မတန်ပြောင်မြောက်လွန်းတာကိုး။ ကျုပ် အခုလို

www.foreverspace.com.mm

ချီးကျူးပြောဆိုတာ မှန်မှန် ရုပ်တုကို ခင်ဗျားတို့ သေသေချာချာကြည့်ကြပါဦး၊ သူဟာ ထုလုပ်ခဲ့တဲ့ နတ်သမီးရုပ်တုကို အထူးအာရုံစိုက်ပြီး ကြည့်နေလိုက်တော့တယ်၊ အဲဒီလို ကြည့်နေစဉ်အခါမှာ သူ့မျက်နှာ အသွင်ဟန်အမူအရာဟာ တစ်မျိုးပြောင်းလဲသွားတော့တယ်၊ နောက်ဆုံးမှာ သူက…

'ဘုရင်ခံကြီးခင်ဗျား…ကျွန်တော့်ကို ထုလုပ်စေတဲ့ ရုပ်တုဟာ အခုလုံးဝပြီးစီးသွားပါပြီ၊ ဒီရုပ်တုကို ကျွန်တော်မျိုးအား ထုလုပ်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်လျှမဆုံးနိုင်တော့ပါဘူး၊ ဒီရုပ်တုဟာဖြင့် ကျွန်တော်မျိုးရဲ့ဘဝ အဆွယ်ပွတ်ပါပဲ' လို့ ပြောလေတော့တယ်''

''သူဟာ ဒီလိုပြောပြီးတဲ့နောက် ကျုပ်ကသူ့ကို ဘာမှပြန်မပြောရသေးခင်မှာပဲ ကျုပ်အိမ်တွင်းက တစ်ခါတည်း ထွက်ခွာသွားတော့တယ်၊ တစ်ခါတည်း ပျောက်သွားတော့တာပဲ၊ သူ့ကို နောက်ထပ် နေရာအနှံ့ လိုက်လံရှာဖွေစေပေမယ့်လို့ မတွေ့ရတော့ပါဘူး''

ထိုစဉ်တွင် ဧည့်သည်တော်များသည် အိမ်ခန်းတွင်းမှ ကျယ်လောင်စွာ ရုရုပြီး အသည်းနှလုံးထဲ၌ မတားနိုင်မဆီးနိုင်အောင် ယိုဖိတ်လျှံထွက်လာသော မိန်းမတစ်ယောက်၏ကြေကွဲဖွယ်ကောင်းလှသည့် အော်သံကို ကြားလိုက်ရသဖြင့် လွန်စွာအံ့အားသင့်သွားကြတော့သည်။

တိုင်းမင်းကြီးလည်း အခန်းတွင်းသို့ တစ်ယောက်တည်းပြေးဝင်သွားရာ သမီးဖြစ်သူ မီလင်သည် ကြမ်းပြင်ပေါ်တွင် သတိမေ့ကာလဲနေသည်ကို ဝမ်းနည်းစွာ တွေ့ရတော့သည်။

တိုင်းမင်းကြီးနှင့် လွန်စွာရင်းနှီးသော ဧည့်သည်တော်တစ်ဦးက ဘုရင်ခံကြီးအား…

''ခုနက အော်လိုက်တဲ့သူဟာ တိုင်းမင်းကြီးရဲ့ တစ်ဦးတည်းသော သမီးပေါ့ခင်ဗျာ၊ ဘုရင်ခံကြီး စားပွဲပေါ်မှာ တင်ပြထားတဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုဟာ တိုင်းမင်းကြီးသမီးပေါ့ခင်ဗျာ၊ နတ်သမီးရုပ်တုရဲ့ မျက်နှာဟာ တိုင်းမင်းကြီးသမီးရဲ့ မျက်နှာနဲ့ တစ်ပုံတည်းတထေရာတည်းပါပဲ၊ ဘုရင်ခံကြီးရဲ့ ကျောက်စိမ်းနတ်သမီးရုပ်တုကို ထုလုပ်ပေးခဲ့တဲ့ ပန်းပုဆရာဟာ ဒီမိန်းမရဲ့ လင်ဖြစ်သူ ချန်ပိုပေါ့…သူဖြစ်ရမှာပါပဲ''

မီလင်သည် သတိလစ်ပြီး မေ့မြောသွားရာမှ ပြန်လည်သတိရရှိလာသောအခါ ဧည့်သည်တော်များ ဝိုင်း၍ ထိုင်နေကြသော ထမင်းစားပွဲကြီးရှေ့သို့ ထွက်လာတော့သည်။

ငင်းနောက် မိမိ၏ယာဘက်လက်ကို အသာမြှောက်လိုက်ပြီးလျှင် ကျောက်စိမ်းနတ်သမီးရုပ်တုပေါ်သို့ တင်လိုက်တော့သည်။

နတ်သမီးရုပ်တုကို ထိကိုင်လိုက်ရသည်မှာ မိမိလင်ကို ထိကိုင်လိုက်ရသကဲ့သို့ ထင်မှတ်နေလေဟန်တူသည်။

သို့နှင့် ကျောက်စိမ်းရုပ်တုနှင့် တိုင်းမင်းကြီးသမီးတို့သည် တစ်ပုံတည်း တထေရာတည်း တစ်ယောက်တည်းပင်ဖြစ်ကြောင်းကို ဧည့်သည်တော်အားလုံး မြင်တွေ့သိရှိလိုက်ကြရတော့သည်။

ဘုရင်ခံကြီးက မီလင်၏ သနားကြေကွဲဖွယ် အဖြစ်သနစ်များကို ကြားသိရသောအခါ...

*"ကလေးမရေ...ဒီရုပ်တုကို မင်းပဲယူငင် သိမ်းဆည်းထားလိုက်ပါတော့ကွယ်၊ ကျုပ်တော့ ဘုရင်မကြီးကို တခြားလက်ဆောင်တစ်မျိုး ရှာပြီး ဆက်သတော့မယ်၊ ဒီနတ်သမီးရုပ်တုဟာ မင်းရဲ့စိတ်ကို အမြဲမျှော်ဖြေပေးနိုင်လိမ့်မယ်လို့ ကျုပ်ကောင်းကောင်းကြီး ယုံကြည်နေပါတယ်၊ ဒါကြောင့် မင်းလင်နဲ့ ပြန်လည်တွေ့ဆုံမိတဲ့အထိ ဒီနတ်သမီးရုပ်တုကို မင်းတယုတယ သိမ်းဆည်းထားပေတော့"*

လွန်စွာထူးဆန်းသည့် ရောဂါတစ်ရပ်သည် ငင်း၏ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်ဖိစီးလာသည့်အလား မီလင်သည် အင်အားနည်းလာချေတော့သည်။

တိုင်းမင်းကြီးလည်း သမီးအပေါ်တွင် လွန်စွာကရုဏာသက်လာပြီးလျှင် မိမိသမက် ချန်ပိုအား တွေ့ရပါလျှင် အပြစ်မှ လုံးဝလွှတ်ပေးရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်တော့သည်။

နောက်တစ်နှစ် ဆောင်းရာသီတွင် ကုန်တုန်ဘုရင်ခံထံမှ ချန်ပိုကို နေရာအနှံ့အပြားတွင် စုံစမ်းရှာဖွေစေသော်လည်း သတင်းအစအနကိုပင် မရရှိနိုင်ခဲ့ကြောင်းများကို တိုင်းမင်းကြီးထံသို့ အကြောင်းကြားစာတစ်စောင် ရေးပို့လိုက်တော့သည်။

၂-နှစ်ကြာသော် ချန်ပို၏သားကလေးသည် ကျောက်ရောဂါဖြင့် အနိစ္စရောက်ရရှာတော့သည်။

သို့ဖြစ်ရကား လောကဓံတရား၏ ဒဏ်ရာ ဒဏ်ချက်များကို မခံရပ်နိုင်တော့သော မီလင်သည် မိမိဆံပင်ကို ရိတ်ဖြတ်လိုက်ပြီးလျှင် ကျောက်စိမ်းနတ်သမီး ရုပ်တုတစ်ရပ်ကိုသာ ယူဆောင်၍ "ကော့ကြီး" သီလရှင်ကျောင်းတွင် သီလရှင်ဝတ်လေတော့သည်။

"ကော့ကြီး"သီလရှင်ကျောင်း တိုက်အုပ်သီလရှင်ကြီးက မီလင်သည် တစ်ကိုယ်ရည်တစ်ကာယ အေးချမ်းငြိမ်သက်စွာ နေလှော့ရှိကြောင်း၊ အခြားသူများကို မဆိုထားဘိ မိမိကိုပင် ၄င်း၏အခန်းတွင်းသို့ ဝင်ရောက်ခွင့်မပေးခဲ့ကြောင်းနှင့် ဘုရင်ခံကြီးအား ပြန်လည်ပြောကြားခဲ့ပေသည်။

မီလင်သည် သီလရှင်ဝတ်ပြီး အနှစ် ၂၀-ခန့်အကြာတွင် အနိစ္စရောက်သွားရှာတော့သတည်း။

ဖေဖော်ဝါရီလ၊ ၁၉၆၇
သွေးသောက်

❑

www.foreverspace.com.mm

www.foreverspace.com.mm

## ရာဂမယ်

## (၁)

ယွန်ချင်းသည် တရုတ်အစိုးရ၏ အထက်တန်းအရာရှိတစ်ဦး ဖြစ်လေသည်။

သူသည် မိမိဝတ္တရားအရ နယ်လှည့်သွားနေစဉ် ပူချင်းမြို့သို့ ရောက်ရှိလာပြီး ထမင်းဆိုင်၌ တည်းခိုနားနေသည့်အခါတိုင်း အနီးရှိ ဘုန်းတော်ကြီးကျောင်းမှ အရုဏ်တက်ချိန် ခေါင်းလောင်းတီးသံများကို ကြားလိုက်သည်ရှိသော် စိတ်ထဲတွင် မရိုးမရွဖြစ်လာရမြဲပင်။

ယင်းခေါင်းလောင်းသံများသည် သူ့အား ငယ်မူပြန်စေတော့သည် မဟုတ်ပါလော။

သူသည် အသက် ၄၀-ကျော်ပြီဖြစ်သော အိမ်ထောင်သည်တစ်ဦးဖြစ်လျက် နာမည်ကျော်ကဗျာဆရာတစ်ယောက်လည်း ဖြစ်ပါပေသည်။ မိမိဘဝသက်တာတွင် လောကဓံတရားများနှင့်လည်း အခါအားလျော်စွာ ရင်ဆိုင်ခဲ့ရသူတစ်ယောက်လည်း ဖြစ်ချေသည်။

သူသည် လွန်ခဲ့သော အနှစ် ၂၀-က နံနက်လင်းရောင်ခြည် ပေါ်လုနီးအချိန်တွင် ထိုဘုန်းတော်ကြီးကျောင်းမှ ခေါင်းလောင်းတီးသံများ ထွက်ပေါ်လာခဲ့မြဲ ဖြစ်သည်ကိုလည်းကောင်း၊ ထိုခေါင်းလောင်းသံများ ထွက်ပေါ်လာရာ ဘုန်းတော်ကြီးကျောင်းနှင့် စပ်သွယ်၍ ချောမောလှပသော မိန်းမပျိုတစ်ယောက်နှင့် တိတ်တခိုး တွေ့ဆုံမိပြီး အချစ်ကြီးချစ်မိခဲ့ပုံများကိုလည်းကောင်း ကောင်းစွာပြန်လည် သတိရမိနေပေတော့သည်သာ။

www.foreverspace.com.mm

ယွန်သည် ထိုစဉ်က အသက် ၂၂-နှစ်ခန့်ရှိလျက် အထက်တန်း ပညာရပ်များကို ဆည်းပူးရန် နေပြည်တော် ပဲ့ကြဉ်မြို့သို့ ခရီးသွားနေစဉ် အခါ ဖြစ်လေသည်။

တရုတ်ပြည်တွင် "တန်"မင်းဆက် ဘုရင်များ အုပ်ချုပ်စဉ်အခါ၌ ပညာရှင်များသည် အစိုးရကျင်းပသည့် စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေ ဆိုရန်နှင့် ပညာဆည်းပူးရန် ၆-လ သို့မဟုတ် တစ်နှစ်ခန့် ကြိုတင်ပြီး နေပြည်တော် ပဲ့ကြဉ်မြို့သို့ သွားရောက်လေ့ရှိကြရာတွင် လမ်းခရီးတစ် လျှောက်ရှိ မြို့ရွာများသို့ ဝင်ရောက်ကျော်ဖြတ်သွားလေ့ရှိကြသည်။

ယွန်သည် မြစ်ဝါမြစ်ကမ်း နဖူးပေါ်ရှိ မူချင်းမြို့သို့ ရောက်လာ သောအခါ မြို့တွင်းရှိ မိတ်ဆွေဖြစ်သူ "ယန်း"၏နေအိမ်တွင် ဝင်ရောက် တည်းခိုနေလေတော့သည်။

ယန်းသည် မိမိကဲ့သို့ပင် ပညာရှင်တစ်ဦးဖြစ်လေသည်။ ယန်းက မိမိနေအိမ်တွင် ကြာကြာနားနေရန် တောင်းပန်သည်ကို ယွန်သည် သဘောတူလိုက်တော့သည်။

သူတို့ နှစ်ဦးသည် မြို့၏အရှေ့ဘက် ၃-မိုင်ခန့်အကွာတွင် ရှိ သော "ပူချီ"ဘုရားကျောင်းသို့ မကြာမကြာ သွားရောက်ဖူးမြော်လေ့ရှိကြ သည်။

ထိုစဉ်ဝယ် ရာသီဥတုမှာ အေးလှသော်လည်း နေသာပြီးခြောက် သွေ့နေသည်။ ထိုဘုရားကျောင်းမှာ တောင်ထိပ်ပေါ်တွင် တည်ရှိနေ သည်ဖြစ်ရာ တောင်အောက်သို့ ကြည့်လိုက်လျှင် မြစ်ဝါမြစ်နှင့် ကျယ်ပြန့် ရှည်လျားသော "တေဖို"တောင်တန်းကြီးကို ထင်ရှားစွာ မြင်နိုင်လေသည်။

ယွန်သည် သဘာဝအခြေအနေ လှပစွာသာယာလှပကြည်နူး ဖွယ် ကောင်းလှသည့် ထိုနေရာဒေသကို လွန်စွာနှစ်ခြိုက်မိသည်ဖြစ်၍ ဘုရားဖူးများ တည်းခိုနိုင်ရန် သတ်မှတ်သီးသန့်ထားသော ခန်းဆောင်ကြီး အတွင်း၌ နေထိုင်ခွင့်ကို ဘုန်းတော်ကြီးထံမှ ရလေသည်။

ထိုအဆောင်ကြီးကို လွန်ခဲ့သော အနှစ်-၅၀ခန့်က ဘုရင်မကြီး "ဝူး"တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ရာ လွန်စွာကြီးကျယ်ခမ်းနားပြီး ဘုရားဖူး ၁၀၀-ခန့် သက်သာချောင်ချိစွာ နေထိုင်နိုင်ကြသည်။

ယင်း ခန်းဆောင်ကြီး၏ မြောက်ဘက်ရှိ မြေကွက်ကျယ်ပေါ် တွင်ကား အထက်တန်းလွှာ ပုဂ္ဂိုလ်များ တည်းခိုနေထိုင်နိုင်ရန် အဆောင် လတ် တစ်ဆောင်ကိုလည်း တည်ဆောက်ထားလျက်ရှိပေသည်။

www.foreverspace.com.mm

ယွန်သည် ပိုနိုက်တ်ဆိတ်အေးချမ်းသော အနောက်မြောက်ထောင့်ဘက်ရှိ အခန်းတစ်ခန်းကို မိမိနေထိုင်ရန်အတွက် ရွေးချယ်လိုက်သည်။

ထိုအခန်းမှနေ၍ ကြည့်ပါလျှင် အနီးရှိ မြင့်မားသော သစ်ပင်ကြီးများ အကြားကို ထိုးဖောက်လျက် မြစ်ဝါမြစ်ကြီးနှင့် ဘေပိုတောင်တန်းကြီးကို ကောင်းစွာမြင်နိုင်လေသည်။

သို့သာယာလှသည်ဖြစ်ရာ ယွန်သည် လွန်စွာနှစ်ခြိုက်သဘောကျနေမိတော့သည်။

ယန်းက

*"ခေတ္တနားနေဖို့ ဒီနေရာကို ခင်ဗျားရွေးချယ်လိုက်တာ အင်မတန်စိတ်ကူးယဉ်တာပဲဗျာ"* ဟု ပြောလေတော့သည်။

*"ဘယ်လိုစိတ်ကူးယဉ်တာလဲဗျာ"*

*"ပြောဘ်...တခြားမဟုတ်ပါဘူး၊ ပန်းတို့ ဆီးနှင်းတို့နဲ့ မြစ်ရေပြင်နဲ့ တောင်တန်းကြီးတွေကို မြင်ခွင့်ရနိုင်တဲ့အတွက် ခင်ဗျားလို ကဗျာဆရာတစ်ယောက်အဖို့ အင်မတန် အဓိုးတန်တာပေါ့ဗျာ၊ နောက်တော့လဲ ဒီလိုသာယာလှပတဲ့ မြင်ကွင်းတွေကို မြင်ခွင့်ရလေ တာဗျာပေမနဲ့ယှဉ်တဲ့ အချစ်စိတ်တွေဟာ အလိုအလျောက် ပေါ်လာနိုင်တာပေါ့ဗျာ"*

*"တောက်တီးတောက်တဲ့ဗျာ...၊ ကျွန်တော်သာ ဒီလိုစိတ်အာရုံမျိုးတွေ မွားရားချင်ရင် နေပြည်တော်ကြီးမှာ သွားရောက်နေထိုင်တော့မှာပေါ့ဗျာ၊ ခင်ဗျား အထင်မှားနေပြီ၊ ကျွန်တော် ဒီနေရာမှာ ၃-လလောက် သက်နိုးဆိုးပြီး တရားအားထုတ်ချင်လို့ပါ၊ ကျွန်တော့်ကို တလွဲမထင်လိုက်ပါနဲ့ဗျာ"*

(၂)

ယွန်သည် ထိုနေရာတွင် တစ်ရက်မျှနေထိုင်မိသောအခါ စေတီနှင့်ကပ်လျက်ရှိသော မြေပေါ်၌ ဝေဆာစွာသီးပွင့်လျက်ရှိကြသော သစ်ပင်ပန်းပင်းများ၏ အလယ်တွင် လူချမ်းသာမိသားစုများ နေထိုင်နိုင်ရန် ခေတ်ဆန်သော အုတ်ဇရပ်ကြီးတစ်ဆောင်ကို ၄င်းနေထိုင်လျက်ရှိသော အခန်း၏ပြတင်းပေါက်မှ မြင်မိလေတော့သည်။

www.foreverspage.com.mm

ထိုပြင် ငှင်းစရပ်ကြီးတွင် မည်သူတို့ နေထိုင်လျက်ရှိကြကြောင်းကို ကပ္ပိယများထံမှ စုံစမ်းကြည့်ရာ မစ္စတာဆူး၏ မိသားစုတို့ နေထိုင်ကြလျက်ရှိကြောင်း၊ မစ္စတာဆူးသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ သို့ရာတွင် ယင်းဘုန်းကြီးကျောင်း၏ ဒါယကာတစ်ဦးဖြစ်ပြီး ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်လည်း လွန်စွာသင့်မြတ်သူဖြစ်သည့်အတိုင်း အသက်ရှင်နေစဉ် အခါများ၌ ယင်းစရပ်ကြီးသို့ မကြာမကြာ လာရောက်နေထိုင်လေ့ရှိကြောင်း၊ မစ္စတာဆူး၏ ဇနီးသည် ကြောက်တတ်သူတစ်ယောက်ဖြစ်၍ မိမိလင်သေဆုံးသွားသည့်နောက်တွင် မြို့တွင်း၌မနေတော့ဘဲ ငှင်းစရပ်ကြီးသို့ တစ်အိမ်လုံးပြောင်းရွှေ့လာပြီး နေထိုင်တော့ကြောင်းများကို ကြားသိရလေတော့သည်။

ယွန်သည် တတိယညတွင် ခပ်လှမ်းလှမ်းမှ သာယာသော ဗျပ်စောင်းတီးသံများကို ကြားရသဖြင့် လွန်စွာအံ့သြမိလေတော့သည်။

သို့ဖြစ်ရကား သူသည် နောက်ရက်နံနက်တွင် လှည့်လည်ကြည့်ရှုရာ အုတ်တံတိုင်းတစ်ထပ် ကာရံထားလျက်ရှိသောကြောင့် စရပ်ကြီး၏အခြေအနေကို ကောင်းစွာကြည့်မြင်အကဲခတ်ခွင့် မရနိုင်ခဲ့ချေ။

စရပ်၏အရှေ့ဘက်မှ စမ်းငယ်တစ်ခုသည် စီးဆင်းနေပြီး ငှင်းစမ်းပေါ်တွင် ဆေးနီသုတ်ထားသည့် တံတားငယ်တစ်ခုကို ဆောက်လုပ်ထားကြောင်း တွေ့ရှိရလေသည်။

စရပ်အနီးတွင် ဖူးပွင့်နေကြသော ပန်းမျိုးစုံတို့၏ မွှေးရနံ့များကို ရှူရှိုက်မိသည့်ပြင် ကလေးတစ်ယောက်၏ ပျော်ရွှင်မြူးတူးသံများကိုလည်း ကြားရသည် ဖြစ်လေသောကြောင့် ယွန်သည် လွန်စွာစိတ်ကြည်နူးမိလေတော့သည်။

သို့ရာတွင် ဤကဲ့သို့ ဆိတ်ငြိမ်ချောင်ကျသည့် နေရာတွင် ဗျပ်စောင်းတီးသောသူသည် မည်သူဖြစ်မည်ကို အသေအချာ မသိရသေးသည့်အတွက် သူသည် အားမလိုအားမရ ဖြစ်နေမိတော့သည်။

ထို့နောက် သူသည် မိမိနေထိုင်ရာ အခန်းသို့ ပြန်လာသည့်တွင် ယင်းစရပ်ကြီးနှင့် မိမိနေထိုင်ရာအခန်းကြား၌ အလျားအနံ အားဖြင့် ပေ ၅၀-စီမျှ ကျယ်ဝန်းသော မြက်ခင်းပြင်တစ်ပြင် ဖြစ်ထွန်းလျက်ရှိနေသည်ကိုလည်းကောင်း၊ မိမိနေထိုင်ရာ အခန်းဆောင်ကြီးသည် ထိုစရပ်ကြီးနှင့်ဆက်သွယ်လျက်ရှိသော အဆီတစ်ခုပင်ဖြစ်နေသည်ကိုလည်းကောင်း တွေ့သိခဲ့လေသည်။

၂-ပတ်မျှကြာသော် ပူချင်းမြို့အတွင်း၌ ဆူပူသောင်းကျန်း လုယက်မှုများ ဖြစ်ပေါ်လာတော့သည်။ ဗိုလ်မှူးကြီးယွန်ချင်းအနီစွဲရောက်သွားသဖြင့် ၎င်း၏ စည်းကမ်းမဲ့သော စစ်သားများသည် မြို့တွင်း၌ဆူပူလုယက်ကြတော့သည်။ ၎င်းတို့သည် မြို့တွင်းရှိ ဆိုင်များမှ ပစ္စည်းမျိုးစုံတို့ကို လုယက်ကြသည့်ပြင် အိမ်များအတွင်းမှ ချောမောလှပသော မိန်းမများကိုလည်း ဖမ်းဆီးဆွဲခေါင်သွားကြတော့သည်သာ။

နောက်တစ်ရက်တွင် သာချုံဆိုးရွားလာချေတော့သည်။ စစ်သားများသည် ထင်သလိုလုယက်ကြပြီး မြစ်ဝါမြစ်ကမ်းထိပ်ပေါ်သို့ လာရောက်ကြသည်ဖြစ်ရာ ရွာပေါင်းများစွာတို့မှာ ပရမ်းပတာဖြစ်ကုန်ကြတော့သည်။

ယွန်သည် ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ပညာရှိ "မင်းဂျိုဟန်" ရေးခဲ့သည့် စာအုပ်တစ်အုပ်ကို ဖတ်နေရာမှ မိန်းမများ၏ အသံများကို ကြားမိသဖြင့် မိမိအခန်းအပြင်ဘက်သို့ ထွက်၍ကြည့်လိုက်သော် အသက် ၄၀-ခန့်ရှိ မိန်းမကြီးတစ်ယောက်နှင့် မိန်းမငယ်တစ်ယောက်တို့သည် မိမိအခန်းဘက်ဆီသို့ အမြန်ပြေးလာနေကြသည်ကို အံ့သြစွာ တွေ့မြင်မိတော့သည်။

မိန်းမကြီးသည် ကောင်းစွာ ဝတ်စားဆင်ယင်ထားလျက်ရှိနေပြီး ၎င်းနောက်တွင် အသက် ၁၇-နှစ်ခန့်ရှိသော မိန်းမငယ်တစ်ယောက်နှင့် အစေခံမငယ်တစ်ယောက်တို့ လိုက်ပါလာကြသည်။

မိန်းမငယ်မှာ အပြာရောင်အဝတ်များကို ဝတ်ဆင်ထားလျက်ရှိပြီး ၎င်း၏ဆံပင်များကို ပြုပြင်ထုံးဖွဲ့ထားခြင်းမရှိချေ။ ယွန်က ၎င်းမိန်းမငယ်ပင် လှန်ခဲ့သောညက ဗျပ်စောင်းတီးသူဖြစ်ရမည်ဟု တွေးချင့်မှန်းဆလိုက်တော့သည်။

ယွန်သည် ထိုမိန်းမ ၃-ယောက်တို့၏ မျက်နှာများကို အကဲခတ်ကြည့်ရာ ၎င်းတို့သည် လွန်စွာကြောက်ရွံ့ထိတ်လန့်နေကြကြောင်း တွေ့ရှိရတော့သည်။ သို့ဖြစ်ရကား ယွန်သည် ၎င်းတို့နောက်သို့ လိုက်သွားလေတော့သည်။

ထိုစဉ် ကျောင်းအတွင်း၌ သီတင်းသုံးနေကြလေသော ရဟန်းသံဃာနှင့် ကပ္ပိယများသည် မတည်မငြိမ် လှုပ်လှုပ်ရှရှ ဖြစ်လာကြတော့သည်။ မိန်းမကြီးတစ်ယောက်က မိမိလင်ယောကျ်ားသည် မိမိ၏သမီးပျိုအတွက် ခုခံကာကွယ်သဖြင့် စစ်သား၏အသတ်ခံရကြောင်းကို ရဟန်းတော်များအား ရှိုက်ငင်ငိုကြွေးကာ လျှောက်ကြားချေတော့သည်။

www.foreverspace.com.mm

ယခင်စရင့်မှ ပြေးလာသော မိန်းမငယ်သည် ထိုမိန်းမကြီး ပြောကြားချက်များကို နားစိုက်ထောင်နေတော့သည်။ သူမသည်အလွန်အသားဖြူပြီး အထူးပင် ကိုယ်ဟန်ကြော့ရှင်း လှပသူတစ်ယောက်ပင်ဖြစ်ပေသည်။

သူမ၏အမေမှာ လွန်စွာ စိုးရိမ်ထိတ်လန့်နေဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် စစ်သားများသည် သူမတို့နေထိုင်လျက်ရှိသောစရင့်အတွင်းသို့ ဝင်ရောက်ပြီး မိမိ၏သမီးအား အတင်းဖမ်းဆီးဆွဲခေါင်သွားကြလိမ့်မည်ဟု ယုံကြည်နေဟန်တူသည်။

ထိုစဉ် ရဟန်းတော်တစ်ပါးသည် ကျောင်းအတွင်းမှ ထွက်ကြွလာပြီး ၎င်းတို့အား ဘာမျှမစိုးရိမ်ကြဘဲ အခြေမပျက် နေထိုင်သွားကြရန်နှင့် အကယ်၍ အရေးကြုံလာပါလျှင်လည်း ၎င်းတို့အား ကျောင်းအတွင်းရှိ လွန်စွာလုံခြုံသော လျှို့ဝှက်ခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်ထည့်သွင်းထားရှိမည်ဖြစ်ကြောင်းကို အားပေးစကား မြွက်ကြားတော်မူပေသည်။ စစ်သားများသည် ရပ်ရွာထဲတွင် လှယက်ကြသော်လည်း ကျောင်းကန်ဘုရားမြေအတွင်းသို့ ဝင်ရောက်ရဲကြမည်မဟုတ်ကြောင်းကိုလည်း ရှင်းပြကာ နှစ်သိမ့်လေသည်။

ထို့နောက် မိန်းမငယ်က...

"*အမေ ကျွန်မ မကြောက်တော့ပါဘူး၊ ကျွန်မတို့ စရင့်ထဲမှာပဲ ပြန်နေကြရင် ကောင်းလိမ့်မယ်၊ စရင့်ထဲမှာနေတဲ့လူမရှိရင် ဓားပြတွေ လာတိုက်ကြမှာ အမှန်ပဲ၊ တကယ်လို့ အခြေအနေ အင်မတန်ဆိုးလာရင်လဲ ကျွန်မတို့ဟာ စရင့်နောက်ဖေးပေါက်က ထွက်ပြေးလာပြီး ဘုန်းတော်ကြီးကျောင်းထဲကို ဝင်သွားနိုင်ကြပါတယ်အမေ*" ဟု ဖြည်းညင်းစွာ ပြောဆိုလေသည်။

မိန်းမကြီးသည် သူ့သမီးပြောဆိုအကြံပေးချက်ကို သဘောကျဟန်တူသည်။

လူရွယ်တစ်ဦးဖြစ်ပြီး မိန်းများကိုအထူးကူညီလိုသောယွန်သည် ရဟန်းတော်ရှိရာသို့ သွားရောက်ပြီး မိန်းမများ၏ လုံခြုံရေးအတွက် လိုအပ်သောပြင်ဆင်မှုများကို ကြိုတင်ပြင်ဆင် စီစဉ်ထားပေးရန် လျှောက်ထားလေတော့သည်။ ၎င်းပြင် သူသည် ယခုချက်ချင်းပင် သူ၏မိတ်ဆွေတစ်ဦးထံသို့ သွားရောက်ပြီး အကူအညီတောင်းပေးမည်ဖြစ်ကြောင်း၊ ထိုမိတ်ဆွေသည် ထိုဒေသကို အုပ်ချုပ်ရသော တပ်မှူးကြီးနှင့် လွန်စွာမိတ်ကျွမ်း

ဝင်သဖြင့် တပ်မှူးကြီးထံမှ မုချအကူအညီရနိုင်မည်ဖြစ်ကြောင်း၊ ဇရပ်အပြင်ဘက်တွင် လက်နက်ကိုင်စစ်သား ဖ-ယောက်ခန့်ရှိနေလျှင် ဘာမျှပူပင်စရာ မရှိနိုင်တော့ကြောင်းများကို လျှောက်ကြားလေသည်။

မိန်းမပျိုက ယွန်အား တောင်းပန်းတိုးလျှိုးသည့် မျက်နှာဖြင့် ကြည့်လိုက်ပြီးလျှင်…

*"ဒီအကြံ အင်မတန်ကောင်းပါတယ်ရှင်"* ဟု ထောက်ခံပြောဆိုလေသည်။

မိန်းမကြီးက မေးမြန်းသဖြင့် ယွန်သည် မိမိ၏ အမည်နှင့်တကွ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်းများကို ပြန်လည်ပြောကြားလိုက်သည်။

ယွန်သည် မိန်းမကြီး၏ မိသားစုနှင့် သိကျွမ်းခွင့်ရလိုက်သည့်အတွက် လွန်စွာဝမ်းမြောက်သွားပြီးလျှင် မိမိသည် ထိုဒေသကို အုပ်ချုပ်ရသော တပ်မှူးကြီးနှင့် မိတ်ကျွမ်းဝင်သူထံသို့ ယခုပင် သွားရောက်၍ အကူအညီတောင်းပေးမည်ဟု ပြောကြားပြီး ထွက်ခွာသွားလေတော့သည်။

ယွန်သည် ထိုနေ့နေ့လယ်တွင် လက်နက်ကိုင် စစ်သား ဖ-ယောက်တို့နှင့် ပြန်လည်ရောက်ရှိလာတော့သည်။ ၎င်းပြင် သူသည် တပ်မှူးကြီးထံမှ စာတစ်စောင်ကိုလည်း ရယူလာခဲ့သည်ဖြစ်ရာ ထိုစာထဲတွင် မည်သူမဆို မစ္စတာဆုး၏ မိသားစုများကို နှောင့်ယှက်ခြင်းမပြုရ၊ နှောင့်ယှက်ခြင်းပြုပါက ကြီးလေးစွာ အပြစ်ပေးခံရမည်ဟု သတိပေးရေးသားထားလေသည်။

အနီရောင် စစ်ဖိတ်စုံများကို ဝတ်ဆင်ထားသည့် စစ်သားများရောက်ရှိနေသဖြင့် မစ္စတာဆုး၏မိသားစုတို့အား မည်သူမျှ လာရောက်နှောင့်ယှက်ခြင်း မပြုဝံ့ကြတော့ချေ။

မိမိစွမ်းဆောင်မှု အောင်မြင်သဖြင့် ယွန်သည် ထိုရက်နံနက်က မိမိအား တောင်းပန်းတိုးလျှိုးသည့် မျက်နှာဖြင့် ကြည့်ခဲ့သော မိန်းမပျိုနှင့် တွေ့ခွင့်ရရန် ထိုနေ့ညတွင် ၎င်းနေထိုင်ရာ ဇရပ်တွင်းရှိ ကောင်းစွာပြင်ဆင်ထားသော အခန်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

သို့ရာတွင် မိန်းမပျိုကား ထွက်မလာဘဲ မိခင်ဖြစ်သူသာလျှင် ထွက်လာပြီး ဧည့်ခံလေတော့သည်။ မိန်းမကြီးက ယွန်အား ၎င်း၏စွမ်းဆောင်ချက်များကို ချီးကျူးပြီး ကျေးဇူးတင်စကားများကို ပြောဆိုလေတော့သည်။



www.foreverspace.com.mm

သို့ရာတွင် ယွန်းသည်ခဏမျှသာနေ၍ မိန်းမပျိုကိုမတွေ့ရသော ကြောင့် စိတ်ပျက်ပြီး ပြန်သွားချေတော့သည်။

၇-ရက်မျှကြာသော် ဗိုလ်ချုပ်ကြီး၏စစ်တပ်သည် ရောက်လာ သဖြင့် အခြေအနေလုံး၀ အေးငြိမ်းသွားတော့သည်နှင့်အမျှ ဇရပ်ကို ကာ ကွယ်စောင့်ရှောင်လျက်ရှိသော စစ်သား ၆-ယောက်တို့ကို ပြန်လည် ရုပ်သိမ်းလိုက်တော့သည်။

တစ်ညနေတွင် ဒေါ်ဆူးသည် ယွန်းအား မိမိနေထိုင်လျက်ရှိ သည့်ဇရပ်သို့ လာရောက်ပြီး ညစာစားသောက်ရန် ဖိတ်ကြားလေသည်။

ညစာမစားမီတွင် ဒေါ်ဆူးသည် ယွန်းအား…

*"မင်းရဲ့စွမ်းဆောင်မှုကြောင့် အဒေါ်တို့မှာ ဘေးရန်ကင်းသွား ရတဲ့အတွက် မင်းကို ကျေးဇူးတင်လို့ မဆုံးပါဘူးကွယ်၊ မင်းကို အဒေါ်ရဲ့ ကလေးတွေနဲ့ တစ်ယောက်စီ မိတ်ဖွဲ့ပေးဦးမယ်"* ဟု ပြောလေသည်။

သူမသည် အသက် ၁၂-နှစ်အရွယ်ရှိ 'ဟန်လန်း' အမည်ရှိ သားငယ်ကို ခေါ်ယူလိုက်ပြီးလျှင် အစ်ကိုကြီးယွန်းအား ရိုသေစွာ အလေး ပြုစေတော့သည်။ ဒေါ်ဆူးက ပြုံးလိုက်ပြီး…

*"ဒီသားငယ်ဟာ အဒေါ်ရဲ့တစ်ဦးတည်းသော သားပေါ့ကွယ်"* ဟု ပြောပြလေသည်။ ထို့နောက်…

*"အင်ကျင်ရေ…အခန်းထဲက ထွက်လာပြီး ငါတို့ရဲ့ ကျေးဇူး ရှင်ဖြစ်တဲ့ ယောဒီအစ်ကိုကြီးကို ကျေးဇူးတင်စကား လာပြောလှည့်ပါ ကွယ်"* ဟု ပြောလေသည်။

သို့လင့်ကစား မိန်းမပျိုသည် အခန်းတွင်းမှ ချက်ချင်းထွက် မလာသေးသောကြောင့် ယွန်းက မိန်းမပျိုသည် မိမိနှင့် မသိကျွမ်းသေး သောသူအား မျက်နှာလာပြရန် ရှက်နေဟန် တူလိမ့်မည်ဟု တွေးထင် မိတော့သည်။

မိခင်ဖြစ်သူက…

*"အင်ကျင်ရေ … ဘာကြောင့် ထွက်မလာသေးသလဲ၊ မစ္စတာယွန်းဟာ ငါတို့မိသားစုအားလုံးရဲ့ အသက်နဲ့ ဥစ္စာပစ္စည်းများကို ကယ်ဆယ်ကာကွယ်ပေးခဲ့သူဖြစ်လို့ တို့ရဲ့အသက်သခင်ကျေးဇူးရှင် အစစ်ဖြစ်တယ်၊ ဒါကြောင့် မြန်မြန်လာပြီး ကျေးဇူးတင်စကားတွေကို ပြောပါ၊ ဟန်လုပ်နေဖို့ ရှက်နေဖို့အချိန်မဟုတ်ဘူး"* ဟု ခပ်ကျယ်ကျယ် ပြောဆိုလိုက်တော့သည်။

သို့နှင့် မိန်းမပျိုသည် ရှက်သွေးဖြာသော မျက်နှာဖြင့် အခန်းတွင်းမှ ထွက်လာပြီး ယွန်ရှေ့တွင် ရိုသေစွာ ဦးညွှတ်လိုက်တော့သည်။

၎င်းနောက် သူမသည် မိခင်၏နံဘေးရှိ ကုလားထိုင်ပေါ်တွင် ကျုံ့ကျုံ့လေး ထိုင်ချလိုက်ပြီး မျက်လွှာကို အောက်ချထားလေတော့သည်။

ယွန်က တရုတ်အမျိုးသားတို့၏ ထုံးစံအရ ထိုမိန်းမပျို၏ အသက်ကိုမေးရာ မိန်းမကြီးက လက်ရှိအုပ်စိုးနေသော ဘုရင်မင်းမြတ်၏ လက်ထက်တော်တွင်ပင် မွေးဖွားခဲ့ပြီးလျှင် အသက် ၁၇-နှစ်ရှိပြီဖြစ်ကြောင်း ပြန်ကြားပြောဆိုလေသည်။

ညစာစားပွဲတွင် ယွန်သည် တစ်ဦးတည်းသော ဧည့်သည်ဖြစ်နေ၍ မိန်းမပျိုမှာ အနေအထိုင် ကျဉ်းကျပ်လာပြီးလျှင် မည်သည့်စကားကိုမျှ မပြောတော့ဘဲ ငြိမ်သက်စွာ နေလိုက်ချေတော့သည်။

ယွန်က မိန်းမပျို၏ဖခင်အကြောင်းနှင့် မောင်ငယ်၏ ပညာသင်ကြားရေးအကြောင်းများကို အကြိမ်ပေါင်းများစွာ စပ်သွယ်မေးမြန်းပြောဆိုသော်ငြားလည်း မိန်းမပျိုမှာ ရှက်အမ်းအမ်းနေပြီး မည်သည့်စကားကိုမျှ ပြန်လည်ပြောဆိုခြင်းမပြုချေ။

ညစာစားနေစဉ်အတွင်း မိန်းမကြီး၏အမည်မှာ "ချင်း" ဖြစ်ကြောင်း ကြားသိရသည်ရှိသော် ထိုအမည်မှာ မိမိအမေ၏အမည်နှင့် တူနေသောကြောင့် သေချာစွာမေးမြန်းကြည့်ရာ ထိုမိန်းမကြီးသည် မိမိ၏ အဒေါ်ပင်ဖြစ်နေကြောင်းကို သိရှိရတော့သည်။

မိန်းမကြီးက...

"*ဪ...ဝမ်းသာလိုက်တာကွယ်၊ လက်စသတ်တော့ မင်းဟာ အဒေါ်ရဲ့တူဖြစ်နေပါကလား*" ဟု ပြောပြလိုက်တော့မှ အင်ကျင်သည် ရွှင်ပျလာပြီး ယွန်အားပြုံးကြည့်လိုက်တော့သည်။

(၃)

ယွန်သည် ဧရပ်သို့ မကြာမကြာအလည်သွားရောက်လေ့ရှိပြီး မိန်းမကြီး၏သားကလေးနှင့် စကားစမြည် ပြောဆိုလေ့ရှိသည်။ သို့ရာတွင် အင်ကျင်သည် ရှေးကကဲ့သို့ရှက်မြဲရှက်နေပြီး မိမိထံသို့ လာရောက်စကား

www.foreverpage.com.mm

ပြောဆိုခြင်းမပြုသေးချေ။ တစ်ကြိမ်တွင် အင်ကျင်သည် မိမိမောင်ငယ်နှင့် အတူ ညနေစောင်းတွင်း ဈပ်စောင်းတီး နေသည်ကို မြင်လိုက်မိသည်။ သို့ရာတွင် ယွန်ကိုမြင်လိုက်သောအခါ အင်ကျင်သည် ဇရပ်အတွင်းသို့ အမြန်ပြေးဝင်သွားချေတော့သည်။

ယွန်သည် တစ်နံနက်တွင် အင်ကျင်၏ အစေခံမကလေးနှင့် ဘုန်းတော်ကြီးကျောင်းအနီးရှိ လမ်းငယ်ပေါ်တွင် ဆုံမိလေသည်။ ၎င်း၏ အမည်မှာ နှင်းဆီဖြစ်လျက် ၎င်းသည် လွန်စွာရိုးသားဟန်ရှိပြီး တစ်နည်းအားဖြင့်လည်း ရုပ်ရည်လှပသူတစ်ယောက် ဖြစ်လေသည်။

သို့ဖြစ်ရာ…ယွန်သည် အစေခံမကလေးထံမှ အင်ကျင်၏ အကြောင်းများကို စုံစမ်းမေးမြန်းသိရှိခွင့် ရလိုက်တော့သည်။

*"မင်းတို့သခင်မလေးဟာ လက်ထပ်ဖို့ စေ့စပ်ထားပြီလား"*

*"မစေ့စပ်ထားရသေးပါဘူးရှင်၊ ဘာကြောင့် ဒီလိုမေးရပါသလဲရှင်"*

*"ဒီလိုပါကွယ်…အစ်ကိုတို့နှစ်ယောက်ဟာ တစ်ဝမ်းကွဲမောင်နှမတော်စပ်ကြလို့ အစ်ကိုရဲ့ ညီမလေးအကြောင်းကို သိချင်လို့ပါကွယ်၊ အစ်ကိုတို့နှစ်ယောက်ကိုလဲ ထမင်းစားပွဲမှာ အဒေါ်က မိတ်ဆက်ပေးပြီးပါပြီ၊ ဒါပေမယ့် အစ်ကိုဟာ ညီမလေးနဲ့ တစ်ကြိမ်တစ်ခါမျှ စကားပြောခွင့် မရခဲ့သေးလို့ သူ့နဲ့ အင်မတန် စကားပြောချင်လှန်းလို့ပါကွယ်၊ မင်းတို့သခင်မလေးဟာ အစ်ကို့ကိုမြင်ရင် ရှောင်ပြေးတော့တာချည်းပဲကွယ်"*

နှင်းဆီသည် ခေတ္တမျှ ငြိမ်နေလိုက်ပြီး ယွန်အား ကြည့်လိုက်တော့သည်။

*"အစ်ကို့ကို မြင်ရင် သူဘာကြောင့် ထွက်ပြေးတယ်ဆိုတာ သိချင်ပါတယ်ကွယ်"*

*"ဒါတော့ ကျွန်မ ဘယ်နှယ်သိနိုင်မှာလဲရှင်"*

*"မင်းသခင်မကလေးဟာ အင်မတန် ချစ်ဖို့ကောင်းသူ တစ်ယောက်ပါပဲ၊ အစ်ကိုဖြင့် သူ့ကိုစွဲနေပါပြီကွယ်"*

*"ဪ … ဒီလောက်တောင်ပဲလား၊ ဒီလိုဆိုရင် သခင်မကလေးရဲ့ အမေဆီမှာ သူနဲ့တွေ့ခွင့်တောင်းပါလားရှင်"*

*"မင်းမသိသေးပါဘူး၊ သူ့အမေအရှေ့မှာဆိုရင် သူဟာ ဘာစကားကိုမှ မပြောတော့ဘူး၊ သူနဲ့ နှစ်ကိုယ်ချင်း တွေ့နိုင်ခွင့်ရှိပါသလား*

သူ့ကို မြင်ရတဲ့နေ့ကစပြီး အစ်ကိုဟာ သူ့ကို အရွဲကြီးစွဲနေခဲ့ရပါတော့တယ်ကွယ်''

''ဪ…ဒီလောက်တောင် ဖြစ်နေရပြီလား'' ဟု ဖြိုးကာ ပြောပြီး နှင်းဆီသည် မိမိမျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ကာ ရယ်မောလိုက်ပြီးလျှင် ဇရပ်ဆီသို့ ပြန်ပြေးလေတော့သည်။

ယွန်သည် နှင်းဆီနောက်သို့ ပြေးလိုက်ပြီး….

''နှင်းဆီရေ ခဏရပ်နေပါဦး'' ဟု ပြောသဖြင့် နှင်းဆီသည် ရပ်လိုက်တော့သည်။

''နှင်းဆီရေ အစ်ကို့ကို ကယ်ပါလားကွယ် အစ်ကိုတောင်းပန်ပါတယ်ကွယ်''

သည်တော့မှ နှင်းဆီသည် ယွန်အား သနားကြင်နာစွာ ကြည့်လိုက်ပြီးလျှင်…

''ကျွန်မသခင်မလေးကို အစ်ကိုတွေ့ချင်ကြောင်းကိုတော့ ကျွန်မ မပြောပြရဲဘူးရှင့်၊ သခင်မလေးဟာ အင်မတန်တည်ပါတယ်ရှင်၊ ဘယ်ယောကျ်ားတစ်ယောက်နဲ့မှလဲ စကားမပြောဖူးဘူးရှင့်၊ အစ်ကိုဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပါတယ်၊ သခင်မလေးရဲ့ မိသားစုတွေအတွက်လဲ အစွမ်းကုန်အကျိုးဆောင်ခဲ့သူ တစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် အစ်ကို့ကို ကျွန်မကူညီပါမယ်ရှင်၊ လျှို့ဝှက်ချက်တစ်ခုကို ကျွန်မ ပြောပြပါမယ်ရှင်၊ သခင်မလေးဟာ ကဗျာလင်္ကာဆိုမှမှာ အင်မတန် ဝါသနာပါသူတစ်ယောက်ဖြစ်ပါတယ်၊ ကဗျာလင်္ကာတွေကို မကြာမကြာ ရွတ်ဆိုပါတယ်၊ စပ်လဲစပ်ဆိုပါတယ်ရှင်၊ ဒါကြောင့် သခင်မလေးဆီကို ကဗျာတစ်ပုဒ်ရေးပါလားရှင်၊ ကျွန်မ သူ့ဆီကို ပို့ပေးပါမယ်ရှင်''

နောက်တစ်ရက်တွင် ယွန်သည် အောက်ပါအဓိပ္ပာယ်များကို ဆောင်သော ကဗျာတစ်ပုဒ်ကို ရေးစီပြီး နှင်းဆီမှတစ်ဆင့် အင်ကျင်ထံသို့ ပေးပို့လိုက်တော့သည်။

''မြက်ခင်းပေါ်တွင် မြရောင်လွှမ်းလျက် ရှိနေသည်''

''လှပသော ငှက်ဝါကလေးအား သစ်ပင်ရိပ်အောက်တွင် မှန်းကွယ်ပြီးနေလေပြီ''

''အခန်းတွင်း၌ အောင်းနေရရှာသော ချစ်သူမှာကား ပန်းအိမ့်ဖတ်အချို့ကိုသာ မြင်ခွင့်ရနိုင်တော့သည်''

*"မောင်သည် အရှေ့ဘက်တက်အချိန်တွင် ဝင်လှဆဲဖြစ်သော လကို မောင့်ကြည့်နေမိတော့သည်"*

*"ခင်၏ ချောမွတ်လှပသော ရုပ်သွင်ကြောင့် မောင်၏စိတ် ဝိညာဉ်သည်လွင့်ပါးနေရလျက် မျှော်လင့်ချက်ကင်းရတော့မလိုလို ဖြစ်နေရှာပြီ"*

*"ပြုံးလှသည်ပါခင်...ပြုံးမြဲလှသည်ပါခင်"*

ထိုရက်ညနေတွင် နှင်းဆီသည် သူ့သခင်မ ရေးစပ်ပြီး 'လပြည့်နေ့ည'ဟု အမည်ပေးထားသည့် အောက်ပါအဓိပ္ပာယ်များကို ဆောင်သော ကဗျာတစ်ပုဒ်ကို ယွန်အား လာရောက်ပေးအပ်တော့သည်။

*"တစ်ယောက်သောသူသည် လရောင်အောက်တွင် စောင့်မျှော်နေသည်"*

*"ဇရပ်၏ အနောက်ဘက်ရှိ တံခါးမှာ ဖွင့်ထားလျက်ရှိသည်"*

*"အုတ်တံတိုင်းအနီးတွင် မှုံမွှင့်နေကြသော ပန်းများ၏အရိပ်သည် လရောင်နှင့်အတူ ရွေ့နေကြသည်"*

*"ချသော်...ခင်၏ မှူးစာရှင်သည် ရောက်လာချိန်တန်ပါပြီ"*

ထိုရက်မှာ ဖေဖော်ဝါရီလ ၁၄-ရက်ပင်ဖြစ်သည်။

ယွန်ကား လွန်စွာဝမ်းသာမိတော့သည်။ ထိုကဗျာ၏အဓိပ္ပာယ်မှာ မိမိအား လျှို့ဝှက်သည့် နေရာသို့ လာ၍တွေ့ဆုံရန် ဖိတ်ခေါ်ထားကြောင်း လွန်စွာထင်ရှားနေပေတော့သည်။ သို့အားလျော်စွာ ညအချိန်တွင် မိမိချစ်သူနှင့် တွေ့ဆုံခွင့်ရတော့မည်မှာ လွန်စွာထူးမြတ်သော လာဘ်ကြီးပင် မဟုတ်လေအံ့လော။

ယွန်သည် ဖေဖော်ဝါရီလ ၁၆-ရက်ညတွင် သူမ၏ကဗျာထဲတွင် ရေးထားချက်အတိုင်း လိုင်ချီးပင်ကို တွယ်တက်ကာ အုတ်တံတိုင်းကြီးထိပ်ပေါ်သို့ ရောက်သွားပြီး ဇရပ်အတွင်းသို့ ကြည့်လိုက်ရာ အနောက်ဘက်တံခါးမှာ ပွင့်လျက်နေသည်ကို အံ့သြစွာ တွေ့မြင်မိတော့သဖြင့် တံတိုင်းတစ်ဖက်သို့ တွယ်ဆင်း၍ အခန်းတွင်းသို့ ဝင်သွားသည်တွင် ခုတင်တစ်လုံးပေါ်၌ 'နှင်းဆီ' အိပ်ပျော်နေသည်ကို တွေ့ရသောကြောင့် ၄င်းအား အသာအယာလှုပ်နှိုးလိုက်သည်။

နှင်းဆီသည် အိပ်နေရာမှ လန့်နိုးလာပြီး ယွန်ကို မြင်လိုက်သော် လွန်စွာအံ့သြသွားပြီးလျှင် ... *"အစ်ကို ဘာကြောင့် ဒီနေရာကို လာရပါသလဲ၊ အစ်ကို ဘာကို အလိုရှိလို့လဲ"*

www.foreverspace.com.mm

“အစ်ကိုလာတာဟာ မင်းသခင်မကလေးခေါ်လို့ပေါ့၊ သခင်မကလေးကို အစ်ကိုရောက်လာပြီလို့ သွားပြောပေးပါကွယ်”

နှင်းဆီလည်း အင်ကျင်၏အခန်းတွင်းသို့ ဝင်သွားပြီး၊ အမြန်ပြန်ထွက်လာပြီးလျှင် ယွန်အား … “သခင်မလေး လာပါတော့မယ်ရှင်” ဟု ပြောလေသည်။

ယွန်သည် ၅-မိနစ်ခန့်မျှ ရင်တခုန်ခုန်နှင့် စောင့်မျှော်နေတော့သည်။ အင်ကျင်ရောက်လာသောအခါ သူမ၏မျက်နှာပေါ်တွင် ရှက်ရောင်တွေ သန်းလျက်ရှိတော့သည်။

“မစ္စတာယွန် …ကျွန်မ အခုလာရခြင်းဟာ ရှင်က ကျွန်မနဲ့ တွေ့ချင်တယ်ဆိုတာ သိရတဲ့အတွက်ပါပဲ၊ ကျွန်မတို့မိသားစုအပေါ်မှာ ကျရောက်လာတော့မယ် ဘေးအန္တရာယ်တွေကိုကာကွယ်ပေးခဲ့တဲ့အတွက် ရှင့်ကို အများကြီး ကျေးဇူးတင်မိပါရဲ့၊ ရှင်နဲ့ကျွန်မတို့ဟာ တစ်ဝမ်းကွဲမောင်နှမ တော်စပ်ကြတဲ့အတွက်ကြောင့်လဲ ကျွန်မအင်မတန် ဝမ်းသာအားတက်မိပါတော့တယ်ရှင်၊ ဒါပေမယ့် ရှင်ဟာ ကျွန်မထံကို ကျွန်မရဲ့ အစေခံမကလေး နှင်းဆီကတစ်ဆင့် အချစ်ကဗျာတစ်ပုဒ်ကို ရေးပို့လိုက်တာကိုတော့ ကျွန်မ အင်မတန်အံ့အားသင့်မိပါတယ်ရှင်၊ အဲဒီကဗျာကို တော့ဖြင့် အဖေ့ကို မပြနိုင်ပါဘူး၊ ပြမှာလဲမဟုတ်ဘူး။ ပြလိုက်လို့ရှိရင်လဲ ကျွန်မဟာ ရှင့်အပေါ်မှာ အင်မတန် မတရားရာရောက်သွားပါလိမ့်မယ်ရှင်၊ ကျွန်မရှင့်ကို အထူးသတိပေးလိုက်ချင်တာကတော့ နောက်ထပ်အချစ်ကဗျာတွေကို ကျွန်မဆီ ရေးမပို့ဖို့ပါဘဲ”

ယွန်သည် လွန်စွာအံ့ဩတွေဝေသွားပြီးလျှင် …

“မောင်က ခင်နဲ့ စကားပြောချင်လို့ပါပဲ၊ မောင်အခုလိုလာရောက်ရခြင်းဟာလဲ ခင့်ဆီက ပြန်လည်ရေးပို့လိုက်တဲ့ ကဗျာကလေးထဲမှာ ပါရှိတဲ့ ညွှန်ကြားချက်ကြောင့်ပါပဲ”

“မှန်ပါတယ်ရှင် …၊ ကျွန်မဟာ အဲဒီကဗျာကို ရှင့်ဆီကို အရဲစွန့်ပြီး ရေးပို့လိုက်ခြင်းဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်မဟာ အခုလိုရှင့်ထံကို တိတ်တဆိတ်လာတွေ့တာဟာ ကျွန်မရဲ့ တက်ကြွနေတဲ့ အလိုဆန္ဒဟာ ရှင့်ကိုဖြည့်တင်းပေးစေဖို့လို့ ရှင်ထင်ရင် မုချမှားပါလိမ့်မယ်၊ ကျွန်မ ဒီလိုပြောလိုက်တဲ့အတွက် စိတ်မရှိပါနဲ့ရှင်”

အင်ကျင်သည် သို့ပြောဆိုပြီးလျှင် အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားချေတော့သည်။

ယွန်းမှာ အကြီးအကျယ် စိတ်လည်းပျက်၊ အရှက်လည်းရလိုက်သောကြောင့် လွန်စွာဒေါသဖြစ်ရချေတော့သည်။

သူမသည် အဘယ်ကြောင့် အားတက်ဖွယ်ကဗျာကို ရေးစီပို့ပြန်ကြားခဲ့ပါသနည်း။ သူမသည် နောက်ဆုံးတွင်မှ ကြောက်စိတ်တွေဝင်လာပြီး စိတ်ပြောင်းသွားခဲ့ခြင်း ဖြစ်ပေသလော။ မိန်းမများသည် အတွင်းသဘော မတည်ငြိမ်ဘဲ ပြောင်းလဲဖောက်ပြန်တတ်ကြသည် တကား။ သူမသည် မိမိအား ဤကဲ့သို့ မလေးမခန့်မပြုသင့်၊ ပြက်ရယ်မပြုသင့်ချေတကားဟူ၍ ယွန်းသည် အင်ကျင်အပေါ်တွင် အလွန်စိတ်နာမိတော့သည်။

နောက်နှစ်ရက်မြောက်တွင် ယွန်းသည် ခုတင်ပေါ်တွင် အိပ်နေစဉ် တစ်စုံတစ်ယောက်သောသူသည် မိမိအား လှုပ်နှိုးနေသည်ကို သိရှိရသဖြင့် အိပ်ရာပေါ်တွင် ထထိုင်လိုက်ပြီး မီးအိမ်ကို ထွန်းညှိလိုက်ရာ နှင်းဆီအား ခုတင်နံဘေးတွင် ရပ်နေသည်ကို အံ့သြစွာ တွေ့မိရတော့သည်။

နှင်းဆီက . . .

*"သခင်မကလေး အစ်ကိုဆီကို လာပါတော့မယ်၊ ထနေပါတော့ရှင်"* ဟု တီးတိုးပြောပြီး အမြန်ထွက်သွားတော့သည်။

ယွန်းသည် လွန်စွာအံ့သြသွားပြီး မိမိမျက်စိနှစ်ဖက်ကို ပွတ်သပ်၍ အိပ်ရာပေါ်တွင် ထိုင်ကာစောင့်နေပေတော့သည်။

မကြာမီပင် နှင်းဆီသည် သူ့သခင်မလေးအား ယွန်း၏အခန်းတွင်းသို့ ခေါ်ဆောင်လာတော့သည်။ အင်ကျင်မှာ အလွန်တရာ ရှက်သွေးတွေ ဖြာနေတော့သည်။ ယခင်က တက်ကြွခဲ့သော မာနစိတ်တို့သည် လုံးဝပျောက်ကွယ်သွားနှင့်ဟန် တူပေသည်။

သူမသည် ယွန်းအား မည်သည့်တောင်းပန်ဖြေရှင်းသည့် စကားကိုမျှ ပြောကြားခြင်းမပြုချေ။ ရှည်လျားသော ဆံပင်များကို ပခုံးနှစ်ဖက်၏ဘေးတွင် ဖြန့်ချထားလိုက်ပြီး ယွန်းအား ချစ်ဖွယ်ကောင်းသည့် မျက်လုံးအစုံတို့ဖြင့် ရူးစိုက်ကာကြည့်ရင်း ပြုံးပြနေလေသည်။

ယွန်း၏ အသည်းနှလုံးတို့သည် တဒိတ်ဒိတ် ခုန်လာချေတော့သည်။

ယခင် ပထမအကြိမ်တွေ့ခဲ့စဉ်က မိမိအား ပစ်ပစ်ခါခါ ပြောဆိုရန်တွေ့ခဲ့ငြားလည်း ယခုအကြိမ်တွင်မူကား သူမ၏တစ်ကိုယ်လုံးကို

ပုံအပ်တော့မည်မှာ ထင်ရှားနေပြီဖြစ်သည့်အတွက် ယွန်၏ဒေါသစိတ်ပေါင်းများသည် တစ်မုဟုတ်ချင်း ပျောက်လွင့်သွားချေတော့သည်သာ။ သူမသည် မိမိ၏အချစ်ဦးပင် မဟုတ်ပါလော။

အစေခံကလေးနှင်းဆီသည် မိမိယူဆောင်လာခဲ့သော ခေါင်းအုံးကို ယွန်၏ခုတင်ပေါ်၌ တင်ထားလိုက်ပြီး အခန်းပြင်ဘက်သို့ ထွက်ခွာသွားလေတော့သည်။

အင်ကျင်သည် စကားတစ်လုံးတစ်ပါဒကိုမျှ ပြောဆိုခြင်းမပြုတော့ဘဲ မီးအိမ်ကို ငြိမ်းသတ်လိုက်ပြီးလျှင် ယွန်၏ခုတင်ပေါ်၌ မိမိကိုယ်ကို လှဲချလိုက်တော့သည်။

ယွန်သည် သူမ၏တစ်ကိုယ်လုံးကို ဖြည်းညင်းစွာ ပွေ့ချီလိုက်ပြီးလျှင် အကြိမ်ပေါင်းများစွာ အားပါးတရနမ်းရှုပ်လေတော့သည်။

သို့နှင့် ချစ်သူနှစ်ဦးတို့သည် ချစ်ရေယာဉ်တွင် စိတ်ရှိလက်ရှိ မျောနေကြဘိတော့သည်။

(၄)

အရုဏ်တက်ချိန်သို့ ရောက်လာတော့သဖြင့် ဘုန်းတော်ကြီးကျောင်းမှ ခေါင်းလောင်းတီးသံများကို ကြားလိုက်ရပြီးနောက် နှင်းဆီသည် ပြန်လည်ရောက်ရှိလာပြီး သူ့သခင်မကို စရပ်သို့ ပြန်ချိန်တော်ပြီဖြစ်ကြောင်း သတိပေးပြောကြားလေတော့သည်။

အင်ကျင်သည် ခုတင်ပေါ်မှထ၍ မိမိဆံပင်များကို လက်ချောင်းများဖြင့် ဖြီးလိုက်လျှင် နှင်းဆီနှင့်အတူ အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

သူမသည် ယွန်အား တစ်ညလုံးတွင် စကားတစ်လုံးကိုမျှ မပြောဆိုခဲ့ချေ။ ယွန်ကသာလျှင် သူမအား လွန်စွာချစ်ကြိုက်မြတ်နိုးကြောင်းများကို အဆက်မပြတ် ပြောဆိုနေခဲ့တော့သည်သာ။

ယွန်သည် အိပ်ရာပေါ်မှ ရုတ်တရက်ထလိုက်ပြီးလျှင် မိမိသည် ညက ထူးဆန်းသည့် အိပ်မက်တစ်ရပ်ကို မက်ခဲ့လေသလောဟု တွေးတောကာ အံ့သြနေမိတော့သည်။ အင်ကျင်၏ကိုယ်ပေါ်တွင် ဆွတ်ဖျန်းလာခဲ့သော ရေမွှေးနံ့များသည် တစ်ခန်းလုံးမွှေးကြိုင်သင်းပျံ့ကာ ကျန်ရစ်နေခဲ့

တော့သည့်အပြင် သူမ၏ နှုတ်ခမ်းတွင် သုတ်လိမ်းထားသော ဆိုးဆေးများ သည် သူ၏မျက်နှာသုတ်ပဝါပေါ်တွင် ထင်၍ကျန်ရစ်ခဲ့တော့သည်။

မကြာမီပင် ယွန်သည် ထိုညက ဖြစ်ရပ်များတို့မှာ အိပ်မက် မဟုတ်ဘဲ အမှန်တကယ်ပင်ဖြစ်ခဲ့ကြောင်းများကို ပြန်ပြောင်းသတိရမိ လေတော့သည်။

ယွန်ခဲ့သောရက်က မဖြစ်နိုင်ဟု မိမိတွေးထင်မိခဲ့သမျှတို့မှာ ယခု ညတွင်မှ ဖြစ်နိုင်ခဲ့ပြီဖြစ်ကြောင်းကို သူသည် ကိုယ်ထိလက်ရောက် အံ့ဩ ဖွယ်တွေ့သိခဲ့ရပြီ မဟုတ်ပါလော။

သို့အားလျော်စွာ…

"*ကျွန်မဟာ အခုလို ရှင့်ထံကို တိတ်တဆိတ်လာတွေ့တာဟာ ကျွန်မရဲ့ တက်ကြွနေတဲ့ အလိုဆန္ဒကို ရှင့်ကို ဖြည့်တင်းစေဖို့လို့ ရှင်ထင် ရင် မှားများပါလိမ့်မယ်*" စသည်ဖြင့် သူမဒေါသနှင့်ပြောသွားခဲ့သည်များ မှာ စင်စစ်အားဖြင့် မမှန်တော့သည်ကို သူကောင်းစွာသိရှိလိုက်တော့ သည်။

သို့ရာတွင် အင်ကျင်ကဲ့သို့သော ဣန္ဒြေရှင် မိန်းမပျိုတစ်ယောက် သည် မိမိအခန်းတွင်းသို့ ညအချိန်တွင် တိတ်တဆိတ် လာရောက်ခဲ့ခြင်း မှာ တကယ့်မေတ္တာစိတ်ကြောင့်ပေလော၊ သို့တည်းမဟုတ် တက်ကြွသော ရာဂစိတ်ကို ချိုးနှိမ်မျှောက်ဖျက်လိုသောကြောင့်ပေလောဟူ၍ သူသည် ဝေခွဲ၍ မရနိုင်အောင် ရှိနေတော့သည်။

ယွန်ကား ဝမ်းသာ၍ မဆုံးနိုင်တော့ရာ ကမ္ဘာသစ်ကြီးတစ်ခု အတွင်းသို့ ရောက်ရှိနေပြီဟု ထင်မှတ်ယုံကြည်နေမိတော့သည်သာ။ သို့ အားလျော်စွာ သူသည် ညတိုင်းညတိုင်းတွင် တစ်နာရီလျှင် တစ်ကြိမ်ကျ အင်ကျင်၏အလာကို စောင့်မျှော်နေခဲ့တော့သည်။ သို့ငြားလည်း အင်ကျင် ကား ပေါ်မလာတော့ချေ။

သို့ဖြစ်ရာ အင်ကျင်သည် တက်ကြွလာသော မိမိ၏ရာဂစိတ်ကို တားမနိုင် ဆီးမရသော အခါကျမှသာလျှင် လာရောက်ပေလိမ့်မည်ဟု ယွန်ကထင်မိလေတော့သည်။ ဤသို့မဟုတ်လျှင်လည်း အင်ကျင်သည် ပထမဆုံးအကြိမ် မိမိနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ဆုံမိခဲ့ပြီး နောက်တစ်ကြိမ် မိမိအခန်းတွင်းသို့ ထပ်မံလာရောက်၍ မိမိနှင့်တွေ့ဆုံရန် သင့်မသင့်ကို လေးနက်စွာ ချိန်ဆတွေးတောနေဟန် တူပေလိမ့်မည်ဟူ၍လည်း ယွန်က ထင်မြင်ယူဆနေပေတော့သည်။

ယွန်းသည် တစ်ညပြီးတစ်ည မိမိအခန်းတွင်းမှ အင်ကျင်းအား စောင့်မျှော်၍သာ နေခဲ့တော့သည်။ သို့ငြားလည်း အင်ကျင်းသည် နောက်ထပ်မပေါ်လာတော့သဖြင့် မိမိအပေါ်တွင် အချစ်ပြယ်သွားလေပြီဟူ၍ တစ်မျိုးတွေးချင့်မိပြန်တော့သည်။

သို့နှင့် ယွန်းသည် အင်ကျင်းနေထိုင်ရာ ဇရပ်သို့ ၆-ရက်မျှ သွားရောက်လည်ပတ်ခြင်း မပြုတော့ချေ။ အကယ်၍ သွားရောက်ပါလျှင် အလွန်မျက်နှာပူရလိမ့်မည်ကို ကြိုတင်စိုးရိမ်မိသောကြောင့်ပင် ဖြစ်လေသည်။

၇-ရက်မြောက်သောနေ့တွင် ယွန်းသည် အောင့်အည်းကာ မနေနိုင်တော့သဖြင့် ဇရပ်သို့ သွားရောက်ပြီး ဒေါ်ချင်းနှင့် တွေ့ဆုံလေတော့သည်။

ဒေါ်ချင်းသည် ၎င်းအပေါ်တွင် ရှေးကကဲ့သို့ပင် ခင်မင်ဖော်ရွေပြီး နေ့လယ်စာစားသောက်ပြီးမှ ပြန်ရန်ပြောကြားလေသည်။

ထိုစဉ် အင်ကျင်းသည် စည့်ခန်းအတွင်းသို့ ဟန်မပျက်စေဘဲ အေးအေးဆေးဆေး ဝင်ရောက်လာပြီးလျှင် ကုလားထိုင်တစ်လုံးပေါ်တွင် ခေတ္တမျှ ထိုင်နေတော့သည်။

ယွန်းက ၎င်းအား စူးစိုက်ပြီးကြည့်လိုက်စဉ် သူမသည် ၎င်းအား မည်သည့်အရိပ်လက္ခဏာကိုမျှ မပြသဘဲ အခန်းမြင်ဘက်သို့ ဟန်မပျက် ထွက်သွားချေတော့သည်။

သို့ဖြစ်ရာ ၎င်း၏အချစ်ရေးကိစ္စကို မိမိ၏မိခင်ဖြစ်သူက ရိပ်မိသိရှိသွားသည့်အတွက်ကြောင့်သာလျှင် သူမသည် အထူးသတိထားပြီး နေလိုက်ခြင်းဖြစ်ဟန် တူပေမည်ဟု ယွန်းက တစ်မျိုးထင်မိပြန်တော့သည်။

မိတ်ဆွေဖြစ်သူ ယင်းက ယွန်းအား မိမိနေအိမ်တွင် ၂-ပတ်မျှ နေထိုင်ရန် ဖိတ်ခေါ်သည်ကို ယွန်းသည် အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆိုလိုက်တော့သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ညအချိန်တွင် အင်ကျင်းသည် မိမိအခန်းတွင်းသို့ လာရောက်ပါလျှင် မတွေ့ရမည်ကို စိုးရိမ်မိသောကြောင့်ပင်။

သူသည် တစ်ရက်တွင် စာကြောင်းရေ ၆၀-ရှိသော ကဗျာရှည်တစ်ပုဒ်ကို ရေးစီလိုက်တော့သည်။ ထိုကဗျာတွင် ပါဝင်သော အကြောင်းသနစ်တို့မှာ မိမိသည် အလွန်ချောမောသော နတ်သမီးတစ်ပါးနှင့် တွေ့ခဲ့ရသဖြင့် လွန်စွာဝမ်းသာမိတော့ကြောင်း၊ သို့ရာတွင် ထိုနတ်သမီးအား

နောက်ထပ်တွေ့လိုငြားလည်း တွေ့ခွင့်မရနိုင်တော့သည့်အတွက် များစွာ လွမ်းဆွတ်ပူဆွေးရသောလျှင် နေခဲ့ရကြောင်း။ ထိုနတ်သမီးသည် မိမိထံသို့ နောက်ထပ် မလာရောက်တော့ကြောင်းများ ဖြစ်လေသည်။

www.foreverspace.com.mm

## (၅)

၁၅-ရက်မြောက် ညသန်းခေါင်ကျော်အချိန်ခန့်တွင် ယွန်သည် အခန်းတံခါး ခေါက်သံကြားရသဖြင့် အိပ်ရာမှထ၍ တံခါးကို ဖွင့်ကြည့်ရာ နှင်းဆီအားတံခါးဝတွင် ရပ်နေသည်ကို အံ့သြစွာ တွေ့မြင်ရပြန်တော့သည်။

နှင်းဆီသည် ယွန်အား သော့တစ်ချောင်းကိုပေး၍ ထိုသော့ကို သခင်မလေးက ပေးပို့စေကြောင်း၊ ထိုသော့ဖြင့် ဇရပ်အနောက်ဘက်ရှိ အခန်းတံခါးကို ဖွင့်ပြီးဝင်လာပါလျှင် သခင်မကလေးနှင့် နှစ်ကိုယ်ချင်း တွေ့နိုင်မည်ဖြစ်ကြောင်းကို မှာကြားလိုက်ကြောင်း တီးတိုးပြောပြလေသည်။

ထိုည သန်းခေါင်ကျော်အချိန်တွင် ယွန်သည် ဇရပ်၏အနောက်ဘက်သို့ သော့တူဖြင့်ဖွင့်ကာ ဝင်ရောက်၍ အခန်းတွင်း၌ ချစ်သူနှင့် တိတ်တဆိတ် တွေ့ဆုံလေတော့သည်။

အင်ကျင်သည် သန်းခေါင်ကျော်အချိန်တွင် ထိုအခန်းအတွင်းသို့ တစ်ညခြားတစ်ကြိမ် သွားရောက်ပြီး အရုဏ်တက်အချိန်သို့ရောက်မှပင် မိမိအခန်းသို့ ပြန်လာလေ့ရှိတော့သည်။ အကြောင်းတစ်ရပ်ရပ်ကြောင့် မိမိမလာရောက်နိုင်ပါလျှင်လည်း ယွန်ထံသို့ နှင်းဆီမှတစ်ဆင့် ကြိုတင် အကြောင်းကြားလေ့ရှိသည်။

ယွန်ကား ပြောမပြနိုင်လောက်အောင် ဝမ်းသာနေတော့သည်။ သူတို့နှစ်ဦးသည် တွေ့ဆုံမိကြတိုင်း တစ်ယောက်ကိုတစ်ယောက် တစ်သက်တာတွင် မခွဲတမ်း ချစ်ကြင်ပေါင်းသင်းသွားကြမည့်အကြောင်းများကို အမှောင်ထဲတွင် လေသံဖြင့် ကျိန်ဆိုကြပြီး အချစ်ကြီး ချစ်နေမိကြတော့သည်သာ။

အင်ကျင်က…

*"ရှင့်ကို ကျွန်မ အသည်းစွဲ ချစ်မိပါပြီရှင်၊ ကျွန်မ မခွဲနိုင်တော့ပါဘူး"* ဟု အကြိမ်ပေါင်းများစွာ ပြောကြားလေတော့သည်။

www.foreverspace.com.mm

တစ်ကြိမ်တွင် ယွန်က…

*"ခင့်အမေသေသွားရင် ဘယ်လိုဖြစ်ကြရမှာလဲခင်" ဟု မေးလိုက်ရာ အင်ကျင်က…*

*"ဗုဒ္ဓဘာသာမျှမစိုးရိမ်နေပါနဲ့ အမေသေသွားရင် ရှင့်ကို သူ့သမက်လုပ်လိုက်မှာပေါ့ရှင်" ဟု ပြန်ပြောလေတော့သည်။*

*"ကြားရတာ အင်မတန် ဝမ်းသာပါတယ်ခင်၊ ဒီလိုဆိုရင် အချိန်ကျရင် ခင့်အမေကို အကျိုးအကြောင်း ပြောပြပါမယ်"*

နောက် ၇-ရက်ခန့်အကြာတွင် တစ်ညသို့ ယွန်က မိမိသည် နေပြည်တော်သို့ စာမေးပွဲဖြေဆိုရန် သွားရတော့မည်ဖြစ်ကြောင်းကို ပြောကြားလိုက်တော့ရာ အင်ကျင်သည် ဝမ်းနည်းခြင်းမဖြစ်ဘဲ။

*"ရှင်စာမေးပွဲဖြေရန်ရှိနေတဲ့အတွက် နေပြည်တော်ကို သွားရမယ်ဆိုရင် သွားတာပေါ့ရှင်၊ နေပြည်တော်က သိပ်ဝေးတာမှမဟုတ်ဘဲဟာ၊ ရှင် နေ့ရာသီကျရင် ပြန်လာမယ်မဟုတ်လား၊ ကျွန်မလည်း ရှင့်ကို စာမေးပွဲအမြန်အောင်စေချင်ပါပြီရှင်"*

ဟု ပြန်ပြောလေသည်။

နေပြည်တော်သို့ မထွက်ခွာမီတစ်ညတွင် ယွန်သည် မိမိသွားရောက်နေကျ ဇရပ်အနောက်ဘက်ရှိ အခန်းတွင်းသို့ ရှေးနည်းအတိုင်း တိတ်တဆိတ် သွားရောက်ခဲ့သည်။ သို့ရာတွင် အဘယ်ကြောင့်မသိ အင်ကျင်ကား ပေါ်မလာတော့ချေ။

(၆)

ယွန်သည် စာမေးပွဲကျင်းပရန် ၁၀-ရက်ခန့်အလိုတွင် မှုချင်းမြို့သို့ ခေတ္တပြန်လာလေသည်။ ဒေါ်ချင်းသည် မိမိသမီး၏ ချစ်ရေးကိစ္စများကိုသိရှိဟန်မတူသေးဘဲ ယွန်အား ရှေးသကဲ့သို့ပင် ဖော်ရွေစွာ ဧည့်ခံကျွေးမွေးသည့်အပြင် မိမိတို့နေထိုင်လျက်ရှိသော ဇရပ်တွင်ပင် နေထိုင်ခွင့်ပေးတော့သည်။ သူမက ယွန်သည် တစ်နေ့ကျလျှင် မိမိသမီးနှင့် အမှန်မုချ လက်ထပ်လိမ့်မည်ဟု စွဲမြဲစွာယုံကြည်နေဟန်တူပေသည်။

ယွန်သည် အင်ကျင်နှင့် နေ့အခါများတွင် တွေ့ဆုံခွင့်ရသဖြင့် လွန်စွာဝမ်းသာမိတော့သည်။

သူမသည် ရှေးသကဲ့သို့ ရက်ခြင်းမရှိတော့ဘဲ ယွန်းအား လွတ်လပ်ဖော်ရွေစွာ ပြေ့ခံဆက်ဆံသည်ဖြစ်သောကြောင့် ယွန်းမှာ လွန်စွာ ဝမ်းသာမိလေတော့သည်။

တစ်ရက်တွင် မိတ်ဆွေဖြစ်သူ ယင်းသည် ဇရပ်သို့ လာရောက်လည်ပတ်သည်တွင် ယွန်းနှင့် အင်ကျင်တို့သည် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်နေကြပြီးဖြစ်ကြောင်းကို ရိပ်စားမိလေတော့သည်။

ယင်းက ယွန်းအား…

"*မင်းဒီကို ဘာလာလုပ်ပြန်သလဲ၊ မင်းစာမေးပွဲ ဖြေရမယ် မဟုတ်လား*" ဟု မေးလိုက်သည်။

ဒေါ်ချင်းသည် သိသယမကင်းဖြစ်လာသဖြင့် သမီးဖြစ်သူအား မေးမြန်းကြည့်ရာ…

"*ဒီလိုပါအမေ၊ သူဟာ မနက်ဖြန်နေပြည်တော်ကို ပြန်သွားပြီး စာမေးပွဲဖြေဆိုပါမယ်၊ စာမေးပွဲဖြေဆိုပြီးရင် သူပြန်လာပါလိမ့်မယ်*" ဟု ပြန်ပြောလိုက်သည်။

ထိုညနေတွင် ယွန်းသည် အင်ကျင်နှင့် တွေ့ဆုံခွင့်ရသည်တွင် သူမက…

"*ရှင် စာမေးပွဲပြီးရင် မြန်မြန်ပြန်လာပါနော်၊ ကျွန်မရှင့်ကို စောင့်မျှော်နေပါမယ်ရှင်*" ဟု မှာကြားပြောဆိုလေသည်။

ထိုညတွင် ဒေါ်ချင်းသည် ယွန်းအား အထူးညစာစားပွဲကြီးတစ်ရပ်ကို တည်ခင်းကျွေးမွေးလေတော့သည်။ ညစာစားပွဲ ပြီးဆုံးသွားသောအခါတွင် သမီးဖြစ်သူအား ရှေးသီချင်းတစ်ပုဒ်ကို ဗျပ်စောင်းတီးခိုင်းရာ အင်ကျင်သည် အလွန်သာယာနာပျော်ဖွယ်ကောင်းအောင် တီးပြပေတော့သည်။

သီချင်းအဆုံးတွင် အင်ကျင်သည် မိမိအခန်းထဲသို့ အမြန်ဝင်ရောက်သွားပြီး ပြန်မထွက်လာတော့ချေ။

ကံမကောင်းသဖြင့် ယွန်းသည် စာမေးပွဲတွင် ကျဆုံးခဲ့သည်။ သို့ဖြစ်ရကားသူသည် အရှက်လွန်ပြီး အင်ကျင်အား တောင်းရမ်းရန် ပူချင်းမြို့သို့ ပြန်မလာရဲတော့ချေ။

သူသည် အင်ကျင်ထံသို့ စာများကိုသာ မကြာမကြာ ရေးပို့လေတော့သည်။ ပူချင်းမြို့နှင့် နေပြည်တော် ပဲကြဉ်မြို့ကား ခရီးဝေးလှသည်မဟုတ်ချေ။

www.foreverspace.com.mm

သို့ငြားလည်း ယွန်းသည် မူချင်းမြို့သို့ ပြန်မလာတော့ချေ။

အင်ကျင်သည် စိတ်ကိုမလျှော့သေးဘဲ ယွန်းပြန်လာမည့်ရက်ကို သာလျှင် နေ့စဉ်စောင့်မျှော်နေခဲ့တော့သည်။

ယွန်း၏မိတ်ဆွေ ယင်းသည် အင်ကျင်၏မိခင်ဖြစ်သူဒေါ်ချင်းတို့ ထံသို့ မကြာမကြာ လာရောက်လည်ပတ်နေတော့သည်။

တစ်ရက်တွင် ဒေါ်ချင်းသည် မိမိသမီး၏ အိပ်ရာအောက်မှ ယွန်းပေးပို့ခဲ့သော စာများကို တွေ့ရှိဖတ်ရှုရသည်တွင် ယွန်းနှင့် မိမိသမီးတို့ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်နေပြီဖြစ်ကြောင်းကို သိရှိသွားလေတော့ သည်။

ထို့ကြောင့် ဒေါ်ချင်းသည် ယင်းထံမှ ယွန်း၏အကြောင်းများကို စုံစမ်းမေးမြန်းလေသည်။ ယင်းမှာ အသက်ကြီးကြီး အိမ်ထောင်သည်တစ် ယောက်လည်းဖြစ်သောကြောင့် ဒေါ်ချင်းသည် ဖုံးကွယ်၍ မထားတော့ဘဲ ယွန်းထံမှ ရေးပို့ခဲ့သမျှ စာအားလုံးကို ၄င်းအားပြသလေတော့သည့်အပြင် ၄င်း၏ထင်မြင်ချက်များကိုလည်း မေးမြန်းလေသည်။

ယင်းက ယွန်းသည် နေပြည်တော်မှ ပြန်မလာသေးသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု မျက်ရမ်းဆနေမိတော့သည်။ ထို့ကြောင့် သူသည် ယွန်းထံသို့ စာတစ်စောင်ကို ရေးပို့လိုက်ရာ ပြန်စာကိုဖတ်မိရသော် ယင်းသည် အကြီးအကျယ်စိတ်ပျက်ရချေတော့သည်။

အင်ကျင်ကမူ ယွန်းသည် စာမေးပွဲမအောင်သောကြောင့်သာ အရှက်ကြီးရှက်ပြီး မူချင်းမြို့သို့ ပြန်မလာခြင်းဖြစ်မည် ထင်ကြောင်း၊ လာမည့်နွေရာသီတွင် ကျင်းပမည့် စာမေးပွဲကြီးကို ထပ်မံဝင်ရောက်ဖြေ ဆိုပြီးသောအခါ မုချပြန်လာလိမ့်မည်ထင်ကြောင်းနှင့် မိခင်ဖြစ်သူအား နှစ်သိမ့်စကားများ ပြောကြားလေသည်။

သို့နှင့် နွေဦးရာသီသို့ ရောက်လာတော့သည်။ တစ်ရက်တွင် အင်ကျင်သည် ယွန်းထံမှ လက်ဆောင်တချို့နှင့် ကဗျာတစ်ပုဒ်ကို ပေးပို့ ရရှိခဲ့သည်။

ထိုကဗျာထဲတွင် မိမိသည် သူမအား မည်မျှချစ်ကြိုက်လွမ်း ဆွတ်ကြောင်း ပါရှိလေသည်။ သို့ရာတွင် ကဗျာပါနောက်ဆုံးစာကြောင်း နှစ်ကြောင်းအရ ထိုကဗျာမှာ မိမိအား နောက်ဆုံးအနေနှင့် နှုတ်ဆက် လိုက်သည့် "ခွဲခွာရေး" ကဗျာပင်ဖြစ်နေကြောင်း ထင်ရှားလျက်ရှိနေသည် ကို အံ့သြဝမ်းနည်းစွာ တွေ့သိရချေတော့သည်။

"မောင်၏ အနာဂတ်ဘဝ လမ်းစဉ်မှာ မသေချာမရေရာသော တိမ်တိုက်များဖြင့် ဖုံးအုပ်လျက်ရှိနေချေသည်။ မောင်နှင့်ခင်တို့ တစ်နှစ်တာမျှ ခွဲခွာပြီးနေစဉ် ခင်သည် ဆီးနှင်းကဲ့သို့ ဖြူဆွတ်သန့်စင်ကာ ရှိနေပေဦးမည်လော၊ နှင်းဆီပန်းပွင့်တစ်ပွင့်သည် အစွမ်းကုန် ဝေဆာမွှေးပွင့်လှပနေစဉ်တွင် ထိုပန်းကို လာရောက်ခူးဆွတ်မည့်သူကို မည်သူသည် တားဆီးနိုင်ပါမည်နည်း။ မောင်သည် ခင်၏အချစ်ပန်းကို အဦးဆုံးဆောင်မြန်းနိုင်ခွင့် ရရှိခဲ့သည်မှာ မှန်ပါပေသည်။ သို့ရာတွင် ထိုပန်းကလေးကို အဘယ် ကံထူးရှင်သည် ဆွတ်ခူးပြီးပိုင်ဆိုင်သွားလေမည်နည်း။ မောင်သည် စောင့်ဆိုင်းနေခဲ့ရပါသည်မှာ လွမ်းနာကျပါဘိတော့သည်။ ခင့်အတွက် လွမ်းနာကျနေရသည်ထက် ခင်နှင့် တစ်ခါတည်း အပြီးအပိုင်ကင်းပြတ်သွားရသည်က ပို၍မကောင်းပါလော"

ဟူသော သဘောအဓိပ္ပာယ်တွေ့ပါသည်။ အထက်ပါ ကဗျာကို ဖတ်ရှုရသော အင်ကျင်သည် အဘယ်မှာ စိတ်မပျက်ဘဲ နေနိုင်ပါတော့အံ့နည်း။ အကယ်စင်စစ်သော်ကား ထိုကဗျာမှာ မိမိ၏ ကိုယ်ကျင့်တရားကို စော်ကားလိုက်သော ကဗျာပေတကား။

ယင်းသည် ယွန်ထံမှ ပေးပို့လိုက်သော စာကိုကိုင်ကာ အိပ်ရာပေါ်တွင် လဲနေသော အင်ကျင်အား သနားစဖွယ် မြင်မိလေတော့သည်။ သူမ၏ မျက်လုံးအစုံတို့မှာ ငိုရလွန်း၍ ယောင်ယမ်းနေချေပြီ။

သူမ၏ သနားစဖွယ် ဖြစ်အင်ကိုမြင်မိသော ယင်းသည်...

"အင်ကျင်ရေ ... စိတ်မပျက်ပါနဲ့၊ ကျွန်တော် နက်ဖြန် နေပြည်တော်ကိုသွားဖို့ ကိစ္စရှိနေပါတယ်၊ နေပြည်တော်ရောက်ရင် သူ့ကို တွေ့အောင်ရှာပြီး ပြန်စာတစ်စောင်ကို တောင်းယူလာပါ့မယ်"

အင်ကျင်သည် ယင်းအား လဲလျောင်းနေရာမှ ထ၍ကြည့်လိုက်ပြီးလျှင်...

"နေပြည်တော်ကို သွားမယ်ဆိုတာ ကြားသိရလို့ ကျွန်မအင်မတန် ဝမ်းသာမိပါတယ်ရှင်၊ သူနဲ့တွေ့ရင် ကျွန်မအတွက် ဘာမျှမပူပါနဲ့ ကျွန်မနေကောင်းပါတယ်လို့ သူ့ကိုပြောပြလိုက်ပါရှင်"

ဟု သနားစဖွယ် ပြောကြားလေတော့သည်။

ယင်းသည် နောက်တစ်ရက်တွင် သူ နေသော မြို့ကလေးအတွင်းသို့ ပြန်သွား၍ ပြင်ဆင်မှုများကို ပြုလုပ်ပြီးသော် နေပြည်တော်သို့ ခရီးထွက်လေတော့သည်။

www.foreverspace.com.mm

သူသည် နေပြည်တော်တွင် ယွန်းအား ရှာဖွေတွေ့ရှိပြီး အင်ကျင်းပေးအပ်လိုက်သည့် စာကို ၎င်းအား ပေးလိုက်တော့သည်။ ထိုစာထဲတွင်

"ကျွန်မသည် ရှင့်ထံမှ ပေးပို့လိုက်သော ကဗျာကို ကောင်းစွာ ရရှိခဲ့ပါပြီ။ ထို့အပြင် ထိုကဗျာနှင့်အတူ လက်ဆောင်အဖြစ်ပေးပို့လိုက်သော နုတ်ခမ်းဆိုးဆေး စသည်တို့ကိုလည်း လက်ခံရရှိခဲ့ပါပြီ။ သို့ရာတွင် ထိုလက်ဆောင်များမှာ ကျွန်မအနီးတွင် ရှင်မရှိနေသောကြောင့် ကျွန်မအတွက်အသုံးပြုရန် မလိုလှတော့ပါ။ ကျွန်မမှာ ရှင်နှင့်ဝေးနေရသည့်အတွက် များစွာလွမ်းဆွတ်ပြီး နေရပါတော့သည်။ လွမ်းဆွတ်ရမှုများသဖြင့် မျက်ရည်များ ကျဆင်းနေရပါပြီ။ သို့နှင့်အမျှ ကျွန်မသည် ရှင့်အားမကြာမကြာ အိပ်မက်မြင်မက်မိပါတော့သည်။

မှချင်းမြို့မှ ရှင်ထွက်သွားခဲ့သည်မှာ တစ်နှစ်ပင်ကျော်သွားပါပြီ။ ရှင်သည် နေပြည်တော်သို့ ရောက်နေစဉ်အတွင်း ရည်းစားဦးဖြစ်သည့် ကျွန်မအား လုံးဝမေ့မသွားသေးဘူးဟု ကျွန်မယုံကြည်နေပါသည်။ ရှင်နှင့်ကျွန်မ ပထမဆုံးတွေ့ခဲ့ရသည့်ညမှစ၍ ကျွန်မသည် ရှင့်အပြင် အခြားမည်သူ့ကိုမျှ မချစ်နိုင်တော့ပါ။ ရှင်က ကျွန်မကို ဘယ်တော့မှ မမေ့ပါဘူးဟု ထိုညတွင် အကြိမ်ကြိမ် ကတိပေးခဲ့မှုများကိုရှင်မှတ်မိနေသေးပါလျှင် ဤကမ္ဘာပေါ်တွင် ကျွန်မထက် ကံကောင်းသူ ရှိနိုင်တော့မည်မဟုတ်ပါ။ ရှင်ကသာ ကတိမတည်ဘဲ ဖျက်ကွက်ခဲ့ပါလျှင် ကျွန်မသည် သေရွာသို့ သွားစို့သာရှိပါတော့သည်ရှင်။

ရှင်၏ကျန်းမာရေးကို အထူးဂရုစိုက်ပါနော်၊ ကျွန်မငယ်စဉ်ကတည်းက ဝတ်ဆင်လာခဲ့သော ကျောက်စိမ်းလက်စွပ်တစ်ကွင်းကို ချစ်လက်ဆောင်အဖြစ် ယခုပေးပို့လိုက်ပါသည်။ ကျောက်စိမ်းသည် အချစ်စိတ်ကို ထာဝစဉ်ဆောင်ပြနေတဲ့ အမှတ်အသားဖြစ်ပါတယ်ရှင်။ ထို့ပြင် ဖိုးချည်မျှင်တစ်ထုံးနှင့် မျက်ရည်များကွယ်ကပ်နေသော လက်ဖက်ခြောက်လိမ်ရန် ဝါးဒလိမ်တုံးတစ်တုံးကိုလည်း ပေးပို့လိုက်ပါသည်ရှင်။ ဖိုးချည်မျှင်တစ်ထုံးနှင့် ဝါးဒလိမ်တုံးတို့သည်ကား ရှင့်အပေါ်တွင် ကျွန်မသည် ဘယ်သောအခါမှ မေ့လျော့မပြယ်ဘူးဆိုသော ချစ်သင်္ကေတများ ဖြစ်ကြပါသည်။ ကျွန်မ၏အချစ်စိတ်ဓာတ်သည် ရှင်၏ခန္ဓာကိုယ်ထဲတွင် အမြဲတမ်း ကိန်းအောင်းလျက် ရှိနေပါပြီ။ သို့ရာတွင် ကျွန်မမှာ ရှင်နှင့်ဝေးနေရပါပြီရှင်။ ထို့ကြောင့်လည်း ပူဆွေးနွမ်းလျပြီး ရှင့်အား အမြဲတစေ လွမ်းဆွတ်နေရပါတော့သည်။ ကျန်းမာမှုကို ကောင်းစွာဂရုစိုက်ပါနော်။

www.foreverspace.com.mm

ကောင်းကောင်းစားပြီး စိတ်အေးချမ်းသာစွာ နေထိုင်ပါရှင်။ ကျွန်မ အတွက် ဘာမျှမပူပါနှင့်ရှင်"

... စသည်ဖြင့် ပါရှိလေသည်။

ထိုစာကို ဖတ်ပြီးသောအခါတွင် မိတ်ဆွေဖြစ်သူ ယင်းက...

"ယွန် ... သူက ခင်ဗျားကို အင်မတန်လွမ်းဆွတ် မှုဆွေးနေပြီ မဟုတ်လား၊ ဒါကြောင့် သူ့ကို အင်မတန်သနားဖို့ ကောင်းနေပါပြီ၊ ခင်ဗျား သူ့ဆီကို တစ်ခေါက်လောက် အမြန်သွားကြည့်ဖို့ ကောင်းပါတယ်ဗျာ"

ဟု ပြောလေသည်။

သို့ရာတွင် ယွန်က မိမိသည် စာမေးပွဲကြီးအတွက် စာများကို ကျက်မှတ်နေရကြောင်း၊ မအားမလပ်ဖြစ်နေသေး၍ အင်ကျင်ထံသို့ မသွားနိုင်သေးကြောင်းကို ပြန်ပြောသောအခါ ယင်းသည် လွန်စွာစိတ်ပျက်သွားချေတော့သည်။

ယင်းက အားမလျှော့သေးဘဲ...

"ခင်ဗျား သူ့အပေါ်မှာ ဒီလိုလှစ်လျူရှုပြီးနေဖို့ မသင့်တော်ပါဘူးဗျာ၊ သူ့အပေါ်မှာ ... ခင်ဗျား ဘာတွေမကျေနပ်တာ ရှိနေပါသလဲ၊ ကျွန်တော့်ကို ပြောပြပါလား"

ဟု မေးလေသည်။

ယွန်က...

"ကျွန်တော် သူ့ကို အခုလက်မထပ်နိုင်သေးပါဘူး၊ ကျွန်တော်ဟာ ဆက်လက်ပြီး အထက်တန်းစာတွေကို ဆည်းပူးဖို့ ရှိပါသေးတယ်၊ ကျွန်တော်ဟာ သူနဲ့ချစ်ကြိုက်မိခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် သူက ကျွန်တော့်ဆီကို လာပြီးတွေ့တာပါ၊ ဒါကြောင့်လဲ ကျွန်တော်ဟာ ပျိုရွယ်သူ တစ်ယောက်အနေနဲ့ ပြုမှုမိုက်မှားမိခဲ့ရပါတော့တယ်၊ ဒီလိုမိုက်မှားမိခဲ့တာ တွေကို အရေးထားဖို့ မလိုတော့ပါဘူး"

ယင်းသည် လွန်စွာစိတ်ဆိုးသွားချေတော့သည်။

"ဘာ ... ဘာပြောတယ်၊ ပျိုရွယ်သူတစ်ယောက်ဟာ မိမိမပြုလုပ်သင့်တာတွေကို ပြုလုပ်မိုက်မှားမိရင် ဒီအမှားကို ဆက်ပြီးမလုပ်တော့ဘဲ တစ်ခါတည်း အဆက်ဖြတ်လိုက်ဖို့ ရှိတော့တာပဲမဟုတ်လား"

"ခင်ဗျားက အဆက်ဖြတ်လိုက်တော့မယ်လို့ပြောတာ အင်မတန်လွယ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားဆီကို ရေးပို့လိုက်တဲ့ ခင်ဗျားရဲ့အချစ်ဦး

*ဖြစ်တဲ့ မိန်းကလေးကိုတော့ ခင်ဗျား ပြန်မသနားတော့ဘူးလား၊ မစာနာမညှာတာတော့ဘူးလား"*

ယွန်သည် တစ်မုဟုတ်ချင်း မျက်နှာအမူအရာ ပြောင်းသွားပြီးလျှင်...

*"လှငယ်လှရွှယ်တွေဟာ အများပြုမိတတ်ကြတယ် မဟုတ်လား၊ မှားမှန်းသိရင် နောက်ဆုတ်ရတော့မှာပဲ၊ အထူးသဖြင့် မိန်းမတွေနဲ့ မှားမိခဲ့တာ အဆိုးဆုံးပါပဲ"*

ယင်းသည် သည်းမခံနိုင်တော့သဖြင့်...

*"ဒီမှာ ကိုယ့်လူ ... ခင်ဗျားဟာ သူ့အပေါ်မှာ အင်မတန် ရက်စက်တော့တာပဲကိုး၊ ခင်ဗျားဟာ ကမ္ဘာပေါ်မှာ ကိုယ်ကျင့်တရား စိုးစဉ်းမျှ မရှိတော့ပါကလား"*

သို့ရှိဘိရကား ယွန်သည် မိမိအပေါ်တွင် ရေးကကဲ့သို့ သစ္စာမရှိတော့ဘဲ အင်ကျင်အပေါ်တွင် စိတ်ပြောင်းသွားရခြင်းမှာ အခြားအကြောင်းတစ်ရပ် ရှိနေသောကြောင့်ပင် ဖြစ်ရလိမ့်မည်ဟု ယင်းက မျက်ရမ်းဆမိလိုက်တော့သည်။

ထို့ကြောင့် သူသည် နေပြည်တော်တွင် နောက်ထပ် ၃-ရက်ကြာမျှ ဆက်လက်နေထိုင်ရင်း စုံစမ်းလေတော့ရာ ယွန်သည် နေပြည်တော်ပေါ်တွင် "ကျင်ဓဝ" အမည်ရှိသော သူဌေးသမီးတစ်ယောက်နှင့်ချစ်ကြိုးသွယ်မိလျက် ရှိနေပြီဖြစ်ကြောင်းကို ကောင်းစွာသိရှိရလေတော့သည်။

သို့ဖြစ်ရကား ယင်းသည် လွန်စွာစိတ်ပျက်စက်ဆုပ်ပြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားလေတော့သတည်း။

## (၇)

ပူချင်းမြို့သို့ ပြန်လည်ရောက်ရှိသောအခါ ယင်းသည် ယွန်နှင့်ပတ်သက်သည့် သတင်းများကို အင်ကျင်အား ဦးဦးဖျားဖျား ပြောပြရန်များစွာဝန်လေးနေသောကြောင့် သူမ၏မိခင်အား ဦးစွာပြောပြလိုက်ရတော့သည်။ ထိုနောက် အင်ကျင်သည် ယင်းကို မြင်ရသောအခါ...

*"ဩော် ... ရှင်ပြန်ရောက်လာပြီလား၊ ကျွန်မအတွက် သူ့ဆီကပြန်စာပါလာရဲ့ မဟုတ်လား"* ... ဟု မေးလေတော့သည်။

ယင်းသည် အင်ကျင်အား မည်သို့ပြန်ပြောလိုက်ရမည်ကို ဝေခွဲ၍မရတော့ဘဲ ခေတ္တမျှတွေဝေသွားလေတော့သည်။

*"ပြောပြပါလားရှင် ... ဘာမျှ အားနာမနေပါနဲ့၊ ကျွန်မ အမှန်ကို သိချင်လှပါပြီ၊ သတင်းကောင်းဖြစ်ဖြစ်၊ သတင်းဆိုးဖြစ်ဖြစ် ပြောသာပြောပြပါရှင်"*

*"ဟုတ်ကဲ့ ကျွန်တော် အမှန်တွေကိုသာပြောပြပါမယ်၊ ခင်ဗျား ဆီကို အရင်တစ်ခါက ပေးပို့လိုက်တဲ့ ကဗျာဟာ သူ့ထံက နောက်ဆုံးပေး ပို့လိုက်ခြင်းပါပဲ၊ ခွဲခွာရေးကဗျာလို့ ဆိုကြပါစို့"*

သည်တွင်မှ အင်ကျင်သည် နှစ်မိနစ်ခန့် မည်သည့်စကားကိုမျှ မပြောတော့ဘဲ မလှုပ်မယှက် ငြိမ်သက်စွာ နေလိုက်ပြီးမှ မျက်နှာထားကို တစ်မျိုးပြင်ထားလိုက်ပြီးလျှင် ...

*"ခြော် ... ဒီလိုလား၊ ကျွန်မသိပါပြီရှင်"* ဟု အော်ဟစ်ကာ အခန်းအပြင်ဘက်သို့ ထွက်သွားချေတော့သည်။

အခန်းအပြင်သို့ ရောက်သောအခါတွင် အင်ကျင်သည် ကျယ် လောင်စူးရှသော အသံဖြင့် အဆက်မပြတ် ရယ်ချေတော့သည်။

သို့ဖြစ်ရာ အင်ကျင်သည် စိတ်ဂယောင်ချောက်ချား ဖြစ်သွား ပြီလားဟူ၍ ယင်းမှာ လွန်စွာစိုးရိမ်မိလေတော့သည်။

သို့ဖြစ်ရာ နောက်တစ်ရက်တွင် အင်ကျင်သည် နဂိုပကတိ လူကောင်းမြန်ဖြစ်လာပြီဖြစ်ကြောင်းကို သူမ၏မိခင်ထံမှ ပြန်လည်ကြား သိရပြန်သောကြောင့် ယင်းသည် များစွာဝမ်းမြောက်ခြင်း ဖြစ်ရပြန်တော့ သည်။

ထို့ပြင် ဒေါ်ချင်းထံမှ သူမ၏သမီးကို မိမိ၏ "လင်း" ခေါ် တူရင်း တစ်ယောက်နှင့် ထိမ်းမြားရန် သဘောတူစီစဉ်ထားလိုက်ပြီးဖြစ်ကြောင်းကို ယင်းသည် ဝမ်းမြောက်စွာ ကြားသိရတော့သည်။

နောက် တစ်လမျှအကြာတွင် အင်ကျင်အား လင်းနှင့် ထိမ်းမြား ပေးလိုက်တော့သည်။

၇-ရက်မျှအကြာတွင် ယွန်သည် နေပြည်တော်မှ ပြန်လည် ရောက်ရှိလာပြီးလျှင် တစ်ဝမ်းကွဲအစ်ကိုတစ်ယောက်အနေနှင့် အင်ကျင် အားတွေ့ခွင့်တောင်းလေရာ အင်ကျင်သည် အတွေ့မခံတော့ချေ။ တွေ့ခွင့် မရသောကြောင့် ယွန်သည် ဇရပ်အတွင်းမှ ပြန်ထွက်လာစဉ် အင်ကျင် သည် အခန်းဆီးအနောက်မှ လိုက်ထွက်လာပြီးလျှင် ...

www.foreverspace.com.mm

“ကျွန်မကို နောက်ထပ် ဘယ်လိုဒုက္ခပေးချင်သေးလို့ ရှင်လာရပြန်တာလဲ၊ ကျွန်မဟာ ရှင့်ကို တစောင့်တည်းစောင့်၊ တမျှော်တည်းမျှော်လာခဲ့ပေမယ့်လို့ ရှင်မပေါ်လာခဲ့တော့ဘူး၊ အခု ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ ရှင်ဟာ သစ္စာမဲ့တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ ဒါကြောင့် ဒီနေရာက အခုချက်ချင်း ထွက်သွားလိုက်ပါ”

ဟု အော်ဟစ်ကာ နှင်ထုတ်လိုက်တော့သည်။

သို့နှင့် ယွန်သည် ဇရပ်အတွင်းမှ ထွက်လာခဲ့စဉ် အင်ကျင်သည် “ရုပ်သေးကြိုးပြတ်” ကြမ်းပြင်ပေါ်သို့ ပုံလဲပြီး သတိမေ့သွားချေတော့သတည်း။

❑

www.foreverspace.com.mm

## ချုန်းရှုန်းတောင်နေ ဝံပုလွေ

တစ်ရက်တွင် တရုတ်ပြည်ချာအိုနယ်စားကြီးသည် လေးမြား များကို စွဲကိုင်လျက် ကြေးတမ်းစား မုဆိုးများနှင့် အမဲလိုက် ခွေးသမင် များကို ခေါ်ဆောင်ပြီး ချုန်းရှုန်းတောင်ပေါ်သို့ အမဲလိုက်ရန် တက်သွား လေတော့သည်။ ထိုမုဆိုးများသည် လှံနှင့် လေးမြားများကို ကိုင်စွဲထား ကြလျက် ငှက်များကို ထိုးသုတ်နိုင်အောင် လေ့ကျင့်ပေးထားသော စွန်ရဲ များကိုလည်း ယူဆောင်လာကြသည်။

လမ်းခုလတ်တွင် နယ်စားကြီးသည် ဝံပုလွေတစ်ကောင်ကို ခပ် လှမ်းလှမ်းတွင် တွေ့မြင်မိလေတော့သည်။ ထူးဆန်းသည်မှာ ၎င်းဝံပုလွေ သည် ခြေနှစ်ချောင်းဖြင့် ပတတ်ရပ်ကာ ရှုနေသည်နှင့် နယ်စားကြီးသည် လေးကြိုးတွင် မြားတစ်စင်းကို အမြန်တပ်လိုက်ပြီးလျှင် ပစ်လွှတ်လိုက် တော့ရာ ဝံပုလွေအား ထိမှန်သွားလေတော့သည်။ သို့ရာတွင် ဝံပုလွေ သည် လဲမကျဘဲ ဒဏ်ရာရကာ ထွက်ပြေးသွားချေတော့သည်။

သို့ဖြစ်ရာကား မုဆိုးများသည် ညာသံပေးကာ ဝံပုလွေနောက်သို့ ခွေးအုပ်ကြီးနှင့် လိုက်ကြလေတော့သည်။

ထိုအခိုက်တွင် တန်ကူးဆိုသူသည် လားပိန်တစ်ကောင်ကို စီးကာ ချုန်းရှုန်းတောင်ပေါ်တွင် ခရီးသွားနေတော့သည်။ တန်ကူးသည် ၎င်းလားပေါ်တွင် ၎င်းကိုယ်ပိုင်စာအုပ်နှင့် အသုံးအဆောင်အချို့တို့ကိုသာ ထည့်ထားသော သားရေအိတ်ကြီးတစ်လုံးကို ချည်နှောင်ထားလေသည်။

သူသည် ဗြဟ္မဒိရဂိုဏ်းဝင် ဥပါသကာတစ်ယောက်ပင်ဖြစ်ရာ အနယ်နယ်သို့ လှည့်လည်သွားရောက်ပြီး ဗြဟ္မစိုရတရားများကို လက်ကိုင်ထားကြရန် ဟောပြောနေသော သူတော်စင်တစ်ယောက်ပင် ဖြစ်လေတော့သည်။

ထိုစဉ် တန်ကူးသည် ကျယ်လောင်သော အသံများကို ကြားလိုက်ရပြီး ဒဏ်ရာရနေသော ဝံပုလွေတစ်ကောင်သည် မိမိတူရှူဆီသို့ အမြန်ပြေးလာနေသည်ကိုလည်းကောင်း၊ ၎င်း၏နောက်တွင်လည်း မုဆိုးများ လိုက်လာကြသည်ကို လည်းကောင်း အံ့သြစွာ တွေ့မြင်မိတော့သည်။

ဒဏ်ရာရနေသော ဝံပုလွေသည် တန်ကူးကို မြင်တွေ့လိုက်သောအခါ သနားစဖွယ် အော်မြည်တော့သည်ဖြစ်ရာ၊ တန်ကူးသည် လွန်စွာသနားမိတော့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဝံပုလွေ၏ကျောတွင် မြားတစ်စင်း စူးဝင်လျက်ရှိနေသည်ကို မြင်တွေ့ရသောကြောင့်ပင်တည်း။

သို့ဖြစ်ရကား တန်ကူးက ဝံပုလွေအား…

"ဟော … မင်းဘာမှအားမငယ်နဲ့ မကြောက်နဲ့၊ မင်းကျောမှာစိုက်နေတဲ့မြားကို ငါထုတ်ယူပေးမယ်"ဟု သာယာညင်းပျောင်းစွာ ပြောဆိုနှစ်သိမ့်လိုက်လေတော့သည်။

ဝံပုလွေက…

"ခြေသိ…အစ်ကိုဟာ၊ တခြားသူမဟုတ်၊ ဗြဟ္မစိုရဂိုဏ်းဝင်သူတော်စင် ဥပါသကာတစ်ယောက်ပါလား၊ ကျွန်တော့်ကို အမြန်ကယ်ပါအစ်ကိုကြီး၊ ကျွန်တော့်ရဲ့နောက်မှာ မုဆိုးတွေ လိုက်လာနေကြပြီ၊ ဒါကြောင့် ကျွန်တော့်ကို အစ်ကိုကြီးရဲ့ ကျောကုန်းပေါ်မှာ ချည်ထားတဲ့သားရေအိတ်ထဲကို အမြန်ထည့်ပြီး ဝှက်ထားလိုက်ပါတော့ခင်ဗျား…၊ ကျွန်တော့်ရဲ့အသက်ဟာ အစ်ကိုကြီးရဲ့ လက်ထဲမှာ ရှိနေပါပြီ၊ အစ်ကိုကြီးရဲ့ ကျေးဇူးတွေကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး"ဟု ပြောဆိုအသနားခံလေတော့သည်။

တန်ကူးက…

"ခြေသိ … သနားစရာကောင်းတဲ့ဝံပုလွေပါပဲ၊ မင်း ဘာကြောင့်ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့လာခဲ့ရသလဲ၊ မင်းဟာ ဉာဏ်ကို မသုံးတတ်လို့ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရတာပေါ့၊ ကိုင်း … ငါ့သားရေအိတ်ကြီးထဲကို

www.foreverspace.com.mm

*မင်းအမြန်ခုန်ပြီးဝင်ရောက်လိုက်ပေတော့၊ မင်း ဘာမှအားမငယ်နဲ့၊ မင်းကို ငါ တတ်နိုင်သလောက် ကယ်ပါ့မယ်* ” ဟု ပြန်လည်ပြောဆိုအားပေးလေတော့သည်။

သို့ပြောပြီးနောက် တန်ကူးသည် သားရေအိတ်ကြီးထဲမှ စာအုပ်မှ့ အခြားအသုံးအဆောင်ပစ္စည်းများကို အမြန်ထုတ်ယူလိုက်ပြီးလျှင် ဝံပုလွေအား သားရေအိတ်ကြီးထဲသို့ အမြန်ဆုံး ထည့်သွင်းရန် ကြိုးစားလေတော့သည်။

သို့ရာတွင် ဝံပုလွေမှာ အတော်ပင်ကြီးပြီး သားရေအိတ်မှာ ငယ်နေရကား သားရေအိတ်ထဲသို့ ၎င်း၏ဦးခေါင်းကို ထည့်သွင်းရာတွင် ခြေနှစ်ချောင်းမှာ ပြူထွက်နေပြီး၊ တစ်ဖန် နောက်ခြေနှစ်ချောင်းတို့ကို ထည့်သွင်းနေပြန်ရာတွင် ၎င်း၏ဦးခေါင်းသည်ပြူထွက်နေပြန်တော့သည်။

သို့ဖြစ်ရကား ဝံပုလွေသည် အထူးပင် စိုးရိမ်လာပြီး …

“*အစ်ကိုကြီးရယ် … မုဆိုးတွေ မကြာမီရောက်လာကြတော့မယ်၊ ကျွန်တော့်ရဲ့ တစ်ကိုယ်လုံးကို ကြိုးနဲ့ အမြန်တုပ်နှောင်လိုက်ပြီး သားရေအိတ်ကြီးထဲကို အမြန်ထည့်ထားလိုက်ပါတော့* ” ဟု ပြောဆိုအသနားခံလေတော့သည်။

တန်းကူးလည်း ဝံပုလွေအား ကြိုးဖြင့် အမြန်တင်းကျပ်စွာ ချည်နှောင်လိုက်ပြီး သားရေအိတ်ကြီးထဲသို့ ထည့်သွင်းလိုက်ချေတော့သည်။

ထိုစဉ် ဝံပုလွေ၏ဒဏ်ရာမှ သွေးများ ယိုစီးဆင်းလာပြီး သားရေအိတ်ကြီးပေါ်တွင် စွန်းပေနေသည်ကို တွေ့မြင်ရသဖြင့် တန်းကူးသည် သွေးများကို အမြန်သုတ်သင်လိုက်ပြီးလျှင် လားတိရစ္ဆာန်ကိုလည်း ခပ်လှမ်းလှမ်းတစ်နေရာသို့ အမြန်မောင်းထုတ်ထားလိုက်လေတော့သည်။

မကြာမီပင် မုဆိုးများ ရောက်လာကြသောအခါ နယ်စားကြီးသည် တန်းကူးအား ဝံပုလွေတစ်ကောင်ကို မြင်တွေ့မိပါသလောဟု မေးလေတော့သည်။

ဗြဟ္မစိုရကိုဏ်းဝင်တစ်ဦးဖြစ်သော တန်ကူးက…

“*မမြင်မိပါဘူး … တောနက်ထဲကို ပြေးဝင်သွားပြီထင်တယ်*”

ဟု ပြန်ပြောလေသည်။

နယ်စားကြီးလည်း ဓားလွယ်ကို ကိုင်လှုပ်လိုက်ပြီး…

“*ဒီဝံပုလွေကို လွတ်မြောက်သွားအောင် အကူအညီပေးတဲ့လူကို အသေသတ်ရလိမ့်မယ်*” ဟု ပြောဆိုကြုံးဝါးလိုက်သည်။

www.foreverstage.com.mm

တန်းကူးလည်း လားပိန်ပေါ်သို့ အမြန်တက်ရောက် မောင်းနှင်ရင်း… “ဒီဝံပုလွေကို တွေ့လျှင်တွေ့ချင်း နယ်စားကြီးကို အမြန်ဆုံး အကြောင်းကြားပါ့မယ်” ဟု ပြောကြားလေသည်။

မုဆိုးများ၏ ခြေသံများ ပျောက်ကွယ်သွားကြသော် ဝံပုလွေသည် သားရေအိတ်ကြီးအတွင်းမှနေ၍

“ကျွန်တော့်ကို သားရေအိတ်ကြီးထဲက အမြန်ထုတ်လိုက်ပါတော့ … မွန်းလှပြီ … အနေရကျပ်လှပြီ” ဟု ပြောဆိုလေတော့သည်။

ဥပသကာကြီးလည်း လားပေါ်မှ အမြန်ဆင်းသက်လိုက်ပြီးလျှင် ဝံပုလွေအား သားရေအိတ်ကြီးထဲမှ ထုတ်ဆောင်လိုက်တော့သည်။ ၎င်းနောက် ချည်နှောင်ထားသော ကြိုးများကို ဖြေလိုက်ပြီးလျှင်…

“မင်းနာနေသလား … ငါ့မှာဖြင့် မင်းအတွက် အတော်ပဲ စိုးရိမ်ခဲ့ရတယ်” ဟု ပြောလေသည်။

“မနာပါဘူး … မြားဟာ ကျွန်တော့်ရဲ့ ကျောကုန်းကို ရှပ်ပြီး ထိသွားရုံပါပဲ၊ အစ်ကိုကြီး ကျွန်တော့်ရဲ့အသက်ကို ကယ်ခဲ့တယ်၊ နောက်ထပ် ကျွန်တော့်ကို ကူပါဦး”

“အေး … ငါတတ်နိုင်သလောက်တော့ ကူမှာပေါ့ကွယ် …၊ ငါဟာ ဗြဟ္မစိုရ်ဂိုဏ်းဝင်မဟုတ်လား၊ မေတ္တာတရားပွားများမှ တစ်ကမ္ဘာလုံးရှိ သတ္တဝါတွေဟာ ငြိမ်းချမ်းမှုရနိုင်ကြလိမ့်မယ်ကွယ့်၊ မင်း နောက်ထပ် ဘယ်လိုအကူအညီမျိုးကို လိုသေးသလဲ…ပြောပါ…မင်းကို ငါကူညီပါ့မယ်”

“ဒီလိုပါ … ကျွန်တော် အင်မတန် ဆာနေပါတယ်”

“အေး … ”

“ကျွန်တော် အစာမစားခဲ့ရတာ ၃-ရက်တောင် ရှိသွားပါပြီ၊ ဒါကြောင့် အစ်ကိုကြီးကို ကျွန်တော်စားပါရစေ … ခွင့်ပေးပါတော့၊ ကျွန်တော် အစာမစားရရင် ဒီညသေတော့မှာပဲ”

ကျောချမှ ဓားပြမှန်း သိရသော တန်းကူးသည် လွန်စွာမှပင် ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် လား၏တစ်ဖက်သို့ အမြန်ပြေးသွားလိုက်တော့သည်။

“မင်းဒီလိုကြံစည်တာ လုံးဝမသင့်တော်ပါဘူး”

“ဘာကြောင့်မသင့်တော်ရမှာလဲ … ကျွန်တော် အင်မတန် ဆာနေမှကိုး”

www.foreverspace.com.mm

"မင်းရဲ့အသက်ကို ငါကယ်ခဲ့တာ မဟုတ်လား"

သို့နှင့် ဝံပုလွေသည် ဥပသကာကြီးအား ကိုက်စားရန် အနီးသို့ ချဉ်းကပ်လာသည်တွင် ဥပသကာကြီးမှာ လားကိုလှည့်ပတ်၍ ပြေးနေရချေတော့သည်။

ထို့နောက် ဥပသကာကြီးလည်း လားတစ်ဖက်မှနေ၍…

"ဟေ့ … မင်းဒီလို တရားသက်မဲ့ လုပ်တာတော့ နည်းနည်းမှ မကောင်းဘူး၊ တရားနည်းလမ်းမကျဘူးဆိုတာ မင်းသိစေချင်တယ်"

"ဒါပေမယ့် ကျွန်တော်အင်မတန်ဆာနေပြီ၊ ဘယ့်နှယ့်လုပ်ရမလဲ"

"အို … ဟေ့ … ဒီလိုလုပ်ပါကွယ်၊ တို့များနှစ်ဦးဟာ တစ်ဆုံ တစ်ယောက်သောသူထံမှာ သွားရောက်ပြီး အဆုံးအဖြတ်ခံကြတာပေါ့၊ ဒါကြောင့် ထုံးစံအတိုင်း လူကြီး ၃-ယောက်ထဲက မင်းဟာ မိမိအသက် သခင်ဖြစ်တဲ့ ငါ့ကို ကိုက်သတ်စားပိုင်ခွင့် ရှိ-မရှိ အဆုံးအဖြတ်ခံယူကြတာပေါ့ကွယ်"

"ကောင်းပါပြီ … ကောင်းပါပြီ၊ ဒါပေမယ့် မကြာစေရဘူးနော်၊ ကျွန်တော် အင်မတန်ဆာနေပြီ၊ ဘုရားသခင်ဟာ လူတွေကိုဖန်ဆင်းခဲ့တာဟာ ဝံပုလွေတွေစားဖို့အတွက်ဖြစ်တယ်လို့ ကျွန်တော်မှ ယုံကြည်နေပါတယ်"

သို့နှင့် သူတို့သည် လမ်းပေါ်တွင် အတူသွားကြတော့သည်တွင် မည်သူကိုမျှ မတွေ့ရတော့ချေ။ အကြောင်းကြောင့်ဆိုသော် နေဝင်သွားပြီ ဖြစ်သောကြောင့်တည်း။

"ကျွန်တော် အင်မတန်ဆာနေပြီ၊ များများမစောင့်နိုင်တော့ပါဘူး၊ ဒါကြောင့် ဟောဒီလမ်းဆားက သစ်ပင်ကြီးကို မေးကြည့်ရအောင်"

"ဘာထူးမှာလဲ … သစ်ပင်ငုတ်ကြီး မဟုတ်လား၊ ဘာသိမှာလဲ"

"သူ့ကို အစ်ကိုကြီး မေးကြည့်ပါလား၊ သူပြန်ပြောပါလိမ့်မယ်"

ဥပသကာကြီးလည်း သစ်ပင်ငုတ်ကြီးကို ဦးညွတ်လိုက်ပြီးလျှင် ဝံပုလွေ၏အသက်ကို မိမိ မည်သို့ကယ်ဆယ်ခဲ့ရကြောင်းများကို ပြောပြလေသည်။ ထို့နောက်…

"သစ်ပင်ကြီး ဘယ်လိုသဘောရသလဲ၊ မိမိရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သူကို ဝံပုလွေက ကိုက်သတ်စားခွင့်ရှိပါသလား"ဟု မေးလိုက်သည်။ ထိုစဉ်တွင် သစ်ပင်ကြီးအတွင်းမှ ကျယ်လောင်သော အသံများ ထွက်ပေါ်လာချေတော့သည်။

"အင်း … ခင်ဗျားပြောတာကို ကျုပ်ကြားလိုက်ရပြီ၊ ခင်ဗျားက ကျေးဇူးတရားတွေကို ပြောခဲ့တယ်၊ ကျုပ်ရဲ့ အဖြစ်သနစ်တွေကို ပြောပြမယ်၊ ဥယျာဉ်မှူးက ကျုပ်ကို စိုက်တဲ့အခါမှာ ကျုပ်ဟာ သစ်စေ့ကလေး တစ်စေ့မျှသာဖြစ်တယ်၊ တစ်နှစ်ကြာတော့ ကျုပ်ဟာ ပန်းတွေပွင့်ပြီး သုံးနှစ်ကြာတော့ အသီးတွေသီးပေးတယ်၊ ငါးနှစ်ကြာတော့ ကျုပ်ရဲ့ ပင်စည်ဟာ လက်မောင်းလောက်ဖြစ်လာတော့တယ်၊ ၁၀-နှစ်ကြာတော့ ကလေးတစ်ယောက်ရဲ့ ဝမ်းဗိုက်အရွယ်လောက် ဖြစ်လာတော့တယ်၊ ကျုပ်အခု အသက် ၂၀-ရှိလာပြီ၊ ကျုပ်ဟာ အနှစ် ၂၀-အတွင်းမှာ ဥယျာဉ်မှူးနဲ့ သူ့မယားကို အသီးတွေ သီးပြီး ကျွေးမွေးခဲ့ပါတယ်၊ သူတို့ လင်မယားဟာ ကျုပ်သီးပေးခဲ့တဲ့ အသီးတွေကို ဈေးထဲမှာရောင်းချပြီး စီးပွားဖြစ်လာကြတယ်၊ အခု ကျုပ်အသက်ကြီးလာလေတော့ အသီးမသီးနိုင်တော့တဲ့အတွက် ကျုပ်ရဲ့တစ်ပင်လုံးကို အကိုင်းတွေခုတ်ဖြတ်ပြီး ထင်းလုပ်ခဲ့ကြတယ်၊ ဒါတင်မကသေးဘူး ကျုပ်ရဲ့ ပင်စည်ကြီးကို ခုတ်ပြီး ရောင်းချလိုက်ဖို့ ကြံစည်နေကြကြောင်း ကျုပ်သိရပါပြီ၊ ဘဝဟာ ဒီလိုပါပဲ လောကကြီးမှာ လူတွေဟာ ကျေးဇူးမသိတတ်ကြပါဘူး။ ဒါကြောင့် ခင်ဗျားကို ဝံပုလွေက ဘာကြောင့်မစားသင့်ရမှာလဲ၊ လူဆိုတဲ့သတ္တဝါဟာ ဘာမှကျေးဇူးမသိတတ်ဘူး"

သည်တွင် ဝံပုလွေက…

"အစ်ကိုကြီး ကြားရပြီမဟုတ်လား၊ သစ်ပင်ဗုတ်ကိုကြီးပြောလိုက်တာ အင်မတန်မှန်တယ်၊ အင်မတန်မှလဲ တရားမျှတတယ်" ဟု ဝမ်းမြောက်စွာပြောပြီး ဥပသကာကြီးကို ကိုက်သတ်စားရန် အနီးသို့ ချဉ်းကပ်လာလေတော့သည်။ ဥပသကာကြီးက…

"ဟော … ဝံပုလွေ မင်းငါ့ကို မစားပါနဲ့ဦး။ တို့များဟာ နောက်ထပ် လူကြီးနှစ်ဦးရဲ့ အဆုံးအဖြတ်ကို ခံယူဖို့ ကျန်ရှိနေပါသေးတယ်" ဟု ပြောလေသည်။

ဝံပုလွေက…

"ဒါဖြင့် ကောင်းပါပြီ … နောက်ထပ်လူကြီးနှစ်ဦးထံမှ အဆုံးအဖြတ်ကို ခံယူကြသေးတာပေါ့"

သို့နှင့် သူတို့နှစ်ဦးသည် ခရီးဆက်ကြပြန်ရာ လွန်စွာညှိုးငယ်သည့်အသွင်ဖြင့် သစ်ပင်ကြီးတစ်ပင်ကို မှီကာရပ်နေသော ကျွဲကြီးတစ်ကောင်ကို တွေ့ကြရလေတော့သည်။

ဝံပုလွေက…

"ဒီကျွဲကြီးထဲမှ အဆုံးအဖြတ် ခံကြတာပေါ့၊ သူ့ကို မေးကြည့်ပေတော့"

ဥယျာဉ်ကာကြီးသည် ကျွဲကြီးအား မိမိ၏ အဖြစ်သနစ်များကို ရှေ့နည်းအတိုင်း ပြန်လည်ပြောပြလိုက်သည်။

ကျွဲကြီးလည်း ခေတ္တမျှတွေးတောလိုက်ပြီးလျှင် ဥယျာဉ်ကာကြီးအားလည်း တခဏမျှ စိုက်ကြည့်လိုက်ပြီး အောက်ပါအတိုင်း ပြောကြားလေတော့သည်။

"ဒီမှာ လူသား … ကျုပ်ကိုကြည့်စမ်းပါဦး၊ အင်မတန်ပိန်ပြီး သေဖို့နီးနေပြီမဟုတ်လား၊ ကျုပ်ကို မွေးမြူသူဟာ မြင်စေချင်တယ်၊ ကျုပ်ကို ငယ်စဉ်က လယ်သမားတစ်ယောက်က ဈေးထဲက ဝယ်ယူပြီး ဆောင်ကြဉ်းသွားတယ်၊ သူ့လယ်ထဲမှာ နိုင်းစေတယ်၊ လယ်သမားဟာ ကျုပ်ကို အင်မတန်ချစ်တယ်၊ ကျုပ်ကလဲ သူ့ကို အများကြီး ကူညီခဲ့တယ်၊ လယ်တွေကို ထွန်ယက်ပြီးတော့ မျိုးပင်တွေကိုစိုက်တဲ့ ရာသီမှာဆိုရင် ကျုပ်ဟာ နွံမြေထဲမှာစီမံပြီး ဓိမ်ရှိရှိနဲ့ နေခဲ့ရတယ်၊ စပါးရိတ်သိမ်းတဲ့ အချိန်ကျတော့မှပဲ သူ့ကို ကူညီရတော့တယ်၊ ကျုပ်က တကယ့်စေတနာနဲ့ ကူညီခဲ့တဲ့အတိုင်း ဒီလယ်သမားဟာ စီးပွားဥစ္စာ အင်မတန်ဖြစ်ထွန်းလာခဲ့တော့တယ်၊ အစအဆရာရာမှာ သက်သာချောင်ချိမှုတွေကို ရခဲ့တော့တယ်၊ ဒါကြောင့်လဲ သူဟာ နောက်ထပ် အိမ်ခန်းတစ်ဆောင်ကို တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပြီး သူ့ရဲ့ ဒုတိယသားကို အိမ်ထောင်ပြုပေးနိုင်တော့တယ်၊ သား၊ မြေး အခြွေအရံနဲ့ အင်မတန်ချမ်းသာလာခဲ့တော့တယ်၊ ကျုပ်ဟာ သူ့အိမ်ကို ရောက်ခါစမှာ သူဟာ မြေပဲနှံဘာနှံ၊ မြေစွန်းတွေနဲ့သာ ထမင်းစားနေရတယ်၊ အခုတော့ ကျုပ်ကူညီခဲ့လို့ ကြွေပန်းကန်၊ ကြွေဇွန်းတွေနဲ့ စားသောက်နိုင်လာပြီ၊ ဒါပေမယ့် သူ့မိန်းမဟာ ကျုပ်ကို ကျေးဇူးမတင်ပါဘူး၊ ကျုပ်ဟာ အိုလာတဲ့အတွက် အလုပ်ကောင်းကောင်း မလုပ်နိုင်တော့တဲ့အတွက် ကျုပ်ကို နည်းနည်းမှ ပြန်မကြည့်တော့ဘဲ ပစ်ထားခဲ့တော့တယ်၊ အခုအခါမှာ ကျုပ်ဟာ လေဟာပြင်ထဲမှာပဲ အိပ်ရတော့တယ်၊ လေတိုက်ခံလို့ ညအခါမှာ အင်မတန် ချမ်းအေးလှပါတော့တယ်၊ ဘယ်သူမဆို တဖြည်းဖြည်းတော့ အိုလာရမှာပါပဲ၊ အိုခြင်းသဘောတရားကို ဘယ်သူမှ ရှောင်တိမ်းလို့ မရနိုင်ပါဘူး ဒါပေမယ့် လယ်သမားရဲ့ မယား ပြောသံကို ကျုပ်ကြားလိုက်ရပြီ "ဒီကျွဲကြီးကို ကျွဲသတ်သမားအား

www.foreverspace.com.mm

ရှောင်းလိုက်မှ ဖြစ်တော့မယ်”တဲ့၊ သူ့အသားတွေကို ကြပ်တင်ထားမယ်၊ သူ့သားရေတွေကို နှိပ်ချုပ်ထားမယ်တဲ့၊ ကောင်းကြသေးရဲ့လားဗျာ… လူသတ္တဝါတွေဟာ ဘာမျှကျေးဇူးမသိတတ်ကြဘူး၊ ဒါကြောင့် ခင်ဗျားကို ဝံပုလွေက ဘာကြောင့် မကိုက်စားဘဲ နေရမှာတုန်း”

ဝံပုလွေသည် ကျွဲကြီး၏ ပြန်လည်ပြောကြားချက်များကို ကြားလိုက်ရသော် အလွန်အမင်း ဝမ်းမြောက်ပြီးလျှင် ဥပသကာကြီး၏ လက်မောင်းသားကို ကိုက်စားရန် ဟန်ပြင်လိုက်တော့ရာ တန်းကူးက…

“ဟေ့ … မင်း ငါ့ကို မကိုက်စားပါနဲ့ဦး၊ ခဏသည်းခံပါဦး၊ တို့များထားခဲ့တဲ့ ကတိအတိုင်း တတိယ နောက်ဆုံးအကြိမ်အဖြစ် လူကြီးတစ်ဦးဆီမှာ အဆုံးအဖြတ်ခံဖို့ ကျန်ရှိနေသေးတယ်”

မကြာမီပင် သူတို့သည် အဘိုးအိုတစ်ဦး တုတ်တစ်ချောင်းကိုင်ကာ လမ်းလျှောက်လာနေသည်ကို မြင်တွေ့ကြတော့သည်။ ၎င်းအဘိုးအိုတွင် ရှည်လျားသော မုတ်ဆိတ်မွေးများသည် သူတော်စင်တစ်ဦး၏အသွင်ကို ဖော်ပြချက်ရှိတော့သည်။

တန်းကူးသည် လွန်စွာအားတက်လာပြီးလျှင် အဘိုးအိုအနီးသို့ အမြန်ချဉ်းကပ်ပြီး မိမိနှင့် ဝံပုလွေတို့ အငြင်းပွားမှုကို ပြေလည်သွားအောင်ဖြေရှင်းပေးပါရန် တောင်းပန်ရှာတော့သည်။

“ကျွန်တော်ရဲ့အသက်ဟာ အဘိုးရဲ့အဆုံးအဖြတ် အပေါ်မှာပဲ တည်ရှိနေပါတော့တယ်” ဟု သနားစဖွယ် ပြောကြားလေသည်။

အဘိုးအိုသည် တန်းကူး၏ ပြောကြားချက်များကို အစမှအဆုံးတိုင် ရှုးစိုက်ကာ နားထောင်ပြီးလျှင် ဝံပုလွေအား ဒေါသရောင်လျှမ်းသော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီးနောက်…

“ဟေ့ … မင်း အင်မတန် ကျေးဇူးကန်းတဲ့ အကောင်ပဲ …၊ လောကမှာ ကျေးဇူးကန်းတဲ့သူများဟာ အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ မုချဒုက္ခတွေ့တတ်ကြရမယ်ဆိုတာ မင်းမသိဘူးလား။ မင်းဟာ ကျေးဇူးရှင်ကို ကျေးဇူးစပ်တဲ့အတွက် တစ်နေ့ကျရင် မုချဒုက္ခတွေ့ရမှာပဲ၊ ဒါကြောင့် မင်းအမြန်ထွက်သွားလိုက်ပေတော့ဟေ့ … မသွားရင် မင်းကို ငါသတ်ရလိမ့်မယ်” ဟု အော်ဟစ်ပြောဆိုလိုက်တော့သည်။

ထိုတွင် ဝံပုလွေက…

“အဘိုး … ကျွန်တော်ရဲ့ ဖြေရှင်းချက်တွေကိုမှ မကြားရသေးဘဲကိုး၊ တစ်ဖက်သတ် ဆုံးဖြတ်ချက်မချပါနဲ့ဦး၊ ကျွန်တော့်ကိုလဲ

www.foreverspace.com.mm

ပြောခွင့်ပေးပါဦး၊ ဒီဥပသကာကြီးဟာ ကျွန်တော့်ကို ကြိုးနဲ့ တင်းကျပ်အောင် တုပ်နှောင်ထားပြီး သားရေအိတ်ကြီးထဲကို သွတ်သွင်းဖိနှိပ်ထားခဲ့တယ်၊ ကျွန်တော့်မှာ အင်မတန် အနေရကျပ်ပြီး အသက်တောင်ကောင်းကောင်း မရှူနိုင်တဲ့အတွက် မုချသေရလိမ့်မယ်လို့ ထင်မိလာရတော့တယ်၊ ကျွန်တော်ဟာ ဒီသားရေအိတ်ကြီးထဲမှာ အင်မတန်မှ ဒုက္ခတွေပြီး ကြီးလှတဲ့ ဝေဒနာကို ခံစားခဲ့ရပါတယ်"

"ပြော် ... ဒီလိုလား၊ အခုမင်းပြောပြတဲ့အတိုင်းမှန်ခဲ့ရင်တော့ဖြင့် ဥပသကာကြီး လွန်တာပေါ့၊ သူ့မှာလဲ အပြစ်ရှိနေတာပေါ့"

ငှင်းနောက် အဘိုးအိုက ဆက်လက်ပြီး...

"မင်းတို့နှစ်ဦး ပြောဆိုချက်တွေကိုတော့ ငါကြားလိုက်ရပြီ၊ ဒါပေမယ့် ဘယ်သူပြောတာကို အမှန်ယုံရမယ်ဆိုတာကိုတော့ ငါအဆုံးအဖြတ် မပေးနိုင်သေးဘူး၊ မင်းကတော့ ဝံပုလွေရဲ့ အသက်ကို ကယ်ခဲ့တယ်လို့ ပြောတယ်၊ ဝံပုလွေကလဲ မင်းဟာ သူ့ကိုအနေရကျပ်စေပြီး ဒုက္ခဝေဒနာတွေကို ခံစားစေခဲ့တယ်လို့ ပြောတယ်၊ ဒါကြောင့် ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာကို ဝေဖန်ဆုံးဖြတ်နိုင်အောင် နဂိုမူလက ဖြစ်ပျက်ခဲ့ပုံတွေကို ငါပြန်ပြီး မြင်ချင်သေးတယ်၊ ဟော ... ဝံပုလွေ မင်းဘယ်လောက် အနေရကျဉ်းကျပ်ခဲ့တယ်၊ ဝေဒနာတွေကို ခံစားခဲ့ရတယ်ဆိုတာတွေကို ငါလက်တွေ့မြင်ချင်သေးတယ်၊ ဒါကြောင့် မင်းကို ဟောဒီသားရေအိတ်ကြီးထဲကို ပြန်ပြီးထည့်သွင်းထားကြည့်ချင်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော့်ကိုကြိုးနဲ့ တုပ်နှောင်ပြီး သားရေအိတ်ကြီးထဲမှာ ထည့်ထားပြီး အောက်ခတ်ကြည့်ပါတော့၊ ကျွန်တော် သဘောတူပါတယ်၊ ဒီလို လက်တွေ့အခြေအနေ အဖြစ်သနစ်ကို မြင်ရတော့မှလဲ အမှားအမှန်ကို ခွဲခြားဆုံးဖြတ်နိုင်ပါလိမ့်မယ်"

သို့နှင့် အဘိုးအိုလည်း ဝံပုလွေအား ကြိုးနှင့် ခိုင်မြဲတင်းကျပ်စွာ တုပ်နှောင်လိုက်ပြီးလျှင် သားရေအိတ်ကြီးထဲသို့ ထည့်သွင်းထားလိုက်တော့သည်။

ထို့နောက် ဥပသကာကြီးအား...

"မင်းဆီမှာ ချွန်ထက်တဲ့ ဓားမြှောင်တစ်လက် မရှိဘူးလား"

"ရှိပါတယ် အဘိုး ... ရှိပါတယ်၊ ဘာလုပ်ချင်လို့လဲ၊ အဘိုးက ကျွန်တော့ကို ဝံပုလွေကို ဒီဓားမြှောင်နဲ့ ထိုးသတ်ခိုင်းမလို့လား"

*"ဒါတော့ … မင်းသဘောပဲ၊ ကြိုက်သလိုသာ လုပ်ပေတော့၊ မင်းဟာ တော်တော် အ-တဲ့နှ-တဲ့ ဥပသကာပါပဲကလား၊ မင်းက ဒီဝံပုလွေကို သတ်ရင်လဲ သတ်လိုက်မှပဲ၊ မသတ်ချင်ရင်တော့ ဝံပုလွေရဲ့အကိုက်အစားကို ခံလိုက်ပေတော့"*

သို့ပြောလိုက်ပြီးလျှင် အဘိုးအိုသည် ဥပသကာကြီးအား ဝံပုလွေကို ဓားမြှောင်ဖြင့် တအားထိုးသတ်နိုင်းလိုက်ခြင်းဖြင့် ရှုပ်မွေလှသည့် တရားတစ်ထုံးကို ဆုံးဖြတ်ဖြေရှင်းပေးလိုက်လေတော့သတည်း။

နိုဝင်ဘာလ၊ ၁၉၆၅
ရှုမဝ

❑

www.foreverspace.com.mm

www.foreverspace.com.mm

## ချယ်နီ

ဝင်းချောင်းသည် အသက် ၁၇-နှစ်အရွယ်တွင် ဖခင်ဖြစ်သူ အနီးစွာရောက်ခဲ့သည်။ သူ၏ဖခင် အနီးစွာရောက်ခါနီးတွင် ဟန်ချောင်းမြို့ရှိ အဒေါ်ဖြစ်သူထံ သွားရောက်နေထိုင်ရန် သူ့အား မှာကြားသွားသည့်အပြင် သူ့အား အဒေါ်ဖြစ်သူ၏ သမီးကလေးနှင့် စေ့စပ်ထားခဲ့ဖူးကြောင်းကို လည်း ပြောကြားသွားသည်။

ကလေးများ မွေးဖွားခါနီးတွင် သူ၏ ဖခင်နှင့် အဒေါ်တို့က မွေးလာမည့် ကလေးနှစ်ယောက်တို့သည် တစ်ယောက်က ယောကျ်ား ကလေးနှင့် တစ်ယောက်က မိန်းကလေးဖြစ်နေကြလျှင် ၎င်းတို့နှစ် ယောက်အား အရွယ်ရောက်လာသောအခါတွင် ထိမ်းမြားပေးရန် သဘော တူနှုတ်ကတိပြုထားခဲ့ကြသည်။

သူ့အဖေ မှာသွားသည့်အတိုင်းပင် ဝင်းချောင်းသည် နေအိမ်ကို ရောင်းချလိုက်ပြီးလျှင် တရုတ်ပြည်တောင်ပိုင်းရှိ ဟန်ချောင်းမြို့ကလေးသို့ ထွက်ခွာသွားတော့သည်။ သူသည် သူ၏ တစ်ဝမ်းကွဲနှမလေးကို ကောင်းစွာမှတ်မိလျက်ရှိသည်။ အစိုးရအမှုထမ်းတစ်ဦးဖြစ်သော သူ၏ ဖခင်သည် ဟန်ချောင်းမြို့မှ တရုတ်ပြည်မြောက်ပိုင်းရှိ မြို့တစ်မြို့သို့ ပြောင်းရွှေ့သွားရစဉ်က သူ၏တစ်ဝမ်းကွဲနှမကလေးသည် အသက်ခြောက် နှစ်အရွယ်သို့ ရောက်ရှိနေပေပြီ။

သို့ဖြစ်ရာ သူသည် အသက်ခြောက်နှစ်အရွယ်ကတည်းကပင် ခွဲခွာလာခဲ့ရသော သူ၏တစ်ဝမ်းကွဲနှမကလေးကို လွန်စွာမှပင် ပြန်လည်တွေ့မြင်လိုလှတော့သည်။ သူ၏ တစ်ဝမ်းကွဲနှမကလေးသည် လွန်စွာချောမော လှပသူ တစ်ယောက်ဖြစ်သည့်ပြင် အသက် ၁၆-နှစ် အရွယ်သို့ ရောက်နေပြီဖြစ်ရကား မိမိအရောက်နောက်ကျသွားလျှင် အခြားသူတစ်ယောက်နှင့်ပေးထိမ်းမြားလိုက်မည်ကို အထူးပင်စိုးရိမ်မိပြီး ဝင်းချောင်းသည် ဟန်ချောင်းမြို့သို့ ခရီးအပြင်းနှင်လေတော့သည်။ သို့ရာတွင် ဆိုင်းမြစ်ကို လှေနှင့်စုန်ဆင်းရပြီး တန်တင်းရေဆိုင်ကြီးကို ကူးဖြတ်ကာ ခရီးသွားခဲ့ရသည်ဖြစ်၍ တစ်လတိတိကြာမှပင် တောင်ပေါ်တွင် တည်ရှိသော ဟန်ချောင်းမြို့ကလေးသို့ ရောက်ရှိနိုင်လေတော့သည်။

သူ၏ဦးလေးဖြစ်သူ ချန်ရီသည် ဟန်ချောင်းမြို့တွင်း၌ ပရဆေးဆိုင်ကြီးတစ်ဆိုင်ကို ဖွင့်လှစ်ရောင်းချလျက် စကားများကို အလွန်ကျယ်လောင်စွာ ပြောဆိုလေ့ရှိသည်။ ၎င်းသည် ၂၅-နှစ်တိုင်တိုင် မိမိဆိုင်ကို တစ်ကြိမ်တစ်ခါမျှပင် ပိတ်လေ့မရှိဘဲ ဆိုင်သို့ နေ့စဉ် အချိန်မှန်မှန်တက်လေ့ရှိသည်။

အသုံးအစွဲ ကျစ်လျစ်သေချာ သိပ်သည်းသူတစ်ယောက်ဖြစ်ရကား ၎င်းသည် ယခုအခါ၌ လူချမ်းသာတစ်ယောက်အဖြစ်သို့ ရောက်ရှိလာပေပြီ။ ၎င်း၏စီးပွားများသည် တစ်နေ့ထက်တစ်နေ့ ဒီရေအလားတိုးတက်လာသဖြင့် ချန်ရီသည် တိုက်သစ်တစ်ဆောင်ကို တည်ဆောက်ခဲ့တော့သည်။

ဝမ်းချောင်းသည် သူ့ဦးလေးနှင့် သွားရောက်တွေ့ဆုံသောအခါ ဦးလေးဖြစ်သူက…

*"မင်း ဘာလာလုပ်တာလဲ၊ ဘာကိစ္စရှိလဲ၊ မင်းဘယ်သူလဲ"* ဟု ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလေတော့သည်တွင် ဝင်းချောင်းက မိမိ မည်သူမည်ဝါဖြစ်ကြောင်းကို ပြန်ကြားပြောဆိုလိုက်သည်။

မိမိတူအရင်းဖြစ်နေမှန်း သိသွားသောအခါ ချန်ရီသည် ဝင်းချောင်းအား ၎င်း၏အိမ်သို့ ခေါ်ဆောင်သွားလေတော့သည်။ နေအိမ်သို့ရောက်စဉ် ၎င်း၏ဇနီးသည် အိမ်တွင်မရှိချေ။

ဝင်းချောင်းသည် ဧည့်ခန်းအတွင်း၌ ထိုင်နေစဉ် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက်သည် အခန်းအတွင်းမှ ထွက်လာသည်ကို မြင်လိုက်ရတော့သည်။

ထိုမိန်းမပျိုကလေးမှာကား အခြားသူမဟုတ် ဝင်းချောင်း၏ တစ်ဝမ်းကွဲနှမဖြစ်သူ "ချယ်နီ"ပင် ဖြစ်တော့သည်။ ချယ်နီသည် သူမ၏ တစ်ဝမ်းကွဲအစ်ကိုဖြစ်သူ ဝင်းချောင်းအား မြင်လိုက်သော် ခေတ္တမျှ တွေဝေသွားလေတော့သည်။ ၎င်းနောက် ဝင်းချောင်းအား ...

*"ကျွန်မရဲ့ တစ်ဝမ်းကွဲအစ်ကို မဟုတ်ပါလားရှင်"* ဟု အလန့်တကြား မေးလိုက်တော့ရာ ဝင်းချောင်းက ...

*"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဒီက ညီမလေးဟာလဲ ချယ်နီ မဟုတ်ပါလား၊ ညီမလေးချယ်နီ ဟုတ်တာပေါ့နော်"* ဟု ပြန်ပြောလိုက်သည်။

ချယ်နီသည် လွန်စွာအံ့ဩသွားပြီးလျှင် ဝမ်းသာလုံးဆို့ကာ မျက်ရည်များပင် ကျဆင်းလာတော့သည်။ ထိုနောက် မျက်ရည်များကိုသုတ်လိုက်ပြီးလျှင်...

*"အစ်ကိုလေးချောင်း ... ကျွန်မတို့ ကွဲသွားကြတာ အတော်ပဲကြာသွားပြီနော်၊ အခုလို ပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် ကျွန်မ အင်မတန် ဝမ်းသာမိပါတယ်ရှင်၊ ဟင် ... အစ်ကိုလေးချောင်းဟာ အတော်ပဲ သန့်ပြောသွားကျိုင်းလာတာပဲနော်"* ဟု ဝင်းချောင်းအား စူးစိုက်ကာကြည့်ရင်း ပြောလေတော့သည်။

ဝင်းချောင်းလည်း ချောမောလှပသော ရုပ်ရည်ရှိ ချယ်နီအား မျိုမတတ် စူးစိုက်ကာ ကြည့်ရင်း လွန်စွာမှပင် နှစ်သက်စုံမက်နေမိတော့သည်။

၎င်းနောက် သူတို့သည် ဆွေမျိုးများအကြောင်းနှင့် မိမိတို့ ငယ်စဉ်အခါက အဖြစ်သနစ်အကြောင်းများကို ပြန်လည်ပြောဆိုနေကြတော့သည်။

ချယ်နီတွင် ၎င်းထက် အလွန်အသက်ငယ်သော မောင်ကလေး တစ်ယောက်ရှိသည်။ ချယ်နီ၏ မောင်ကလေးသည် မိမိအစ်မနှင့် မိမိ တစ်ခါမျှ မမြင်ဘူးသော ယောက်ျားပျိုကလေးတစ်ယောက် စကားပြောဆိုနေကြသည်ကို မြင်မိသောအခါ လွန်စွာအံ့ဩမိတော့သည်။

မကြာမီပင် ချယ်နီ၏မိခင်သည် အိမ်သို့ ပြန်လည်ရောက်ရှိလာပြီးလျှင် မကြာသေးမီက အနီးစွရောက်သွားရှာသော မိမိအစ်ကို၏ သားဖြစ်သူ ဝင်းချောင်းအား အထူးဖော်ရွေစွာ နှုတ်ဆက်၍ ကောင်းမွန်စွာ ဧည့်ခံပေတော့သည်။

ချယ်နီ၏မိခင်မှာ ကိုယ်လုံးကိုယ်ဖန် လှပပြေပြစ်သော်ငြားလည်း ဆံပင်များ ဖြူစပြုနေချေပြီ။ အသားရောင်မှာ အတူးပင်ဖြူဖွေးပြီး ပြုံးလိုက်သောအခါတွင် နှုတ်ခမ်းများ တွန့်လိမ်သွားလေ့ရှိသည်။

ဝင်းချောင်းက မိမိသည် အထက်တန်းစာမေးပွဲ အောင်မြင်ခဲ့ပြီး ဖြစ်ကြောင်း၊ သို့ရာတွင် နောက်ထပ် ဘာလုပ်ရမည်မသိသေးကြောင်း များကို ပြောကြားရာ ချယ်နီ၏မိခင်က ၎င်း၏လင်ယောကျ်ားသည် ပရဆေးဆိုင်ကြီးတစ်ဆိုင်ကို ဖွင့်လှစ်ရောင်းချလျက်ရှိနေကြောင်း၊ ပရဆေးလုပ်ငန်းမှာ ကြီးမွားဖြစ်ထွန်းလျက်ရှိသဖြင့် ဦးလေး၏လုပ်ငန်းများတွင် ဝင်ရောက်ကူညီ လုပ်ဆောင်ပေးနိုင်ကြောင်းတို့ကို အကြံပေးလေတော့သည်။

ဝင်းချောင်းက . . .

*"စီးပွားအင်မတန် တိုးတက်နေကြောင်းကိုအစ္ အဒေါ်တို့နေထိုင်ကြတဲ့ ဟောဒီတိုက်ကြီးက အထင်အရှား သက်သေခံနေတာပေါ့ အဒေါ်"*
ဟု ပြောလေသည်။

*"အင်း . . . မင်းတို့ဦးလေးကဖြင့် လူတစ်မျိုးပါပဲကွယ်၊ ဒီတိုက်သစ်ကြီးကို ဆောက်လုပ်ပြီးစီးသွားတော့ ဒီတိုက်သစ်ကြီးထဲကို ပြောင်းရွှေ့နေထိုင်ကြဖို့ အဒေါ်နဲ့ ကလေးတွေက အတော်ပဲ ပိုင်းဝန်းတိုက်တွန်းပြောဆိုခဲ့ကြရပါတယ်၊ ဒါပေမယ့် မင်းတို့ဦးလေးက ဒီတိုက်သစ်ကြီးကို မငှားရမ်းဘဲ ကိုယ်တိုင်ဝင်ရောက်နေထိုင်လိုက်တဲ့အတွက် ငွေအတော်ပဲ လျော့နည်းသွားရတယ်လို့ တဖြစ်တောက်တောက် ပြောနေသေးတယ်၊ အေး . . . မင်း တို့ရွာနဲ့ အတူတူနေသွားပေါ့ကွယ်၊ အေးအေး မှုအျှုပေါ့၊ ပရဆေးဆိုင်မှာ မင်းအတွက် အလုပ်ရအောင် မင်းဦးလေးကို ငါပြောပေးမယ်၊ မင်း အလုပ်တွေကို မှန်မှန်မပျက်မကွက် လုပ်သွားပေါ့ကွယ်၊ မင်းဦးလေးကတော့ စကားကို ကျယ်လောင်ကျယ်လောင် ပြောတတ်တယ်၊ ဒါပေမယ့် ဘာမှမကြောက်ပါနဲ့၊ ဒါဟာ သူ့စရိုက်ပါပဲ"*

(၂)

ဦးလေးဖြစ်သူသည် ညနေစောင်းမှသာလျှင် နေအိမ်သို့ ပြန်ရောက်လာလေ့ရှိသည်။ အိမ်သို့ပြန်ရောက်လာသည့်အခါမှစ၍ စကားများကို ကျယ်လောင်ကျယ်လောင်နှင့် ပြောဆိုလေ့ရှိသည်။

သူ၏ ယောက္ခမ သေဆုံးသွားသော်လည်း သူသည် မည်သို့မျှ စိတ်ထိခိုက်ခြင်း မရှိချေ။

သို့နှင့် ဝင်းချောင်းသည် ဦးလေး၏ နေအိမ်တွင် အထူးပင် မျက်နှာငယ်ငယ်နှင့် နေရရှာသည်။ သို့ရာတွင် အဒေါ်ဖြစ်သူကား သူ့အပေါ်တွင် လွန်စွာကြင်နာသညာတာပေတော့သည်။ အဒေါ်ဖြစ်သူမှာ သူ့ယောကျ်ားထက် ပညာအဆင့်အတန်း မြင့်သူဖြစ်သည်နှင့်အမျှ စိတ်နေသဘောထားမှာ ယဉ်ကျေးလှသူဖြစ်သည့်အတိုင်း လင်ဖြစ်သူ၏ ကျယ်လောင်စွာ စကားပြောတတ်ခြင်းနှင့် စီးပွားရေးဘက်တွင် အထူးစိတ်ဝင်စားတတ်ခြင်းများကို မည်သို့မျှအမှုမထားဘဲ ရှင်ရှင်ပျပျသာလျှင် နေလေ့ရှိတော့သည်။

၄င်းသည် ဆရာမတစ်ယောက်ကို ငှားရမ်းထားပြီး သမီးဖြစ်သူအား ပညာသင်ကြားပေးစေသည်ဖြစ်ရကား ချယ်နီသည် တစ်နေ့တခြား ပညာဗဟုသုတ ပြည့်လျှမ်းလာတော့သည်။

ထိုည ညစာစားနေကြစဉ် အမေနှင့် သမီးဖြစ်သူတို့မှာ စီးပွားရေးနှင့် စပ်လျဉ်း၍ စိုးစဉ်းမျှ နားမလည်ကြသဖြင့် မည်သို့မျှ မပြောဆိုနိုင်ကြသော်လည်း ဖခင်ဖြစ်သူမှာကား စီးပွားရေးအကြောင်းများကိုသာလျှင် အလျဉ်မပြတ် ပြောဆိုနေတော့သည်။

သို့နှင့် မကြာမီအတွင်းမှာပင် ဝင်းချောင်းသည်အဒေါ်ဖြစ်သူ၏ နေအိမ်တွင် အမြဲတမ်းအိမ်သားတစ်ယောက်အဖြစ်သို့ ရောက်ရှိကာနေသားကျသွားပေတော့သည်။ သို့ဖြစ်သော်လည်း အဒေါ်ဖြစ်သူက ၄င်းနှင့် သမီးဖြစ်သူ ချယ်နီအား ထိမ်းမြားပေးမည့်အကြောင်းများကိုကား စိုးစဉ်းမျှ ထုတ်ဖော်ပြောကြားခြင်း မပြုသေးချေ။

ဝင်းချောင်းကား ချယ်နီအပေါ်တွင် တစ်နေ့တခြား တားမနိုင်ဆီးမရ အချစ်ကြီးချစ်ကာ အစွဲကြီးစွဲလာမိတော့သည်သာ။

မိခင်ဖြစ်သူကား သမီးဖြစ်သူ ချယ်နီ၏ ပြောင်းလဲလာသောအမူအရာများကို အကဲခတ်နေတော့သည်။ ဟင်းများချက်နေစဉ် ချယ်နီသည် ဝင်းချောင်းတစ်ယောက်တည်းအတွက်သာ အထူးဂရုစိုက်ကာ ချက်နေသည် ထင်မိတော့သည်။

ချယ်နီသည် ဝင်းချောင်း၏ အဝတ်အထည်များကို ထူးကဲသောစေတနာဖြင့် ဖွပ်လျှော်ပေးသည့်ပြင် မီးပူလည်း တိုက်ပေးလေသည်။ သူတို့အိမ်တွင် အစေခံအများရှိကြသော်လည်း ချယ်နီသည် ၄င်းတို့အား

ဝင်းချောင်းနှင့်စပ်လျဥ်းသည့် အလုပ်မှန်သမျှတို့ကို လုံးဝမလုပ်စေတော့ဘဲ မိမိကိုယ်တိုင်သာလျှင် ဒိုင်ခံကာ လုပ်ဆောင်ပေးခဲ့တော့သည်။ ဝင်းချောင်းနေထိုင်သော အခန်းကိုလည်း ကိုယ်တိုင်ဝင်ရောက် ရှင်းလင်းပေးသည့်ပြင် မိမိမောင်ကလေးဖြစ်သူအားလည်း ညစ်ပတ်ပေကျံသွားမည်စိုးသဖြင့် အခန်းတွင်းသို့ လုံးဝဝင်ရောက်ခွင့် မပေးတော့ချေ။

မိမိသမီးသည် တူဖြစ်သူ ဝင်းချောင်းအား ချစ်ကြိုက်နေပြီးဖြစ်ကြောင်းကို မိခင်ဖြစ်သူသည် ကောင်းစွာရိပ်မိသိရှိလာတော့သည်။

၎င်းသည် တစ်ရက်တွင် သမီးဖြစ်သူအား ...

*"သမီး ... တို့များအတွက် ညည်းချက်ပေးနေတဲ့ ဟင်းတွေဟာ တစ်နေ့တခြား ဆားငန်လာပြီထင်တယ်"* ဟု ပြောလေရာ ချယ်နီသည် အနည်းငယ်ရှက်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဝင်းချောင်းက ဟင်းများဆားပေါ့သည်ဟု မကြာမကြာ ပြောဆိုခဲ့ခြင်းကြောင့်ပင် ဖြစ်တော့သည်။

ဝင်းချောင်းမှာမူကား မိမိဘဝသည် ဤမျှသာယာလိမ့်မည်ဟု မည်သည့်အခါကမျှ မတွေးထင်မိခဲ့ချေ။ ဘုကျကျ ကျယ်လောင်လောင် စကားပြောလေ့ရှိသော မိမိဦးလေးနှင့်အတူ ပရဆေးဆိုင်တွင် အလုပ်လုပ်ရသည်ကို သူသည် စိုးစဥ်းမျှ ပမာမထားတော့ချေ။ သူသည် ချယ်နီအတွက်ဆိုပါလျှင် မည်သည့်အလုပ်မျိုးကိုမဆို မညည်းမညူ လုပ်ဆောင်ပေးလေ့ရှိတော့သည်။ ချယ်နီအား အစွဲအလမ်း ချစ်နေမိပြီဖြစ်သည်အား လျှော်စွာ ၎င်းနှင့် ဆက်သွယ်နေသူမှန်သမျှတို့ကိုလည်း လွန်စွာအရေးပေးလေတော့သည်။ သို့နှင့်အမျှ သူ၏အဒေါ်အား မိခင်အရင်းနှင့်မခြား ချစ်ခင်ရိုသေလေးစားပြီးလျှင် ချယ်နီ၏ မောင်ကလေးအားလည်း မိမိညီအရင်းပမာ အမှတ်ထားကာ အတူတကွ ကစားလေ့ရှိတော့သည်သာ။

ဦးလေးဖြစ်သူမှာကား ပရဆေးဆိုင်တွင် တစ်နေကုန်ရှိနေပြီး ညစာများကို မိတ်ဆွေများက ဖိတ်ခေါ်ကျွေးမွေးကြသည်က များသဖြင့် မိမိနေအိမ်သို့ နောက်ကျမှ ပြန်ရောက်တတ်လေသည်။

ဟန်ချောင်းမြို့၏ ရာသီဥတုမှာ ပြောင်းလဲမြန်တတ်သည်။ မကြာမကြာ လေမုန်တိုင်းကျတတ်ပြီး ညနေအခါများတွင် မှုပြင်းတတ်သည်။ တစ်ရက်တွင် ဝင်းချောင်းသည် ဖျားသောကြောင့် ပရဆေးဆိုင်သို့ မသွားရတော့ဘဲ အိပ်ရာပေါ်တွင် တစ်နေ့လုံး အေးချမ်းငြိမ်သက်စွာ နားနေခွင့်ရသည်။

ထိုအခါတွင် ချယ်နီသည် မိမိအနားသို့လာပြီး တစ်နေ့ကုန် ပြုစုသည်ဖြစ်၍ လွန်စွာအကြိုက်တွေ့ရပြီး နေအိမ်တွင် လိုသည်ထက် ပိုမိုနေထိုင်သွားလိုက်တော့သည်။

ချယ်နီက…

*"အစ်ကိုလေး … နေကောင်းလာပြီဟုတ်လား။ ဆိုင်ကို သွားသင့်ပါပြီ၊ အစ်ကိုလေး အိမ်မှာအနေကြာသွားရင် အဖေစိတ်ဆိုးသွားလိမ့်မယ်"* ဟု ပြောလေသည်။

ဝင်းချောင်းက…

*"ဒီလိုဆိုရင်လဲ သွားရတာပေါ့"* ဟု စိတ်မပါဘဲ ပြန်ပြောလိုက်သည်။

တစ်ရက်တွက် ချယ်နီက…

*"အစ်ကိုလေး အဝတ်ထူထူ ဝတ်ထားပါနော်၊ မိုးရွာလိမ့်မယ်လို့ ကျွန်မထင်မိပါတယ်၊ အစ်ကိုလေး နောက်ထပ်ပြီး ဖျားပြန်ရင်တော့ ကျွန်မ စိတ်ဆိုးရလိမ့်မယ်"* ဟု ပြောရာ ဝင်းချောင်းက…

*"ပြန်ဖျားရင် ကောင်းတာပေါ့၊ နောက်ထပ်ပြန်ဖျားချင်ပါတယ်"* ဟု ပြန်ပြောလေသည်။

ဝင်းချောင်းသည် မည်သည့်ရည်ရွယ်ချက်နှင့် ဤသို့ပြန်ပြောလိုက်ကြောင်းကို ချယ်နီ ကောင်းစွာသိလေသည်။

ချယ်နီက…

*"အတွေးမခေါင်ပါနဲ့ အစ်ကိုလေး"* ဟု ပြောပြီး ဝင်းချောင်း၏ ကိုယ်ပေါ်တွင် ထူထဲသော အဝတ်များကို ဝတ်ရုံပေးလေတော့သည်။

## (၃)

တစ်ရက်တွင် ချန်ဂန်မြို့နေ ချန်ရီ၏အစ်မကြီးသည် အလည်ရောက်လာတော့သည်။ ၎င်း၏လင်ယောကျ်ားမှာ လွန်စွာချမ်းသာကြွယ်ဝသော လူတစ်ယောက်ဖြစ်သည့်အတိုင်း ချန်ရီအား ငွေကြေးထုတ်ပေးပြီး ပရဆေးဆိုင်ကြီးကို ဖွင့်လှစ်ထားရှိစေသည်။ သို့ရာတွင် ချန်ရီသည် ငွေများကို ပြန်လည်ပေးဆပ်ခြင်း မပြုခဲ့သေးသဖြင့် သူ၏ယောက္ခမကြီးသည် သူ့အပေါ်တွင် ဩဇာညောင်းနေချေတော့သည်။

www.foreverspace.com.mm

ချန်ရီသည် အလည်ရောက်လာသော အစ်မကြီးအား အထူးတလည် ဧည့်ခံကျွေးမွေးပြုစုကြသည်။ ကောင်းလှမေ့ဆိုသည့် အစားအစာများကို ဟိုတယ်ကြီးများမှ အထူးမှာယူ၍ နေ့စဉ် ကျွေးမွေး ဝတ်ပြုကြလေတော့သည်။ ချန်ရီသည် မိမိအစ်မကြီးအား အထူးဖော်ရွေ ရိုသေလေးစားစွာ ဆက်ဆံပြောဆိုလေတော့သည်။

သို့ဖြစ်ရာ ချန်ရီ၏အစ်မကြီးသည် တစ်နေ့တွင် မိမိတူမဖြစ်သူ ချယ်နီအား ၄င်းနေထိုင်ရာ ချန်ဂန်မြို့နေ လွန်စွာချမ်းသာကြွယ်ဝသော ကုန်သည်ကြီးတစ်ဦး၏ ဒုတိယသားဖြစ်သူနှင့် ထိမ်းမြားရန် တိုက်တွန်းပြောဆိုလေတော့သည်။

၄င်းက…

"ငါ့တူမချယ်နီဟာ အခု အသက် ၁၈-နှစ်ရှိလာပြီ၊ ဒါကြောင့် ငါ့တူမကို ငါနေတဲ့ ချန်ဂန်မြို့က သူဌေးကြီးဆိုင်းရီရဲ့ ဒုတိယသားနဲ့ ပေးစားချင်တယ်၊ ဆိုင်းရီတို့မိသားစုဟာ ကျိုကျိုတက်ချမ်းသာကြကြောင်း နင်တို့ ကြားသိပြီးဖြစ်ကြမှာပါပဲ" ဟု ပြောလေသည်။

ချယ်နီ၏မိခင်က..

"ဒါပေမယ့် အစ်မကြီးတူမချယ်နီကို ကျွန်မအစ်ကိုရဲ့သားနဲ့ ထိမ်းမြားပေးဖို့ စေ့စပ်ထားပြီးပါပြီလေကော" ဟု ပြန်ပြောလေသည်။

"ဟာ … နင်တို့နဲ့ တစ်အိမ်တည်းမှာ အတူနေတဲ့ နင်တို့ရဲ့တူနဲ့ စေ့စပ်ထားတယ်ပေါ့လေ၊ ကလေးတွေ မမွေးလာသေးခင်က စေ့စပ်ထားခဲ့တာပဲမဟုတ်လား၊ နင်တို့ရဲ့အစ်ကိုဟာလဲ သေသွားပြီမဟုတ်လား၊ အရေးစိုက်ဖို့ မလိုတော့ပါဘူး"

"အစ်ကိုသေသွားပေမယ့် ကိစ္စမရှိပါဘူး အစ်မရယ်၊ ခက်နေတာက ကျွန်မသမီးနဲ့ တူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အသေအလဲ ချစ်ကြိုက်နေကြပါပြီ"

ချယ်နီသည် ပထမတွင် အလွန်စိုးရိမ်ထိတ်လန့်မိသော်လည်း ပြောကြားချက်များကို ကြားလိုက်ရသောအခါ လွန်စွာမှပင် သဘောတွေ့သွားတော့သည်။

"နင်တို့ အင်မတန်စိတ်ကူးလွဲနေကြပြီ၊ နင်တို့ပေးစားဖို့ ရည်ရွယ်ထားတဲ့သူငယ်ဟာ ဘယ်လိုလူစားလဲ၊ သူ့ဆီမှာ ဘာပစ္စည်းရှိသလဲ ငါ အခုစေ့စပ်ပေးနေတာ သာမညမဟုတ်ဘူးဟေ့…၊ တကယ်ကို ချမ်းသာပြီး အင်မတန်အဆင့်အတန်းမြင့်တဲ့ မိသားစုဖြစ်ကြတယ်၊ သူတို့ဟာ

*တို့များထက်လဲ ချမ်းသာကြတယ်၊ နင်တို့စိတ်ကူးမလွဲကြနဲ့ . . . မရိုက်ကြနဲ့ . . . . စဉ်းစားကြဦး"*

သို့ပြောသံကို ကြားလိုက်ရသော ချယ်နီသည် ထိုင်နေရာမှ အမြန်ထလိုက်ပြီး အခန်းတံခါးကို ဆောင့်ပိတ်၍ ထွက်သွားလေတော့သည်။

*"တယ်မိုက်တဲ့ ကောင်မလေးပဲ၊ ငါဟာ သူ့ရဲ့ကောင်းကျိုးချမ်းသာအတွက် အကြံပေးတိုက်တွန်းနေကြောင်းကို သူနည်းနည်းမှ မသိသေးဘူး၊ ဆိုင်းရီတို့ရဲ့အိမ်ကို တစ်ခါတစ်ခေါက်လောက်ရောက်မိရင် နင်တို့ငါ့ကို မုချကျေးဇူးတင်ကြရမှာပဲ၊ အင်္ဂတေနဲ့ခေတ်ဆန်ဆန်ပြီး ကျယ်ဝန်းလှတဲ့ အိမ်ကြီးပါပဲ၊ ဆိုင်းရီရဲ့ မိန်းမဟာ အခုငါဝတ်ထားတဲ့ စိန်နားကပ်ထက်ကြီးတဲ့ စိန်နားကပ်ကြီးကို ဝတ်ထားတယ်"*

ချယ်နီ၏မိခင်ကား မည်သို့မျှ ပြန်မပြောလိုက်တော့ချေ။

ချန်ရီ၏အစ်မကြီးကား နောက်မဆုတ်တော့ဘဲ ထပ်တလဲလဲသာလျှင် နားသွင်းနေချေတော့သည်။ ၎င်းသည် နောက်ဆုံးတွင် ချန်ရီအား အတင်းအကျပ် ပြောဆိုတိုက်တွန်းချေတော့သည်။ သို့ဖြစ်ရာ ချန်ရီသည် နောက်ဆုံးတွင် နားဝင်သွားပြီး မိမိသမီးဖြစ်သူ ချယ်နီအား ချန်ဂန်မြို့နေ သူဌေးကြီးဆိုင်းရီ၏ ဒုတိယသားနှင့် စေ့စပ်ရန် သဘောတူလိုက်တော့သည်။

ထိုအကြောင်းကို ကြားသိရသော ချယ်နီသည် အကြီးအကျယ် စိတ်ပျက်ပြီးလျှင် မည်သည့်အစာကိုမျှ မစားသောက်ဘဲ နေလိုက်တော့သည်။

မိခင်ဖြစ်သူက ၎င်း၏လင်ယောကျ်ားအား . . .

*"ရှင် ဒီလိုသဘောတူလိုက် နည်းနည်းမှ မကောင်းပါဘူး၊ သမီးလေးက လုံးဝသဘောမတူပါဘူး၊ ဘာအစာကိုမှ မစားတော့ဘဲ အိပ်ရာပေါ်မှာ တငိုတည်းငိုနေတော့တယ်၊ သမီးကလေး သေသွားမှာတောင် စိုးရိမ်နေရပြီ၊ ရှင်ဟာ ကိုယ့်သမီးကလေးကို ကြင်နာ မငဲ့ညှာဘဲ ဆိုင်းရီရဲ့ ငွေမျက်နှာကိုသာ ထောက်ထားနေတာကိုး၊ ငွေဆိုတာ သခါရ ပါရှင်"* ဟု ပြောလေသည်။

ထိုအကြောင်းများကို ကြားသိရသော ဝင်းချောင်းသည် အထူးစိတ်ပျက်လာပြီးလျှင် မည်သို့မျှမပြောတော့ဘဲ မိမိပူဆွေးမှုများ ပြေပျောက်သွားရန် ခွင့်သုံးပတ်တောင်းယူပြီး ဟင်နန်တောင်ထိပ်ပေါ်သို့

www.foreverspace.com.mm

သွားရောက်နေထိုင်လေတော့သည်။ သုံးပတ်လွန်မြောက်သွားတော့မှ မြို့တွင်းရှိ နေအိမ်သို့ ပြန်လာလေတော့သည်။

အိမ်သို့ ပြန်လည်ရောက်ရှိလေသော် မိမိချစ်သူ ချယ်နီသည် အမည်မဖော်နိုင်သော ထူးဆန်းလှသည့် ဝေဒနာတစ်ရပ်ကို ခံစားနေရပြီ ဖြစ်ကြောင်း ဝမ်းနည်းစွာ တွေ့ရှိရတော့သည်။ ချယ်နီသည် လူမှန်းမသိ သတိမရှိတော့ဘဲလျက် အိပ်ရာပေါ်တွင်သာလျှင် အမြဲအိပ်နေချေတော့ သည်။ အစားအစာကိုလည်း လုံးဝမစားတော့ချေ။ ခန္ဓာကိုယ်တွင် အပူရှိန် အနည်းငယ်မျှ မရှိသော်လည်း အမြဲသာလျှင် ညည်းညူနေချေတော့သည်။ သို့ရှိဘိရာ သူမ၏ ခန္ဓာကိုယ်အတွင်းမှ စိတ်ဝိညာဉ်သည် ထွက်ခွာလွင့်စဉ် သွားချေပြီဟု ထင်ရတော့သည်။

မိဘနှစ်ပါးတို့သည် အလွန်စိုးရိမ်လာကြပြီးလျှင် အကျော်ဆုံး သော သမားတော်ကြီးကို ပင့်၍ ကုသစေသည်။ သမားတော်ကြီးသည် ချယ်နီအား သေချာစွာ စမ်းသပ်ကြည့်ရှုသည်တွင် မည်သည့်ရောဂါဟူ၍ မခွဲခြားနိုင်သဖြင့် လက်မှိုင်ချရတော့သည်။

အဒေါ်ဖြစ်သူ၏ ခွင့်ပြုချက်အရ ဝင်းချောင်းသည် ချယ်နီ၏ အခန်းတွင်းသို့ အမြန်ဝင်ရောက်ပြီးလျှင်…

*"ချယ်နီ … ချယ်နီရေ"* ဟု ခေါ်နေစဉ် မိခင်ဖြစ်သူသည် သမီးဖြစ်သူအား တစိုးရိမ်ရိမ်နှင့် ကြည့်နေတော့သည်။

မိမိအမည်ကို ခေါ်သံကြားလိုက်ရသော် ချယ်နီသည် မျက် တောင်လှုပ်လာပြီးလျှင်…

*"အစ်ကိုလေး … ကျွန်မကို ခေါ်သလား"* ဟု တိုးတိုးပြန်မေး လေတော့သည်။

သည်တွင် မိခင်ဖြစ်သူလည်း မျက်ရည်အသွယ်သွယ် ကျဆင်း လာပြီးလျှင်…

*"သမီးကလေး ချယ်နီ … သတိရှိပါနော်၊ သမီးကလေး ပြန် လည်သတိရလာပြီကွယ်၊ သမီးကို အမေ စကားပြောနေတယ်လေ"* ဟု ဖြည်းညှင်းသာယာစွာ ပြောလေတော့သည်။

*"ကျွန်မ သတိရလာပြီ အမေ … အမေတို့ ဘာဖြစ်နေကြတာ လဲ၊ ဘာအကြောင်းတွေကို ပြောနေပါသလဲအမေ၊ နောက်တော့လဲ ကျွန်မ ဟာ ဘာကြောင့် ဒီအိပ်ရာပေါ်ကို ရောက်နေရပါသလဲ အမေ"*

ချယ်နီသည် မိမိဘာဖြစ်ခဲ့သည်ကို စိုးစဉ်းမျှ သိရှိဟန်မတူတော့

www.foreverspace.com.mm

ချေ။ မိခင်ဖြစ်သူက သမီးအား ၄င်းသည် သတိလစ်ကာ အိပ်ရာပေါ်တွင် လဲနေခဲ့ကြောင်းများကို ပြန်လည်ပြောပြရာ ချယ်နီသည် မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရတော့သည်။

ချယ်နီသည် နောက်တစ်ပတ်ခန့်ကြာလေသော် ကောင်းစွာ ကျန်းမာလာတော့သည်။ သမီးမကျန်းမာခဲ့စဉ်က ဖခင်ဖြစ်သူသည် ပူပန်စွာစိုးရိမ်ခဲ့သော်လည်း ကျန်းမာလာသောအခါ၌ အတိုင်းမသိ ဝမ်းသာမိတော့သည်။

မိခင်ဖြစ်သူက သမီးဖြစ်သူသည် ဝင်းချောင်းပြန်လည်ရောက်ရှိလာသည်ကို မြင်လိုက်သည်နှင့်တစ်ပြိုက်နက် ယခင်က သွေးမရှိဘဲ ဖျော့တော့နေသော မျက်နှာမှာ သွေးရောင်များလျှမ်းကာ စိုပြည်လန်းဆန်းလာသည်ကို မိမိကိုယ်တိုင် မြင်ရကြောင်းများကို လင်ဖြစ်သူအား ပြန်လည်ပြောကြားရာ လင်ဖြစ်သူချန်ရီက . . .

*"အို . . . အလကား၊ အဝိုတွေကိုလုပ်ကြံပြီး ကျုပ်ကို လာမပြောနေပါနဲ့၊ ကျုပ် နည်းနည်းမှ မယုံဘူး၊ သမီးဟာ တကယ်ကို မကျန်းမာနေတာမဟုတ်ဘူး၊ မမာဟန်ဆောင်နေတာပါ၊ သမားတော်ကြီးကလဲ ဒီလိုရောဂါမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရသေးဘူးလို့ ပြောပြတယ်မဟုတ်လား၊ မိမိအမရေးတောင်မှ မမှတ်မိဘူးဆိုတာဟာ ကျုပ်လုံးဝမယုံကြည်နိုင်ဘူး၊ သမီးဟာ ဟန်ဆောင်ပြီး မမာနေတာပါပဲ"* ဟု ကျယ်လောင်စွာ ပြန်ပြောလေတော့သည်။

*"ရှင်ကလဲ သမီးကလေးဟာ အိပ်ရာပေါ်မှာ လဲနေပြီး ရက်အတော်ကြာ အစာရေစာ မစားသောက်နိုင်ခဲ့တာ ရှင်အသိပဲမဟုတ်လား၊ သူဟာ ချစ်ဒုက္ခဝေဒနာကို ခံစားနေခဲ့ရလို့ ဒီလိုမကျန်းမမာဖြစ်သွားရတာပေါ့ရှင်၊ ဒါကြောင့် သူ ကြိုက်တဲ့သူနဲ့ မေတ္တာစေ့စပ်ကြောင်းလမ်းပါနဲ့တော့လားရှင်"*

*နေ့စပ်ကြောင်းလမ်းခြင်းကိစ္စဟာ ပြီးမြောက်သွားပါပြီ၊ ပြန်ပြီး မဖျက်နိုင်တော့ပါဘူး၊ ဆိုင်းရီက အင်မတန်ကြွယ်ဝချမ်းသာတဲ့ သူတစ်ယောက်ဖြစ်တယ်၊ သမီးကလေးဟာ ချစ်ဒုက္ခဝေဒနာ စွဲကပ်ပြီး အိပ်ရာပေါ်မှာ ရက်ပေါင်းများစွာ လဲခဲ့ရတယ်၊ မိမိအမရေးကိုတောင်မှ မသိနိုင်တော့တဲ့ အခြေအနေမျိုးရောက်ခဲ့ရတယ်ဆိုတဲ့အကြောင်းတွေကို ဆိုင်းရီတို့မိသားစုက ဘယ်နည်းနဲ့မှ ယုံကြည်မှာမဟုတ်ဘူး၊ သမီးလေးရဲ့ ဖခင်ဖြစ်တဲ့ ကျုပ်တောင်မှ လုံးဝမယုံကြည်နိုင်ဘူး"*

www.foreverspace.com.mm

သို့ပြောနေကြစဉ် ချန်ရီ၏အစ်မကြီးက . . .

*"အို . . . အလကားပါ၊ မမာချင်ယောင်ဆောင်နေတာပါ၊ ငါဟာ အသက် ၅၀-ရှိပါပြီ၊ ဒီလို မိမိအမေအရင်းကို မမှတ်မိဘူးဆိုတဲ့ အဖြစ်မျိုးကိုတော့ တစ်ကြိမ်တစ်ခါမျှ မကြားမိသေးပါဘူး၊ ထူးပါပေ့တော် ဆန်းပါပေ့တော်"* ဟူ၍ ငေါ့ပြောလေတော့သည်။

ဝင်းချောင်းသည် မည်သို့မျှ မကယ်နိုင်ရှာတော့ချေ။ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်လာရတော့ကား မိမိဦးလေး ဖြစ်သူအား မိမိသည် နောက်တစ်ရက်တွင် နေရပ်သို့ ပြန်လည်သွားရောက်နေထိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလေတော့ရာ၊ ဦးလေးဖြစ်သူက . . .

*"အေး . . . မြန်မြန်ပြန်တာပဲ ကောင်းတယ်"* ဟူ၍ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တော့သည်။

ထိုညတွင် ချန်ရီတို့လင်မယားသည် တူဖြစ်သူဝင်းချောင်းအား ထမင်းပွဲကြီးတစ်ရပ်ကို တည်ခင်းကျွေးမွေးတော့သည်။ သို့ရာတွင် ချယ်နီမှာကား အကြီးအကျယ် ချစ်ဒုက္ခဝေဒနာကို ခံစားနေရချေတော့သည်။ ၄င်းသည် နှစ်ရက်လုံးလုံး မထနိုင်တော့ဘဲ အိပ်နေချေတော့သည်။

ဝင်းချောင်းသည် နောက်နေ့တွင် အဒေါ်ဖြစ်သူ၏ ခွင့်ပြုချက်အရ ချယ်နီ၏အခန်းတွင်းသို့ ဝင်ရောက်နှုတ်ဆက်လေတော့သည်။ ချယ်နီကား သည်အခါတွင် အပူရှိန်ပြင်းစွာနှင့် ဖျားနေချေတော့သည်။

ဝင်းချောင်းသည် ချယ်နီ၏ နဖူးပြင်ကို လက်ဖြင့် ဖြည်းညှင်းစွာ စမ်းသပ်ရင်း . . .

*"ညီမလေးရေ . . . အစ်ကိုလေး လာပြီးနှုတ်ဆက်ပါတယ် အစ်ကိုလေးလဲ နက်ဖြန်ပြန်တော့မယ်၊ အစ်ကိုလေး ဘယ်လိုမှ မကယ်နိုင်တော့ပါဘူး"* ဟု ပြောလေသည်။

ချယ်နီသည် မိမိချစ်သူကို မြင်လိုက်ရလျှင် ချက်ချင်းသတိရလာပြီး . . .

*"ဩော် . . . အစ်ကိုလေးပါလား၊ ကျွန်မတော့ မုချသေရတော့မှာပါပဲ၊ အစ်ကိုလေးပြန်သွားရင် ကျွန်မလဲ လူပြည်မှာ နေချင်တော့ပါဘူးရှင်၊ ဒါပေမယ့် ကျွန်မသေသွားသည်ဖြစ်စေ၊ အသက်ရှင်နေသည်ဖြစ်စေ ကျွန်မရဲ့ စိတ်ဝိညာဉ်ကတော့ အစ်ကိုလေးဆီကို အမြဲရောက်နေမှာပါပဲ၊ စိတ်ချပါ အစ်ကိုလေး၊ အစ်ကိုလေးဆီကို အမြဲရောက်နေမှာပါပဲ"* ဟု ပြန်ပြောလေတော့သည်။

www.foreverspace.com.mm

ထိုနောက် ဝင်းချောင်းသည် မျက်ရည်များ ကျဆင်းကာ မိမိ ချစ်သူ၏ အခန်းတွင်းမှ ထွက်ခွာလာပြီးလျှင် မိမိရပ်မြေသို့ အသည်း နာနာနှင့် ပြန်သွားရန် မြစ်ကမ်းထိပ်သို့ ဆင်းလာလေတော့သည်။

သို့ဆင်းလာနေစဉ်တွင် မိမိသည် အခေါ်ဖြစ်သူ၏နေအိမ်သို့ နောက်မည်သည့်အခါကာလတွင်မှ ပြန်လည်ရောက်ရှိရန် လမ်းမရှိတော့ ဟူ၍ စွဲမြဲစွာ ယုံကြည်ထင်မှတ်သွားလေတော့သည်။

(၄)

ဝင်းချောင်း လိုက်ပါစီးနင်းသွားသော လှေသည် ဟန်ချောင်းမြို့ အထက် ငါးမိုင်ခန့်နေရာသို့ ရောက်ရှိသွားတော့သည်။ ထိုအချိန်တွင် လှေသူကြီးသည် ညစာချက်ပြုတ်စားသောက်ရန် လှေကို ကမ်းဘေးသို့ ကပ်ကာ ဆက်လက်၍မသွားတော့ဘဲ တစ်ညလုံး ကျောက်ချထားလိုက် တော့သည်။

ဝင်းချောင်းသည် အိပ်ရာပေါ်တွင် လဲလျောင်းနေရင်း မျက်ရည် အသွယ်သွယ် ကျဆင်းနေချေတော့သည်။ ညသန်းခေါင်အချိန်ခန့်တွင် ဝင်းချောင်းသည် မြစ်ကမ်းပေါ်မှ ခြေသံများကို အံ့သြစွာ ကြားမိလေတော့ သည်။

*"အစ်ကိုလေး ... အစ်ကိုလေး"* ဟူ၍ မိန်းမငယ်တစ်ဦး၏ ခေါ်သံများကိုလည်း ကြားလိုက်ရသည်။

ဝင်းချောင်းသည် မြစ်ကမ်းပေါ်သို့ သေချာစွာကြည့်လိုက်သည် တွင် ဖြူဖွေးသော လရောင်အောက်တွင် ချယ်နီအား မတ်တပ်ရပ်နေ သည်ကို အံ့သြစွာ မြင်တွေ့လိုက်ရသောကြောင့် မြစ်ကမ်းပေါ်သို့ အမြန် ခုန်တက်လိုက်တော့သည်။

ချယ်နီက ...

*"အစ်ကိုလေး ... ကျွန်မ အိမ်က ထွက်ပြေးလာခဲ့ပါတယ်ရှင်"* ဟု သနားစဖွယ်ပြောပြပြီး ဝင်းချောင်း၏လက်နှစ်ဖက်ပေါ်တွင် ခွေလဲ သွားတော့သည်သာ။

ဝင်းချောင်းသည် ချယ်နီအား ပွေ့ချီကာ လှေပေါ်သို့ အမြန် ဆောင်ကြဉ်းသွားလေတော့သည်။

www.foreverspace.com.mm

အထူးပင် မကျန်းမာသော ချစ်သူ ချယ်နီသည် ဤမျှဝေးကွာလှသောခရီးကို ဖိနပ်မပါဘဲ မည်သို့လာရောက်နိုင်ခဲ့သည်ကို အထူးပင် အံ့သြမိလေတော့သည်။

ချယ်နီသည် ချစ်သူဝင်းချောင်း၏ ကိုယ်ကိုမှီနေရာမှ ချစ်သူ၏ပါးနှစ်ဖက်ကို အားပါးတရ နမ်းရှုပ်လေတော့သည်။

ငှင်းနောက်…

"*အစ်ကိုလေးနောက်ကို ဖြစ်နိုင်တဲ့နည်းနဲ့ ကျွန်မကြံဖန်ပြီး လိုက်လာခဲ့ပါတယ်ရှင်၊ ကျွန်မကို ဘယ်သူမှ မတားဆီးနိုင်ပါဘူးရှင်*"ဟု ပြောကြားလေတော့သည်။

လွန်စွာ မကျန်းမာနေရာမှ ရုတ်ခြည်းပြန်လည်ကျန်းမာလာသော ချစ်သူအား ပြန်လည်တွေ့ဆုံမိသောအခါ ဝင်းချောင်းသည် အတိုင်းမသိ ဝမ်းသာမိတော့သည်။

လှေဖြင့် ဆန်တက်ရမည့်ခရီးကား လွန်စွာဝေးလှပါဘိတောင်း၊ ချယ်နီမှာကား ဤကဲ့သို့ မိမိအိမ်မှ ထွက်ပြေးလာသည့်အတွက် ကျန်ရစ်ခဲ့သော မိခင်သည် မုချလွမ်းနာကျနေချိမ့်မည်ကို တွေးတောမိတိုင်း စိတ်မချမ်းမသာ ဖြစ်ရတော့သည်။

သို့နှင့် သူတို့သည် အလွန်ဝေးကွာသော ဆီချမ်းနယ်ရှိ မြို့ကလေးတစ်မြို့သို့ တစ်လအကြာတွင် ရောက်ရှိလာကြပြီးလျှင် ဝင်းချောင်းသည် မလောက်မငသော လခကလေးနှင့် အလုပ်တစ်ခုကို ဝင်ရောက်လုပ်ကိုင်လေတော့သည်။ ဝင်းချောင်းသည် ကျပ်တည်းဆင်းရဲမှု မတွေ့ရလေအောင် မြို့နှင့် တစ်မိုင်ခန့်အကွာတွင် တည်ရှိသော ခြံတစ်ခြံတွင် အိမ်ခန်းတစ်ခန်းကို ငှားရမ်းပြီး ငှင်းနေရာမှ မြို့တွင်းရှိ မိမိအလုပ်ခွင်သို့ နေ့စဉ်အသွားအပြန် ခြေကျင်လမ်းလျှောက်လေတော့သည်။ ချယ်နီကလည်း အဝတ်များကို လျှော်ဖွပ်၍ ထမင်းဟင်းများကိုလည်း ကိုယ်တိုင်ချက်ကာ လွန်စွာမှပင် ကျေနပ်ဝမ်းသာလျက် ရှိတော့သည်။ သူတို့အား နေထိုင်ခွင့်ပေးသော အခန်းမှာ အိမ်၏အထက်ထပ်တွင်ရှိ၍ အိမ်ပိုင်ရှင်ခြံသမား ဇနီးမောင်နှံတို့မှာလည်း သူတို့အပေါ်တွင် လွန်စွာ စိတ်ကောင်းထားရှိကြပြီးလျှင် ငှင်းခြံထွက် ဟင်းသီးဟင်းရွက်များကို မေတ္တာဖြင့် အဖိုးအခမယူဘဲ ပေးကမ်းကြသည်။ ဝမ်းချောင်းတို့ ဇနီးမောင်နှံကလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် အားလပ်ချိန်များတွင် ခြံရှင်တို့အား လုပ်အားပေးကြတော့သည်သာ။

www.foreverspace.com.mm

ဆောင်းရာသီရောက်လာလျှင် ချယ်နီသည် ဝဖြိုးသော သားယောကျ်ားလေးတစ်ယောက်ကို မွေးဖွားလေတော့သည်။ ဆောင်းရာသီကုန်လွန်၍ နွေဦးရာသီသို့ ချဉ်းနင်းဝင်ရောက်လာသော် ဝင်းချောင်းသည် အလုပ်ခွင်မှ နေအိမ်သို့ ပြန်ရောက်လာတိုင်းပင် မိမိဇနီးသည် သားကလေးအား နို့တိုက်နေသည်ကို မြင်လိုက်ရလျှင်ပင် လွန်စွာဝမ်းသာကြည်နူးမိတော့သည်။

ဝင်းချောင်းက…

*"ညီမလေး … အစ်ကိုလေးဟာလေ ညီမလေးအတွက် ကလေးတိန်းတစ်ယောက် ငှားပေးထားနိုင်အောင် လခရိုရချင်ပါပြီ…၊ ညီမလေး ပင်ပန်းနေတာကို အစ်ကိုလေး မကြည့်ရက်ပါဘူး"* ဟု ပြောလေရာ ချယ်နီက…

*"အစ်ကိုလေးရယ် … ကျွန်မတွက် မပူမနေပါနဲ့၊ အထိန်းမရှိသေမယ့်လဲ ကျွန်မဟာ ကလေးကို ကောင်းကောင်းကြည့်နိုင်ပါတယ်ရှင်"* ဟု ပြန်ပြောလေသည်။

သို့နှင့် သူတို့သည် နှစ်ကိုယ်တစ်စိတ် အတူးပျော်ရွှင်စွာ နေထိုင်သွားကြတော့သည်။ ကလေးမှာလည်း တစ်နေ့တခြား ချစ်စရာကောင်းလာတော့သည်။ ကလေးသည် မကြာမီ လေးဖက်တွားကာ သွားလာနိုင်စပြုပြီး "*မာမာ*" ဟု ဆိုတတ်လာတော့သည်။ သားသမီးမထွန်းကားသော ခြံရှင်လင်မယားတို့မှာ ကလေးကို လွန်စွာချစ်ကြပြီးလျှင် အတူးတလည် ကြည့်ရှုစောင့်ရှောက်ပေးကြတော့သည်။

သို့ပြားလည်း ချယ်နီတွင် စိတ်မချမ်းသာစရာတစ်ခုကား ရှိနေချေသည်။

ချယ်နီသည် ၎င်း၏မိခင်နှင့် မောင်ငယ်တို့ကို မကြာခဏ လွမ်းဆွတ်သတိရမိကာ မျက်ရည်များကျမိတော့သည် မဟုတ်ပါလော။

ဝင်းချောင်းက…

*"ညီမလေးဟာ အမေကို မကြာမကြာ လွမ်းဆွတ်နေဟန်တူတယ်၊ ညီမလေး အိမ်ပြန်သွားချင်ရင် အစ်ကိုလေး လိုက်ပို့ပေးပါမယ်၊ အစ်ကိုလေးတို့ဟာ အိမ်ထောင်ကျပြီး သားငယ်လေးတစ်ယောက်ပင်ရရှိလာပြီဖြစ်လို့ သူတို့ ဘယ်လိုမှ အရေးယူနိုင်ကြတော့မှာ မဟုတ်ပါဘူး။ အမေဟာ သူ့မြေးလေးကို မြင်လိုက်ရရင်ဖြင့် အင်မတန် ဝမ်းသာသွားမှာပဲ"* ဟု ပြောဆိုအားပေးလေတော့သည်။

www.foreverspace.com.mm

မိမိလင်သည် မိမိအပေါ်တွင် ဤမျှသော ကြင်နာမှုများကို ပြသလိုက်သည့်အတွက် ချယ်နီသည် အထူးပင် ဝမ်းသာလုံးဆို့ကာ ငိုမိလေတော့သည်။

*“အစ်ကိုလေး လိုက်ပို့ပေးမယ်ဆိုတာ ကြားလိုက်ရလို့ ကျွန်မအင်မတန်ဝမ်းသာပါတယ်ရှင်၊ ဒီလိုဆိုရင် ကျွန်မတို့အိမ်ကို ပြန်ကြပါစို့လား။ အမေဟာလဲ ကျွန်မအိမ်က ပျောက်သွားတဲ့နေ့ကစပြီး အင်မတန်စိတ်မချမ်းမသာ ဖြစ်နေရှာတော့မှာပဲ၊ ကျွန်မတော့ဖြင့် ယောဒိသားကလေးကို အမေနဲ့ အဖေတို့ကို လက်ဆောင်အဖြစ် ပေးလိုက်ချင်ပါတော့တယ်ရှင်”*

သူတို့သည် နောက်တစ်ရက်တွင် ဟန်ချောင်းမြို့သို့ လှေဖြင့်စုန်ဆင်းလာကြရာ တစ်လတိတိကြာမှ ရောက်လေတော့သည်။

ချယ်နီက…

*“အစ်ကိုလေး အိမ်ကိုအရင်သွားပြီး အမေနဲ့ အဖေတို့ကို ကျွန်မပြန်လာပြီဖြစ်လို့ အမြန်လာကြိုကြဖို့ ပြောပါနော်”* ဟု မှာကြားပြီး ရွှေဆံညှပ်တစ်ခုကို ပေးအပ်လိုက်သည်။

၎င်းနောက်…

*“အစ်ကိုလေး ကျွန်မပြန်ရောက်လာကြောင်း ပြောပြတာကို ကျွန်မမိဘနှစ်ပါးက မယုံကြည်ကြလို့ရှိရင် ယောဒိရွှေဆံညှပ်ကိုသက်သေအဖြစ် ပေးအပ်လိုက်နော်”* ဟု မှာကြားလိုက်ပြန်သည်။

ဝင်းချောင်းသည် ချယ်နီအား ကျောက်ချထားသော လှေပေါ်တွင်ပင် စောင့်ဆိုင်းနေစေပြီး ၎င်း၏နေအိမ်သို့ အမြန်သွားရောက်လေတော့သည်။

ထိုအချိန်မှာ ညစာစားချိန်ဖြစ်ရကား ချယ်နီ၏ဖခင်ချန်ရီသည် နေအိမ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ဝင်းချောင်းသည် ကြမ်းပြင်ပေါ်တွင် ဒူးထောက်ကာ သမီးဖြစ်သူ ချယ်နီအား နိုးယူပေါင်းသင်းမိသည်ကို ခွင့်လွှတ်ပါရန် ဖခင်ဖြစ်သူ ချန်ရီအား အညွှတ်အနူး တောင်းပန်လေတော့သည်။

မိခင်ဖြစ်သူကား အနည်းငယ် အိုရုပ်ပေါက်လာပြီး ဆံပင်များအထူးဖြူလာသည်ကို တွေ့မိတော့သည်။

ဝင်းချောင်းက မိမိနှင့် ချယ်နီတို့ ပြန်ရောက်လာကြပြီဖြစ်ကြောင်း သူတို့အား ပြောကြားလေသည်တွင် ဖခင်ဖြစ်သူက…

“ဘာလဲ…ဘယ်လိုလဲ၊ မင်းဘာတွေကိုပြောနေတာလဲ၊ မင်းကို ဘာအတွက်ခွင့်လွှတ်ပေးချင်ရတာလဲ၊ ငါ့သမီးဟာ အင်မတန်ကျန်းမာတဲ့ တစ်နှစ်ပတ်လုံး အိပ်ရာပေါ် လဲနေတယ်” ဟု အံ့သြစွာ ပြန်လည်ပြောကြားလေတော့သည်။

မိခင်ဖြစ်သူက…

“မင်းထွက်သွားတဲ့ နေ့ကတည်းက ချယ်နီဟာ အိပ်ရာပေါ်က မထနိုင်ဘဲ ရှိနေခဲ့တယ်၊ သူဟာ အင်မတန် မမာတဲ့အတွက် ရက်ပေါင်းများစွာ အစာမစားနိုင်ခဲ့ဘူး ငါက သူနဲ့ ဆိုင်းရီရဲ့သားကို ခေါ်စပ်ကြောင်းလမ်းထားခဲ့တာကို ဖျက်သိမ်းပေးမယ်လို့ သူ့ကိုမကြာမကြာ နှစ်သိမ့်ပြောကြားခဲ့ပေမယ့် သူဟာ အင်မတန် မမာနေလေတော့ ငါပြောတဲ့စကားတွေကို မကြားနိုင်ခဲ့ဘူး၊ ဒီလိုမကြားနိုင်ခဲ့ခြင်းဟာလဲ သူ့ရဲ့ဝိညာဉ်ဟာ သူ့ခန္ဓာကိုယ်ထဲက လွင့်စဉ်ထွက်သွားခဲ့တဲ့အတွက်ပဲလို့ ငါထင်မိတယ်၊ ဒါကြောင့် လွင့်စဉ်ထွက်ခွာသွားတဲ့ သူ့ရဲ့ဝိညာဉ်ဟာ သူ့ရဲ့ခန္ဓာကိုယ်ထဲကို အမြန်ပြန်လည်ဝင်ရောက်လာပါစေလို့ ငါနေ့စဉ် ဆုတောင်းခဲ့တော့တယ်” ဟု ပြန်ပြောလေသည်။ ဝင်းချောင်းက…

“ချယ်နီဟာ အခုလှေထဲမှာ ကျန်းမာစွာရှိနေပါတယ်၊ ကျွန်တော် လိမ်မပြောတတ်ပါဘူး အမေ…ဒီပစ္စည်းကိုကြည့်ပါ” ဟု ပြောပြီး ချယ်နီ၏ဆံညှပ်ကို ပေးအပ်လိုက်တော့သည်။

မိခင်ဖြစ်သူသည် ရွှေဆံညှပ်ကို ယူ၍ကိုယ်တွင်၍ အသေအချာကြည့်ရှုသည့်တွင် သမီး၏ ရွှေဆံညှပ်အစစ်ပင် ဖြစ်နေကြောင်း တွေ့ရှိရတော့သည်။ ထို့ကြောင့် မိဘနှစ်ဦးလုံးတို့မှာ အတော်ပင် အံ့သြတွေဝေသွားကြစဉ် ဝင်းချောင်းက…

“ချယ်နီဟာ အခု လှေထဲမှာ စောင့်နေပါတယ်၊ ကျွန်တော် ကိုယ်တိုင် လိုက်ပြပါမယ်၊ အစေခံတစ်ယောက်ကို ထည့်လိုက်ပါ” ဟု ပြောလေတော့သည်။

မိဘနှစ်ဦးသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ပင် ထမ်းစင်တစ်စင်ကို အမြန်မှာပြီး အစေခံတစ်ယောက်နှင့်အတူ ဝင်းချောင်းအား ကမ်းနားသို့ ပို့လွှတ်လိုက်တော့သည်။ ကမ်းနားသို့ ရောက်လေသော် အစေခံသည် ဆိုက်ကပ်ထားသော လှေပေါ်သို့ တက်လာပြီး ကြည့်လိုက်ရာ ချယ်နီနှင့် တထေရာတည်းတူသော ဝင်းချောင်း၏ဇနီးဖြစ်သူကို အံ့သြစွာ တွေ့မြင်ရတော့သည်။

ချယ်နီက

*"ကျွန်မရဲ့ မိဘနှစ်ပါးလုံး ကျန်းမာကြပါသလား"* ဟု မေးလိုက်ရာ အစေခံက . .

*"ကျန်းမာကြပါတယ်"* ဟု ပြန်ပြောလေသည်။

ချယ်နီ၏ မိဘနှစ်ဦးတို့သည် စိတ်ထဲတွင် ရှုပ်ထွေးဝေနေကြစဉ် အစေခံမတစ်ယောက်သည် ရွှေဆံညှပ်ကို ယူဆောင်ပြီး ချယ်နီ၏ အခန်းတွင်းသို့ ဝင်ရောက်သွားတော့သည်။

အခန်းတွင်းရှိ အိပ်ရာပေါ်တွင် လဲနေသော မိန်းမပျိုသည် ရွှေဆံညှပ်ကို မြင်လိုက်သော် . . .

*"ဟင် . . . ဒီရွှေဆံညှပ်ဟာ ကျွန်မရဲ့ ပစ္စည်းပေါ့၊ ဒီရွှေဆံညှပ် ပျောက်နေခဲ့တာ အတော်ကြာပါပြီ"* ဟု အလန့်တကြား အော်ဟစ်ပြောဆိုလိုက်ပြီးလျှင် မိမိဆံပင်ထဲသို့ ထိုးညှပ်လိုက်တော့သည်။

ထိုမိန်းမပျိုသည် သို့ပြောဆိုလိုက်ပြီးနောက် အိပ်ရာမှ ထလိုက်ပြီးလျှင် မြစ်ကမ်းနားသို့ ပြုံးရွှင်စွာ လျှောက်သွားလေတော့သည်။

ထိုစဉ်ပင် ချယ်နီသည် သားကလေးကို ပွေ့ချီ၍ လှေထဲမှ တက်လာပြီးလျှင် ထမ်းစင်ရှိရာသို့ သွားလေတော့သည်။

ထိုအခိုက်တွင်ပင် ကမ်းနားထိပ်ပေါ်သို့ ရောက်ရှိလာပြီဖြစ်သော မိန်းမပျိုသည် ချယ်နီရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာပြီးလျှင် ၎င်း၏ ခန္ဓာကိုယ်နှင့် ချယ်နီ၏ခန္ဓာကိုယ်တို့သည် တစ်ကိုယ်တည်းအဖြစ်သို့ ပေါင်းစပ်သွားလေတော့သည်။ သို့နှင့်အမျှ ချယ်နီဆင်မြန်းထားသော အဝတ်အထည်များမှာလည်း တစ်ထပ်မှ နှစ်ထပ်ဖြစ်သွားလေတော့သည်။

မကျန်းမာနေသော သမီးဖြစ်သူသည် အိပ်ခန်းအတွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားကြောင်းကို အစေခံမထံမှ ကြားသိလိုက်ရသော မိဘနှစ်ဦးတို့မှာကား အထူးပင်ထိတ်လန့်အံ့သြသွားကြတော့သည်သာ။

သို့ဖြစ်ငြားလည်း သမီးဖြစ်သူ ချယ်နီသည် ဖွံ့ဖြိုးသော ကလေးငယ်တစ်ယောက်ကို ပွေ့ချီပြီး ထမ်းစင်ပေါ်မှ ဆင်းသက်လာသည်ကို တွေ့မြင်ရသော် သူတို့သည် ပိုမိုအံ့သြသွားကြပြန်တော့သည်။

သို့နှင့်အမျှ လွန်စွာမကျန်းမမာနေသော သူတို့၏ သမီးအစစ်သည် မိမိ၏ဝိညာဉ်နှင့်တကွ ၎င်း၏ချစ်သူဝင်းချောင်းရှိရာသို့ သွားရောက်ကာ အတူတကွ နေထိုင်ခဲ့ကြောင်း၊ အိမ်တွင်းရှိ အခန်းတွင်း၌ အိပ်ရာပေါ်တွင် လဲလျောင်းကာ အထူးပင်မကျန်းမမာဖြစ်နေသော မိန်းမပျိုမှာ



www.foreverspace.com.mm

သူတို့သမီးအစစ်ဖြစ်သော ချယ်နီ၏ အရိပ်အယောင်မျှသာဖြစ်လျက် သမီးစစ်ချယ်နီ၏ ငိုညာဥ်မှာကား တစ်နေရာသို့လွင့်ပါးသွားခဲ့ကြောင်းများကို မိဘနှစ်ဦးတို့သည် ကောင်းစွာသိရှိသဘောပေါက်သွားကြသည်သာ။

အထက်ပါ အဖြစ်သနစ်များသည် ခရစ်သက္ကရာဇ် ၆၉၂-ခုနှစ်တွင် ဖြစ်ပွားခဲ့လေသည်။

သို့ရာတွင် ချန်ရီတို့မိသားစုသည် ဤထူးဆန်းလှသော အဖြစ်သနစ်များကို မည်သူ့အားမျှ အသိမပေးဘဲ အထူးလျှို့ဝှက်ထားလိုက်ကြတော့သည်။

သို့နှင့် ချယ်နီသည် နောက်ထပ်သားသမီး ၅-ယောက်တို့ကို မွေးဖွားပြီးလျှင် သူတို့လင်မယားမှာလည်း အသက်ကြီးပြင်းလာလေ တစ်ဦးပေါ်တစ်ဦး အချစ်စိတ် ပိုကဲလေဖြစ်တော့သတည်း။

နန်နဝါရီလ၊ ၁၉၆၅
သွေးသောက်

❑

www.foreverspace.com.mm

## အသစ်အလွင်မှာ ပြောင်းခွာမွေ့သူမို့

သူပုန်များဘက်သို့ ကူးပြောင်းသွားသည့်တရုတ်စစ်ဗိုလ်ချုပ်ကြီး အွန်ယင်အား ဖမ်းဆီးရမိပြီး ၎င်းနှင့်တကွ သားမယားအားလုံးတို့မှာ ခရစ်သက္ကရာဇ် ၅၈၉-ခုနှစ်တွင် ကွပ်မျက်ခြင်းခံလိုက်ရကြောင်းကို တရုတ်လူမျိုးတိုင်းလိုပင် ကြားသိနှင့်ပြီးဖြစ်ပေလိမ့်မည်။

ဗိုလ်ချုပ်ကြီး အွန်ယင်နှင့် မိသားစုတို့ ယခုကဲ့သို့ သေပွဲဝင်ကာ မရှိမလှ ပျက်စီးသွားရခြင်းနှင့် စပ်လျဉ်း၍ ထင်မြင်ချက်အမျိုးမျိုး ပေးကြတော့သည်သာ။

မှောလိုသူအချို့က ဗိုလ်ချုပ်ကြီးနှင့် ၎င်း၏ မိဘဆွေမျိုးသားချင်းတို့မှာ တရုတ်နိုင်ငံ ဘုရင်ဧကရာဇ်မင်းမြတ်၏ ချစ်ကြည်မှုကို နှစ်ပေါင်းများစွာ ရရှိခံစားခဲ့ကြသူများဖြစ်သောကြောင့် ဝမ်းသားကြသည်။

သို့ရာတွင် လက်ရုံးရည် နှလုံးရည်တို့ဖြင့် ထူးချွန်စွာ စွမ်းဆောင်လာခဲ့သော စစ်ဗိုလ်ချုပ်ကြီး အွန်ယင်အပေါ်တွင် အချို့ကမူ လွန်စွာမှပင် ကရုဏာသက်မိကြတော့သည်။

ဗိုလ်ချုပ်ကြီး၏ မိတ်ဆွေရင်းဖြစ်ခဲ့သူ "ချိန်စွန်း"ကမူ ဗိုလ်ချုပ်ကြီး ပျက်စီးသွားရသည့်အတွက် လွန်စွာမှပင် နှမြောတသဝမ်းနည်းခြင်း ဖြစ်ခဲ့ရတော့သည်။

ချိန်စွန်း အသက် (၃၀)ခန့်အရွယ်တွင် ဗိုလ်ချုပ်ကြီးအွန်ယင်း၏ အမှုအကျင့် ဘဝတာလမ်းကြောင်းကို ပြောင်းလဲသွားစေရန် ပတ်ဝန်းကျင်အခြေအနေတို့သည် တစ်မျိုးတစ်ဖုံ ဖန်တီးဖြစ်ပေါ်လာခဲ့တော့သည်။

www.foreverspace.com.mm

ထိုစဉ်က အသက်ငယ်သေးသည့် ဗိုလ်ချုပ်ကြီးအွန်ယင်းသည် သူပုန်သူကန်များ အထူးဆူပူသောင်းကျန်းနေသော တရုတ်ပြည်တောင်ပိုင်းရှိ နယ်ပယ်များကို ကိုယ်ထိလက်ရောက် တိုက်ခိုက်လျက်ရှိသည်။

ထိုစဉ်တွင် ဗိုလ်ချုပ်ကြီးအွန်ယင်းမှာ အထူးပင်စိတ်မချမ်းမသာ ဖြစ်နေသည်။

ဗိုလ်ချုပ်ကြီး အွန်ယင်း၏သားကို သူပုန်နယ်ထဲမှ တိတ်တဆိတ်ခိုးယူခဲ့ပြီး လျှို့ဝှက်စွာ ကြည့်ရှုကျွေးမွေး စောင့်ရှောက်နိုင်ခဲ့သော ချိန်စွန်းသည် ၎င်းရေးသားခဲ့သော "မျောက်ဖြူ"ခေါ် ဝတ္ထုထဲတွင် ဗိုလ်ချုပ်ကြီးစိတ်မချမ်းမသာ ဖြစ်ခဲ့ရသည့် အကြောင်းများကို တစ်စိတ်တစ်ဒေသဖော်ပြခဲ့သည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး၏ကိုယ်ရံတော်ဖြစ်ခဲ့ဖူးသူ (ကွမ်းတုံနယ်သား) မစ္စတာလီကမူ ဗိုလ်ချုပ်ကြီး၏ အကြောင်းများကို "ချိန်စွန်း" ထပ်ပိုမိုသိရှိခဲ့ရသည်။

သူသည် ဗိုလ်ချုပ်ကြီး၏ ဘဝလမ်းစဉ်ကို အစမှအဆုံး ကိုယ်တိုင်ကိုယ်ကျ သိရှိလာခဲ့သည်။ အောက်ပါအကြောင်းမှာ မစ္စလီ၏ ထုတ်ဖော်ပြောပြချက်များပင်ဖြစ်တော့သည်။ မစ္စတာလီသည် ယခုသော်မူ အသက် ၆၀-ရှိနေချေပြီ။

(၂)

စစ်ဗိုလ်ချုပ်ကြီး အွန်ယင်းအား စစ်ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်မြှောက်စားခြင်းခံရသည့်နေ့မှစ၍ ကျွန်ုပ်သည် ၎င်း၏လက်အောက်တွင်း ၎င်း၏ကိုယ်ရံတော်အဖြစ် သစ္စာရှိစွာ ထမ်းရွက်လာခဲ့သည်။ ကျွန်ုပ်တို့၏ သစ္စာသမာဓိနှင့် လုပ်ရည်ကိုင်ရည်များကြောင့် ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီး၏ ချစ်ကြည်ယုံကြည်မှုကို ခံယူရရှိခဲ့သည်။ ဗိုလ်ချုပ်ကြီးတွင် အသက်လည်းငယ်၊ မျိုးရိုးလည်းကောင်းပြီး လှပ်စွာချောမောလှပသည့် ဇနီးငယ်တစ်ယောက်ရှိသည်။ တစ်ရက်တွင် ၎င်းမယားငယ်မှာ ဖမ်းဆီးယူဆောင်သွားခြင်းကိုခံလိုက်ရရှာတော့သည်။ သို့ဖမ်းဆီးယူဆောင်သွားသူမှာကား အခြားသူမဟုတ်ဘဲ "မျောက်ဖြူ"ပင် ဖြစ်ရမည်ဟူ၍ကား ကျွန်ုပ်တို့ သိနှင့်ကြပြီဖြစ်တော့သည်။ ဗိုလ်ချုပ်ကြီးသည် ထမင်းစားပွဲတွင် အထူးပင် တွေဝေငေးမောနေချေတော့သည်။

ကျွန်ုပ်တို့သည် တရုတ်ပြည် တောင်ပိုင်းနယ်အဝင်ချန်လို အမည်ရှိသောမြို့နယ်တွင် စစ်စခန်း ချနေကြသည်။ ဗိုလ်ချုပ်ကြီးအား ၎င်း၏ဇနီးချောကို ၎င်းနှင့်အတူ ခေါ်ဆောင်မသွားရန် ကြိုတင်သတိပေးထားပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤချန်လိုမြို့၏ မိုင် ၁၀၀ ပတ်ဝန်းကျင်တွင် ချောက်ဖြားသည် အထူးထကြွ သောင်းကျန်းလျက်ရှိနေသည့်ပြင် မိန်းမချောများကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားလေ့ရှိရာ ဖမ်းဆီးခေါ်ဆောင်သွားပြီဆိုလျှင် သတင်းအစအနမျှပင် မရရှိနိုင်တော့သောကြောင့် ဖြစ်ချေသည်။

ဗိုလ်ချုပ်ကြီးသည် အထူးသတိရှိသူဖြစ်သည့်အတိုင်း ၎င်းစခန်းချ တည်းခိုနေထိုင်ရာ အိမ်၏ပတ်ဝန်းကျင်တွင် အစောင့်စစ်သားများကို အထပ်ထပ်ကင်းချထားပြီးလျှင် အိမ်ဖော်မိန်းမအများကိုလည်း ၎င်း၏ဇနီးချော အိပ်သည့်အခန်း အတွင်းအပြင်နေရာများ၌ အမြဲမပြတ်ထားရှိစောင့်ရှောက်စေသည်။

တစ်ည သန်းခေါင်ကျော်အချိန်တွင် အစောင့်မိန်းမတစ်ဦးသည် အသံတစ်သံကို ကြားလိုက်ရသဖြင့် အိပ်ရာမှ ရုတ်တရက် နိုးလာရတော့ရာ ဗိုလ်ချုပ်ကြီး၏ ဇနီးချောကို ရှာ၍မတွေ့ရတော့ချေ။ အိမ်တံခါးများကို သေချာစွာ အလုံပိတ်ထားသည်ဖြစ်ရကား ဗိုလ်ချုပ်ကြီး၏ မယားချောကို ဆွဲခေါ်သွားသူသည် အိမ်တွင်းသို့ မည်သည့်နည်းနှင့် ဝင်ရောက်လာနိုင်ခဲ့ကြောင်းကိုကား မည်သူမျှမသိချေ။

ဗိုလ်ချုပ်ကြီးဇနီး၏ အစောင့်မိန်းမတစ်ယောက်အော်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း အိပ်နေရာမှ လန့်နိုးလာရချေတော့သည်။ ၎င်းအစောင့်မိန်းမသည် အိပ်ခန်းအတွင်းမှ အပြင်သို့ပြေးထွက်လာပြီးလျှင် ၎င်း၏သခင်မ ပျောက်သွားပြီဖြစ်ကြောင်း အော်ဟစ်တော့သည်။

ကျွန်ုပ်တို့ စခန်းချနေထိုင်ကြလျက်ရှိသော အိမ်မှာ အတော်ပင်မြင့်သော တောင်ထိပ်တစ်ခုပေါ်တွင် တည်ရှိလျက် ၎င်းအိမ်နှင့် ကိုက် ၁၀၀-ခန့်အကွာတွင် လွန်စွာနက်ရှိုင်းလှသည့် ချောက်ကမ်းပါးကြီးများသည် ၃-ဖက် ၃-တန် တည်ရှိဖြစ်ထွန်းနေကြတော့သည်။

ထိုနံနက်ဝယ် နှင်းမြူများကလည်း ဖြစ်ပေါ်လျက်ရှိနေရကား ကိုက် ၂၀-ကျော်လွန်လျှင် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်နိုင်တော့ချေ။

www.foreverspace.com.mm

သို့ဘိရကား ဗိုလ်ချုပ်ကြီးဇနီးအား ဖမ်းဆီးခေါ်ဆောင်သွားသူ နောက်သို့ လိုက်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ ခြေတစ်ချက် ချော်သွားပါက ချောက်ထဲသို့ မုချကျရောက် သေကြေပျက်စီးသွားရချိမ့် မည်သာ။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ရန်သူနောက်သို့ နာရီဝက်မျှသာ တဖြည်းဖြည်းလိုက်နိုင်ကြပြီးနောက် လက်လျှော့လိုက်ရချေတော့သည်။

ဗိုလ်ချုပ်ကြီးသည် ကျွန်ုပ်တို့နှင့်အတူ ရန်သူနောက်သို့ လိုက်ရာမှ ပြန်ရောက်လာပြီးနောက် ဒေါသရောင်လျှမ်းသည့် မျက်နှာဖြင့် အစောင့်မိန်းမအား အသေးစိတ်မေးမြန်းချေတော့သည်။ သူသည် အစောင့်မိန်းမ၏ ပခုံးနှစ်ဖက်ကို လှုပ်လိုက်ပြီးလျှင်…

*"မင်း … ဘာတွေကို မြင်လိုက်သလဲ"*

အစောင့်မိန်းမလည်း ငိုယိုကာ…

*"ဘုရား ကျွန်မ ဘာကိုမှ မမြင်လိုက်ရပါဘူးအရှင်၊ ဘုရား ကျွန်မဟာ စူးရှတဲ့ အသံတစ်သံကို ကြားမိရတဲ့အတွက် အိပ်ရာကလန့်နိုး လာရတာနဲ့ တစ်ပြိုင်နက် သခင်မကို မမြင်မတွေ့ရတော့ပါဘူးအရှင်"*

ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီး ဒေါသစိတ်လွှန်ကဲသည်ကို ပထမဆုံး အကြိမ် မြင်ရခြင်းဖြစ်သည်။ ရှေးယခင်အခါများကမူကား ဗိုလ်ချုပ်ကြီး ဒေါသထွက်ဖူးသည်ကို တစ်ကြိမ်တစ်ခါမျှ မမြင်မိခဲ့ဖူးပါ။ ၎င်းသည် နာယကဂုဏ် (၆)ပါးနှင့် မုချပြည့်လျှမ်းသူ တစ်ယောက်ပေပင်။

*"မင်းတို့အထဲမှာ မျောက်ဖြူကို မြင်ဖူးတဲ့သူ ရှိသလားဟေ့"* ဟု ဗိုလ်ချုပ်ကြီးက မေးလိုက်တော့သည်။

ကျွန်ုပ်တို့အထဲတွင် မျောက်ဖြူကို မြင်ဖူးသူ တစ်ယောက်မျှမရှိချေ။ ထို့ကြောင့် ကျွန်ုပ်က ချန်လိုဒေသနှင့် ပတ်ဝန်းကျင် မိုင် (၁၀၀) အကွာတွင် နေထိုင်ကြသော လူအများပင် မျောက်ဖြူကို မြင်ဖူးကြကြောင်း၊ ၎င်းတို့သည် တောင်ခြေများတွင် ထင်းများခုတ်နေကြစဉ် မျောက်ဖြူသည် စောက်မတ်လှသည့် တောင်ကမ်းပါးယံကြီးကို တွယ်ပြီး မြင့်မားလှသော တောင်ထိပ်ပေါ်သို့ တက်သွားသည်ကို အဝေးမှ မြင်လိုက်ဖူးကြောင်းနှင့် ပြန်လည်လျှောက်ကြားလိုက်တော့သည်။

*"မျောက်ဖြူဟာ လူရိုင်းတစ်ယောက်လို့ မင်းထင်သလား၊ ငါ အခုလို မေးရခြင်းဟာ ပြန်လည်ကလဲ့စား ချေလိုလို့ဖြစ်တယ်၊ မျောက်ဖြူဟာ လူရိုင်းတစ်ယောက်သာ မှန်ရင်ဖြင့် လူရိုင်းမုန်သမျှကို ငါ အမြစ်ဖြတ်ရလိမ့်မယ်"*

www.foreverspace.com.mm

"ကျွန်တော်မျိုး မတွေးတတ်ပါ၊ မျောက်ဖြူဟာ မြို့ငယ်များသို့ တစ်ခါတစ်ရံ လာတတ်ကြောင်း၊ သမင်ကို ထမ်းလာပြီး သမင်သားတွေကို လာရောင်းတတ်ကြောင်း၊ ဝက်ဝံသားရေ၊ တောဝက်စွယ်နဲ့ တောင်ဆိတ်ချို များကိုလည်း ယူဆောင်လာတတ်ပြီး ဈေးမှာတရားသဖြင့် ရောင်းချလေ့ရှိကြောင်း၊ ရတဲ့ငွေများကို ဓား၊ လက်သမားကိရိယာတန်ဆာပလာနဲ့ ဆားများကို ဝယ်ပြီး ယူဆောင်သွားလေ့ရှိကြောင်း၊ ၎င်းဟာ တရုတ်စကား ကို ရေလည်စွာပြောတတ်ကြောင်း၊ တရားသဖြင့်သာ ရောင်းချဝယ်ယူ တတ်ကြောင်း၊ ၎င်းကို လိမ်လည်ရင် လိမ်လည်သောသူဟာ တစ်ပတ် အတွင်းမှာ တောမှာ မြွေးကြီးအန်းဆတ်နဲ့ သေဆုံးရမြဲဖြစ်ကြောင်းများကို မြို့သူမြို့သားများထံက ကျွန်တော်မျိုး တစ်ဆင့်စကား ကြားသိခဲ့ရပါတယ် အရှင်"

"သူ့ရုပ်လက္ခဏာ ဘယ်လိုနေသလဲ"

ထိုနယ်ပယ်ဒေသတွင် မွေးဖွားကြီးပြင်းလာခဲ့သူ ဒု-ဗိုလ် မစ္စတာ ယင်းက မျောက်ဖြူသည် အလွန်အသားဖြူကြောင်း၊ အရပ်မှာ ၅-ပေ ၁၀-လက်မခန့်မြင့်ကြောင်း၊ လက်မောင်းနှစ်ဖက်မှာ လွန်စွာအလုံးကြီးပြီး လည်ပင်းအလွန်တိုကြောင်း၊ ၎င်းမျက်ခုံးမွေးနှင့် ဆံပင်များမှာ ရွှတ်ရွှတ် ဖြူနေပြီး ရင်ဘတ်ပေါ်တွင်လည်း အမွေးရှည်များ ပေါက်နေကြောင်း၊ ၎င်း၏ပြေးဟန်မှာ မျောက်သတ္တဝါများပြေးဟန်နှင့် တစ်ပုံတည်းပင် ဖြစ်ကြောင်း၊ မျောက်သတ္တဝါနှင့် အလွန်တူလှကြောင်းများကို မိမိတစ်ဆင့် ကြားဖူးကြောင်းနှင့် ပြန်လည်လျှောက်ကြားလေသည်။

"မျောက်ဖြူဟာ အသက်ငယ်တဲ့ မိန်းမတွေကိုသာ အလိုရှိပါ တယ်"

ဗိုလ်ချုပ်ကြီးသည် မှိုင်တွေကာ အသက်ပြင်းတစ်ချက် ရှူလိုက် ပြီး…

"မျောက်ဖြူဖမ်းဆောင်သွားတဲ့ မိန်းမငယ်တွေကို ပြန်ပြီး တွေ့ဖူး သလား၊ ဒါမှမဟုတ်ရင်လဲ သူတို့ရဲ့အလောင်းတွေကို မြင်ဖူးသလား"

"တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့နိုင်ခဲ့ပါဘူး၊ အင်မတန် ဆန်းကြယ်ပါတယ်၊ မျောက်ဖြူက သူဖမ်းဆောင်သွားတဲ့ မိန်းမငယ်တွေကို မတရားကျင့်ပြီး စွန့်ပစ်လိုက်ရင် သူတို့ပြန်လာကြတာ တွေ့ရမှာပဲ၊ ဒါမှ မဟုတ်ရင်လဲ သူတို့ရဲ့ အလောင်းတွေကို တွေ့ရမှာပဲ"

"မျောက်ဖြူဟာ ကလေးတွေကိုလဲ ဖမ်းဆောင်သွားခဲ့ဖူးသလား"

www.foreverspace.com.mm

*"ကလေးတွေကို တစ်ခါမှ မဖမ်းဆောင်သွားခဲ့ဖူးပါ၊ သူဟာ အသက် ၁၈-နှစ်က ၂၂-နှစ်အရွယ်ထိ မိန်းမပျိုများကိုသာ ရွေးပြီး ဖမ်းဆောင်သွားလေ့ရှိကြောင်း ကျွန်တော်မျိုးတို့ ကြားသိခဲ့ရပါတယ်၊ ကလေးရှိတဲ့ မိန်းမများကိုလဲ ဘယ်တော့မှ ဖမ်းဆောင်သွားလေ့ရှိတယ်လို့ မကြားမိဘူးပါ၊ ဘာကြောင့်လဲလို့ ကျွန်တော်မျိုးလဲ မတွေးတတ်ပါ၊ ကလေးရှိတဲ့ မိန်းမတွေဟာ မျောက်ဖြူရဲ့ရန်က ကင်းဝေးနိုင်တယ်တဲ့၊ မိခင်တချို့က မျောက်ဖြူဟာ ကလေးတွေကို အလွန်မုန်းချစ်တယ်လို့လဲ ပြောကြပါတယ်"*

ဗိုလ်ချုပ်ကြီးသည် ဘာမျှမတတ်နိုင်ဘဲ လက်လျှော့ရမည်သို့ ဖြစ်နေတော့သည်။ မျောက်ဖြူသည် မိမိဇနီးချောကို ဖမ်းဆောင်သွားခြင်းမှာ မိမိအား လက်စားချေလိုသောကြောင့်လော။ သို့တည်းမဟုတ် ဗိုလ်ချုပ်ကြီး ဖြစ်သော မိမိအား နောက်ပြောင်လိုက်သောကြောင့်ပင်လောဟူ၍ မတွေးဆတတ်အောင်ပင် ရှိနေလေတော့သည်။ မိမိဇနီးချောကို ဖမ်းဆီးယူဆောင်သွားနိုင်ခဲ့ခြင်းမှာ မိမိဂုဏ်ကို ထိခိုက်ရုံမျှမကသေး တရုတ်ပြည်သူ့တပ်မတော်ကြီး တစ်ခုလုံး၏ အသရေကိုလည်း လွန်မင်းစွာ ညှိုးနွမ်းစေတော့သည်ဟု ထင်မြင်ယူဆကာ ရှက်သွေးဖြာမိချေတော့သည်။

ဗိုလ်ချုပ်ကြီးသည် မဟာအခက်ကြီးနှင့် ကြုံတွေ့နေရချေတော့သည်။ ဤကဲ့သို့ လျှင်မြန်ဖျတ်လတ် ပါးနပ်ပြီး ဖွဲကောင်းလှသည့် တစ်ဦးတည်းသော ရန်သူကို ဖြိုနှိမ်ရန်မှာ သူပုန်များကို တိုက်ဖျက်ရသည်ထက်ပင် ခက်ခဲလှပါဘိတောင်း။

ဗိုလ်ချုပ်ကြီးသည် မိမိ၏စစ်သားများအား ၁၀၊ ၂၀ မိုင် ပတ်ဝန်းကျင်ရှိရာ တောင်ကြားများ၊ ချောက်ကမ်းပါးယံများနှင့် တောင်ခါးပန်းများရှိရာသို့ စေလွှတ်ပြီး မိမိဇနီးချောကလေးအား ရှာဖွေတွေ့ရှိနိုင်ရေးအတွက် သဲလွန်စများကို ကြည့်ရှုစုံစမ်းစေတော့သည်။

နှစ်ပတ်မျှအကြာတွင် စစ်သားတစ်ယောက် ပြန်လည်ရောက်ရှိလာပြီး ချန်လိုမြို့နှင့် မိုင် ၃၀-မျှ အကွာရှိ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် မိန်းမစီး ဖိနပ်နီတစ်ဖက်ကို ရှာဖွေရရှိလာကြောင်း အစီရင်ခံသည်။ ဗိုလ်ချုပ်ကြီး၏ ဇနီးသည် ထိုမျှဝေးကွာသည့်ခရီးကို ဘယ်နည်းနှင့်မျှ လမ်းလျှောက်သွားနိုင်လိမ့်မည် မဟုတ်ရကား ၎င်းအား မျောက်ဖြူကပင် ထမ်းဆောင်သွားခြင်း ဖြစ်ရမည်ဟု တွေးထင်ကြရတော့သည်။

၎င်း၏ ဖိနပ်တစ်ဖက်ကို ဗိုလ်ချုပ်ကြီးအား ပေးအပ်လိုက်ရာ မိုးရကြောင့် အရောင်မှာ အတော်ပင် မှေးမှိန်နေချေတော့သည်။

၄င်းဖိနပ်မှာ ဗိုလ်ချုပ်ကြီးဇနီး၏ ဖိနပ်အစစ်အမှန်ပင် ဖြစ်ကြောင်းနှင့် အစောင့်မိန်းမများက အတိအလင်း သက်သေခံကြတော့သည်။

သို့ဖြစ်၍ ဗိုလ်ချုပ်ကြီး၏ဇနီးမှာ ရန်သူလက်တွင် အသက်ရှင်လျက် ရှိနေရပေမည်ဟု ချက်ရမ်းဆမိကြတော့သည်။ သို့ပြားလည်း ရန်သူဖြစ်သော မျောက်ဖြူအား မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်ပါအံ့နည်း။

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်ကြီးအား လွန်စွာမှပင် သနားမိကြတော့သည်။ ၄င်းသည် တစ်နေ့လုံး ထမင်းမစားဘဲ မှိုင်တွေနေချေတော့သည်သာ။ ထိုနေ့တွင် ၄င်းအား မည်သူမျှ စကားမပြောဝံ့ချေ။

## (၃)

နောက်တစ်ရက် နံနက်စာမစားမီတွင် ဗိုလ်ချုပ်ကြီးသည် ကျွန်ုပ်အား ခေါ်လိုက်တော့သည်။

*"မစ္စတာသိ ... ငါ့ဇနီးကို လိုက်လံရှာဖွေဖို့ ငါတို့ဒီနေရာက ခရီးထွက်ကြမယ်၊ နောက်မှပဲ သူပုန်ရန်ကို ဖြိုနှိမ်တော့မယ်၊ ဒါကြောင့် သန်မာတဲ့ လူ ၂၄-ယောက်ကို ရွေးချယ်ပြီး ခေါ်ဆောင်သွားရမယ်၊ လိုအပ်တဲ့ အစားအစာတွေကို ယူဆောင်သွားဖို့ မမေ့နဲ့၊ ငါတို့ တစ်လလောက် ကြာကောင်းကြာလိမ့်မယ်၊ ဘယ်သူမှ အသေအချာမပြောနိုင်ဘူး။ လက်ဖတင်နင်ဝမ်းတို့လဲ လိုက်ပါစေချင်တယ်"*

ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးပြောသည့်အတိုင်း လိုအပ်သလို စီစဉ်ဆောင်ရွက်တော့သည်။ ပျိုရွယ်သန်မာထွားကျိုင်းသူ ၂၄-ဦးကို ရွေးချယ်လိုက်သည်။ ၄င်းတို့မှာ လေးမြားအပစ်နှင့် ဓားခုတ်၊ လှံထိုးမှုများတွင် လွန်စွာကျွမ်းကျင်ကြသောသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့အတွက် အစားရိက္ခာ မြောက်မြားစွာ ယူဆောင်သွားရန် မလိုချေ။ အဘယ့်ကြောင့်ဆိုသော် သွားရမည့်ခရီးတစ်လျှောက်တွင် လိမ္မော်ပင်အများ သီးနေလျက် ကျွန်ုပ်တို့လူများမှာလည်း မျောက်ဥရိုင်းများကို တူးဖော်ပြီး မီးဖုတ်စားသောက်တတ်ကြသောကြောင့်ပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးမှာ လေးပစ်လွန်စွာကျွမ်းကျင်ပြီး လိမ္မော်သီးတစ်လုံးကို ပေ ၁၀၀-အဝေးမှ မြားဖြင့် အလွဲအချော် ပစ်နိုင်သူတစ်ယောက်ပါပေ။



www.foreverspace.com.mm

ကျွန်ုပ်တို့သည် တောင်ပေါ်၌ ခရီးသွားရသည့်အတွက် လွန်စွာ ပျော်ကြသည်။ တောတောင်များ၏ သဘာဝအခြေအနေသည် လွန်စွာ သာယာလှပါသတောင်း။ ကျွန်ုပ်တို့သည် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီး တောတောင်ကြီးများကို ကျော်ဖြတ်သွားကြရသည်။ ပေ ၁၀၀-မျှမြင့်သော ဝါးပင်ကြီးများ ပေါက်ရောက်ရာဒေသ တစ်လျှောက်ကိုလည်း ကျော်ဖြတ်ခဲ့ကြသည်။ ၎င်းမြင် တောင်ပေါ်လမ်းတစ်လျှောက်တွင်လည်း သား ကောင်အများကို ပစ်သတ်ပြီး ဖုတ်ကင်စားသောက်ခွင့်ရခဲ့ကြသည်။

ခရီးတစ်လျှောက်တွင် ကျွန်ုပ်တို့ တွေ့ဆုံလိုက်ရသော တောင်ပေါ်သားများသည် ကျွန်ုပ်တို့ မည်သူများဖြစ်ကြောင်း သိကြသည်။ ၎င်းတို့သည် လွန်စွာဖော်ရွေကြပြီး အမဲလိုက်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်းတို့ဖြင့် အေးချမ်းစွာ နေထိုင်စားသောက်လျက် ရှိကြလေရာ ၎င်းတို့နှင့် ကောင်းမွန်ရိုးသားစွာ ဆက်ဆံသူတိုင်းအား ရန်ပြုလေ့မရှိကြချေ။ သို့ရာတွင် ၎င်းတို့ထံမှ မျောက်ဖြူ၏သတင်းကို တစ်စွန်းတစ်စမျှပင် မရရှိနိုင်ခဲ့ချေ။ ၎င်းတို့အား မျောက်ဖြူအကြောင်း မေးမြန်းလျှင် "မသိ"ဟူ၍သာ ပြန်ပြောလေ့ရှိရကား မျောက်ဖြူသည် ၎င်းတို့နှင့် လွန်စွာသင့်မြတ် ချစ်ကြည်လျက်ရှိလေမည်လားဟု ဗိုလ်ချုပ်ကြီးက သံသယမကင်း ဖြစ်မိတော့သည်။

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်ကြီး တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသည့် တရုတ်ပြည်တောင်ပိုင်းရှိ နယ်တစ်နယ်သို့ ဦးတည်ကာ ခရီးဆက်နေသည်။ ၎င်းနေရာဒေသတွင် စိမ်းစိုသော သစ်ပင်များသည် တဖြည်းဖြည်းနည်းပါးလာပြီး ခြောက်သွေ့သော ကျောက်တောင်ငယ်အများကို မြင်ရသည်။ တစ်စတစ်စနှင့် ကျောက်တောင်များကို ကျော်လွန်သော် လွန်စွာမြင့်မားသည့် ကျောက်တောင်ကြီးများကို မြင်ရတော့သည်။ သို့ရာတွင် လူအရိပ်အယောင်ကိုကား မမြင်တွေ့ကြရတော့ချေ။ ရေရရန်လည်း လွန်စွာ ခက်ခဲလာချေတော့သည်။ ကျွန်ုပ်တို့ ခရီးထွက်လာကြသည်မှာလည်း မိုင် ၁၀၀-ခန့်မျှရှိလာချေပြီ။

ကျွန်ုပ်တို့သည် ၃-နာရီမျှ ခရီးဆက်ကြပြီးနောက် မြက်စိမ်းများ ပေါက်နေသော တောင်ခြေရင်းသို့ ရောက်လာကြတော့သည်။

မစ္စတာလိုအမည်ရှိသော စစ်သားတစ်ယောက်က…

"*ကြည့်စမ်း … ကြည့်စမ်း*" ဟု အော်ဟစ်ပြောဆိုလိုက်သည်။ ကျွန်ုပ်တို့သည် ၎င်းညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ကျောက်တုံး ဗိုခ

နောင့်ဆိုင် ၃-လုံးနှင့် မီးလောင်ကျွမ်းထားသော ထင်းစအသစ်စက်စက်များကို အံ့သြစွာ တွေ့မြင်ကြရတော့သည်။ ၎င်းမီးဖိုပတ်ဝန်းကျင်တွင်လည်း ၄က်ပျောရွက်စိမ်းနှင့် လိမ္မော်သီးခွံများ ပြန့်ကျဲလျက်ရှိနေသည်ကို အံ့သြစွာ တွေ့မြင်ကြရတော့သည်။ ကျွန်ုပ်တို့သည် နှစ်ရက်တာမျှပင် လူရိပ်လူငွေ့ကို မမြင်ကြရဘဲလျက် ခရီးဆက်လာခဲ့ကြရသည်ဖြစ်ရာ မီးဖိုကို မြင်လိုက်ရသည်ရှိသော် လူသူနှင့် နီးလာပြီဖြစ်ကြောင်းကို ရိပ်စားမိလာကြတော့သည်။

မစ္စတာလိုသည် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကိုကြည့်လိုက်ပြီး…

*"ဒီမှာကြည့်စမ်း"* ဟု အလန့်တကြား အော်ဟစ်ညွှန်ပြပြန်သည်။ ကျွန်ုပ်တို့သည် ၎င်းအနားသို့ ပြေးသွားကြသည်။ လိုသည် မြေပေါ်မှ မိန်းမများ ခေါင်းတွင်စည်းသည့် ဖဲကြိုးတစ်ကြိုးကို ကောက်ယူလိုက်ပြီး ကျွန်ုပ်တို့အား ပြသလေတော့သည်။

*"ဒီဖဲကြိုးဟာ ဗိုလ်ချုပ်ကြီးကတော်ရဲ့ ဖဲကြိုးဖြစ်ရမယ်"* ဟု မစ္စတာလိုက ဆိုလေသည်။

ဗိုလ်ချုပ်ကြီးကား မိမိဇနီးဖဲကြိုးဖြစ်ကြောင်း တပ်အပ်သေချာစွာ မပြောနိုင်ဘဲ ဖဲကြိုးကို စိုက်ကြည့်ပြီး သက်ပြင်းကြီးတစ်ချက် ချလိုက်တော့သည်။ ထိုညတွင် ကျွန်ုပ်တို့သည် လေဟာပြင်တွင် စခန်းချကြသည်။ မှုအိုက်လွန်းလှသည့် ဇွန်လတွင် ခရီးသွားရသည်မှာ ပင်ပန်းလှပါဘိတောင်း။

နောက်တစ်ရက်နံနက်တွင် ကျွန်ုပ်တို့သည် ခရီးဆက်ကြပြန်သည်။ ပေ ၃၀၀၀-မျှ မြင့်မားလှသော တောင်ကြီးများပေါ်သို့ တက်ကြရသည်။ ငွေရောင်ကဲ့သို့ ဖြူဖွေးလှပသည့် ရစ်၄က်များကို မကြာမကြာ တွေ့မြင်ကြရသည်။

ကျွန်ုပ်တို့သည် တောင်ကြီးတစ်တောင်၏ ထိပ်ပေါ်သို့ ပင်ပန်းစွာနှင့် ရောက်ရှိကြသောအခါ ထူးဆန်းသော မြက်ခင်းတစ်ရပ်ကို အံ့သြစွာ တွေ့မြင်ကြရတော့သည်။ ထိုထူးဆန်းသောမြက်ခင်းမှာ အခြားမဟုတ် ကျောက်တုံးများကို တစ်ခုပေါ်တစ်ခု ထပ်စီလျက် ပြုလုပ်ထားသော ရေကာတာကြီးတစ်ခုပင် ဖြစ်လေသည်။ ထိုရေကာတာကြီးမှာ ထိုအရပ်ဒေသတွင် နေထိုင်ကြသော လူများက လျင်မြန်စွာ စီးဆင်းနေသော မြစ်ရေကို လမ်းလွှဲပြောင်းစေပြီး ချိုင့်ဝှမ်းတွင်ရှိသော အိုင်ကြီးထဲသို့ စီးဆင်းစေရန် တည်လုပ်ထားခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ၄င်းအရပ်ဒေသကို လှည့်လည်ကြည့်ရှုရာ ကျွန်ုပ်တို့ရောက်ရှိနေသော နေရာမှ တစ်ဖက်ရှိ တောင်ကြီးဆီသို့ ကူးဖြတ်မသွားနိုင်အောင် လွန်စွာနက်ရှိုင်းလှသော မြောင်းကြီးတစ်ခု ရစ်ခွေဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ကြရသည်။ ယင်းမြောင်းကြီးထဲတွင် မြစ်ရေတသွင်သွင် စီးဆင်းနေတော့ရာ တစ်ဖက်ရှိ တောင်ကြီးဆီသို့ ကူးသွားရန်မှာ မဖြစ်နိုင်လောက်အောင် ခက်ခဲနေချေတော့သည်။

တစ်ဖက်ရှိ တောင်ကြီးဆီသို့ သွားနိုင်ရန်လမ်းသည် မြောက်ဘက်တွင် မုချရှိနေရမည်ဟူသော ထင်စားမှုဖြင့် ကျွန်ုပ်တို့သည် မြောက်ဘက်သို့ ခြေဦးလှည့်ကြတော့သည်။ သစ်တောအုပ်ကြီးတစ်ခုကို ဖြတ်ကျော်ပြီး နာရီဝက်ခန့်မျှကြာသော် ကျွန်ုပ်တို့ရှေ့တွင် ကျောက်တုံးများဖြင့် ပြုလုပ်ထားသည့် မြို့ရိုးကြီးတစ်ခုကို တောင်ငယ်တစ်တောင်ပေါ်တွင် အုံ့ဆိုင်စွာ မြင်ကြရတော့သည်။ ကျွန်ုပ်တို့သည် မကြာမီပင် ယင်းမြို့ရိုးကြီးအနားသို့ ရောက်သွားကြတော့သည်။

ဗိုလ်ချုပ်ကြီးက . . .

*"အင်း . . . အင်မတန်ထူးဆန်းတာပဲ၊ ဒီမြို့ရိုးကြီးအတွင်းမှာ ဘယ်သူတွေနေကြတယ်၊ တစ်ဖက်ကထွက်လမ်းပေါက်တွေဟာ ဘယ်မှာရှိနေတယ်ဆိုတာ သိဖို့ အင်မတန်ခက်တော့တာပဲ၊ ရန်သူတွေနဲ့တွေ့ရင် ငါတို့တော့ တိုက်ခိုက်နိုင်မှာပဲ၊ ဒါပေမယ့် ထွက်လမ်းပေါက်တွေကို ငါတို့သိမထားနိုင်ရင် တမန်းရှုံးနိမ့်ပြီးသားပဲ၊ ဒီမြို့ရိုးကြီးအတွင်းမှာ နေကြတဲ့လူတွေဟာ တခြားအရပ်ကလူတွေ ကျူးကျော်ဝင်ရောက်လာကြတာကို မုချ ကြိုက်နှစ်သက်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီမြို့ရိုးနဲ့ မြို့ရိုးအတွင်းရဲ့ အနေအထား အခြေအနေ စသည်တို့ကို သေချာစွာကြည့်ရှု အကဲခတ်ချင်သေးတယ်၊ မင်းတို့ ဘယ်လိုသဘောရကြသလဲ"* ဟု ကျွန်ုပ်တို့အား မေးမြန်းလေတော့သည်။

ကျွန်ုပ်တို့အားလုံးကပင် ဗိုလ်ချုပ်ကြီးနှင့် သဘောချင်းတိုက်ဆိုင်ကိုက်ညီကြသည်။

## (၄)

ကျွန်ုပ်တို့သည် တောင်ထိပ်ပေါ်သို့ တဖြည်းဖြည်းတက်ရောက်မိကြပြီးလျှင် မကြာမီအတွင်းမှာပင် လူတစ်ယောက်မျှ ဝင်သာသော မြို့ရိုးတံခါးငယ်အဝသို့ ရောက်သွားကြသည်။

www.foreverstar.com.mm

ကျွန်ုပ်တို့သည် ပိတ်ထားသည့် တံခါးငယ်ကို အကြိမ်ပေါင်းများစွာ ခေါက်ကြခြေားလည်း မည်သို့မျှထူးခြားလာချေ။ တံခါးနှင့် နားကိုကပ်၍ နားထောင်ကြည့်သည်တွင် ကလေးနှင့် မိန်းမများ၏ ရယ်မောသံများကို အဝေးမှ ကြားရတော့သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် တံခါးရွက်ကို ကျောက်တုံးဖြင့် အကြိမ်ပေါင်းများစွာ ထုရိုက်ပြီး ကျယ်လောင်စွာ အော်ဟစ်ကြတော့သည်။ မိနစ် ၂၀-ခန့်မျှ အကြာတွင် မြို့ရိုးတံခါး ထိပ်ဝမှ ခေါင်းတစ်လုံးပြူထွက်လာပြီး မေးမြန်းလေတော့သည်။

*"ဟေ့ … မင်းတို့ ဘယ်သူတွေလဲ"*

လက်ဖတင်နင် ဝမ်းသည် ၎င်းတို့၏စကားကို တတ်ကျွမ်းနားလည်သဖြင့် ဖြေကြားလေသည်။

*"ကျွန်ုပ်တို့လူစုဟာ အမဲလိုက်ရန် လာကြသူများဖြစ်ပါတယ်၊ တောင်အရပ်ကို ကျော်ဖြတ်သွားချင်ကြပါတယ်"*

ထွက်ပြူလာသော ဦးခေါင်းသည် ပျောက်ကွယ်သွားပြီးနောက် မြို့ရိုးအတွင်းမှ စကားပြောသံများကို ကြားရတော့သည်။

ကျွန်ုပ်တို့သည် မြို့ရိုးထိပ်ဆီသို့ ကြည့်မြန်သောအခါ မြား ၁၀-စင်းမျှ ကျွန်ုပ်တို့ဆီသို့ ဦးတည်ကာပေါ်လာသည်ကို တွေ့ရသည်။

လက်ဖတင်နင်ဝမ်းက ကျွန်ုပ်တို့သည် ရန်ပြုရန်မဟုတ်ဘဲ အေးချမ်းစွာလာခြင်းဖြစ်၍ မြို့တံခါးကို ဖွင့်ပေးရန်တောင်းမန်လေတော့သည်။

တံခါးပွင့်သွားသောအခါ လက်ဖတင်နင်ဝမ်းက ရှေ့ဆုံးမှ ဝင်သွားလေသည်။

သူသည် ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ လူ ၁၀-ယောက်သည် မတ်တပ်ရပ်လျက် အခြား ၁၀-ယောက်မှာ ဒူးထောက်ကာ ဒူးလေးများဖြင့် ချိန်ရွယ်ထားသည်ကို တွေ့ရသည်။ တံခါးဝအတွင်းဒြဲမှကား ဓားလွယ်ကိုယ်စီကိုင်စွဲထားသော လူ ၆-ယောက်တို့သည် ၎င်းအနားသို့ ချဉ်းကပ်လာကြတော့သည်။ ၎င်းတို့သည် ဝမ်း၏ဓားလွယ်ကို ဓားအိမ်အတွင်းမှ ဆွဲယူလိုက်ကြတော့သည်။ ထိုစဉ်မှာပင် လူ ၇-ယောက်တို့သည် မြို့ရိုးအတွင်းမှ တံခါးအပြင်ဘက်သို့ ဓားလွတ်ကိုင်စွဲကာ ပြေးထွက်လာကြသဖြင့် ကျွန်ုပ်တို့လူများက ဒူးလေးများဖြင့် ဆီးပစ်ကြသည်တွင် လူ ၄-ယောက် မြေပေါ်သို့ ပစ်လဲသွားကြတော့သည်။

ချက်ချင်းပင် ရန်ပွဲကို ရပ်စဲသွားစေသည့် ဩဇာညောင်းသော အသံကြီးတစ်သံကို ကြားလိုက်ရတော့သည်တွင် မျောက်ဖြူအား ၁၂-

www.foreverspace.com.mm

ပေမျှမြင့်သည် ကျောက်ကမ်းပါးစွန်းတစ်ခုပေါ်တွင် ရပ်နေသည်ကို အံ့ဩစွာ တွေ့မြင်ရတော့သည်။

ဗိုလ်ချုပ်ကြီးသည် ရှေ့သို့ထွက်လာလေတော့ရာ မျောက်ဖြူလည်း ကျွန်ုပ်တို့နှင့်တွေ့ဆုံရန် ကျောက်ကမ်းပါးစွန်းထိပ်မှ အောက်သို့ ဆင်းလာလိုက်တော့သည်။

ဗိုလ်ချုပ်ကြီးက...

*"အခုလို အမှားတွေ့လိုက်ရတာ ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်တို့ဟာ တောင်ဘက်အရပ်ကို ခရီးထွက်လာကြခြင်း ဖြစ်ပါတယ်၊ ကျွန်တော်ကတော့ ဗိုလ်ချုပ်ကြီး အုန်းယင်းဖြစ်ပါတယ်"* ဟု ပြောလေသည်။

မျောက်ဖြူက...

*"အလို ... ဗိုလ်ချုပ်ကြီးအုန်းယင်းလား။ တခြားလူမှတ်လို့၊ မိတ်ဆွေကြီးကိုး၊ ကျွန်တော်တို့အရပ်ဆီကို ဗိုလ်ချုပ်ကြီး ကြွရောက်လာတဲ့အတွက် ကျွန်တော်တို့ အင်မတန် ဂုဏ်တက်ရပါတော့တယ်"* ဟု ပြန်ပြောလေသည်။

မျောက်ဖြူ၏မျက်နှာထား အမူအရာမှာ လွန်စွာမော်ကြွားနေပုံရသည်။ ၎င်း၏ဆံပင်နှင့် မျက်ခုံးမွေးတို့မှာ ဆွတ်ဆွတ်ဖြူနေပြီးလည်း ၎င်း၏အင်္ဂါရပ်မှာ တည်ငြိမ်ပြီး ဣန္ဒြေရှိပါပေသည်။

*"မိတ်ဆွေဟာ ... ကျွန်တော့်ရဲ့ ဧည့်သည်တော်ဖြစ်ပါတယ်၊ ဒါကြောင့် မိတ်ဆွေရဲ့လူတွေကို လက်နက်ချဖို့ အမိန့်ပေးစေလိုပါတယ်၊ ကျွန်တော့်ကိုကြည့်ပါ၊ ကျွန်တော့်ဆီမှာ ဘာလက်နက်မှ မပါရှိပါဘူး"*

သို့ပြောရင်း မျောက်ဖြူသည် ကျယ်လောင်စွာ ရယ်လိုက်တော့သည်။

*"မိတ်ဆွေဟာ ကျွန်တော့်ရဲ့ နယ်ပယ်ကို တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးမြင်ဖူးသေးဟန် မတူပါဘူး၊ ကျွန်တော့်ရဲ့ နယ်ပယ်အတွင်းကို ရောက်လာရင် မိတ်ဆွေ မုချပျော်မှာပါပဲ"*

ဗိုလ်ချုပ်ကြီးသည် ကျွန်ုပ်တို့အား လက်နက်ချရန် အမိန့်ပေးလိုက်တော့ရာ မျောက်ဖြူသည် အလွန်ဝမ်းသာပြီး ကျွန်ုပ်တို့အပေါ်တွင် လွန်စွာဖော်ရွေလာတော့သည်။

ထို့နောက် မြေပြင်ပေါ်တွင် ဒဏ်ရာဖြင့် လဲနေသော မိမိလူ ၄-ယောက်တို့အား ထမ်းဆောင်သွားစေတော့သည်။

မျောက်ဖြူ၏ နယ်ပယ်ဒေသကို ကျွန်ုပ်ကြည့်ရှုအကဲခတ်မိတော့သည်။ ၎င်း၏နယ်မြေမှာ ကျယ်ဝန်းသည့် ကုန်းမြေမြင့်ဖြစ်ပြီးလျှင် မြင့်မားလှသော တောင်များ ဝိုင်းရံလျက်ရှိသည်။ လယ်ကွင်းများနှင့် လီမွှော်ပင်များမှာ ယင်းကုန်းမြေမြင့်၏ သဘာဝအလှကို ပိုလွန်သာယာလှပစေတော့သည်။ တောင်ကြားများအတွင်းရှိ ပန်းမျိုးစုံတို့မှာ ရနံ့များကြောင့် ကျွန်ုပ်တို့သည် မွှေးကြိုင်လာသောလေများကို အားပါးတရ ရှူရှိုက်ခွင့်ရကြပေသည်။ သို့စိတ်နှလုံး ကြည်လင်သာယာပျော်မွေ့ဖွယ် ကောင်းလှရကား ကျွန်ုပ်တို့သည် ကမ္ဘာသစ်ကြီးတစ်ခုသို့ ရောက်နေကြသလောဟူ၍ပင် တွေးထင်မိကြတော့သည်။ သစ်တုံးများကို တစ်တုံးပေါ်တစ်တုံးတင်၍ တည်ဆောက်ထားသော အိမ်ငယ်များကို ကြိုကြားမြင်တွေ့ရသည်။ မိခင်များနှင့် ကလေးများသည် နေရောင်အောက်တွင် ရယ်ရွှင်ကာ ကစားပျော်မြူးနေကြသည်။ ဖြူဖွေးသော ကြက်တူရွေးနှင့် နီရဲသော ကတ္တဝါငှက်များသည် တစ်ပင်မှ တစ်ပင်သို့ ပျံကူးနေကြသည်။ မျောက်ဖြူ၏ နယ်ပယ်ဒေသမှာ ဤသို့ပင် သာယာလှပပါပေသည်။

(၅)

*"မိတ်ဆွေရဲ့ နယ်ပယ်ဒေသဟာ အင်မတန်သာယာလှပါကလား၊ သာယာလှပလွန်းလို့ ကျွန်တော်တောင် ခင်ဗျားကို မနာလိုဖြစ်လာမိတော့တယ်"*

မျောက်ဖြူက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး…

*"မှန်ပါသေတယ် … အင်မတန်မှလဲ သာယာလှပါသေတယ်၊ နောက်ပြီးတော့လဲ ကျွန်တော့်နယ်ပယ်ကို ကောင်းစွာ ကာကွယ်ထားပါတယ်"*

မျောက်ဖြူသည် သစ်တုံးများကို တစ်တုံးပေါ် တစ်တုံး ဆင့်ကာ တည်ဆောက်ထားသည့် အိမ်ငယ်တစ်ဆောင်တွင် နေထိုင်သည်။ အိမ်ကြမ်းပြင်အဖြစ် ပျဉ်ပြားကြမ်းများကို ခင်းထားသည်။ အိမ်ထဲတွင် ပရိဘောဂဟူ၍ ပြောပလောက်အောင် မရှိချေ။ သစ်ပြားကြီးတစ်ချပ်ကို သေတ္တာနှစ်လုံးပေါ်တွင် တင်ထားပြီး စားပွဲအဖြစ် အသုံးပြုသည်။ ရောက်ရှိလာသော ဧည့်သည်များကို လာရောက်ကြည့်ရှုသူများအနက် တရုတ်



www.foreverspace.com.mm

အမျိုးသမီးအများပင် ပါရှိသည်။ နေ့မွန်းတည့်ပြီဖြစ်၍ ကျွန်ုပ်တို့အား ဝက်အူ၊ အသည်းများဖြင့် ရောနှော၍ပြုတ်ထားသော ဆန်ပြုတ်များကို တိုက်ကျွေးလေသည်။

မျောက်ဖြူတွင် မယားအတော်များများရှိပြီး၊ ၎င်းတို့အား မချုပ်ချယ်ဘဲ လွတ်လပ်စွာ နေထိုင်သွားလာခွင့် ပေးထားသည်။ ဗိုလ်ချုပ်ကြီးသည် မျောက်ဖြူအား ၎င်း၏ပျောက်ဆုံးသွားသော ဇနီးအကြောင်းကို အရိပ်အမြွက်မျှပင် မပြောဘဲ၊ မျောက်ဖြူနှင့် နောက်ပြောင်ပြီး စကားပြောဆိုနေတော့သည်။ နေ့လယ်စာ စားသုံးပြီးသောအခါ မျောက်ဖြူက ၎င်းပိုင်နက် နယ်ပယ်ဒေသကို ဗိုလ်ချုပ်ကြီးအား လိုက်လံပြသမည်ဟု ကတိပေးလေသည်။

မျောက်ဖြူ၏ ရည်ရွယ်ချက်မှာ ဗိုလ်ချုပ်ကြီးနှင့် အပေါင်းအပါတို့အား မိမိနယ်ပယ်ထဲမှ ထွက်ပြေးလျှင် မည်သည့်နည်းနှင့်မျှ လွတ်မြောက်နိုင်မည်မဟုတ်ကြောင်းကို ပြသလိုဟန်တူပေသည်။

မျောက်ဖြူသည် ကိုယ်အလေးချိန် ပေါင် ၂၅၀-မျှရှိငြားလည်း မြန်မြန်လမ်းလျှောက်နိုင်သည်။ ၎င်း၏လေးသော ခန္ဓာကိုယ်နှင့် သေးသွယ်သော ခြေချောင်းနှစ်ချောင်းတို့မှာ တောတွင်းသွားရန်နှင့် တောင်ပေါ်တက်ရန်အတွက် ကြီးစွာသော အထောက်အပံ့ကို ပေးနိုင်ကြတော့သည်သာ။ ၎င်း၏ ကြေးနီရောင်အသားနှင့် ဖြူဖွေးသော မျက်ခုံးနှင့် ဆံပင်တို့မှာ ၎င်း၏သန်မာထွားကျိုင်းသော အင်္ဂါရပ်ကို ပိုမိုခန့်ညားစေတော့သည်။ ၎င်းသည် အတော့်ပင် ပျော်ရွှင်မော်ကြွားလျက်ရှိသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး၏ဇနီးကို ဖမ်းဆောင်လာခဲ့သည့် အရိပ်အယောင်သည် ၎င်း၏မျက်နှာပေါ်တွင် စိုးစဉ်းမျှမသန်းချေ။

မျောက်ဖြူနှင့် ဗိုလ်ချုပ်ကြီးတို့သည် ရှေ့မှသွားကြရာ မစ္စတာဝမ်းနှင့် ကျွန်ုပ်တို့လူစုက နောက်မှလိုက်ကြလေသည်။ ဗိုလ်ချုပ်ကြီးသည် အသက် ၃၀-အရွယ်ရှိ တရုတ်အမျိုးသမီးတစ်ယောက်နှင့် ကလေးငယ်တစ်ယောက်ကို ၎င်းတို့၏အိမ်တံခါးဝတွင် ရပ်နေကြသည်ကို မြင်မိလိုက်သည်။

*"ဒီအမျိုးသမီးဟာ တရုတ်ထင်ပါရဲ့"*

*"ဟုတ်ပါတယ် ... တရုတ်အမျိုးသမီးတွေ တော်တော်များများ ရှိနေကြပါတယ်၊ တရုတ်အမျိုးသမီး ချောချောလှလှလေးတွေကို ဗိုလ်ချုပ်ကြီး ကြိုက်တယ်ထင်ပါရဲ့"*

မိန်းမများသည် ကျွန်ုပ်တို့ လမ်းလျှောက်သွားကြသည်ကို ငြိမ်သက်စွာကြည့်နေကြတော့သည်။

ထိုစဉ် ချောက်ဖြူက …

"ဒီ ကုရုတ်အမျိုးသမီးတွေရဲ့ ကလေးတွေဟာလဲ အင်မတန်လှကြပါတယ်၊ ကျွန်တော့်လူတွေက ကုရုတ်အမျိုးသမီး ချောချောလှလှတွေကို ရရှိကြတဲ့အတွက် အင်မတန် ဝမ်းသာနေကြပါတယ်၊ ကျွန်တော်ကလဲ ကျွန်တော့်နယ်ထဲမှာ နေကြတဲ့လူတွေကို ဝမ်းသာကျေနပ်အောင် ကာကွယ်စောင့်ရှောက် အုပ်ထိန်းပေးပါတယ်၊ ကျွန်တော့်ရဲ့နယ်အတွင်းမှာ ဘာမှလိုလေသေးတယ် မရှိဘူး၊ လိုတာတွေကို ရနိုင်တယ်၊ သားကောင်၊ ငါး၊ ကြက်ငှက်နဲ့ ဆန်တွေပေါလှပါတယ်။ ကျွန်တော်တို့ဆီမှာ ငွေမလိုဘူး၊ ငွေဟာအလကားပဲ၊ ကျွန်တော်ကလဲ လူတွေဆီမှာ အခွန်တစ်ပြားမျှ မကောက်ခံဘူး၊ သူတို့ ငါးကြီးတစ်ကောင် ဖမ်းမိရင် အဲဒီငါးကြီးကို ချက်စားလိုက်ကြတော့တာပဲ၊ ငါးငယ်တစ်ကောင်ဖမ်းမိရင် ငါးငယ်ကို ချက်စားလိုက်ကြတော့တာပဲ၊ ဗိုလ်ချုပ်ကြီး ဒီမှာတစ်ညအိပ်နိုင်မယ်ဆိုရင် နောက်ဖြန်ကျတော့ ကျွန်တော်တို့ ငါးဖမ်းတဲ့နေရာတွေကို လိုက်လံပြသပါမယ်၊ ကျွန်တော်တို့လိုတာက ဆား၊ ဓားနဲ့ မိန်းမလှများသာ ဖြစ်ပါတယ်"

"ဪ … ခင်ဗျား မိန်းမတွေ လိုသေးသလား၊ မိန်းမလှတွေ အတော်များများ ကျွန်တော်မြင်လိုက်ရပြီ"

"မှန်ပါတယ် … ဒါပေမယ့် မလုံလောက်သေးပါဘူး၊ ကျွန်တော့်ဆီမှာ ယောကျ်ား ၃၀၀-ကျော် ရှိနေပါတယ်၊ မိန်းမအရေအတွက်ကတော့ ၂၀၀-ကျော်လောက်သာရှိတယ်၊ သဘာဝမျှသည်းပေါ်လာတဲ့ ကျွန်တော်တို့ရဲ့နယ်မြေမှာ လူဦးရေ အင်မတန်နည်းနေပါသေးတယ်၊ သန်မာထွားကျိုင်းချောမောလှတဲ့ လူတွေ တိုးတက်ပေါက်ပွားလာစေချင်တယ်၊ ဒါပေမယ့်လို့ ကျွန်တော်တို့ဆီမှာ မိန်းမအရေအတွက် အင်မတန် နည်းနေပါတော့တယ်၊ မိန်းမအရေအတွက် နည်းနေတော့ လူဦးရေ တိုးတက်ချင်သလောက် မတိုးတက် နိုင်ဘူးပေါ့၊ ကျွန်တော့်ရဲ့နယ်မှာ အဘွားကြီးတွေကိုပါ ရေတွက်မယ်ဆိုရင် စုစုပေါင်း မိန်းမ ၃၀၀-လောက်သာရှိတယ်၊ အသက် ၁၈-နှစ်က ၄၅-နှစ်အထိ မိန်းမများသာ သားမွေးနိုင်ကြတယ်၊ တရုတ်အမျိုးသမီးတွေဟာ ပိုပြီး သားမွေးနိုင်ကြတယ်၊ အရင် ဆယ်နှစ်လောက်တုန်းက ကျွန်တော်ယူဆောင်လာခဲ့တဲ့ တရုတ်အမျိုးသမီး တစ်ဦး

www.foreverspace.com.mm

*ဟာ … အခု သားငှက်ယောက် မွေးထုတ်ပေးနိုင်ခဲ့ပြီ၊ သားချောလေးတွေဗျ၊ တရုတ်အမျိုးသမီးတွေဟာ ဘာကြောင့် ကလေးပိုမွေးနိုင်ကြတယ်ဆိုတာ ကျွန်တော်လဲမသိပါဘူး၊ ကျွန်တော်တို့မျိုးရိုး မိန်းမတွေကဖြင့် ကလေးနှစ်ယောက်သုံးယောက်သာ မွေးနိုင်လေ့ရှိကြတယ်၊ ဒါကြောင့်… ကျွန်တော်ဖြင့် ဗိုလ်ချုပ်ကြီးရဲ့ မျိုးရိုးဖြစ်တဲ့ တရုတ်အမျိုးသမီးတွေကို သာပိုပြီး အလိုရှိပါတယ်၊ သဘောကျပါတယ်"*

*"တရုတ်အမျိုးသမီးတွေကို ခင်ဗျား အတင်းဖမ်းဆီးပြီး ခေါ်ဆောင်လာခဲ့ပါသလား"*

*"မဟုတ်ပါဘူး … ဆေးဝါးပေးပြီး ခေါ်ဆောင်လာခဲ့ပါတယ်၊ တခြားလူမျိုးတွေထဲက ဆိုရင်လဲ ကျွန်တော်တို့မျိုးရိုးဖြစ်ကြတဲ့ မိန်းမတွေကို ဒီလိုပဲခေါ်ဆောင်သွားနိုင်ကြပါတယ်"*

သို့ပြောပြီး မျောက်ဖြူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့သည်။

*"ဗိုလ်ချုပ်ကြီးတို့ တရုတ်လူမျိုးတွေရဲ့ ထုံးစံတွေဟာ ရယ်စရာကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်၊ မိဘအချင်းချင်း တိုင်ပင်ကြပြီး သားသမီးတွေကို ပေးစားလေ့ရှိကြတယ်၊ ရိုးလွန်းလှတယ်ဗျာ၊ ဘာအရသာရှိတော့မှာလဲ၊ ကျွန်တော်တော့ဖြင့် မိမိပခုံးပေါ်မှာ တင်ထမ်းပြီး မိမိအိမ်ထဲကို ဆောင်ယူလာနိုင်တဲ့ မယားမျိုးကိုမှ သဘောကျနှစ်သက်တယ်ဗျ"*

*"ဒီလို မိမိပခုံးပေါ်တင်ပြီး မိမိအိမ်အတွင်းကို ယူဆောင်လာနိုင်တဲ့ မယားမျိုးကိုမှ ခင်ဗျားသဘောကျတယ်ဆိုပါတော့"*

မျောက်ဖြူသည် ဗိုလ်ချုပ်ကြီးအား မဆိုးမခန့် ကြည့်လိုက်ပြီးလျှင်

*"ဟုတ်ပါတယ် … အဲဒီလိုမှ ပိုပြီးအရသာရှိမှာပေါ့ဗျာ၊ ဗိုလ်ချုပ်ကြီးက မိန်းမတစ်ယောက်ကို မြင်မိ ကြိုက်ချစ်မိတယ်ဆိုပါတော့ သူ့မိဘဆီမှာ တောင်းရမ်းလို့ သူ့မိဘက သဘောတူပြီး ဗိုလ်ချုပ်ကြီးအိမ်ကို လာရောက်ပေးပို့ အပ်နှံတယ်ဆိုပါတော့၊ လွယ်လွန်းလို့ ဘယ်အရသာရှိတော့မှာလဲ"*

ဗိုလ်ချုပ်ကြီးသည် စိတ်ညစ်သွားတော့သည်။

မိန်းမငယ်များကို မယားလုပ်ရန် ဖမ်းဆီးခေါ်ဆောင်သွားနိုင်မှသာလျှင် ပိုပြီးအရသာရှိသည်ဟု အယူသည်းနေသော မျောက်ဖြူအား စောဒကမတက်လိုတော့ချေ။

*"ဒါဖြင့် ခင်ဗျား တရုတ်အမျိုးသမီးတွေကို မယားလုပ်ဖို့ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်လာခဲ့သလား။ အတင်းအကျပ် ဖမ်းဆီး ခေါ်ဆောင်လာခြင်းကို ကျုပ်တို့အစိုးရက ကျပ်ကျပ်တည်းတည်း ပညတ်ထားတယ်"*

မျောက်ဖြူသည် ဟက်ဟက်ပက်ပက် ရယ်လိုက်တော့သည်။ အစိုးရက ပညတ်သည်ဖြစ်စေ၊ မပညတ်သည်ဖြစ်စေ မိမိထင်သလို လုပ်ပိုင်ခွင့်ရှိသည်ဟု ထင်မှတ်ယုံကြည်နေမိသောကြောင့်ပင် ဖြစ်ချေသည်။

မကြာမီ ကျွန်ုပ်တို့သည် ကုန်းမြင့်ပေါ်သို့ ရောက်သွားကြတော့သည်။ ထိုကုန်းမြင့်ပေါ်မှ ကြည့်လိုက်ရာ မြစ်တစ်စင်းသည် တောင်ဘက်နှင့် အရှေ့ဘက်တွင် ရစ်ခွေလျက် ကျောက်ဆောင်မြင့်များ ဖြစ်ပေါ်နေသည်။

၎င်းမြစ်သည် အနောက်ဘက်သို့ ကပ်ပြီး စီးဆင်းလျက်ရှိနေသည်ကို တွေ့ရသည်။

မျောက်ဖြူက ဤမြင်ကွင်းကို ကျွန်ုပ်တို့အား တမင်ပြသလိုသောကြောင့် ခေါ်ဆောင်လာခြင်းဖြစ်သည်။ ဤမြင်ကွင်းကို ကျွန်ုပ်တို့အား ပြသလိုက်ခြင်းမှာ ၎င်း၏နယ်ပယ်ကို ပြင်ပမှတိုက်ခိုက်ရန် စိုးစဉ်းမျှ မလွယ်ကူကြောင်း ထင်ရှားစေလိုသောကြောင့်ပင် ဖြစ်ချေသည်။

## (၆)

ထိုညတွင် မျောက်ဖြူသည် ကျွန်ုပ်တို့အား ကြီးကျယ်ခမ်းနားသည့် ထမင်းစားပွဲကြီးတစ်ရပ်ကို တည်ခင်းကျွေးမွေးပေတော့သည်။

၎င်းထမင်းစားပွဲကြီးတွင် ကြက်ဆင်၊ ဝက်၊ ရစ်၊ ခါနှင့် လိပ်သားများကို လွန်စွာ အရသာရှိအောင် ချက်ပြုတ်ထားသဖြင့် ကျွန်ုပ်တို့သည် မြိန်ရှက်စွာ စားသောက်နိုင်ကြပေသည်။

မျောက်ဖြူသည် အနီရောင် သုတ်လိမ်းထားသည့် ဆင်သားရေပြားကို ၎င်း၏ကိုယ်ပေါ်တွင် ဖုံးအုပ်ထားသည်ဖြစ်ရာ သံချပ်အင်္ကျီကို ဝတ်ထားသည့်အလား "ထိုးမဝင် ခုတ်မရှ"ဖြစ်နေတော့သည်။ အုတ်နံရံကြီးနံဘေးတွင် ယောကျ်ားဆယ်ယောက်ခန့်တို့သည် လှံရှည်ကြီးများကိုင်ကာ ရပ်နေကြသည်။

ငှင်းနောက် မျောက်ဖြူ၏မယားများ ရောက်လာကြပြီးလျှင် ထမင်းနှင့် ဟင်းပန်းကန်များကို ကျွန်ုပ်တို့ရှေ့တွင် ချထားပြီး ပြန်သွားကြလေတော့သည်။

ကျွန်ုပ်တို့သည် ဗိုလ်ချုပ်ကြီး၏ ဇနီးအကြောင်းကို ရွာအတွင်းရှိ လူများအား မမေးဝံ့ကြချေ။ မျောက်ဖြူရိပ်မိသွားလျှင် ကျွန်ုပ်တို့၏ အကြံအစည် ပျက်ပြားသွားမည်ကို စိုးရိမ်သောကြောင့်ပင်ဖြစ်သည်။ သို့ငြားသော်လည်း မျောက်ဖြူသည် ကျွန်ုပ်တို့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြကြောင်းကို မဆွကပင် သိနှင့်ပြီးဖြစ်ပေမည်။ ထမင်းစားပွဲ ကျင်းပနေစဉ်အတွင်း ဗိုလ်ချုပ်ကြီး၏စိတ်သည် လွန်စွာမှပင် မတည်မငြိမ် ဖြစ်နေတော့သည်။

ထိုအခိုက်တွင် အခန်းတွင်းမှ မိန်းမတစ်ယောက်၏ စူးရှသော အော်သံတစ်သံသည် ရုတ်တရက် ထွက်ပေါ်လာတော့သည်။ ဗိုလ်ချုပ်ကြီးသည် သူ့ဇနီး၏အသံကို ကောင်းစွာမှတ်မိသဖြင့် ချက်ချင်း မတ်တပ်ထလိုက်တော့သည်။ အခြားမယားများ ထမင်းပွဲကြီး၌ အလုပ်များနေကြစဉ် ဗိုလ်ချုပ်ကြီး၏ဇနီးသည် အခန်းတွင်းသို့ အလစ်ဝင်ရောက်လာခြင်းဖြစ်သည်။ လင်ဖြစ်သူ ဗိုလ်ချုပ်ကြီးကို မြင်လိုက်လျှင် သူမသည် ဗိုလ်ချုပ်ကြီး၏ ခြေနှစ်ဖက်ကိုဖက်ကာ သနားစဖွယ် ငိုကြွေးနေရှာတော့သည်။

ထိုစဉ် မျောက်ဖြူက ဟန်မပျက် ကြည့်နေလေသည်။

ဗိုလ်ချုပ်ကြီးကမူ သူ့ဇနီးကို နှစ်သိမ့်လျက်ရှိသည်။

ဗိုလ်ချုပ်ကြီးက မျောက်ဖြူဘက်သို့ လှည့်လိုက်ပြီးလျှင် ...

*"မိတ်ဆွေ ... ဒီမိန်းမဟာ ကျွန်တော့်ရဲ့ဇနီးဖြစ်ပါတယ်"*

မျောက်ဖြူက အံ့သြသည့်ဟန်ဖြင့် ...

*"အို ... မဟုတ်ပါဘူးဗျာ၊ လူမှားလို့ဖြစ်ပါလိမ့်မယ်"* ဟု အေးဆေးစွာ ပြန်ပြောလိုက်သည်။

*"မိတ်ဆွေ ... မိတ်ဆွေရဲ့နယ်ထဲကို ကျွန်တော်ဟာ မိတ်ဆွေတစ်ယောက်အနေနဲ့ လာခဲ့ပါတယ်၊ ဒါကြောင့်လဲ ကျွန်တော်ဟာ မိတ်ဆွေရဲ့နယ်ပယ်ထဲက မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ ပြန်သွားလိုပါတယ်၊ ကျွန်တော့်ဇနီးကို ကျွန်တော်ပြန်ခေါ်ဆောင်သွားခွင့် ပေးစေလိုပါတယ်"*

*"ကျွန်တော်ဟာ ယူပြီးတဲ့မယားတွေကို ဘယ်တော့မှပြန်ပေးလေ့ မရှိခဲ့ပါဘူး၊ ကျွန်တော် ပြန်မပေးနိုင်တော့ဘူး၊ ပြန်ပေးလိုက်ရင် လာဘ်မကောင်းတော့ဘူး"*

www.foreverspace.com.mm

မျောက်ဖြူ၏ မျက်နှာအသွင်အပြင်သည် လန်းရွှင်နေရာမှ ချက်ချင်းပင် ခက်ထန်လာလေတော့သည်။ သူ၏ညာလက်မှာလည်း သူ၏ ဓားလွတ်ပေါ်သို့ ရောက်သွားတော့သည်။ ၎င်းနောက် "ရဲဘော်တို့" ဟု အော်လိုက်ရာ သူ၏လူများသည် ဓားလွတ်အသီးသီးကို ဓားအိမ်များ အတွင်းမှ ဆွဲထုတ်လိုက်ကြတော့သည်။

ဗိုလ်ချုပ်ကြီးက…

"*မိတ်ဆွေ … ကျွန်တော်ဟာ မိတ်ဆွေရဲ့ ဧည့်သည်တစ်ယောက်ဖြစ်တယ်ဆိုတာကို သတိရစေချင်ပါတယ်ဗျာ*" ဟု မျောက်ဖြူအား ရှုစိုက်ကြည့်ပြီး ခပ်တည်တည်ပြန်ပြောလိုက်သည်။

သို့မှ မျောက်ဖြူသည် ဓားရိုးကို ကိုင်ထားရာမှ ပြန်ချလိုက်ပြီးလျှင်…

"*ဒီလိုဖြစ်လိုက်ရတာ ဝမ်းနည်းပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့တိုင်းပြည်မှာ ခင်ဗျားအုပ်စိုးနေသလို ကျွန်တော်ဟာလဲ ကျွန်တော့်ရဲ့နယ်ပယ်မှာ အုပ်စိုးနေပါတယ်၊ ဒါကြောင့် ဗိုလ်ချုပ်ကြီးရဲ့ဇနီးကို ကျွန်တော် ဖမ်းဆီးခေါ်ဆောင်လာခဲ့သလို ဒီမိန်းမကို ကျွန်တော့်ဆီက ဖမ်းဆီးခေါ်ဆောင်သွားစေလိုပါတယ်၊ ဒါထက် ခင်ဗျား လေးပစ်အင်မတန် ကျွမ်းကျင်တဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်*"

ဗိုလ်ချုပ်ကြီးက…

"*ဟုတ်ကဲ့ … အသင့်အတင့်တော့ ကျွမ်းကျင်ပါတယ်*"

"*ဒါဖြင့် … ကောင်းပါပြီ၊ ကျွန်တော်တို့နှစ်ဦးဟာ ဒီကိစ္စကို ကျွန်တော်တို့ရဲ့ ထုံးစံအရ ဂုဏ်ရှိရှိနဲ့ ဆုံးဖြတ်ကြတာပေါ့*"

သို့ပြောပြီးလျှင် မျောက်ဖြူသည် ဗိုလ်ချုပ်ကြီး၏ ဇနီးအပါးသို့ ချဉ်းကပ်သွားပြီးလျှင်…

"*ဂုဏ်ရှိရှိနဲ့ ဆုံးဖြတ်ရမယ့် ပွဲမပြီးမီကာလအတွင်းမှာ မင်းဟာ ငါ့မယားပါပဲ*" ဟု ပြောလိုက်သည်။

ဗိုလ်ချုပ်ကြီး၏ဇနီးကား အထူးကြောက်ရွံ့ကာ တစ်ကိုယ်လုံး တုန်လှုပ်နေချေတော့သည်။ ဗိုလ်ချုပ်ကြီးက ၎င်း၏ဇနီးအား…

"*မင်း ဘာမှမစိုးရိမ်ပါနဲ့နော်၊ နောက်မြန်မကျရင် ကိစ္စတွေအားလုံး ပြီးကုန်မှာပါပဲ၊ ဒီနောက် မင်းကို ငါပြန်ခေါ်သွားမယ်၊ စိတ်အေးအေးသာ ထားပါ၊ ကဲ … ပြန်လိုက်သွားတော့*" ဟု ပြောဆိုနှစ်သိမ့်လိုက်တော့ သည်။

မျောက်ဖြူ၏ အခြားမယားအားလုံးတို့မှာ လွန်စွာဝမ်းနည်းသွားကြသည့် အမူအရာများကို ပြသလျက်ရှိကြသည်။

ငှင်းနောက် မျောက်ဖြူက ဗိုလ်ချုပ်ကြီးအား ရှင်းပြလေသည်။

"ဒီမိန်းမအားလုံးကို ကျွန်တော့်မယားလုပ်ဖို့ ခေါ်ဆောင်လာခဲ့တယ်ဗျာ၊ တစ်နှစ်ကြာလို့ သားမမွေးတဲ့ မိန်းမကို ကျွန်တော့်ရဲ့တပည့်တစ်ယောက်ယောက်ကို ပေးအပ်လိုက်ပါတယ်၊ ဒါဟာ ကျွန်တော်တို့လူမျိုးရဲ့ ထုံးစံပါပဲ၊ ကျွန်တော်တို့လူမျိုးရဲ့ ထုံးစံက တစ်မျိုးပါပဲ၊ နောက်တော့လဲ ပြောပြရတာပေါ့၊ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကြင်ဖော်ရွေးပွဲကြီးမှာ မိန်းမပျိုများက သူတို့ကြိုက်နှစ်သက်တဲ့ ယောကျ်ားတွေကို ရွေးချယ်ပြီး ယာဒီ အနောက်တောင်ဘက်မှာရှိတဲ့ တောင်တန်းကြီးဆီကို သွားရောက်ပြီးအတူနေထိုင်ကြတယ်၊ တစ်နှစ်ကြာလို့ သားသမီးမွေးလာရင် မိဘအိမ်ကိုပြန်လာကြတော့တယ်။

ဒီတော့မှ လင်မယားအရာမြောက်ကြတော့တယ်၊ တစ်နှစ်ကြာလို့ သားသမီးမမွေးရင် ဒီယောကျ်ားနဲ့ ဒီမိန်းမတို့ဟာ အလိုအလျောက်ကွာရှင်းပြတ်စဲသွားကြရတော့တာပါပဲ၊ နောက်တော့ ဒီမိန်းမဟာ နောက်တစ်နှစ်မှာ ကျင်းပတဲ့ ကြင်ဖော်ရွေးပွဲကြီးမှာ နောက် လင်တစ်ယောက်ကို ထပ်ပြီး ရွေးချယ်ရပြန်တယ်၊ သားသမီး ထွန်းကားလာတော့မှပဲ မိခင်ဖြစ်လာတော့မှပဲ ရပ်တော့တယ်"

"ကျွန်တော်လဲ ကျွန်တော့်ရဲ့မယား သားသမီးမမွေးရင် ဒီထုံးစံအတိုင်း လိုက်နာခဲ့ရတာပဲ၊ သားသမီးမမွေးရင် ဒီသားမယားကို တခြားယောကျ်ားတစ်ယောက်ကို လွှဲပေးလိုက်ရတော့တာပဲ"

ဗိုလ်ချုပ်ကြီးက…

"ဒါဖြင့်ရင် သားသမီးမမွေးတဲ့ မိန်းမတွေကို ဘယ်လိုလုပ်ပါသလဲ"

"သားသမီးမမွေးတဲ့ မိန်းမတွေ အင်မတန်ရှားပါတယ်၊ မမွေးလို့ရှိရင်တော့ဖြင့် သူတို့ အင်မတန် ဂုဏ်ငယ်ကြရတာပေါ့၊ သားသမီးမွေးလာရင် မိခင်နဲ့ သားသမီးတွေကို ကျွန်တော်တို့ ဘယ်တော့မှ ခွဲထားလေ့မရှိပါဘူး၊ ဘာကြောင့်လဲဆိုရင် မယားယူတာဟာ သားသမီးရဖို့ဖြစ်တယ်၊ သားသမီးမရရင် လင်ဖြစ်တဲ့သူအပေါ်မှာ အပြစ်ကျရောက်မယ်၊ ဗိုလ်ချုပ်ကြီး တွေ့ပါလိမ့်မယ်ဗျာ၊ မယားတွေအားလုံးဟာ သားသမီးတွေ မွေးကြတော့တာပဲ၊ နောက်ပြီးတော့လဲ သူတို့ဟာ အင်မတန် ပျော်ရွှင်ကြပါတယ်"

## (၇)

နောက်တစ်ရက်ညတွင် မျောက်ဖြူသည် ဗိုလ်ချုပ်ကြီးအား ပြုသလိုသဖြင့် ကြင်ဖော်ရွေးပွဲကြီးကို ကျင်းပစေသည်။ ယောကျ်ား၊ မိန်းမနှင့်ကလေးများသည် အသစ်လွင်ဆုံးသော အဝတ်အစားများကို ဝတ်ဆင်လာကြသည်။ တူရိယာတီးသမားများက သာယာနာပျော်ဖွယ်ကောင်းသည့် တေးဂီတများကို သီဆိုတီးမှုတ်ကြစဉ် မိန်းမပျိုများသည် ကွေးညွှတ်နေအောင် ကခုန်ကြပြီးနောက် မိမိတို့ကြင်ဖော်များကို ရှာဖွေ၍နေတော့သည်။ ကြည့်ရှုနေကြသော ယောကျ်ားများကို ကြင်ဖော်တွေ့ကြသော မိန်းမပျိုများသည် မိမိတို့ကြင်ဖော်များနှင့် အတူလက်တွဲပြီး လမ်းလျှောက်နေကြတော့သည်သာ။

နံနက် ၄-နာရီအချိန်ခန့်ရောက်သော် မျောက်ဖြူသည် သူ၏မယား၊ သားသမီးများနှင့်အတူ ရောက်ရှိလာတော့သည်။ ၎င်းမယားများထဲတွင် ဗိုလ်ချုပ်ကြီး၏ဇနီးမှာ အထူးထိတ်လန့်သည့်အသွင်ကို ဆောင်လျက်ရှိနေသည်။

မျောက်ဖြူကား ရှေးသကဲ့သို့ပင် ဆင်သားရေ စစ်အင်္ကျီကို ဝတ်ဆင်ထားလျက် အတော်ပင် ခက်ထန်နေပုံရသည်။ ၎င်း၏မျက်နှာမှာမူ မနှမျို၊ မစိုလန်းတော့ဘဲ အရေးအကြောင်းများပင် ပေါ်နေချေပြီ။ ၎င်း၏ခါးတွင်ကား ဓားအိမ်နှင့် ဓားလွတ်တစ်စင်းကို ဆွဲချိတ်ထားလေသည်။ ၎င်းသည် ဘုရင်တစ်ပါးပမာ ရာဇပလ္လင်ထက်တွင်မဟုတ်ဘဲ ခြေ လွန်စွာကြီးလျက် ရှိနေတော့သည်။

ဗုံတီးသမားများသည် ပေ(၅၀)မျှမြင့်သည့် တိုင်တစ်တိုင်ကို ပတ်လည်လှည့်ကာ မြွေသားရေဖြင့် ကျက်ထားသော ဗုံများကို အထူးမြည်ဟည်းအောင် ရိုက်တီးနေကြသည်။ လူနှစ်ယောက်ကလည်း (၆)ပေမျှရှည်သော ကြေးခရာကြီးနှစ်လက်ကို မှုတ်နေကြတော့သည်။ အသက်ကြီးသောလူများက ၎င်းတို့ဆွဲကိုင်လာသည့် လှံတံများကို မြေပေါ်တွင် ထိုးစိုက်ချထားကြစဉ် မိန်းမပျိုများသည် ပေ(၅၀)မျှမြင့်သောတိုင်ကို လှည့်ပတ်ကာ ကခုန်ပျော်မြူးနေကြသည်။ ထိုစဉ် ယောကျ်ားပျိုများက လက်ခုပ်တီးပေးကြသည်။

မိန်းမပျိုတစ်ယောက်သည် မိမိကြိုက်နှစ်သက်သော ယောကျ်ားပျိုတစ်ယောက်ကို တွေ့မြင်လျှင် ၎င်းယောကျ်ားပျို၏ ရှေ့တွင် (၅)မိနစ်မျှ ကခုန်ပြရတော့သည်။ အကယ်၍ ယောကျ်ားပျိုက ထိုမိန်းမပျိုကို မကြိုက်

www.foreverspace.com.mm

နှစ်သက်ပါလျှင် သူသည် မိန်းမပျို၏ လက်နှစ်ဖက်ကို အသာတကြည်ဆွဲကိုင်လိုက်ပြီး၊ ၎င်းနှင့်အတူတွဲကာ (၁၀)မိနစ်ခန့်မျှ ကခုန်ပြရတော့သည်။ သို့ ကကြခုန်ကြ၊ သီချင်းဆိုကြ၊ နောက်ကြပြောင်ကြရင်း မိုးထိန်ထိန်လင်းတော့သည်။

ဗိုလ်ချုပ်ကြီး၏ဇနီးမှာ အတော်ပင် ပျော်ရွှင်နေပုံရသောကြောင့် ဗိုလ်ချုပ်ကြီးမှာ နေမထိ ထိုင်မထိ ဖြစ်နေချေတော့သည်။ သို့ရာတွင် မျောက်ဖြူမှာကား အထူးပင် ရွှင်မြူးလျက် အရက်သောက်ရင်း မကြာခဏရယ်မောနေတော့သည်။ ၎င်းနောက် ဗိုလ်ချုပ်ကြီးဘက်သို့ လှည့်ပြီး…

*"မိတ်ဆွေကြီးဟာ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ဖြစ်ကြောင်းကို ကျွန်တော်သိရှိရပါတယ်၊ မိတ်ဆွေကြီးကို ကျွန်တော် မတရားမလုပ်ချင်ပါဘူး။ ဒါကြောင့် မိတ်ဆွေကြီးနဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ရိုးရာဓလေ့ထုံးစံကို လိုက်နာကျင့်သုံးကြရအောင်၊ သာတဲ့လူက အနိုင်ရစတမ်းပေါ့ဗျာ"*

*"မိတ်ဆွေတို့ရဲ့ ရိုးရာဓလေ့ထုံးစံက ဘယ်လိုပါလဲ"*

*"ကျွန်တော်တို့ ရိုးရာဓလေ့ထုံးစံက ဒီလိုပါ၊ ကြင်ဖော်ရွေးပွဲမှာ ယောကျ်ားပျိုနှစ်ယောက် မိန်းမပျိုတစ်ယောက်ကို တစ်ပြိုင်တည်း ကြိုက်ချစ်မိကြရင် ဗုံဝိုင်းတစ်ခုပေါ်မှာ မြွေတစ်ကောင်ရဲ့ပုံကို ရေးချယ်ပြီး ယာဒီတိုင်ထိပ်အပေါ်ကို ကြိုးနဲ့ဆွဲတင်ထားရပါတယ်၊ မြွေရုပ်ရဲ့ မျက်လုံးကိုနီးနိုင်သမျှ နီးအောင် လေးမြှားနဲ့ အပြိုင်ပစ်ပြရပါတယ်၊ မြွေရုပ်ရဲ့ မျက်လုံးနဲ့ အနီးဆုံး ထိမှန်အောင် ပစ်နိုင်တဲ့ ယောကျ်ားပျိုက အနိုင်ရရှိပြီး မိန်းမပျိုကို ပိုင်ဆိုင်သွားတော့တာပဲ"*

ထိုနောက် မျောက်ဖြူသည် မြွေတစ်ကောင်၏ အရုပ်ကို ရေးချယ်ထားသည့် ဗုံဝိုင်းငယ်တစ်ခုကို တိုင်ထိပ်သို့ ကြိုးဖြင့် ဆွဲတင်လိုက်စေသည်။ ယောကျ်ား၊ မိန်းမနှင့် ကလေးများ ဝိုင်းဖွဲ့ပြီး မြှားပစ်ပြိုင်ပွဲကို တထိတ်ထိတ်လန့်လန့်နှင့် ကြည့်နေကြတော့သည်။

*"ဗိုလ်ချုပ်ကြီး ဘယ်လိုသဘောရပါသလဲခင်ဗျာ၊ ကျွန်တော်တို့ ခြေလှမ်း ၁၀၀ အကွာကနေပြီး ပစ်ကြမလား"*

ဗိုလ်ချုပ်ကြီးသည် ပထမတွင် ယင်းမြှားပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုစိတ် မရှိခြားလည်း နောက်ဆုံးတွင် လက်ခံလိုက်တော့သည်။ မြွေရုပ်ရေးခြယ်ထားသည့် ဗုံဝိုင်းငယ်မှာ ပမာဏအားဖြင့် များများမကြီးလှသည့်ပြင် တစ်နေရာတည်းတွင် တည်ငြိမ်၍ မနေဘဲ လေထဲတွင်

လှုပ်ရှားနေရကား မြားပစ်မည့်မျှပင် ကျွမ်းကျင်စေကာမူ ကူညီထောက်ပံ့မှုကို အထူးလိုလေသည်။

ထိုနောက် ဗိုလ်ချုပ်ကြီးသည် မိမိ၏ အကောင်းဆုံး လေးနှင့် မြားကို ယူဆောင်စေတော့သည်။ ဗိုလ်ချုပ်ကြီး၏ဖနီးကား မိမိလွှတ်မြောက်ရေးသည် မိမိလင်၏ လေးပစ်ကျွမ်းကျင်မှုပေါ်တွင် မူချတည်နေကြောင်းကို ထင်ရှားစွာ သိရှိလာတော့သည်။

ဗိုလ်ချုပ်ကြီးသည် မြား ၃-စင်းကို ပစ်ခွင့်ရသည်။ သူသည် လေးပစ်ရာတွင် အလွန်ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ရာ ပျံဝဲနေသော ငှက်များကိုပင် အဝေးမှနေ၍ ပစ်ချနိုင်စွမ်းသည်။

ဗိုလ်ချုပ်ကြီးသည် တိုင်ထိပ်အနီးရှိ ဗုံငယ်အတွင်း၌ ရေးခြယ်ထားသော မြွေရုပ်၏ ဦးခေါင်းကို နီးနိုင်သမျှနီးအောင် လေးကြိုးကို သေချာစွာ ဆွဲငင်ချိန်ဆပြီး ပစ်လွှတ်လိုက်တော့သည်။ သို့ရာတွင် မြားကို ပစ်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် လေတိုက်လိုက်သဖြင့် ဗုံငယ်သည် လှုပ်သွားသောကြောင့် မြားသည် ဗုံငယ်ကိုမမှန်ဘဲ လွဲချော်သွားရတော့သည်။

မျောက်ဖြူက …

*"လေတိုက်တာကို … သတိမထားဘဲကိုး လွဲသွားပြီ"*

ဗိုလ်ချုပ်ကြီးသည် ဒုတိယမြားတစ်စင်းကို ပစ်လွှတ်ပြန်ရာ အလွန်ကောင်းသဖြင့် မြားသည် မြွေဦးခေါင်းနှင့် ကပ်ပြီး ဗုံငယ်ကို ထိမှန်သွားတော့သည်။

မျောက်ဖြူက …

*"တော်ပါပေတယ်ဗျာ တော်ပါပေတယ်၊ ရော … နောက်ဆုံး မြားတစ်စင်း ကျန်ပါသေးတယ်"*

ဗိုလ်ချုပ်ကြီးသည် နောက်ဆုံးတတိယမြားကို သေချာစွာချိန်ပြီး ပစ်လိုက်ပြန်ရာ မြားသည် ဗုံကိုမထိဘဲ လုံးဝလွဲချော်သွားချေတော့သည်။

မျောက်ဖြူသည် ရှေ့သို့ ထွက်လာတော့သည်။ မြားမတပ်သေးဘဲ သူ၏လေးကြိုးကို ၄-၅-၆ ချက်မျှ ဆွဲပြီး ပစ်ကြည့်လိုက်တော့သည်။ ၎င်းနောက် မြားတစ်စင်းကို ကြိုးတွင်တပ်ပြီး ငြိမ်သက်စွာရပ်လျက် ပစ်ရမည့် ဗုံငယ်ကို မမိုတ်မသုန်အာရုံစူးစိုက်ကာ ကြည့်လေတော့သည်။ လေငြိမ်သွားသည်နှင့်တစ်ပြိုင်နက် လေးကြိုးကို အမြန်ဆွဲပြီး ပစ်လွှတ်လိုက်ရာ မြားသည် မြွေရုပ်၏ဦးခေါင်းကို တည့်တည့်ထိမှန်သွားပေတော့သည်။



www.foreverspace.com.mm

သို့နှင့်အမျှ ပန်းသတ်ထဲမှ ကျယ်လောင်သော လက်ခုပ်တီးသံများ ထွက်ပေါ်လာတော့သည်။ စုံတီးသမားများကလည်း စုံများကို နားကွဲလုမတတ် တီးခတ်ကြတော့သည်။

၎င်းနောက် တိုင်ထိပ်ပေါ်မှ စုံငယ်ကို အောက်သို့ချစေပြီး ကြည့်ရှုစစ်ဆေးရာ မျောက်ဖြူ၏ အမှတ်အသားပါရှိသော မြားသည် မြေခွေးရုပ်၏ဦးခေါင်းအလယ်တည့်တည့်ကို ထိုးသီလျက် ရှိနေသည်ကို တွေ့မြင်ရတော့သည်။

ဗိုလ်ချုပ်ကြီးအွန်ယင်းသည် ခေါင်ငိုက်စိုက်ဖြစ်သွားရသည်နှင့် အမျှ သူ၏ဇနီးလည်း ရှိုက်ကြီးတငင် ငိုကြွေးလေရာတော့သည်။

*"ဗိုလ်ချုပ်ကြီးခင်ဗျား ... ကျွန်တော် အင်မတန်ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်ကြီးပစ်လိုက်တာလဲ အင်မတန်ကောင်းပါသေးတယ်၊ နည်းနည်းပဲ လွဲသွားပါတယ်"*

ဗိုလ်ချုပ်ကြီး၏ဇနီးသည် မြေပေါ်တွင် လူးလိမ့်ပြီး ငိုကြွေးလေရာတော့သည်။ ဗိုလ်ချုပ်ကြီးက မိမိ၏နှုတ်ခမ်းကိုကိုက်ကာ ပူဆွေးမှုအသွယ်သွယ်တို့ကို ကြိတ်မှိတ်ခံစားနေရရှာတော့သည်။ သို့နှင့် ဗိုလ်ချုပ်ကြီးသည် ဇနီးချောအပါးမှ မရွှင်မပြုံးလျှသော အသွင်ဖြင့် ထွက်လာခဲ့ရရှာတော့သည်။

မျောက်ဖြူသည် ဗိုလ်ချုပ်ကြီးနှင့် အပေါင်းပါတို့အား မြို့ရိုးတံခါးဝအထိ လိုက်ပို့ပြီးလျှင် ယခင်က သိမ်းယူထားသော လက်နက်အားလုံးကိုလည်း ပြန်လည်ပေးအပ်လိုက်သည်။

*"ဗိုလ်ချုပ်ကြီးခင်ဗျား ... စိတ်မရှိပါနဲ့နော်၊ အာဃာတမထားပါနဲ့နော်၊ နောင်နှစ်မှာ ဗိုလ်ချုပ်ကြီး ကျွန်တော်ဆီကို အလည်ကြွရောက်လာနိုင်ဦးမယ်ဆိုရင် ကျွန်တော်တို့ အင်မတန်ဝမ်းသာကြပါမယ်၊ နောင်နှစ် ဗိုလ်ချုပ်ကြီး အလည်ကြွရောက်လာတဲ့အခါ ဗိုလ်ချုပ်ကြီးရဲ့ ဇနီးဟာ သားသမီးမမွေးရင် ဗိုလ်ချုပ်ကြီးလက်ကို ဆက်ဆက်ပြန်လည် ပေးအပ်လိုက်ပါမယ်"*

ဗိုလ်ချုပ်ကြီးသည် နောက်တစ်နှစ်တွင် မိမိဇနီးထံသို့ အလည်သွားရောက်ပြန်ရာ မိမိဇနီးသည် ကလေးတစ်ယောက် မွေးနှင့်ပြီး ဖြစ်နေသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပေသည်။ ၎င်းမှ တရုတ်အမျိုးသမီးတို့၏ အဝတ်အစားများကို လုံးဝပစ်ခွာပြီး မျောက်ဖြူတို့ အမျိုးသမီးများ၏ အဝတ်အစားများကို ဝတ်ဆင်ထားလျက်ရှိသည့်ပြင် ကလေးကိုလည်း မိမိ

ရင်ခွက်ထက်တွင် ပွေ့ချီထားပြီး မော်ကြွားသည့်ဟန်အမူအရာကို ပြသလျက်ရှိသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရတော့သည်။

ဗိုလ်ချုပ်ကြီးလည်း မမျိုသိပ်နိုင်တော့သဖြင့် . . .

"ဒီကစ်ခါတော့လေ မင်းကို ငါနဲ့အတူ ထည့်လိုက်ဖို့ မျောက်ဖြူဆီမှာ ငါခွင့်တောင်းရင် ရနိုင်လိမ့်မယ်ထင်တယ်"

သို့ရာတွင် ဗိုလ်ချုပ်ကြီး၏ဇနီးဟောင်းသည် မျက်နှာအမူအရာ ချက်ချင်းပြောင်းလိုက်ပြီးလျှင် တည်ကြည်သော ဟန်အသွင်ဖြင့် . . .

"မဖြစ်နိုင်တော့ပါဘူးရှင် . . . မဖြစ်နိုင်တော့ပါဘူး၊ ရှင်တစ်ယောက်တည်း ပြန်သွားရင် ကောင်းပါလိမ့်မယ်၊ ကျွန်မ ဒီကလေးကို ဒီမှာထားမပစ်နိုင်ဘူး၊ ကျွန်မဟာ ဒီကလေးရဲ့ မိခင်ဖြစ်ပါတယ်ရှင်"

"ဒီလိုဆိုရင် မင်းဟာ ဒီမှာပဲ မျောက်ဖြူနဲ့အတူ အမြဲနေတော့မယ်လို့ ဆိုချင်သလား၊ မင်းဟာ မျောက်ဖြူကို အမြဲချစ်နေနိုင်မယ်မထင်ပါဘူး"

"ဒါကိုတော့ ကျွန်မ မပြောနိုင်ပါဘူးရှင်၊ ဒါပေမယ့် သူဟာလေ ဒီ ကျွန်မသားကလေးရဲ့ အဖေအစစ်ပါပဲ၊ ရှင်တစ်ယောက်တည်း ပြန်သွားပါတော့၊ ကျွန်မဒီမှာ အင်မတန်ပျော်နေပြီ"

ဗိုလ်ချုပ်ကြီးကား အထူးပင် စိတ်ထိခိုက်သွားရချေတော့သည်။

မျောက်ဖြူသည် လူမိုက်တစ်ယောက်မဟုတ်ဘဲ လွန်စွာမှပင် အမြော်အမြင်ကြီးမားသူတစ်ယောက်ပင်ဖြစ်ကြောင်း သိရှိလိုက်ရတော့သတည်း။

မျောက်ဖြူသည် မိမိအပေါ်တွင် အနိုင်ရလိုက်ပြီ မဟုတ်ပါလော။ သို့နှင့် ဗိုလ်ချုပ်ကြီးသည် ပူဆွေးနွမ်းလျသော ရုပ်သွင်ဖြင့် မျောက်ဖြူ၏နယ်ပယ်ဒေသမှ ထွက်ခွာလာခဲ့ရတော့သတည်း။

ဇူလိုင်လ၊ ၁၉၆၇
သွေးသောက်

❑

## ဖန်လာရေး

(၁)

"ထောင်ရာမက၊ ဘဝများစွာ၊ ဖြစ်လေရာဝယ်၊ မကွာတူကွ၊ ဆုံတွေ့ရအောင်၊ မုချရွယ်ချူ၊ ဆုမွန်ယူလော့၊ ဇမ္ဗူတစ်ခေတ်၊ ငှက်ပင်ဖြစ်လည်း၊ သစ်တစ်ကိုင်းတုံ၊ မြရိပ်လှုံ၍၊ ဆုံလိုနှိမိတ်၊ သည်မောင့်စိတ်ဝယ်၊ ပြည့်သိပ်အာရုံ စောလျှက်ပါ"

ကုသ

ကျွန်တော်အား မျက်စိရှိသောလူတိုင်းက မြင်တွေ့လိုက်လျှင် အင်မတိအင်မတန် ရယ်မောမိကြလိမ့်မည်သာ။

အချို့သည် ရိုးရိုးမဟုတ်ဘဲ ဝါးဘိုးလုံးကွဲသလို ရယ်မောလိုက်ကြပေလိမ့်မည်သာ။ သူတို့သည် ကျွန်တော်၏ အကျည်းတန်သော ရုပ်ဆင်းအင်္ဂါရုပ်များကို ပြက်ရယ်ပြုလိုသောကြောင့် မြည်းသတ္တဝါများကဲ့သို့ ရယ်မောလိုက်ကြခြင်းပင် ဖြစ်ချေတော့သည်။

သူတို့ အဘယ်ကြောင့် ရယ်မောကြပါသနည်းဟု ဆိုပါလျှင် ကျွန်တော် ရည်းစားတစ်ယောက် ရှိနေသောကြောင့်ပင် ဖြစ်ပါ၏။ ကျွန်တော် ရည်းစားတစ်ယောက် ရရှိလာပြီး၊ ၄င်းနှင့် ညားအောင် ကြံစည်ကြိုးပမ်းနိုင်ခဲ့ခြင်းမှာ လွန်စွာထူးဆန်းအံ့ဩဖွယ် ကောင်းလှပါပေသည်ဟု ထင်မှတ်ကြပြီး သူတို့သည် ကျွန်တော့်ကို မြင်မိလိုက်တိုင်းပင် တဝကြီး ဝါးလုံးကွဲသံများဖြင့် မြည်းတိရစ္ဆာန်များကဲ့သို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြခြင်းပင် ဖြစ်ချေတော့သည်။

www.foreverspace.com.mm

ဓာရှုသူအပေါင်းသည် ကျွန်ုပ်တော်၏ အင်္ဂါရုပ်သွင်များကို မှုချ သိလိုကြပေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်၏ ရုပ်သွင်သည် အများနှင့်မတူဘဲ မည်ကဲ့သို့ ထူးခြားနေပါသနည်း။ ကျွန်တော်ဖော်ပြပါမည်။ သို့တစေလည်း ကျွန်တော်မှာ မနုဿလူသားတစ်ယောက်ပင် ဖြစ်ကြောင်းကို ဓာရှုသူတို့ ကြိုတင်သတိချပ်ထားသင့်ကြပါသည်။

ကျွန်တော်၏အရပ်မှာ လွန်စွာပုနေပါသည်။ အသားရောင်မှာ ကျောက်မီးသွေး၏အရောင်ကဲ့သို့ လွန်စွာမည်းနက်ပြီး ကျွန်တော်၏ကိုယ်ခန္ဓာမှာလည်း နည်းနည်းလေးမျှ အချိုးအဆစ် မပြေပြစ်ပါ။ ဦးခေါင်းမှာ လွန်စွာကြီးပြီး၊ အထက်သွားသုံးချောင်းတို့မှာလည်း အပြင်သို့ ခေါကာ ထွက်နေပါတော့သည်။ ကျွန်တော်၏ မျက်စိနှစ်လုံးတို့မှာ မျက်ခွက်အတွင်းသို့ ချိုင့်ဝင်နေကြပြီး နှာခေါင်းမှာလည်း ပြားလွန်းလှချေသည်။ ပါးစပ်မှာမူ ဖားပြုတ်၏ပါးစပ်နှင့် လွန်စွာတူပြီး၊ နားရွက်နှစ်ဖက်တို့မှာလည်း ကားထွက်နေကြချေသည်။

ကျွန်တော်၏ မျက်နှာပြင်တွင်မူ ကျောက်ပေါက်များ ပြည့်နေချေတော့သည်။ လွန်ခဲ့သော ၁၂-နှစ်လောက်က ကျွန်တော် ကျောက်ပေါက်ခဲ့ဖူးသောကြောင့်ပင် ဖြစ်ချေသည်။ ၄င်းပြင် ကျွန်တော်သည် ငယ်စဉ်က သစ်ပင်ထက်မှ လိမ့်ကျခဲ့သောကြောင့် ညာဘက်ခြေမှာ ကျိုးခဲ့ရချေတော့သည်။

ထိုအကြောင်းများကြောင့်လည်း ကျွန်တော့်အား မြင်မိသူတိုင်းမှာ ဝါးဘိုးလုံးကွဲသလို ဟက်ဟက်ပက်ပက်ကြီး ရယ်မောကုန်ကြချေတော့သည်သာ။

ရပ်ရွာထဲမှ လူများသည် ကျွန်တော့်ကို ပထမအကြိမ် မြင်မိကြလျှင် ကျွန်တော်သည် မျောက်နက်တစ်ကောင်နှင့်သာ တူတော့သည်ဟု မှတ်ချက်ချကြမြဲပင်။

မျောက်နက်ကို မြင်သူတိုင်းသည် မရယ်ပါတကား။ လူများက မျောက်နက်တစ်ကောင်နှင့် တူသည်ဟု အထင်ရောက်ကြပြီး ပြက်ရယ်ပြုခြင်း ခံလာခဲ့ရသော ကျွန်တော်မှာ ၄င်းတို့ကဲ့သို့ပင် လူသားတစ်ယောက်ဖြစ်ကြောင်းကို ၄င်းတို့ သတိထားမိကြဟန် မတူချေ။

ကျွန်တော်သည် တစ်ခါက လမ်းလျှောက်နေစဉ် လူတစ်ယောက်သည် ၄င်း၏မိတ်ဆွေကို . . .

"ဟောဟိုမှာ မိစ္ဆာပေါင်တိုတစ်ယောက် လာနေတယ်"ဟု ကျွန်တော့်အား လက်ညှိုးတိုးပြပြီး ဝါးလုံးကွဲ ရယ်မောလိုက်ချေတော့သည်။ ကျွန်တော့်မှာမူ "မိစ္ဆာပေါင်တို" မဟုတ်စေကာမူ သည်းခံပြီး ထိုသူအား ဘာမျှပြန်၍ မပြောလိုက်တော့ချေ။

သို့ရာတွင် ဤကဲ့သို့ သူတို့ ပြက်ရယ်ပြုကြခြင်းနှင့် မြည်းသတ္တဝါကဲ့သို့ ရယ်မောလိုက်ကြခြင်းများမှာ ကျွန်တော့်အား ထူးကဲသော သင်ခန်းစာများကို ရရှိနိုင်စေတော့သည်။

ကျွန်တော်သည် လှပစွာ ဝတ်စားဆင်ယင်ပြီး လမ်းလျှောက်သွားသော မိန်းမများကို မြင်လိုက်ရလျှင် မနေနိုင် မထိုင်နိုင်အောင်ပင် တွန့်သွားမိတော့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကျွန်တော့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာများကို လွှဲလိုက်ကြတော့သည်ချည်း။ စီးကွက်ငှက်ကို မြင်မိသော ဗြဟ္မဏပုဏ္ဏားများနှင့်ပင်တူနေချေတော့သည်။

သူတို့သည် ကျွန်တော့်အား မနုဿလူသားတစ်ယောက်ဟူ၍ အမှတ်မထားကြတော့ဘဲ မလေးမခန့် ပြက်ရယ်ပြုနေကြတော့သည့်အတွက် ကျွန်တော့်၏ဘဝ နံ့ချာမှုကို ကျွန်တော် သတိချပ်လာမိချေတော့သည်။

အခြားလူများသည် အလှအပကို ကြိုက်နှစ်သက်ကြသည့်နည်းတူ လူသားတစ်ယောက်ပင်ဖြစ်သော ကျွန်တော့်မှာလည်း အလှအပကို ကြိုက်နှစ်သက်မိပေတော့သည်။ ဤကဲ့သို့ အလှအပကို ကြိုက်နှစ်သက်သည့်အတွက်လည်း အခြားလူတွေက ကျွန်တော့်အား ပြစ်မှုကြီးတစ်ရပ်ကို ကျူးလွန်မိသော လူတစ်ယောက်ကဲ့သို့ အမှတ်ထားကြရုံမျှမကသေး ကျွန်တော်ကဲ့သို့ အကျည်းတန်လွန်းသော လူတစ်ယောက်သည် ဤကမ္ဘာပေါ်တွင် မရှိအပ်ဟူ၍ပင် ထင်မှတ်ယုံကြည်လာချေတော့သည်တကား။

ကျွန်တော့်ဖခင်သည် ကျွန်တော်ငယ်စဉ် လူမှန်းမသိခင်ကတည်းကပင် အနိစ္စရောက်ခဲ့ရရှာပြီး ကျွန်တော့်မှာ အမိအုပ်၍ ကြီးပြင်းလာခဲ့ရပါတော့သည်။ သို့နှင့်အမျှ ကျွန်တော်သည် ဇီဇမျိုးစေ့ညံ့သောကြောင့် ယခုကဲ့သို့ ရုပ်ဆင်းအင်္ဂါ ဆိုးရွားချို့တဲ့နေသည့်ဘဝကို ရောက်နေရသလား …။ ကျွန်တော်၏ အဖေကြောင့်လား …။ အမေကြောင့်လား …။ သူတို့နှစ်ဦးအပေါ် အပြစ်တွေ ဖို့ရမည်လားဟူ၍

ကျွန်တော်စိုးစဉ်းမျှ မသိနိုင်ပါ။ သို့ပြားလည်း ကျွန်တော်သည် မိဘနှစ်ပါး အပေါ်တွင် လုံးဝအပြစ်မဖို့လိုပါ။

သူတို့သည် ကျွန်တော့်အား ဤကမ္ဘာပေါ် လူလာ၍မဖြစ်စေလို ကြဟန် တူကောင်းတူခဲ့ကြပေလိမ့်မည်။ သို့ပြားလည်း ကျွန်တော် ယခု လူတစ်ယောက်ဖြစ်လာရပြီ မဟုတ်ပါလား။

သားမြေးအဆက်အနွယ်တွေ ပြန့်ပွားလာစေလိုသော ကျွန် တော့်၏မိခင်ဖြစ်သူက ကျွန်တော့်အား တစ်ရက်တွင်...

"သားရေ...မင်း မိန်းမတစ်ယောက်ယူပြီး အိမ်ကိုခေါ်လာ ပါတော့လားကွယ်" ဟု ပြောကြားတိုက်တွန်းခဲ့ပါသည်။

မိခင်က ကျွန်တော့်အား ဤကဲ့သို့ ပြောကြားတိုက်တွန်းခဲ့ သည်ကို ကျွန်တော်သည် နည်းနည်းမျှ မအံ့ဩမိခဲ့ပါ။

ထို့ကြောင့် ကျွန်တော်သည် အနည်းငယ်တွေဝေသွားပြီး...

"ဟုတ်ကဲ့အမေ...ကျွန်တော် မကြာခင် ခေါ်ဆောင်လာခဲ့ ပါ့မယ်"ဟူ၍ ပြန်ပြောလိုက်ပါတော့သည်။ မိခင်မှာလည်း ကူညီဖော် ရတော့မည်ဟု အတော်အားတက်သွားဟန် တူပါသည်။

ကျွန်တော့်၏မိခင်သည် ချွေးမတစ်ယောက်ကို အမြန်ရစေလိုသော ကြောင့် ထိုရက်တွင် မိမိ၏ အိမ်နီးနားချင်းများနှင့် သွားရောက်တွေ့ဆုံ တိုင်ပင်လေတော့သည်။ နောက်ရက်များတွင်လည်း ဤကဲ့သို့ပင် သွား ရောက်ရှာဖွေတွေ့ဆုံတိုင်ပင်ခဲ့ပေတော့သည်။ သို့ရာတွင် မိခင်သည် အိမ်သို့ပြန်လာတိုင်း သူမ၏ မရွှင်ပျသော ရုပ်သွင်ကိုသာ ကျွန်တော် မြင်ခဲ့ရပြန်တော့သည်။

ထို့ကြောင့် ကျွန်တော်က...

"အမေ ဘာဖြစ်လာသလဲ၊ အမေ နေမကောင်းဘူးလား" ဟူ၍ မေးလိုက်တိုင်း...

"အမေ နေကောင်းပါတယ်၊ ဘာမှမဖြစ်ဘူးသား" ဟူ၍သာ ပြန်လည်ပြောကြားခဲ့ပါတော့သည်။

သို့ရာတွင် "ဘာမှမဖြစ်ပါဘူး" ဟု အမေပြောကြားလိုက်သော စကားသံများသည် ကျွန်တော့်အတွက် မျှော်လင့်ချက်များ ကင်းလာ ကြောင်းကို သက်သေထူပြနေကြပါတော့သည်။

နောက် နှစ်ပတ်မျှကြာသွားသော် အမေသည် အိမ်နီးနားချင်းများ ထံသို့ သွားရောက်ခြင်းမှ ရပ်လိုက်တော့သည်။ ကျွန်တော့်အား ယခင်က



www.foreverspace.com.mm

www.foreverspace.com.mm

ပြက်ရယ်ပြုခဲ့ကြသော ရပ်ရွာနေလူများသည် ငိုကဲပြီး ပြက်ရယ်ပြုလာကြချေတော့သည်။ ကျွန်တော့်ကိုမြင်လျှင် ဝါးလုံးကွဲအသံကြီးဖြင့် မြည်းသတ္တဝါများကဲ့သို့ အလွန်ကျယ်လောင်စွာ ရယ်ပစ်လိုက်ကြတော့သည်။

ဆံပင်များ ဖြူနေသော လူကြီးတစ်ယောက်ကမူ…

"ဒီသူငယ်ဟာ သနားစရာပါပဲ၊ သူ့အမေဟာ သူ့သားအတွက် ချွေးမလောင်းတစ်ယောက်ကို မနားမနေ လိုက်လံရှာဖွေခဲ့ပေမယ့် အခုအထိ မရနိုင်ခဲ့သေးဘူး။ အို…အဖဘုရားသခင်၊ ဒီသူငယ်လို သတ္တဝါတစ်ယောက်ကို ဘာကြောင့် ဖန်ဆင်းထားခဲ့ပါသလဲ" ဟူ၍ပင် ပြောဆိုနေသံများကို ကျွန်တော်ကိုယ်တိုင် ကြားခဲ့ရပါတော့သည်။

ကျွန်တော်သည် လှပလာအောင်မွှမ်းမံခြယ်သလိုပါတော့သည်။ မိမိ၏မျက်နှာပေါ်တွင် အလှဆီများကိုလိမ်း၍ လှပသော အဝတ်အထည်များကို ဝတ်ဆင်ခဲ့တော့သည်။ သို့ရာတွင် ကျွန်တော်ဤကဲ့သို့ လိမ်းကျံခြယ်သ ဝတ်စားဆင်ယင်နေခြင်းကို မြင်ရသော အခြားလူများသည် ကျယ်လောင်စွာ ပြက်ရယ်ပြုလာကြပြန်ပါတော့သည်။ ကျွန်တော်မှာ ငိုပြီး အကျည်းတန် အရုပ်ဆိုးလာသောကြောင့်လားဟူ၍ ကျွန်တော်မသိပါ။ သို့ပြားလည်း ကျီးကန်းကို ရေချိုးပေးလျှင် ငန်းကဲ့သို့ မဖြူလာနိုင်တော့ကြောင်းကိုကား ကျွန်တော်ကောင်းစွာသိထားပါသည်။

(၂)

ကျွန်တော်သည် ကံကောင်းထောက်မသောကြောင့် နောက်ဆုံးတွင် ရည်းစားတစ်ယောက်ကို ရရှိလာခဲ့ပါတော့သည်။

စာရှုသူအပေါင်းတို့သည် ကျွန်တော့်၏ ချစ်ရေးကိစ္စများကို သည်းမခံနိုင်လောက်အောင်ပင် သိလိုကြပေတော့မည်။ ကျွန်တော်မှာ မနုဿ လူသားတစ်ယောက် ဖြစ်သည့်အတိုင်း မိန်းမများကို ချစ်ကြိုက်ချင်လှပါတော့သည်။ မိန်းမပျိုများ တုံ့ပြန်ကြသော အချစ်ကိုလည်း ခံယူရရှိလိုပါတော့သည်။

ဤ ကျွန်တော့်၏ အလိုဆန္ဒများမှာ သဘာဝပင် မဟုတ်ပါလော။

ကျွန်တော်၏ ချမ်းရေးကိစ္စသည် လွန်စွာ ဆန်းကြယ်လှပါဘိတောင်း။ မိန်းမပျိုတစ်ယောက်သည် ကျွန်တော့်ကို ချစ်ခဲ့ပြီး ကျွန်တော်၏ ရုပ်ဆင်းအင်္ဂါ မလှပသည်ကို စိုးစဉ်းမျှ ပမာမထားတော့ဘဲ ကျွန်တော်အား လက်ထပ်ခဲ့သော အကြောင်းကို စာရှုသူအပေါင်းတို့သည် လွန်စွာ သိလိုကြပေတော့မည်။ ကျွန်တော် ဤကဲ့သို့ လက်ထပ်နိုင်ခဲ့ခြင်းကြောင့်လည်း ရပ်ရွာနေ လူအားလုံးက ကျွန်တော့်အား ရေးကထက်ပို၍ ရှိရာ စက်ဆုပ်လာကြပါတော့သည်။

ချွေးမတစ်ယောက်ရရှိရန် ကျွန်တော့်၏မိခင်သည် အလွန်အမင်း ရှာဖွေကြိုးစားခဲ့ပါပြားလည်း နောက်ဆုံးတွင် လုံးဝမအောင်မြင်ခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် အဘယ်မိန်းမများသည် မျောက်နက်နှင့်တူသော လင်ယောက်ျားမျိုးကို အလိုရှိနိုင်ပါအံ့နည်း။

မိခင်သည် မိမိ၏ ကြိုးပမ်းမှုများ မအောင်မြင်ခဲ့သည်နှင့်အမျှ လွန်စွာစိတ်ထိခိုက်သွားပြီး အသက်အရွယ်မှာလည်း ကြီးရင့်လာသူဖြစ်ရကား မကျန်းမမာ ဖြစ်လာရချေတော့သည်။

ကျွန်တော့်၏ မှုလောင်နေသော အသည်းနှလုံး မိမိ၏မေတ္တာဓာတ်ဖြင့် မကြာမကြာ နှစ်သိမ့်ပေးလေ့ရှိခဲ့သော ကျွန်တော့်၏မိခင်၊ ကျွန်တော်၏ အသက်နှင့်တူပေသော မိခင်ကြီးသည် မကြာမီမှာပင် စိတ္တဇဝေဒနာစွဲကပ်ပြီး အနိစ္စရောက်သွားရှာခဲ့ရပါတော့သည်။ ကျွန်တော့်အား ဤကမ္ဘာလောကကြီးပေါ်တွင် တစ်ကိုယ်တည်း ပစ်ထားခဲ့သောကြောင့် ကျွန်တော့်မှာ မကြာခဏ ငိုကြွေးခဲ့ရပါတော့သည်။

နောက်များမကြာမီ ကျွန်တော်၏ နဖူးစာသည် အလွန်ဆန်းကြယ်လာခဲ့ပါတော့သည်။

ကျွန်တော်၏ အိမ်အဝတွင် "တောက် ... တောက် ... တောက်"နှင့် တုတ်ထောက်သံများ မြည်လာပြီး မိန်းမတစ်ယောက်၏ အသံကို ကြားမိလေတော့သည်။ သူမမှာ သူတောင်းစားမတစ်ယောက်ပင် ဖြစ်ချေတော့သည်။

"သနားကြပါရှင် ... ကျွန်မကို သနားကြပါ၊ ကျွန်မဟာ မျက်မမြင်တစ်ယောက် ဖြစ်ပါတယ်ရှင်"

သို့နှင့် ကျွန်တော်သည် သူမ၏တစ်ကိုယ်လုံးကို ကြည့်လိုက်ပြီးနောက် သူမ၏ မျက်စိနှစ်လုံးကို ကြည့်လိုက်မိရာ လွန်စွာသနားမိပေတော့သည်။

www.forwardspace.com.mm

"လွန်စွာ သနားဖွယ် ကောင်းလှသော မျက်မမြင်ကလေးပါ ကလား၊ ဒုက္ခိတ ကလေးယောက်ပါကလား"ဟု ကျွန်တော်သည် တီးတိုးရွတ်ဆိုမိလေတော့သည်။

သူမမှာ စက္ခုနှစ်ကွင်း အလင်းမရရှိသော်ငြားလည်း သူမ၏ မျက်နှာမှာ လှပပြီး ကိုယ်လုံးမှာလည်း အချိုးအဆစ် ပြေပြစ်လှသည် ဖြစ်သောကြောင့် ကျွန်တော်သည် ၄င်းအား ချစ်သနားမိပေတော့သည်။

"မင်း … ငါ့အိမ်ထဲ ဝင်လာပြီး ထိုင်နိုင်ပါတယ်ကွယ်" ဟု ကျွန်တော်က သူ့အား ချိုသာယဉ်ကျေးစွာ ပြောလိုက်လေတော့သည်။

သို့နှင့် သူမသည် ကျွန်တော်၏ အိမ်တံခါးဝအထိ တုတ်နှင့် စမ်းသပ်ဝင်လာနေသည့်အတွက် ကျွန်တော်သည် သူမ၏လက်တစ်ဖက်ကို ဆွဲကိုင်ပြီး အိမ်အတွင်းသို့ ပို့ဆောင်ပေးလိုက်လေတော့သည်။

ကျွန်တော်သည် မိန်းမပျိုများ၏လက်ကို ပထမဦးဆုံးအကြိမ် ဆွဲကိုင်မိခဲ့ခြင်းဖြစ်၍ နူးညံ့သောအတွေ့ကို တစ်မုဟုတ်ချင်း ခံစားမိပေတော့သည်။

ကျွန်တော်သည် သူမ၏ မျက်နှာကို ထပ်မံ၍ ကြည့်လိုက်ပြန်ရာ သူမသည် မျက်စိကန်းနေသော်လည်း လွန်စွာလှပနေသည်ကို တွေ့ရလေတော့သည်။ သူမ၏ရင်ဘတ်မှာ ကျွန်တော်နှင့် များများမဝေးလေရကား ကျွန်တော်၏စိတ်သည် အထူးလှုပ်ရှားလာရလေတော့သည်။ အသက်ရှူမြန်လာရလေတော့သည်။

ထိုနောက် ကျွန်တော်သည် သူမအား ကုလားထိုင်တစ်လုံးပေါ် ပေါ်သို့ တွဲဆောင်သွားပြီး…

"မင်း ဒီကုလားထိုင်ပေါ်မှာ ထိုင်နိုင်ပါတယ်" ဟု ပြောလိုက်တော့သည်။

သူမ၏ လက်ကို ကျွန်တော်ဆွဲကိုင်မိသည့်အတွက် သူမသည် စိတ်တုန်လှုပ်သွားသည်၊ မသွားသည်ကို ကျွန်တော် မတွေးထင်တတ်ပါ။ သို့ရာတွင် ကျွန်တော်သည် မည်သို့မျှ တွေတွေထူးထူး နောက်ထပ်မတွေးတော့ဘဲ ဘီစကွတ်မုန့်အချို့နှင့် ငွေတစ်ကျပ်တို့ကို သူမအားပေးလိုက်လေတော့သည်။ သူမက မိမိ၏နာမည်မှာ "လီလာ"ဖြစ်ကြောင်း၊ မိမိနှင့် မခင်အိုကြီးတို့သည် ရွာတွင်းရှိ အလုပ်ရုံငယ်တစ်ရုံ၏အနီးတွင် သက်ငယ်မိုးကာထားသော တဲငယ်တစ်လုံး၌ နေထိုင်ကြကြောင်းများကို ပြောပြလေတော့သည်။

မကြာမီပင် သူမပြန်မည်အပြုတွင် ကျွန်တော်က သူမအား နောက်ထပ်လာရန် မှာကြားပြောဆိုလိုက်ပါတော့သည်။

သို့နှင့် လီလာသည် ကျွန်တော်၏အိမ်အတွင်းသို့ မကြာမကြာ ဝင်ရောက်လာပေတော့သည်။ သူမသည် အကြောင်းမျိုးစုံတို့ကို ပြောပြသည့်အတွက် ကျွန်တော့်မှာ စိတ်ညစ်ညူးနေခြင်းမှ ပြေပျောက်သွားရပေတော့သည်။

လီလာသည် မျက်စိသာ မြင်နေရမည်ဖြစ်က ပိုပြီးလှလာလိမ့်မည်ဟု…ကျွန်တော် ယုံကြည်ထင်စားမိပါတော့သည်။ မိန်းမပျိုတစ်ယောက်၏ မျက်လုံးများဖြင့် အကြည့်ခံလိုက်ရပါလျှင် ယောကျ်ားများ၏ စိတ်သည် မတည်မငြိမ် ဖြစ်လာရလိမ့်မည် မဟုတ်ပါလော။

သို့နှင့် ကျွန်တော်သည် လီလာနှင့် အခါအားလျော်စွာ တွေ့ဆုံကာ စကားပြောဆို နေမိသည်နှင့်အမျှ သူမ၏ အပေါ်တွင် ချစ်သနားသော စိတ်များသည် မကြာခဏ တစ်နေ့တခြား ဖြစ်ပေါ်ရင့်သန်လာရပေတော့သည်။

ရပ်ရွာထဲမှ လူများသည် ကျွန်တော်တို့နှစ်ယောက်အား ဂရုပြုလာကြတော့သည်။ သို့ရာတွင် ကျွန်တော်တို့အား မည်သူမျှ မနာလို မဖြစ်လာကြချေ။ မျောက်နက်နှင့်တူသော လူတစ်ယောက်ဖြစ်၍ ကျွန်တော့်အား သူတို့ ပိုပြီးဂရုထားလာကြတော့သည်။

သို့ရာတွင် အကျည်းတန်ပြီး ကိုယ်အင်္ဂါချို့တဲ့သော လူတစ်ယောက်နှင့် မျက်မမြင်မိန်းမပျိုတို့ မကြာမကြာ နီးနီးကပ်ကပ်ထိုင်ပြီး စကားပြောနေကြသည်ကို မြင်ရသောကြောင့် သူတို့သည် ကျွန်ုပ်အား ရှေးအခါများကထက် ပိုပြီး ပြက်ရယ်ပြုလာကြချေတော့သည်။ ဝါးလုံးကွဲသော အသံကြီးများဖြင့် မြည်းသတ္တဝါများကဲ့သို့ ကျယ်လောင်စွာ ရယ်ကြချေတော့သည်။

တစ်ရက်တွင် ကျွန်တော်သည် လီလာအား မေးလေတော့သည်။

"လီလာရေ … မင်း ငါ့ကို ဘယ်လိုထင်သလဲ၊ အားမနာဘဲ ပြောပြပါကွယ်"

"ကျွန်မ … ရှင့်ကို မကောင်းတဲ့လူတစ်ယောက်လို့ ပြောမိခဲ့ပါသလား"

"ဒီလိုဆိုရင် မင်းဟာ ငါ့ကိုချစ်နိုင်မှာပေါ့နော် …၊ မင်း ငါ့ကို ချစ်ပါလားကွယ်"

www.foreverygeneration.com.mm

သူမသည် မျက်နှာပေါ်တွင် ရှက်ယောင်တွေ သန်းလာပြီး ဦးခေါင်းကို ငုံ့လိုက်ကာ စကားတစ်လုံးကိုမျှ ပြန်မပြောတော့ဘဲ ထိုင်နေရာမှ ထလိုက်ပြီး အိမ်အပြင်ဘက်သို့ ထွက်သွားချေတော့သည်။

ကျွန်တော်၏ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည့် ဘဝသည် ထိုရက်မှစ၍ စိုပြည်လန်းဆန်းလာရပေတော့သည်။ ကျွန်တော်၏ ကုသိုလ်ကံသည် ကောင်းလာရပြီ မဟုတ်ပါလော။

ကျွန်တော့်အား ပြက်ရယ်ပြုခဲ့ကြသူမှန်သမျှတို့မှာ ကျွန်တော်၏ရန်သူများပင်သာတည်း။ သို့ဖြစ်ရာ သူတို့သည် ကျွန်တော် အလွန်အရုပ်ဆိုးပြီး ခြေတစ်ဖက်ကျိုးနေကြောင်းကို လီလာအား ပြောပြထားနှင့်ကြပြီလားဟူ၍ ကျွန်တော်မတွေးတတ်ပါ။

လီလာသည် ကျွန်တော်၏နေအိမ်သို့ ဝင်ရောက်လာမြဲပင်။

သို့နှင့်တစ်ရက်တွင် ကျွန်တော်သည် ၎င်းအား…

"လီလာရေ … မင်း ငါ့ကို လက်ထပ်မှာလား" ဟု မေးလိုက်တော့ရာ သူမသည် တစ်ချက်မျှ တွန့်သွားသည်ကို တွေ့လိုက်ရချေတော့သည်။ ၎င်းသည် ကျွန်တော်ကဲ့သို့ အလွန်အကျည်းတန်ပြီး အင်္ဂါချို့တဲ့နေသူတစ်ယောက်အား လက်ထပ်ရန် ဝန်လေးနေဟန် တူနေချေတော့သည်။

"လီလာရေ … ငါဟာလူတစ်ယောက်ဖြစ်တယ်ဆိုတာကို မင်းသတိရှိစမ်းပါ၊ အလွှာဘုရားသခင်က မင်းကို ငါ့ဆီပို့လိုက်တယ်၊ဒါပေမယ့် ဘာသာအယူဝါဒတွေကို မင်းဂရုစိုက်ဖို့ မလိုပါဘူး၊ မင်းကို ငါ အင်မတန်ချစ်မိနေပြီကွယ်"

သို့ပြောလိုက်ပြီးနောက် ကျွန်တော်သည် လီလာ၏ နှုတ်ခမ်းကို ကြည့်နေလိုက်တော့သည်။ ကျွန်တော်သည် တရားသူကြီးက မည်ကဲ့သို့ အမိန့်ချမည်ကို စောင့်မျှော်ငံ့လင့်နေသော လူသတ်သမားတစ်ယောက်ပမာ တစိုးရိမ်ရိမ်နှင့်သာ သူမ မည်သို့ ပြန်လည်ပြောကြားမည်ကို စောင့်မျှော်နေမိချေတော့သည်။

သို့ပါသော်လည်း လီလာသည် မည်သို့မျှ ပြန်မပြောတော့ဘဲ ဆိတ်ငြိမ်စွာ နေလိုက်ချေတော့သဖြင့် ကျွန်တော်က…

"ပြောပါလီလာ … ပြောပြပါ၊ မင်းရဲ့ဘဝကို ငါကာကွယ်ပေးချင်လို့ပါ၊ မင်းကလဲ ငါ့ကို စိတ်ပျော်စေရမယ်လို့ ကတိပေးပါကွယ်"

မနေသတော့သဖြင့် လီလာသည် နောက်ဆုံးတွင်…

“ကျွန်မ ရှင့်ကို လက်ထပ်မယ်လို့ ကတိပေးပါတယ်ရှင်၊ ရပ်ရွာထဲက လူတွေကတော့ ကျွန်မရဲ့အကြောင်းတွေကို သွားပုပ်လေလွင့် တဖွဖွ ပြောနေကြတာ ကျွန်မကြားနေခဲ့ရပါတယ်ရှင်၊ သူတို့ဟာ ကျွန်မကို မြင်ကြတိုင်း မျောက်ဟိုမှာ မျောက်နက်နဲ့တူတဲ့လူရဲ့ မယားငယ်လေး သွားနေတယ်လို့ ကဲ့ရဲ့ပြောဆိုနေကြပါတော့တယ်ရှင်၊ နောက်တော့လဲ သူတို့က ရှင်ဟာ အင်မတန် အရုပ်ဆိုးတဲ့ မျောက်နက်နဲ့ တူတယ်လို့ ပြောကြသံတွေကိုလဲ ကျွန်မ မကြာခဏ ကြားမိခဲ့ပါတယ်ရှင်”

“သူတို့ ပြောဆိုကြသံတွေကို ကြားမိလိုက်တော့ မင်းစိတ်ထဲမှာ ဘယ်လိုဖြစ်သွားရသလဲ လီလာ”

“ကျွန်မကတော့ ရုပ်ဆင်းကို လုံးဝနားမလည်ပါဘူး၊ မျောက်တစ်ကောင်ကိုမှလဲ မမြင်ဖူးသေးပါဘူး၊ ဘာကိုမှလဲ မမြင်ဖူးသေးပါဘူး။ ဒါကြောင့် သူတို့ ဘာတွေပြောပြော ကျွန်မ နည်းနည်းကလေးမှ ဂရုမစိုက်ပါဘူး၊ သူတို့က ရှင်ဟာ ဒီကမ္ဘာကြီးပေါ်မှာ အလှဆုံးသူတစ်ယောက်ဖြစ်တယ်လို့ ပြောကြစေကာမူ ကျွန်မဘယ်လိုမှ မအောက်မေ့ပါဘူး၊ ဝမ်းမသာပါဘူး၊ ကျွန်မဟာ မျက်စိနှစ်လုံး ကန်းနေပေမယ့် မိမိရဲ့ အသည်းနှလုံးနဲ့ ဒီကမ္ဘာကြီးကို မြင်တွေ့နိုင်ခဲ့ပါပြီရှင်၊ လှပခြင်း၊ အကျည်းတန်ခြင်းများကိုလဲ ကျွန်မရဲ့အသည်းနှလုံးနဲ့ မြင်တွေ့ခဲ့ရပါပြီရှင်၊ ရှင်ဟာ မူဆလင်ဘာသာဝင်တစ်ယောက်ဖြစ်ပြီး၊ ကျွန်မမှာတော့ ဟိန္ဒူဘာသာဝင်တစ်ယောက်ဖြစ်ပါတယ်၊ ကျွန်မဟာ ရှင်နဲ့ ဘာသာချင်းမတူတဲ့အတွက် ရှင်မကန့်ကွက်ရင် ကျွန်မကလဲ ရှင့်ကို ကန့်ကွက်စရာ မရှိတော့ပါ၊ ဒီကမ္ဘာပေါ်မှာ ကျွန်မကို ချစ်နိုင်မယ့်လူ တစ်ယောက်မှ မရှိနိုင်တော့ဘူးလို့ ကျွန်မထင်နေမိခဲ့ပါတယ်၊ ဒါပေမယ့်…”

သို့နှင့် ကျွန်တော်က…

“ဒါပေမယ့်လို့ မင်းပြောလိုက်တာ ဘာဒါပေမယ့်လဲ လီလာ”ဟု မေးလိုက်တော့သည်။

“ကျွန်မပြောလိုက်တဲ့ ဒါပေမယ့်ဆိုတဲ့ စကားဟာဖြင့် သာမညဒါပေမယ့်မဟုတ်ပါဘူး၊ အဓိပ္ပာယ် အင်မတန်လေးနက်တဲ့ ဒါပေမယ့်ဖြစ်ပါတယ်ရှင်၊ ကျွန်မဟာ သူတောင်းစားမ တစ်ယောက်ဖြစ်ပါတယ်၊ နောက်ပြီးတော့လဲ ကျွန်မဟာ အပျိုမစစ်တော့ပါဘူးရှင်၊ မျက်စိကန်း နေပေမယ်လို့ ကျွန်မဟာလဲ ပုထုဇဉ်တစ်ယောက်ဖြစ်လေတော့ ချစ်ကြိုက်ချင်တဲ့စိတ်တွေ ရှိနေပါတယ်၊ ကျွန်မဟာ တစ်ခါတစ်လေ တစ်နေ့လုံး လိုက်လံ

www.foreverspace.com.mm

တောင်းရမ်းပေမယ်လို့ ဝမ်းမဝနိုင်ခဲ့ပါဘူး၊ ကျွန်မရဲ့ အမေအိုကြီးနဲ့ ကျွန်မရဲ့ ဝမ်းဗိုက်များကို အစာတွေ ဖြည့်သွင်းပေးနိုင်ဖို့ ကျွန်မဟာ ဖြစ်နိုင်တဲ့နည်းကို ရှာကြံခဲ့ရပါတယ်ရှင်"

"ဒါကြောင့် ကျွန်မဟာ ညအခါများမှာ ကျွန်မဆီကို လာရောက်ကြတဲ့ တဏှာအိုးယောကျ်ားတွေရဲ့ အလိုဆန္ဒတွေကို ဖြည့်ပေးပြီး ကျွန်မတို့နှစ်ယောက်ရဲ့ ဝမ်းဝရေးကို ဖူလုံအောင် ကြံဆောင်လာခဲ့ရပါတယ်ရှင်၊ ကျွန်မဟာ ရှင့်ကို အခုလို အမှန်အတိုင်း ပြောပြလိုက်ရတဲ့အတွက် ရှင် ကျွန်မကို စိတ်မဆိုးပါနဲ့နော်၊ ဘယ်ယောကျ်ားကမှ ကျွန်မကိုင်ဆောင်သွားတဲ့ခွက်ထဲမှာ အလှူသဘောနဲ့ ပိုက်ဆံမထည့်ခဲ့ကြတော့ပါဘူးရှင်၊ ဒီလိုပြောမိလို့ ကျွန်မကို အခွင့်လွှတ်ပါရှင်၊ ဒီနေ့မှာဖြင့် ကျွန်မဟာ ရှင်ကလွဲရင် ဘယ်ယောကျ်ားကိုမှ မချစ်နိုင် မရှိသေနိုင်တော့ပါဘူးရှင်"

သို့နှင့် ကျွန်တော်သည် လီလာပြောစကားများကို ကြားလိုက်ရပြီးလျှင် အမ်းတမ်းတမ်းကြီး ဖြစ်သွားရချေတော့သည်။

"လီလာ ... ယောကျ်ားတွေဟာ မင်းအပေါ်မှာ အင်မတန်ရက်စက်ခဲ့ကြတာကလား၊ တစ်ကိုယ်ကောင်း ကြံခဲ့ကြတာပါကလား၊ ဒါပေမယ့် မင်းပြောပြလို့ အကြောင်းစုံသိရတဲ့အတွက် မင်းအပေါ်မှာ ငါမမုန်းသွားပါဘူး၊ စိတ်ထဲမှာလဲ ဘယ်လိုမှ မထိခိုက်သွားပါဘူး၊ မင်းဟာ အငတ်မခံနိုင်တော့တဲ့အတွက် ကြံမိကြံရာ လုပ်ကိုင်ကြံဆောင်ခဲ့ရခြင်းဖြစ်တယ်၊ မင်းကို ငါအခွင့်လွှတ်နိုင်ပါတယ်၊ ငါ့စိတ်ကိုငါ ထိန်းသွားနိုင်ပါတယ်၊ မင်းကိုငါ အမြဲချစ်သွားနိုင်ပါတယ်"

ရက်အနည်းငယ်ကြာရှိသော် ကျွန်တော်တို့နှစ်ဦး၏ မင်္ဂလာပွဲကို အောင်မြင်စွာ ကျင်းပနိုင်ပေခဲ့ရာ တစ်ရွာလုံးမှာ အထူးလှုပ်ရှားသွားချေတော့သည်။ ထိုနောက် ကျွန်တော် "အဗ္ဗဒုလာ" နှင့် "လီလာ" တို့သည် အကြင်လင်မယား ဘဝကြင်ဖော်အဖြစ် တစ်အိမ်တည်းတွင် အတူနေလိုက်ကြပေတော့သည်။

တစ်ရွာလုံးကား ဝါးလုံးကွဲသံကြီးများဖြင့် ရယ်၍မဆုံးနိုင်ကြတော့ချေ။ လီလာ၏မိခင်မှာလည်း ကျွန်တော်တို့နှင့်အတူ လာရောက်နေထိုင်ပေတော့သည်။

ရပ်ရွာနေလူများကား ကျွန်တော်တို့ မင်္ဂလာဆောင်ကြသည်ကို စိုးစဉ်းမျှ သဘောမတူ အားမပေး မကူညီကြတော့ဘဲ အရေးမစိုက်နေလိုက်ကြချေတော့သည်။

သို့ရာတွင် ကျွန်တော်က…

"လီလာရေ… မင်းဘာမှစိတ်မပျက်နဲ့နော်၊ သူတို့ရယ်ချင်သလို ရယ်ကြပါစေ၊ သူတို့ဟာ အရူးတွေပါကွယ်" စသည်ဖြင့် အားပေးစကားများကို ပြောကြားလိုက်တော့သည်။

(၃)

သို့နှင့် ကျွန်တော်တို့နှစ်ဦးသည် ဘဝကြင်ဖော်များအဖြစ် နေထိုင်လာခဲ့ကြတော့သည်။ ပျော်ရွှင်မှုများကို အပြည့်အဝခံစားရရှိနေကြသည်ဟူ၍ကား ကျွန်တော်မဆိုလိုပါ။ လူ့ဘဝတွင် ထင်တိုင်းပေါက်လိမ့်မည် မဟုတ်ချေတကား။ ရပ်ရွာနေ လူများကား ကျွန်တော်တို့နှစ်ယောက်အား စိုးစဉ်းမျှ အရေးမစိုက်၊ နည်းနည်းမျှ ကူညီခြင်းမပြုကြဘဲ ရေးကကွဲသို့ပင် အမှုမဲ့ အမှတ်မဲ့ နေသွားကြတော့သည်သာ။

ကျွန်တော်တို့မှာ အိမ်ထောင်သည်ဘဝ၏ ပြဿနာရပ် အမျိုးမျိုးတို့ကို ရင်ဆိုင်ကာသွားနေရချေတော့သည်။ သို့ဘိလည်း ကျွန်တော်တို့၏ အိမ်ထောင်ရေးသည် မကြာမီ ချောမွေ့လာလိမ့်မည်ဟု ကျွန်တော်စွဲမြဲစွာ ယုံကြည်နေတော့သည်။

မကြာမီပင် လီလာသည် ကိုယ်ဝန်ရှိလာချေတော့သည်။ ကျွန်တော့်ရပ်ဆင်း မလှပခြင်းနှင့် အကြီချိုတဲ့နေခြင်းများသည် သားသမီးရနိုင်မှုနှင့် မည်သို့မျှ မစပ်ဆိုင်ချေတကား။

ကျွန်တော်တို့မှာကား ရပ်ရွာ၏ ပြက်ရယ်ပြုခြင်းနှင့် အတင်းပြောကြခြင်းများကို လုံးဝအမှုမထားကြချေ။ ကျွန်တော့်မှာ ဖခင်တစ်ယောက်ဖြစ်လာရတော့မည်ကို ကြိုတင်၍ အလွန်အမင်း ဝမ်းသာမိပြီး လျှင် အလွှာဘုရားသခင်အား အကြိမ်ကြိမ် ကျေးဇူးတင်နေမိတော့သည်။

သို့ရာတွင် လီလာသည် ကလေးမမွေးမီ နှစ်လခန့်အလိုတွင် နာမကျန်းဖြစ်လာရသောကြောင့် ဆရာဝန်တစ်ယောက်ကို ပင့်ခေါ်ရပေတော့သည်။ ဆရာဝန်သည် လီလာအား စမ်းသပ်လိုက်တော့သည်။

ကျွန်တော်က ဆရာဝန်အား သူမ၏အသက်ကို ဖြစ်နိုင်သည့်နည်းများဖြင့် ကယ်ပါရန် အသနားခံလေတော့သည်။

ဆရာဝန်က… "မစိုးရိမ်ရပါဘူး၊ ကျုပ်ပျောက်ကင်းအောင် ကုသပေးပါ့မယ်" ဟုပြောပြီး…



www.foreverspace.com.mm

"သူမဟာ မွေးလာကတည်းက မျက်စိမမြင်ဖြစ်ခဲ့တာလား"ဟု မေးရာ ကျွန်တော်က…

"ဟုတ်ပါတယ်" ဟု ပြန်ပြောလိုက်တော့သည်။

၎င်းနောက် ဆရာဝန်သည် လီလာ၏ မျက်စိနှစ်လုံးတို့ကို သေချာစွာ ကြည့်ရှုစမ်းသပ်ပြီး…

"သူမမျက်စိ ပြန်ပြီးမြင်လာအောင် ကျုပ်ကုပေးနိုင်ပါတယ်၊ မျက်စိနှစ်လုံးကို ခွဲပြီးကုသရပါမယ်၊ ဒါပေမယ့် အခုအခါမှာတော့ ဘာမှ မလုပ်နိုင်သေးပါဘူး၊ သူက ကလေးမွေးပြီး ကျန်းမာလာတဲ့အခါမှာ ကျုပ် သူမရဲ့ မျက်စိနှစ်လုံး ပြန်ပြီးမြင်လာအောင် ကုသပေးပါ့မယ်"ဟု ပြောကြားလေတော့သည်။

ဆရာဝန်၏စကားများသည် ကျွန်တော်အား လွန်စွာအားတက်စေတော့သည်။ သူက လီလာ၏ မျက်စိများ ပြန်မြင်လာအောင် ကုသပေးမည်ဟု ပြောကြားခဲ့ပြီး မဟုတ်ပါလော။

သို့ရာတွင် ကျွန်တော်သည် စိတ်ထဲတွင် တစ်မျိုးဖြစ်လာရပြန်တော့သည်။ အကယ်၍သာ လီလာသည် မျက်စိပြန်မြင်လာ၍ ကျွန်တော့်ကို မြင်မိလိုက်ပါက လန့်ဖျပ်ပြီး တစ်ကိုယ်လုံးတုန်လှုပ်သွားလိမ့်မည်လော၊ ကျွန်တော်အား ရှေးကကဲ့သို့ပင် ချစ်မြဲရှိသေးမြဲရှိသေးနိုင်ပါဦးမည်လော စသည်ဖြင့် ကျွန်တော်သည် လီလာ၏အပေါ်တွင် အထူးပင် သံသယ ဖြစ်လာနေမိပါတော့သည်။

သို့နှင့်အမျှ လီလာသည် မျက်စိပြန်၍ မမြင်သင့်တော့ဟု ကျွန်တော် ထင်မြင်လာမိတော့သည်။ သို့ဖြစ်လျှင် ဆရာဝန်အား မည်သို့ပြန်လည် ပြောပြလိုက်ရမည်ကို ကျွန်တော်မတွေးဆနိုင်တော့ပါ။

သို့ပါသော်လည်း ဇနီးဖြစ်သူအပေါ်တွင် မဖော်ပြနိုင်သော ကြင်နာသည့်စိတ်သည် ကျွန်တော်၏ အဇ္ဈတ္တအတွင်းစိတ် သန္တာန်ထဲသို့ တစ်မုဟုတ်ချင်း ဝင်ရောက်လာတော့သည် ဖြစ်သောကြောင့်…

"လီလာရေ … မင်းမျက်စိနှစ်လုံး ပြန်မြင်လာအောင် ဆရာဝန်က ကုသပေးနိုင်တယ်လို့ ပြောတယ်"ဟူ၍ ၎င်းအား ဝမ်းပန်းတသာ ပြောကြားမိလေတော့သည်။

သို့ပြောကြားလိုက်ပြီးနောက် ကျွန်တော်သည် လီလာအား အပြောမှားသွားကြောင်းကို ချက်ချင်းသတိရမိပြီး လွန်စွာ ဝမ်းနည်းရချေတော့သည်။

www.foreverspace.com.mm

မျက်စိပြန်၍မြင်လာလျှင် လီလာသည် ကျွန်တော်၏ မလှပသော ရုပ်ဆင်းအင်္ဂါကို မြင်တွေ့သွားရသည်ရှိသော် ကျွန်တော့်အား မုချ ရွံရှာမုန်းတီးသွားရရှိမည်ဟူ၍လည်းကောင်း ထင်စားမိသောကြောင့် ကျွန်တော်သည် သူမအား အဘယ်ငှာလျှင် ဟုတ်တိုင်းမှန်ရာများကို ပြောကြားလေးသင့်ပါအံ့နည်း။

"မျက်စိတွေ ပြန်ပြီးမြင်လာနိုင်မယ်ဆိုရင် ကျွန်မ အင်မတန် မြင်ချင်လှပါပြီ၊ ကျွန်မမျက်စိတွေ ပြန်ပြီးမြင်လာရင် ရှင်ဝမ်းမသာဘူးလား၊ ကျွန်မရှင့်ကို မြင်ရရင် ပိုပြီးချစ်လာရတော့မှာ အမှန်ပါပဲရှင်"

စသည်ဖြင့် လီလာပြောလိုက်သော စကားလုံးများသည် ကျွန်တော်၏ အသည်းနှလုံးအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာပြီး စွဲမြဲစွာ ကိန်းအောင်းနေပေတော့ပြီတကား။

သူမက ဤကဲ့သို့ အလွန်ဝမ်းသာပြီး ပြောလိုက်သော စကားများကို ကြားလိုက်ရသော ကျွန်တော့်မှာမူ သူမကဲ့သို့ စိုးစဉ်းမျှ ဝမ်းမသာနိုင်တော့ဘဲ လွန်စွာပင် စိတ်ဆင်းရဲသွားရချေတော့သည်။ အဘယ်ကြောင့်ဆိုသော် သူမသည် မျက်စိပြန်မြင်ပြီး ကျွန်တော်၏ အကျည်းတန်သော ရုပ်ဆင်းအင်္ဂါများကို မြင်တွေ့ရသည်ရှိသော် ကျွန်တော့်အား မုချရွံရှာ စက်ဆုပ်သွားရရှိမည်သာဟူ၍ ကျွန်တော်သည် လေးနက်စွာ ယုံကြည်ထင်စားမိသောကြောင့်ပင်။

ထိုရက်မှစ၍ လီလာ၏မျက်နှာသည် ရှေးကနှင့်မတူတော့ဘဲ တမူခြားကာ စိုပြည်လန်းဆန်းလာပေတော့သည်။

မိမိသည် မျက်မမြင်ဘဝမှ မကြာမီလွတ်မြောက်ပြီး ဘဝသစ်သို့ရောက်ရပေတော့မည်ဟု ဝမ်းအမြောက်ကြီး မြောက်နေဟန်တူပေတော့သည်။

ထို့နောက် ဆရာဝန်သည် ကျွန်တော့်ကို လီလာအား တိုက်ကျွေးရန် ဆေးများကို ပေးအပ်ပြီး . . .

"ကလေးမွေးပြီးလို့ မင်းမိန်းမ ကျန်းမာလာရင် ကျုပ်ဆီကိုလာခဲ့ပါ၊ အဲဒီအခါကျရင် သူ့မျက်စိနှစ်လုံးကို ခွဲဖို့ကိစ္စနဲ့ပတ်သက်ပြီး မင်းကို ကျုပ် အသေးစိတ်ပြောပြမယ်"ဟု ပြောဆိုမှာကြားလေတော့သည်။

လီလာကား အထူးပင် ငြိမ်သက်ကာ ကျေနပ်နေပေတော့သည်။ သို့ရာတွင် ကျွန်တော်၏ အသည်းနှလုံးအတွင်း၌မူကား အပူမီးတွေ တောက်လောင်နေရချေတော့သည်တကား။

သို့ဖြစ်ရကား ကျွန်တော်သည် ဝရန်တာတစ်ဖက်အစွန်းသို့ သွားရောက်ပြီး ထိုင်ချလိုက်တော့သည်။ သို့မှလည်း ကျွန်တော့်၏အသည်းနှလုံး၌ လောင်မြိုက်နေသော အပူမီးကြီးသည် ခေတ္တမျှ ငြိမ်းအေးသွားနိုင်တော့သည်တကား။

ထိုနောက် ကျွန်တော်သည် ဟိုဟိုသည်သည် တောင်တောင်မြောက်မြောက် ရောက်တတ်ရာရာတို့ကို အကြိမ်ကြိမ်အလီလီ စဉ်းစားတွေးတောကာ နေလိုက်ပြီး…

"ဟော့ … အဖွဲ့ဒုလာ၊ လီလာကို မျက်စိပြန်မြင်လာစေဖို့ မဖြစ်နိုင်တော့ဘူး၊ မျက်စိတွေပြန်ပြီး မြင်လာရအောင် သူ့မျက်လုံးနှစ်လုံးကို ခွဲစိတ်ကုသခြင်း မပြုစေသင့်တော့ဘူး။ ဆရာဝန်ကြီးခင်ဗျာ…ခင်ဗျားရဲ့ ဝတ္တရားဟာ ရောဂါအမျိုးမျိုးကို ကုပေးဖို့ပဲ၊ ခင်ဗျားဟာ အင်မတန်တော်တဲ့ ဆရာတစ်ယောက်ဖြစ်တာ အမှန်ပါပဲ၊ ရောဂါတွေထဲမှာ မျက်စိကွယ်နေတဲ့ ရောဂါဟာ ဆိုးရွားလွန်းလှတယ်၊ ခင်ဗျားက ကျွန်တော့်ရဲ့ မိန်းမ စက္ခုနှစ်ကွင်းအလင်းပြန်ရအောင် စေတနာနဲ့ ခွဲစိတ်ပြီး ကုသပေးချင်တာကို ကျွန်တော် အင်မတန် ကျေးဇူးတင်မိပါတယ်၊ ဒါပေမယ့်…ဒါပေမယ့် ခင်ဗျားဟာ ကျွန်တော့်ရဲ့ ဘဝပြဿနာရပ်တွေကို မသိရှာပါဘူး။ ခင်ဗျားကသာ သူမရဲ့ မျက်စိနှစ်လုံးတို့ကို ခွဲစိတ်ကုသပေးလိုက်ရင် ဘုရားသခင်ရဲ့ ကူညီစောင်မမှုကြောင့် သူမဟာ မျက်စိတွေပြန်မြင်လာရမှာ အမှန်ပါပဲ၊ ဒါပေမယ့် ဒါပေမယ့်လည်း မျောက်နက်တစ်ကောင်လို ရုပ်ဆင်းသဏ္ဌာန်မလှပလွန်းတဲ့ ကျွန်တော့်ကို သူမမြင်မိရင် ကျွန်တော့်ကို မုန်းသွားပြီး ကျွန်တော့်ရဲ့ ထံပါးက ရှောင်ခွာသွားတော့မှာ အမှန်ပါပဲ"

စသည်ဖြင့် ကျွန်တော်သည် အမျိုးမျိုး တီးတိုးပြောဆိုညည်းတွားကာ စိတ်ညစ်နေရချေတော့သည်။

## (၄)

မကြာမီ လီလာသည် သားကလေးတစ်ယောက်ကို မွေးဖွားပေတော့သည်။ သို့ငြားလည်း ရပ်ရွာအတွင်းနေသည့် သူတစ်ဦးတစ်ယောက်မျှ ကျွန်တော့်၏နေအိမ်သို့ မလာမရောက် မကူညီကြရုံသာမက မြည်းသတ္တဝါများကဲ့သို့ ဝါးလုံးကွဲအသံကြီးများဖြင့် ကျယ်လောင်စွာ ရယ်မောကုန်ကြတော့သည်သာ။

www.foreverspace.com.mm

အို … စာရှုသူအပေါင်းတို့ခင်ဗျား သူတို့၏ အပြုအမူများမှာ ရယ်စရာ မကောင်းလှပေလော။ သို့တစေလည်း အင်္ဂါရုပ်ဆင်း မလှမပ သောဖခင်နှင့် မျက်မမြင်မိခင်တို့မှ မွေးဖွားလာခဲ့ရသော ဤကလေးငယ် သည် စိုးစဉ်းမျှ အပြစ်မရှိချေတကား။

သူကလေးမှာ လီလာ၏နှာတံနှင့်တူပြီး ကျွန်တော်၏ပါးစပ်နှင့် ထွန်းစွာတူပါပေသည်။

သို့နှင့်လီလာသည် သားမွေးပြီးနောက် မကြာမီအတွင်းမှာပင် ပြန်လည်ကျန်းမာလာပြီး ကျွန်တော့်အား …

"ကျွန်မတို့ ဆရာဝန်ဆီကို သွားကြမလား မောင်" ဟု မေးလေ တော့သည်။

သူမ သည်ကဲ့သို့ ပြောလိုက်ခြင်းမှာ ကျွန်တော်၏အသည်းနှလုံး ထဲတွင် မှန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်ခြင်း ခံလိုက်ရသည့်ပမာ မဖော် ပြနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရကြောင်းကိုကား သူမ မသိရှာ တော့ချေတကား။

သို့ဖြစ်ရကား ကျွန်တော်က သူမအား…

"အေး … လီလာ ဟုတ်ပေသားပဲ၊ မောင်မေ့နေတယ်၊ မောင် ဒီကနေ့ပဲ ဆရာဝန်ကို သွားရှာလိုက်ဦးမယ်"

စသည်ဖြင့် လိမ်လည်ပြောကြားလိုက်တော့သည်။ ကျွန်တော့် မှာမူ မဟာသမုဒ္ဒရာပေါ်တွင် လူးလိမ့်နေရသော သူတစ်ယောက်နှင့် တူနေရချေပြီ မဟုတ်ပါလော။

ထိုနောက် ကျွန်တော်သည် ရွာအတွင်းသို့ သွားရောက်ပြီး နှစ် နာရီမျှအကြာတွင် နေအိမ်သို့ ပြန်လာ၍…

"ဆရာဝန် သေဆုံးသွားပြီ" ဟု သူမအား လိမ်လည်ပြောကြား လိုက်ချေတော့သည်။

သို့နှင့်အမျှ ကျွန်တော်၏ ပူဆွေးမှုများမှာ တစ်နေ့ထက်တစ်နေ့ တိုးပွားနေရဆဲပင် ဖြစ်ချေတော့သည်။

တစ်ရက်တွင် ကျွန်တော်သည် နေအိမ်သို့ ပြန်လာသောအခါ အသည်းနှလုံး ကွဲပြတ်သွားရမတတ်သော ဖြစ်ရပ်တစ်ခုကို မြင်တွေ့ရချေ တော့သည်။

လီလာ၏ အမေဖြစ်သူသည် အခန်းတွင်းရှိ ကြေးအိုးကြီးတစ်ခုလုံး ကို ခါတိုင်းကဲ့သို့ ပြောင်းရွှေ့ထားရန် သတိမေ့ခဲ့တော့သည်။

လီလာသည် ကလေးငိုသံများကို ကြားမိသောကြောင့် မိမိကိုင်ဆောင်နေကျ ဝါးကုတ်ချောင်းကို မကိုင်မိဘဲ ပုခက်ဆီသို့ အလျင်စလိုနှင့် ပြေးသွားလေတော့ရာ ကြေးအိုးကြီးနှင့် တိုက်မိပြီး လှေကားအောက်သို့ အိမ်အထက်ထပ်မှ တလိမ့်ခေါက်ကွေးလိမ့်ကျသွားကာ လှေကား၏ လက်ရန်းနှင့် ဦးခေါင်း ရိုက်မိရကား သွေးများဒလဟော ယိုစီးကျဆင်းလာသောကြောင့် ကျွန်တော်သည် သူမအား ဆေးရုံသို့ အမြန်ပို့ဆောင်လိုက်ရချေတော့သည်။

သို့နှင့်အမျှ ကျွန်တော့်မှာ မဖော်ပြနိုင်လောက်အောင် များပြားလှသော ပူဆွေးမှုများ ဖြစ်ပေါ်လာရချေတော့သည်။

ရပ်ရွာထဲတွင် နေထိုင်ကြသူအပေါင်းတို့ခင်ဗျား၊ ခင်ဗျားတို့သည် ကျွန်တော်၏အသွယ်သွယ်သော ဒုက္ခများကို ယခုကြားသိကြရပြီ မဟုတ်ပါလော။ ခင်ဗျားတို့သည် ကျွန်တော့်အား ရှေးကကဲ့သို့ပင် ပြက်ရယ်ပြုကာ မြည်းသတ္တဝါများကဲ့သို့ ဝါးလုံးကွဲ ရယ်မောနိုင်ကြဦးပါမည်လော။

ကျွန်တော့်အားလည်း မည်သူတစ်ဦးတစ်ယောက်မျှ အရေးထားလိမ့်မည်မဟုတ်ချေတော့တကား။ ဆေးရုံတွင် ဆရာဝန်ကြီးက ကျွန်တော့်အား... "ခင်ဗျားမိန်းမဟာ အတော်မြင့်တဲ့ နေရာက အောက်ကို လိမ့်ကျခဲ့တယ်၊ ဒဏ်ရာအင်မတန် ပြင်းတန်တယ်" ဟု ပြောလေတော့သည်။

ကျွန်တော်သည် လီလာလဲလျောင်းနေသော ခုတင်ရှိရာသို့ သွားရောက်ကြည့်ရှုရာ သူမသည် ထိခိုက်မိသော ဒဏ်ရာကြောင့် လူးလွန့်ကာ အော်ဟစ်ညည်းတွားနေသည်ကို ဝမ်းနည်းဖွယ် မြင်တွေ့ရချေတော့သည်။ လီလာသည် ကျွန်တော့်အား...

"ဩော် ... မောင် ရောက်လာပြီကိုး၊ ကျွန်မ သွားရပါတော့မယ်ရှင်၊ ကျွန်မ မသေခင်မှာ မောင့်ကို တစ်ကြိမ်လောက် မြင်သွားစမ်းချင်ပါတယ်" ဟုပြောပြီး ရှိုက်ငင်ငိုကြွေးချေတော့သည်။

သူမသည် မိမိ၏ မျက်လုံးနှစ်လုံးတို့ကို ခွဲစိတ်ကုသပေးမည့် ဆရာဝန် သေဆုံးသွားပြီဟု ကြားသိခဲ့ရသောကြောင့် လွန်မင်းစွာ ဝမ်းနည်းမိပြီး ငိုကြွေးနေပါသလော။ ကျွန်တော် မသိနိုင်တော့ပါ။

ထိုနောက် ကျွန်တော်က...

"လီလာရေ ... ငါ့ကို မင်းမျက်လုံးနဲ့ ကြည့်မြင်နိုင်ဖို့ဟာ မထူးလှပါတော့ဘူးကွယ်၊ မင်း ငါ့ကို မင်းရဲ့ အသည်းနှလုံးနဲ့ ကြည့်မြင်ပြီးခဲ့ပြီ မဟုတ်လား၊ ဒီကမ္ဘာကြီးပေါ်မှာ ငါ့ကို မင်းတစ်ယောက်သာ အမြင်မှန်မှန်

သဘောမှန်မှန်နဲ့ ကြည့်မြင်ခဲ့ပြီဖြစ်တယ်ဆိုတဲ့ အကြောင်းကို ငါကောင်းကောင်းကြီး သိထားပါပြီကွယ်၊ ရပ်ရွာကလူတွေဟာ မျက်လုံးတွေရှိရက်သာနဲ့ ငါ့ကို အမြင်မှန်နဲ့ မကြည့်မမြင်နိုင်ခဲ့ကြဘူး၊ ဒါကြောင့် အချစ်လီလာရေ စိတ်ကို အေးအေးထားပြီးနေလိုက်ပါတော့ကွယ်၊ မင်း မကြာခင်ပြန်လည်ကျန်းမာလာတော့မှာ အမှန်ပါပဲ၊ မင်း စိတ်ချပြီး နေပါတော့"ဟူသည်ဖြင့် သူမအား ပြောကြားနှစ်သိမ့်လိုက်လေတော့သည်။

မကြာမီ နေမင်း၏ ရောင်ခြည်များ မှေးမှိန်လာတော့ရာ လီလာသည် ငိုကြွေးမြန်တော့သည်။ ၎င်းနောက် လီလာ၏မိခင်သည် ရောက်လာပြီး သူမ၏ကလေးငယ်ကို သူမ၏နံဘေးတွင် ချထားလေတော့သည်။ လီလာ၏ မိခင်ကလည်း ရှိုက်ငင်ငိုကြွေးချေတော့သည်။ ကျွန်တော့်မှာမူ ကူမည့်သူ ကင်းမဲ့နေချေပြီတကား။

မကြာမီပင် နေလုံးလုံးဝင်သွားပြီး အမှောင်သမ်းလာချေတော့သည်။ ဤ ကျွန်တော်၏ ဆန်းကြယ်ကြေကွဲဖမ်းနည်းဖွယ်ကောင်းလှသော အချစ်ဇာတ်လမ်းကို မသိနားမလည်ကြသေးသော ရပ်ရွာနေ လူအပေါင်းတို့သည် ကျွန်တော့်၏အကျည်းတန်လှသော ရုပ်ဆင်းအင်္ဂါများကိုတွေ့မြင်ကြပြန်သောအခါတိုင်းတွင် ဝါးလုံးကွဲအသံကြီးများဖြင့် မြည်း တိရစ္ဆာန်များကဲ့သို့ပင် ဟက်ဟက်ပက်ပက် ရယ်မောကြဆဲပင်။

ကျွန်တော်သည် လီလာကဲ့သို့ပင် မျက်စိစုံလုံး ကန်းသွားပါက ကျွန်တော်၏ ဆန်းကြယ်လှသော အချစ်ဇာတ်လမ်းသည် မည်သို့ပြောင်းလဲသွားနိုင်မည်ကိုကား ကျွန်တော်သည် မှန်းဆတွေးတော၍ မရနိုင်ချေတော့ပါတကား။ ဤကမ္ဘာလောကကြီးတွင် မိမိအလွန်တမင်း ချစ်နှစ်သက်သောသူနှင့် သေကွဲကွဲရခြင်း ဒုက္ခကား ကြီးမားလှပါဘိတောင်း။

*(စာရေးဆရာ K.T.Mohamed ရေးသော EYES ကို တိုက်ရိုက်မြန်မာပြန်ထားသည်။)*

ဆောက်တိုဘာလ၊ ၁၉၇၀
ငွေတာရီ

❑

## ကျောက်ခဲတရား

### (၁)

သာသနာပြု အင်္ဂလိပ်ဘုန်းတော်ကြီး "တွမ်လင်ဆန်"သည် တောင်အာရှေဗျပြည်ရှိ "ဒစ်ကန်"ရွာသို့ ရောက်ရှိနေလေသည်။

၎င်းသည် တစ်ညနေတွင် ယင်းရွာလယ်ရှိ ကုလားအုတ်များကို ချည်နှောင်ထားနေကျဖြစ်သော နေရာသို့ သွားရောက်လည်ပတ်ရာ အာရပ်ယောကျာ်းနှင့် မိန်းမပျိုတစ်စုတို့သည် ပျော်ရွှင်စွာ ကခုန်နေကြသည်ကိုတွေ့ရသည်။ ၎င်းတို့မှာ လွန်စွာမှပင် ချောမောလှပကြသည်ကို ဘုန်းတော်ကြီးသည် သတိပြုမိခဲ့တော့သည်။

ကခုန်နေကြသူများအနက်မှ အသက် ၁၆-နှစ်ခန့်မျှသာ ရှိသေးမည့် လွန်စွာ ချောမောကြော့ရှင်းလှပသော "ဇူလေခ"အမည်ရှိ သူငယ်မတစ်ယောက်ကို တွေ့မြင်မိတော့သည်။

ယင်းသူငယ်မမှာ ဖူးပွင့်စ ပန်းစပယ်ပမာ လွန်စွာမှပင် နုပျိုစိုလန်း လှပသူတစ်ယောက် ဖြစ်ပေရကား ၎င်းသည် မည်သူမည်ဝါဖြစ်ကြောင်းကို ဘုန်းတော်ကြီးသည် အထူးပင် သိလိုလှတော့သည်။

ထိုစဉ် ဘုန်းတော်ကြီးသည် "ဆာဒူးဆင်" အမည်ခံ ပါရှင်းလူမျိုး စကားပြန်တစ်ဦးကို မိမိနှင့်အတူ ခေါ်ဆောင်လာခဲ့သည်။

၎င်းစကားပြန် ဆာဒူးဆင်သည် တောင်အာရှေဗျနယ်တစ်ခွင်တွင် ပြုပြစ်ခင်အောင် လှည့်လည်သွားလာနေခဲ့ဖူးသူဖြစ်ရာ အေဒင်မြို့မှ အိုမန်မြို့အကြားတွင် ရှိနေသမျှသော ကုလားအုပ်များ၏ နာမည်အသီးသီးကိုပင် သိရှိသည်ဟု ကြွားဝါနေသူတစ်ယောက်ပင် ဖြစ်တော့သည်။

သို့နှင့် ဘုန်းတော်ကြီးက ဆာဒူးဆင်အား မေးမြန်းလိုက်တော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

“ဆာဒူးဆင်”

“ဘုရား…”

“ယောဟိုမှာ ကြည့်လိုက်စမ်း၊ ကျုပ်လက်ညှိုးထိုးပြထားတဲ့ သူငယ်မဟာ ဘယ်သူလဲဆိုတာ မင်းသိသလား”

“တပည့်တော်သိပါတယ်၊ ဒီသူငယ်မဟာ တခြားမဟုတ်ပါဘူး၊ (ဒိုမာဟေသန်အော်ဒါလီ) ခေါ်တဲ့ လှေလုပ်သမားတစ်ယောက်ရဲ့ တစ်ဦးတည်းသော သမီးဖြစ်ပါတယ်ဘုရား၊ ဒီသူငယ်မလေးဟာလဲ (အလီဘက်အော်ဒါလီ)ခေါ်တဲ့သူငယ်တစ်ယောက်နဲ့ တိတ်တိတ်ချစ်ကြိုက်နေတယ်လို့ တပည့်တော် ကြားသိရပါတယ်ဘုရား၊အဲဒီသူငယ်ဟာ ဒီသူငယ်မရဲ့ ညာဘက်မှာ ရပ်နေတဲ့သူဖြစ်ပါတယ်၊ အရှင်ဘုရားကြည့်ပါ…အရပ်ထောင်ထောင်မောင်းမောင်းနဲ့ သူငယ်ပေါ့ဘုရား”

ဘုန်းတော်ကြီး တွမ်လင်ဆန်သည် အင်္ဂလန်နိုင်ငံမှ တောင်အာရေဗျနယ်သို့ ရောက်လာသည်မှာ ယခု ပထမအကြိမ်ပင် ဖြစ်လေတော့သည်။

၎င်း၏ရည်ရွယ်ချက်မှာ တောင်အာရေဗျနယ်တွင် သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ရန်ပင် ဖြစ်လေတော့သည်။

၎င်းသည် စကားပြန် ဆာဒူးဆင်နှင့်အတူ တောင်အာရေဗျနယ်၏ တောင်ဘက် ပင်လယ်ကမ်းခြေမှ အိုမန်မြို့သို့ ဦးတည်ကာ ခရီးထွက်လာခဲ့ခြင်းဖြစ်ရာ ရီဂျန်နှင့် ဆာလာလာ မြို့နှစ်မြို့ကို ဖြတ်ကျော်ပြီးနောက် မက်ရူလာနယ်အတွင်းရှိ ဒစ်ကန်ရွာကလေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဘုန်းတော်ကြီးသည် အထူးပင် ရွှင်ပျအားတက်နေပေတော့သည်။ အဘယ်ကြောင့်ဆိုသော် လမ်းခရီးတစ်လျှောက်တွင် မြင်တွေ့ခဲ့ရသော ရေမြေသဘာဝ အခြေအနေတို့မှာ လွန်စွာသာယာကြည်နူးဖွယ်ကောင်းပေရကား မိမိသည် ဤနယ်ဒေသတွင် သာသနာပြုလုပ်ငန်းများကို အထူးအောင်မြင်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထင်စားမိသောကြောင့်ပင်တည်း။

“အေး…မင်းပြတဲ့ သူငယ်ကို ကျုပ် မြင်တွေ့လိုက်ရပြီ၊ ဒီသူငယ်ကလေးဟာ သမင်မပျိုတစ်ကောင်ရဲ့ အနီးမှာ မြူးထူးကခုန်နေတဲ့ သမင်ပျိုလေးနဲ့ တူလှတယ်ကွယ်၊ ဪ…ဒါထက် ဒစ်ကန်ရွာမှာ နေထိုင်ကြတဲ့ လူတွေဟာ အော်ဒါလီလူမျိုးတွေလား”

www.foreverspace.com.mm

"မှန်လှပါဘုရား…ဒီရွာမှာ နေထိုင်ကြတဲ့ လူတွေအားလုံးဟာ အော်ဒါလီလူမျိုးတွေချည်းပါပဲ ဘုရား၊ အော်ဒါလီလူမျိုးတွေဟာ ကျောက်ခဲပစ်တဲ့ လူတွေချည်းပါပဲ ဘုရား၊ သူတို့ အခုကခုန်ပျော်မြူးနေကြတာဟာလဲ ကျောက်ခဲပစ်ကြဖို့ လေ့ကျင့်နေကြတာပါဘုရား၊ သူတို့ အခုလှည့်ပတ်ကခုန်နေကြတဲ့ ကျောက်တုံးငယ်တစ်တုံးကို အရှင်ဘုရား မြင်ပါသလား"

"အေး … ကျုပ်မြင်မိပါတယ်"

"ဒီကျောက်တုံးဟာ သူတို့လူမျိုးတွေ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတစ်ရပ်ကို ချိုးဖောက်မိလို့ အပြစ်ရှိတယ်လို့ အစွပ်အစွဲခံနေရတဲ့ လူတစ်ယောက်ရဲ့ ဦးခေါင်းကို ကိုယ်စားပြုထားပါတယ် ဘုရား"

"ဘာ … ဘာ … ဘယ်လို … ဘယ်လိုလဲ"

"သူတို့လူမျိုးတွေမှာ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်မိတဲ့ လူတိုင်းကို သဲတွင်းတစ်တွင်းထဲမှာ ထည့်မြှုပ်လိုက်ပြီး ဦးခေါင်းကိုသာ ဖော်ထုတ်ထားပါတယ်ဘုရား"

"ကျောက်ခဲပစ်တယ်ဆိုတာက ဘယ်လိုလဲ"

"စည်းကမ်းဥပဒေကို ချိုးဖောက်တယ်လို့ သဲမြေထဲမှာ ဦးခေါင်းပေါ်ရုံ အမြှုပ်ခံနေရတဲ့ လူရဲ့ဦးခေါင်းကို တခြားလူတွေက ဝိုင်းပြီးကျောက်ခဲတွေနဲ့ ပစ်ကြ၊ ပေါက်ကြ၊ သတ်ကြတာပေါ့ဘုရား"

"ဟင် … ဒါအမှန်ပဲလား၊ ဆိုးဝါးရက်စက်လှချေကလား"

"အမှန်ပါပဲဘုရား၊ တပည့်တော် မမှန်တာကို မပြောတတ်ပါဘူးဘုရား"

သို့နှင့် ဘုန်းတော်ကြီးသည် လွန်စွာ စိတ်ထိခိုက်သွားရချေတော့သည်။

၎င်းသည် အေဒင်မြို့တွင် တောင်အာရေဗျပြည်နယ်၌ နေထိုင်ကြသော လူမျိုးစုအချို့တို့ လိုက်နာကျင့်သုံးနေကြသည့် ဤဆိုးဝါးလှသော ဓလေ့စရိုက်အကြောင်းကို ကြားသိခဲ့ရသော် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ပင် ဖြစ်မိခဲ့တော့သည်။

ယခုသော်မူ မိမိကိုယ်တိုင် မျက်မြင်တွေ့သိရတော့မည်ဖြစ်၍ လွန်စွာမှပင် စိုးရိမ်ထိတ်လန့် သွားရချေတော့သည်။

လူမျိုး၏ စည်းကမ်းဥပဒေတစ်ရပ်ကို ချိုးဖျက်မိသောကြောင့် အပြစ်ရှိသည်ဟု အစွပ်အစွဲခံနေရသောသူ၏ တစ်ကိုယ်လုံးကို ဦးခေါင်း

ပေါ်ရုံမျှ သဲမြေတွင် တွင်းတူးမြှုပ်နှံထားပြီး ယင်းဦးခေါင်းကို တခြားလူများက ဝိုင်း၍ ကျောက်ခဲများဖြင့် ပစ်ပေါက်သတ်ဖြတ်ကြသော တရားစီရင်ဆုံးဖြတ်နည်းကို ဘုန်းတော်ကြီးသည် လွန်စွာ ရှုံ့ရှာစက်ဆုပ်မိချေတော့သည်။

သို့ဘီရကား ဘုန်းတော်ကြီး တွမ်လင်ဆန်က…

"အင်မတန် ကြောက်စရာကောင်းပါကလား။ ဒီလိုတရားစီရင်ဆုံးဖြတ်တဲ့နည်းဟာ နည်းနည်းမှ လမ်းမမှန်ဘူး၊ ယထာဘူတ မကျဘူး၊ အင်မတန် ရက်စက်တာပဲ၊ ဒီနည်းဟာ လုံးဝမမှန်ကန်ဘူး၊ အပြစ်ရှိရှိ မရှိရှိ သဲမြေထဲမှာ တွင်းတူးပြီး လူကို ဦးခေါင်းပေါ်ရုံ မြှုပ်ထားလိုက်ရင် ဒီလူဟာ မကြာခင် အမှန်မုချ သေသွားရတော့မှာပါပဲ၊ နောက်တော့လဲ အာရပ်လူမျိုးတွေဟာ မကြာမကြာ လေ့ကျင့်ထားခဲ့ကြလို့ ပျံနေတဲ့ငှက်တစ်ကောင်ရဲ့ အတောင်တစ်ဖက်ကို ဖြစ်စေ၊ အမြန်ပြေးနေတဲ့ မြင်းတစ်ကောင်ရဲ့ ခြေတစ်ချောင်းကိုဖြစ်စေ ခဲနဲ့ပစ်လိုက်ရင် မုချထိမှန်ပြီး ကျိုးသွားစေနိုင်တယ်လို့ ကျုပ်ကြားဖူးတယ်"

"ဒါကတော့ ဒီလိုပါဘုရား၊ အာရပ်တွေဟာ မကြာခဏ ခဲပစ်လေ့ကျင့်ကြလို့ အင်မတန်လက်မှန်ကြတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ပစ်လိုက်တိုင်း မထိမှန်နိုင်ကြပါဘူးဘုရား၊ ထိမှန်ဖို့ မထိမှန်ဖို့ကတော့ အလ္လာဘုရားသခင်ရဲ့ သဘောဆန္ဒအပေါ်မှာ တည်နေပါတယ်၊ အလ္လာဘုရားသခင်က ထိမှန်စေမှသာ ထိမှန်နိုင်ပါတယ်၊ မထိမှန်စေချင်ရင် လွဲသွားရတော့တာပဲဘုရား၊ အလ္လာဘုရားသခင်က တန်ခိုးတော်အနန္တ၊ ဉာဏ်တော်၊ ဘုန်းတော်အနန္တတို့ကို ပိုင်ဆိုင်သူဖြစ်ပါတယ်။ အပြစ်ရှိတယ် မရှိဘူးဆိုတာ အလ္လာဘုရားသခင် ကောင်းစွာသိတော်မူပါတယ် ဘုရား"

"ဪ … ဪ … ဟုတ်ပ … ဟုတ်ပ"

"သဲမြေထဲမှာ တွင်းတူးပြီး အမြှုပ်ခံနေရတဲ့လူရဲ့ ဦးခေါင်းကို အနားကပ်ပြီး ကျောက်ခဲတွေနဲ့ ပစ်ကြပေါက်ကြပေမယ်လို့ အမှန်မုချ ထိမှန်ရမယ် မဟုတ်ပါဘူးဘုရား။ ထိမှန်ဖို့ မထိမှန်ဖို့ ဟာကတော့ အလ္လာဘုရားသခင်ရဲ့ သဘောဆန္ဒအပေါ်မှာ တည်နေပါသေးတယ်။ အလ္လာဘုရားသခင်က အပြစ်ရှိတယ်လို့ ယူဆပြီး ထိမှန်စေမှသာ ထိမှန်နိုင်ပါလိမ့်မယ်၊ အပြစ်မရှိဘူးလို့ သဘောတော်ရှိရင် ဒီဦးခေါင်းကို ကျောက်ခဲဘယ်နှစ်လုံးနဲ့ပဲ ပေါက်ပေါက် မထိမှန်ဘဲ လွဲချော်သွားရမှာ အမှန်ပါပဲ

www.foreverspace.com.mm

ဘုရား၊ လူတစ်ယောက်ဟာ မိမိမှာ လုံ့ဝအပြစ်မရှိရင် ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ အလ္လာဘုရားသခင်ကို မှချအားထားနိုင်ပါတယ်၊ အပြစ်ကင်းရင် အလ္လာဘုရားသခင်က မုချကယ်တင်ပါလိမ့်မယ်၊ အလ္လာဘုရားသခင်ရဲ့ တန်ခိုးတော်ဟာ သာမညမဟုတ်ပါဘူးဘုရား"

"အင်း … ဒုက္ခ … ဒုက္ခပါကလား"

ထိုစဉ်မှာပင် ဇူလေခနှင့် အလီဘက်အော်ဒါလီတို့သည် ပျော်မြူးစွာ ကခုန်နေကြစဉ် ဇူလေခသည် ကျီစယ်လိုသောသဘောဖြင့် အလီဘက်အော်ဒါလီအား ကုလားအုတ်ချေးခြောက် တစ်တုံးနှင့် ကျင်လည်စွာ ပစ်လိုက်တော့ရာ ထိမှန်သွားသည်ကို ဘုန်းတော်ကြီး တွေ့မြင်လိုက်တော့သည်။

သို့ဘိရကား အလီဘက်အော်ဒါလီသည် သိမ်းငှက်တစ်ကောင်က စာကလေးတစ်ကောင်၏နောက်သို့ လိုက်နေသည့်ပမာ ကခုန်နေကြသူများကို လှည့်ရစ်ပြီး လျင်မြန်စွာပြေးနေသော ဇူလေခ၏ နောက်သို့ လိုက်ချေတော့သည်။ ဇူလေခကလည်း မရပ်မနားဘဲ ပြေးနေတော့သည်။

သို့ပြေးနေစဉ် သူမသည် လက်ခုပ်ရိုက်တီးကာ "ဦးလာ… ဦးလာ…ဦးလာ" ဟူ၍ ကျယ်လောင်စူးရှစွာ အော်သွားနေသည်။

အလီဘက်အော်ဒါလီသည် ဇူလေခအား ဖမ်းမိခါနီးတွင် သူမသည် ရုတ်တရက် ကွေ့ရှောင်လိုက်ပြီးလျှင် ဘုန်းတော်ကြီး၏အနီးသို့ လျင်မြန်စွာ ပြေးဝင်လာပြီးနောက် ဘုန်းတော်ကြီးကို ရစ်ပတ်ကာ ပြေးနေပြန်တော့သည်။ အလီဘက်အော်ဒါလီကလည်း ၎င်း၏နောက်သို့ လိုက်မြဲပင် လိုက်နေပေတော့သည်။ ၎င်းတို့နှစ်ဦးမှာ လွန်စွာပျော်ရွှင်ကြည်မွေ့နေကြတော့သည်သာ။

၎င်းတို့ကို မြင်တွေ့ရသော် ဘုန်းတော်ကြီး၏ အတွင်းစိတ်သန္တာန်ထဲတွင် ဖော်မပြနိုင်သော စိတ်ထားတစ်ရပ်သည် အဟုန်ဖြင့် ဖြစ်ပေါ်ကိန်းအောင်းလာရပေတော့သည်။

သို့နှင့်အမျှ ဤသဲကန္တာရပေါ်တွင် နေပျော်ကြရရှာသော ဤမျိုးနွယ်သူများသည် ထာဝစဉ် ပျော်ရွှင်ကြည်မွေ့နိုင်ကြပါစေ။ ငါသည် ယနေ့မှစ၍ ၎င်းတို့အား အကာအကွယ်ပေးတော့မည်။ ၎င်းတို့အားလည်း လမ်းမှန်ပြီး ယထာဘူတကျသော တရားစီရင်ဆုံးဖြတ်နည်းနှင့် ကရုဏာ တရား၏သဘောသကန်တို့ကို တွေ့သိစေတော့မည်ဟု ဘုန်းတော်ကြီး တွမ်လင်ဆန်သည် လေးနက်စွာ သန္နိဋ္ဌာန်ချမှတ်လိုက်တော့သည်။

(၂)

နောက်တစ်နှစ်အကြာတွင် ဘုန်းတော်ကြီးသည် အေဒင်မြို့နေ ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းတော်ကြီး၏ ညွှန်ကြားချက်အရ သာသနာပြု ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အိုမန်မြို့သို့ ရောက်လာရသည်။

သည်အကြိမ်တွင် ၄င်း၏အဖော်အဖြစ် အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ဂိုဏ်းချုပ်ဘုန်းတော်ကြီးတစ်ပါးက ထည့်ပေးလိုက်သည်။

ထိုသူမှာ အခြားမဟုတ် တောင်အာရေဗျပြည်နယ်ရှိ စစ်တပ်မှ မေဂျာဂရန့်ဆိုသူပင်တည်း။

မေဂျာဂရန့်သည် အလွန်စကားနည်းသူဖြစ်သည်။ သို့ရာတွင် ဝီစကီကို အလွန်အကျွံသောက်လေ့ရှိပြီး အာရပ်လူမျိုးများနှင့် ဆက်ဆံမှုတွင် အလွန်ကျွမ်းကျင်လိမ္မာသူတစ်ယောက်ဖြစ်သည်ဟု ကျော်ကြားနေသူပင် ဖြစ်တော့သည်။

သူတို့သည် ပစ္စည်းများကို အိုမန်မြို့တွင် မိမိတို့ အစေခံများနှင့် အတူထားခဲ့ပြီး ဒစ်ကန်ရွာသို့ ခြေကျင်လမ်းလျှောက်လာခဲ့ကြသည်။

ဒစ်ကန်ရွာသို့ ရောက်ခါနီးတွင် ဘုန်းတော်ကြီးသည် ဤရွာသို့ လွန်ခဲ့သောနှစ်က မိမိအလည်ရောက်ခဲ့ဖူးသည်ကို ပြန်လည်သတိရမိပြီး လျှင် မေဂျာအား…

"ကျုပ် ဒီနေရာကို မနှစ်က ရောက်ခဲ့စဉ်မှာပဲဟောဒီကုလားအုတ် တွေကို ချည်နှောင်ထားတဲ့နေရာမှာပေါ့ အာရပ်ယောက်ျားနဲ့ မိန်းမပျိုတွေ ဝိုင်းဖွဲ့ပြီး ကခုန်မြူးတူးနေကြတာကို မြင်ခဲ့ရတယ်။ နေဝင်ခါနီးအချိန်မှာ သူတို့ကိုမြင်ရတာ တယ်လဲ ချောလှကြပါပေတယ်၊ အဲဒီအခါတုန်းက အထူးသဖြင့် အသားရောင်ညိုပြီး အင်မတန် ချောမောလှပတဲ့ သူငယ်မ တစ်ယောက်နဲ့ အရပ်ရှည်ရှည် သူငယ်တစ်ယောက်တို့ ကခုန်နေကြတာကို တော့ ကျုပ် ဒီနေ့အထိ မြင်ယောင်နေမိသေးတယ်၊ သူတို့ ဒီလိုကခုန်နေ ကြတဲ့ အဓိပ္ပာယ်နဲ့ရည်ရွယ်ချက်တွေကို စကားပြန်က ပြောကြားလို့ သိရ တဲ့အခါမှာ ကျုပ်ဟာ အကြီးအကျယ် ရွံရှာစက်ဆုပ် စိတ်ပျက်သွားခဲ့ရ တော့တယ်"

"သူတို့ အခါအားလျော်စွာ စုပေါင်းပြီး ကခုန်ကြတာတွေဟာ အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက် အသီးသီးရှိကြပါတယ်ဘုရား၊ အရှင်ဘုရား မြင်တွေ့တဲ့ အဲဒီအခါတုန်းက … သူတို့ ဘာကြောင့်ကခုန်ကြပါသလဲ၊

မင်္ဂလာဆောင်မယ့် သတို့သား ရွာကိုရောက်ရှိလာတဲ့အတွက် ဂုဏ်ပြုလို့ ကခုန်ကြတာလား ဘုရား"

"မဟုတ်ဘူး ... ဒီကိစ္စကြောင့်၊ ပြစ်မှုကြီးတစ်ရပ်ကို ကျူးလွန်ခဲ့တယ်လို့ အစွပ်စွဲခံရနေရတဲ့ လူတစ်ယောက်ကို အမှန်တကယ် အပြစ်ရှိမရှိကို အဆုံးအဖြတ်ပေးဖို့ အလ္လာဘုရားသခင်အား တိုင်တည် တောင်းပန် တိုးလျှိုးနေကြဟန် ကခုန်နေကြခြင်းဖြစ်ကြောင်း ကျုပ်ကြားသိခဲ့ရတယ်၊ သူတို့ လှည့်ပတ်ပြီး ကခုန်နေကြတဲ့နေရာရဲ့ အလယ်မှာတော့ ကျောက်တုံးငယ်တစ်တုံးကို တွေ့မြင်ရတယ်၊ အဲဒီကျောက်တုံးဟာလဲ သဲမြေထဲမှာ တွင်းတူးပြီး တစ်ကိုယ်လုံးကို လည်းပင်းအထိ အမြှုပ်ခံနေရတဲ့ လူတစ်ယောက်ရဲ့ ဦးခေါင်းလို့ သူတို့အမှတ်ထားကြတယ်လို့ ကျုပ်ကြားသိခဲ့ရတယ်"

"မှန်လှပါဘုရား ... ပြစ်မှုကြီးတစ်ရပ်ကို ကျူးလွန်မိလို့ သူတို့လူမျိုးတွေ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်မိတယ်လို့ အစွပ်စွဲခံနေရတဲ့ လူတွေကို ကျောက်ခဲတွေနဲ့ ပိုင်းပေါက်ပြီး တရားစီရင်ဆုံးဖြတ်ကြခြင်းဟာ အော်ဒါလီလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းတစ်ရပ်ဖြစ်ပါတယ်၊ ဒီဓလေ့ထုံးတမ်းဟာလဲ ဟိုရှေးပဝေသဏီကာလကတည်းက ဖြစ်ပေါ်တည်မြဲလာခဲ့ပါတယ်ဘုရား"

"ဒီဓလေ့ထုံးတမ်းဟာ ဘယ်တုန်းပဲပေါ်ပေါ် ကျုပ်လုံးဝအရေးမစိုက်ပါဘူး၊ ဒါပေမယ့် ဒီထုံးတမ်းအစဉ်အလာဟာဖြင့် အင်မတိအင်မတန် ယုတ်မာဆိုးဝါး ကြမ်းတမ်းရက်စက်လွန်းတယ်လို့ ကျုပ်လေးလေးနက်နက်ပြောချင်တယ်၊ ဖြစ်တစ်အစိုးရကလဲ ဒီလိုဆိုးဝါးယုတ်မာရက်စက်လွန်းလှတဲ့ ဓလေ့ထုံးတမ်းကို ဘာကြောင့် အမြစ်ကတူးပြီး မဖြိုပစ်လိုက်ပါသလဲ"

"ဒီလိုပါ အရှင်ဘုရား၊ ဒီလိုဝေးလံတဲ့ အရပ်ဒေသမှာ ဖြစ်တစ်အစိုးရရဲ့ ဩဇာအာဏာ မရှိနိုင်ပါဘူး၊ နောက်တော့လဲ ဒီလိုကျောက်ခဲနဲ့ ပစ်ပေါက်ပြီး တရားအစီအရင် အဆုံးဖြတ်ခံနေရတဲ့သူဟာ ကျောက်ခဲလုံးနဲ့ ၁၅-ချက်လောက်သာ အပေါက်ခံရပြီး သူ့ခေါင်းက အင်မတန်မာလို့ မကွဲရင် မသေရင် သူဟာ အပြစ်လုံးဝ ကင်းလွတ်ကျွတ်လွတ်သွားရတော့မှာပဲ၊ အဲဒီအခါကျတော့ ဒီလူမှာ အပြစ်ကင်းတဲ့အတွက် အလ္လာဘုရားသခင်က လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တယ်လို့ လူတိုင်းက ယုံကြည်တော့တာပဲ၊ ဒီနည်းဟာ အရှင်ဘုရားထင်မြင်ယုံကြည်နေသလို မဆိုးဝါး



www.foreverspace.com.mm

လှပါဘူး၊ အပြစ်ရှိတယ်လို့ အစွပ်စွဲခံနေရတဲ့ လူတိုင်းဟာ အမှန်မှုချ သေရမှာ မဟုတ်ပါဘူး၊ လွတ်ကွက်တွေလဲ ရှိနေသေးတယ်လို့ အရှင်ဘုရား မထင်ဘူးလား''

''ဒီလိုဆိုရင် မေဂျာဂရန့်ဟာ ကျောက်ခဲနဲ့ပစ်ပေါက်ပြီး တရားစီရင်သုံးဖြတ်တဲ့နည်းကို ထောက်ခံအားပေးနေသူတစ်ယောက်ပါကလား၊ ကျုပ်တော့ဖြင့် ဒီဆိုးဝါးယုတ်မာ ကြမ်းတမ်းရက်စက်လွန်းလှတဲ့ နည်းကို အလွန့်အလွန် ရှုံ့ရှာစက်ဆုပ်လှပြီ''

''တပည့်တော် ရှင်းပြပါရစေ…ဒီအရပ်ဒေသမှာ အင်မတန် အပြစ်ကြီးတဲ့လူကို ကြိုးဆွဲချသတ်ဖို့ ကြိုးစင်တစ်စင်ကို ဆောက်လုပ်နိုင်အောင် သစ်သားအလွန့်အလွန် ရှားလှပါတယ်။ သူ့ကို သေနတ်နဲ့ ပစ်သတ်ဖို့ကလဲ ဒီဒေသမှာ ရိုင်ဖယ်ကျည်တောင့် တစ်တောင့်ဟာ ရွှေလိုပဲ အဖိုးတန်ပါတယ်၊ ဒါကြောင့် အပြစ်ရှိတဲ့လူတွေကို ဈေးပေါပေါနဲ့ သတ်နိုင်ဖို့ ဒီဒေသမှာ ကျောက်ခဲတွေပဲ အလွယ်တကူ ရရှိနိုင်ပါတော့တယ်၊ အပြစ်ရှိတဲ့ လူတွေကို တခြားနည်းနဲ့ ဘယ်လိုသတ်ရမှာလဲ၊ လည်ပင်းတွေကို ညှစ်ပြီး သတ်ရမှာလား ဘုရား''

''ကျုပ်ကတော့ အသေသတ်ပစ်ခြင်းကို လုံးဝမလိုလားဘူး''

''နောက်တော့လဲ လူကိုထောင်ချထားခြင်းဟာ အသေသတ်ပစ်လိုက်ခြင်းထက် ပိုပြီးရက်စက်ရာကျတယ်လို့ အာရပ်တွေက ထင်မှတ်ယုံကြည်နေကြပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော်ရဲ့ ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းပေးရမယ်ဆိုရင် ဒီဒေသမှာ နေထိုင်ကြတဲ့ လူတွေရဲ့ ဓလေ့ထုံးစံတွေကို တပည့်တော်တို့ လုံးဝစပ်စုခြင်း၊ နှောင့်ယှက်ခြင်း မပြုသင့်ကြပါဘူးဘုရား။ မသိလိုက်မသိဘာသာနေလိုက်နိုင်ရင် အကောင်းဆုံးပါပဲဘုရား''

သို့နှင့် ဘုန်းတော်ကြီး တွမ်လင်ဆန်တွင် အသိတရားအနည်းငယ် ဝင်လာပေတော့သည်။

မေဂျာဂရန့်သည် အော်ဒါလီလူမျိုးတို့၏ ဓလေ့ထုံးတမ်းများနှင့် စိုးစဉ်းမျှ ပဋိပက္ခ မဖြစ်လိုကြောင်းမှာ ၎င်းတို့သည် တောင်အာရေဗျလဝီးစစ်တပ်များတွင် လူပေါင်းများစွာ ဝင်ရောက်အမှုထမ်းရွက်ကာ ဗြိတိစ်အစိုးရအား အကူအညီပေးနေခြင်းကြောင့်ပင် မဟုတ်ပါလော။

ဘုန်းတော်ကြီးသည် ထိုရက်ညနေတွင် ဒစ်ကန်ရှာပတ်ဝန်းကျင်သို့ အညောင်းပြေ သွားရောက်လည်ပတ်လေတော့သည်။



www.foreverspace.com.mm

သို့ သွားရောက်ခြင်းမှာ ဇူလေခနှင့် အလီဘက်အော်ဒါလီတို့သည် မိမိတို့၏မိတ်ဆွေများနှင့်အတူ ယခင်နှစ်တုန်းကလိုပင် ကခုန်မြူးထူးနေကြပေလိမ့်မည်ဟု ယုံကြည်ပြီး သူတို့အား တွေ့မြင်လိုသောကြောင့်မှ ဖြစ်ပေသည်။

သို့ဖြားလည်း ဘုန်းတော်ကြီးမှာ လွန်စွာစိတ်ပျက်သွားရချေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဒစ်ကန်တစ်ရွာလုံးမှာ အထူးပင် တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရသောကြောင့်တည်း။

ရွာအတွင်းရှိ ကုလားအုတ်များကို ချည်နှောင်ထားရှိနေကျနေရာအနီးတွင် လူတစ်စုသည် တွင်းနှစ်တွင်းကို ၅-ပေမျှခွာ၍ တူးနေကြသည်ကို ရွာတွင်းနေလူများသည် ဝိုင်းအုံ၍ ဆိတ်ငြိမ်စွာ ကြည့်နေကြတော့သည်။

ယင်းတွင်းနှစ်တွင်း၏ အနေအထားကို မြင်လိုက်ရခြင်းဖြင့် လူသေများကို မြှုပ်နှံရန်တွင်းများဖြစ်ရမည်ဟု ဘုန်းတော်ကြီးသည် ရိပ်စားမိလာတော့သည်။ အဘယ်ကြောင့်ဆိုသော် အော်ဒါလီလူမျိုးများသည် လူသေများကို တွင်းများထဲတွင် မတ်တပ်ရပ်ကာထားပြီး မက္ကာမြို့ဘက်သို့ မျက်နှာလှည့်ထားကာ မြှုပ်နှံထားလေ့ရှိသည် မဟုတ်ပါလော။

ဘုန်းတော်ကြီးကား မည်သူ့ကိုမျှ မမေးမြန်းရဲဘဲ ခပ်လှမ်းလှမ်းမှသာ ကြည့်နေချေတော့သည်။ သင်္ချိုင်းမဟုတ်သော နေရာတွင် တူးနေသဖြင့် ဘုန်းတော်ကြီးအဖို့ တွေးရခက်ကြီးပင် ဖြစ်နေရချေတော့သည်။ အကယ်၍ လူသေသွားသည်ဖြစ်ပါက ရပ်ရွာနေလူများသည် အလောင်းကို အဘယ်ကြောင့် ရွာတွင်းရှိ ဗလီနှင့် အတော်အသင့်ဝေးကွာသော သင်္ချိုင်းသို့ မဆောင်ကြဉ်းသွားကြပါသနည်း။

သို့နှင့် ဝင်လုဆဲဆဲဖြစ်သော နေရောင်ကြောင့် ပတ်ဝန်းကျင်တွင် ပန်းနုရောင်များ လွှမ်းခြုံလာတော့သည်။ မကြာမီ နေလုံးကြီး လုံးဝဝင်သွားပြီးနောက် အာရပ်တစ်ယောက်သည် ကုလားအုတ်နှစ်ကောင်ကို ဆွဲဆောင်ကာ တူးထားသော တွင်းနှစ်တွင်းအနီးသို့ ရောက်လာပြီးလျှင် ကုလားအုတ်နှစ်ကောင်ကို ဒူးထောက်စေလိုက်တော့သည်။ ၎င်းနောက် ကုလားအုတ်နှစ်ကောင်၏ ကျောကုန်းပေါ်မှ အိတ်ကြီးနှစ်အိတ်တို့ကို မယူ၍ ချလိုက်ပြီးလျှင် အိတ်တစ်အိတ်အတွင်းမှ တစ်စုံတစ်ရာကို နှိုက်ပြီး တွင်းနှစ်တွင်းဘက်သို့ တအားလွှဲပစ်လိုက်တော့သည်။

သို့နှင့် ဝိုင်းအုံကြည့်ရှုနေကြသော လူစုကြီးသည် ရုတ်တရက် အံ့အားသင့်သွားကြပြီးနောက် "ဝါးခနဲ" တစ်ပြိုင်ညီ ရယ်မောလိုက်ကြတော့သည်။

သို့မှ ဘုန်းတော်ကြီးလည်း အမှန်ကို သိလိုက်ရပေတော့သည်။ သူတို့သည် ကျောက်ခဲများဖြင့် တရားစီရင်ဆုံးဖြတ်ရန် စီစဉ်ပြင်ဆင်နေကြသည် မဟုတ်ပါလော။

သို့ဖြစ်ရကား ၎င်းသည် အလွန်တရာစိတ်ပျက် စက်ဆုပ်လာပြီးလျှင် မေရှာဂရန့်နှင့် မိမိတို့ တည်းခိုနားနေကြသည့် ရွက်ဖျင်တဲဆီသို့ ပြန်လည်လျှောက်သွားလိုက်တော့သည်။

မေရှာဂရန့်သည် ရွက်ဖျင်တဲအတွင်း၌ ဆေးတံတစ်အိုးကို သောက်နေပြီး ၎င်း၏ လက်တစ်ဖက်တွင် ဝီစကီတစ်ပုလင်းကို ကိုင်ထားလျက်....

၎င်းသည် ရွက်ထည်ရုတင်၏ အစွန်းပေါ်တွင်ထိုင်ကာ ဒစ်ကန်ရွာ၏ အကြီးအချုပ်ဖြစ်သူ အဗ္ဗဒူခန်အော်ဒါလီနှင့် စကားပြောဆိုနေသည်။ အဗ္ဗဒူခန်အော်ဒါလီမှာ အလွန်ထွားကျိုင်းပြီး မုတ်ဆိတ်မွေးနှင့်ဖြစ်သည်။ ထို့ပြင် ကာကီရောင် ရှပ်အင်္ကျီကို ဝတ်ထားပြီး၊ ငွေအိမ်နှင့်ဓားမြှောင်တစ်လက်ကို ခါးပတ်တွင် ချိတ်ဆွဲထားပေသည်။

အဗ္ဗဒူခန်အော်ဒါလီသည် ဘုန်းတော်ကြီး တွမ်လင်ဆန်အားယခင်က တစ်ကြိမ်တွေ့ဆုံးစည့်ခံ၍ စကားပြောခဲ့ဖူးသည်။ ထိုအခါက အဗ္ဗဒူခန်အော်ဒါလီသည် အင်္ဂလိပ်စကားများကို မတောက်တခေါက်ပြော၍ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ် အားရပါးရ သောက်ရှူခဲ့ကြောင်းများကို ဘုန်းတော်ကြီးသည် ပြန်လည်သတိရမိလာတော့သည်။ ၎င်းကိုင်ထားသည့် ဖန်ခွက်အတွင်း၌မူ လက်ဖက်ရည်မဟုတ်တဲဝီစကီသာဖြစ်ရမည်ဟု ဘုန်းတော်ကြီးသည် မျက်ရစ်းဆမိလေတော့သည်။

အဗ္ဗဒူခန်အော်ဒါလီသည် ဘုန်းတော်ကြီးကို မြင်လိုက်သော်ကုလားထိုင်ပေါ်မှ ချက်ချင်းထလိုက်ပြီးလျှင် မိမိဦးခေါင်းကို ညွတ်ကာ အလေးပြုလိုက်တော့သည်။ ထို့နောက် ဘုန်းတော်ကြီးအား ထိုင်တော်မူရန် ကုလားထိုင်တစ်လုံးကို ထိုး၍ပေးလိုက်တော့သည်။

သို့ငြားလည်း ဘုန်းတော်ကြီးသည် ကုလားထိုင်ပေါ်တွင် အထိုင်တော့ဘဲ မေရှာဂရန့်အား အောက်လင်းမီးအိမ်၏ မီးရောင်အောက်တွင် အောက်ပါအတိုင်း ပြောလိုက်တော့သည်။



www.foreverspace.com.mm

"မေဂျာဂရန်နဲ့ သူတို့ ကျောက်ခဲနဲ့ တရားစီရင်ဆုံးဖြတ်ဖို့ အစီအစဉ်တွေ လုပ်နေကြပါပကော၊ သူတို့ကိုဒီလိုမလုပ်ကြဖို့ မေဂျာက ဝိတ်ပင်တားဆီးပေးဖို့ကောင်းပြီ"

သို့ကြားလိုက်ရသော အဗ္ဗဒူခန်အော်ဒါလီ၏ မျက်နှာပေါ်တွင် ယခင်ကသမ်းနေသော ကြည်သာရွှင်ပျခြင်း အရိပ်အယောင်ဟူသမျှဆို့သည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားကုန်ကြတော့သည်သာ။ မေဂျာဂရန့်မှာလည်း ထိုနည်းတူပင်။

တပည့်တော် ဘယ်လိုမှ မလုပ်နိုင်တော့ပါဘုရား၊ အခု ဒီမှာ ရပ်နေတဲ့ တပည့်တော်ရဲ့ မိတ်ဆွေကြီးဖြစ်သူ ဒစ်ကန်ရှာရဲ့ အကြီးအချုပ် အဗ္ဗဒူခန်အော်ဒါလီက တပည့်တော်ကို ဖြစ်ရပ်အမှန် အားလုံး ပြောပြခဲ့ပြီးပါပြီ၊ သက်ဆိုင်သူနှစ်ဦးဟာ အပြစ်ကြီးများကို မုချအမှန်ကျူးလွန်ကြပြီး အော်ဒါလီလူမျိုးတွေ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတစ်ရပ်ကို အမှန်တကယ် ချိုးဖောက်ဖျက်ဆီးခဲ့သူများဖြစ်ကြောင်း သက်သေတွေ အထင်အရှား ရှိနေတဲ့အတွက် တပည့်တော် သူတို့ကို မကယ်နိုင်တော့ပါဘူး၊ ဒါကြောင့် သူတို့နှစ်ဦးဟာ မုချအမှန် အပြစ်ရှိတယ် မရှိဘူးဆိုတာကို အလ္လာဘုရားသခင်အား ဆုံးဖြတ်စေဖို့ပဲ ကျန်ပါတော့တယ် ဘုရား"

"မေဂျာက ဒီလိုပြောလိုက်တာဟာ ဘုရားသခင်ကို စော်ကားလိုက်ခြင်းပဲ၊ လူနှစ်ဦးကို ရက်ရက်စက်စက် ကျောက်ခဲတွေနဲ့ ပစ်ပေါက်သတ်လိုက်ခြင်းဟာ ဘုရားသခင်ရဲ့ အလိုတော် ဖြစ်နိုင်မယ် မဖြစ်နိုင်ဘူးဆိုတာကို မေဂျာ စဉ်းစားကြည့်ဖို့ ကောင်းပါတယ်"

သို့နှင့် မေဂျာဂရန့်သည် အထူးမာကျောသော မျက်နှာထားဖြင့် ဘုန်းတော်ကြီးအား စူးစိုက်ကာ ကြည့်လိုက်ပြီးလျှင် မတုန်မလှုပ် အရေးမစိုက်တော့ဘဲ နေလိုက်တော့သည်။

ဒစ်ကန်ရှာ၏ အကြီးအချုပ်ဖြစ်သူ အဗ္ဗဒူခန်အော်ဒါလီသည် မနေသာတော့ရကား သာယာညင်းပြောင်းသော အသံများဖြင့် ဘုန်းတော်ကြီးအား အောက်ပါအတိုင်း ရှင်းပြလျှောက်ကြားလိုက်တော့၏။

"အရှင်ဘုရား ... သေသေချာချာ နားထောင်တော်မူပါ၊ ဒီကျောက်ခဲနဲ့ တရားအစီအရင် အဆုံးအဖြတ်ခံကြရတော့မယ့် သူငယ်နဲ့ သူငယ်မနှစ်ဦးတို့ဟာ တပည့်တော်တို့ အော်ဒါလီလူမျိုးတွေ ချမှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းဥပဒေကြီးတစ်ရပ်ကို ချိုးဖောက်ဖျက်ဆီးခဲ့သူများဖြစ်ကြပါတယ်။ သူငယ်မကို သူ့အဖေက မူစကတ်မြို့မှာနေတဲ့ 'ဟာဆာနီ

www.foreverspace.com.mm

လူမျိုး" ကုန်သည်တစ်ဦးနဲ့ ထိမ်းမြားပေးဖို့ စီစဉ်ကတိပေးထားခဲ့ပါတယ်၊ ဒီကုန်သည်ဟာ သာမညလူမဟုတ်ပါဘူး။ ပုလဲတွေကို ရောင်းနေတဲ့ သူဌေးတစ်ယောက်ပါပဲ၊ ရွှက်လှေကြီးတွေ အတော်များများကိုလည်း ပိုင်ဆိုင်သူဖြစ်ပါတယ်၊ ဒါပေမယ့် ဒီသူငယ်မကလေးဟာ အင်မတန်မိုက်ပါတယ်ဘုရား၊ သူဟာ သူ့အဖေရဲ့ အလိုကို မလိုက်လျောခဲ့ပါဘူး၊ ဒါကြောင့် သူ့အဖေက သူ့ကို အခန်းတစ်ခန်းအတွင်းမှာ ထည့်သွင်းပိတ်လှောင်ထားခဲ့ပါတယ်၊ ဒါကြောင့် ဒီသူငယ်မဟာ အခန်းထဲမှာ တငိုတည်းငိုနေပြီး ဘာကိုမှ မစားမသောက်တော့ဘူး၊ ဒါနဲ့ပဲ ဒီသူငယ်မရဲ့ ရည်းစားဖြစ်သူ "အော်ဒါလီ" လူငယ်တစ်ယောက်ဟာ တစ်ညနေမှာ တိတ်တဆိတ် ရောက်လာပြီး ဒီသူငယ်မကို ခိုးဆောင်ထွက်ပြေးသွားတော့တာပဲ၊ ဒါပေမယ့် သူ့အဖေက သူ့လူတွေကို အပြေးမြန်တဲ့ကုလားအုတ်တွေကိုစီးစေပြီး သူတို့နောက်ကို အမြန်လိုက်ခိုင်းတယ်၊ သူတို့နှစ်ယောက်ဟာ ဂူတစ်ခုထဲမှာ ဝင်ရောက်ပြီး ပုန်းအောင်းနေကြတယ်၊ ဒါပေမယ့် သူတို့ကိုတွေ့သွားကြတယ်၊ သူတို့ဟာ လာရောက်ဖမ်းဆီးကြသူတွေကို အဖမ်းမခံဘဲ ကျားသစ်များလို အပြင်းအထန် ပြန်လည်ခုခံ သတ်ပုတ်ကြတယ်၊ ဓားမြှောင်နဲ့ ထိုးလို့ လူနှစ်ယောက် သေဆုံးသွားကြရှာတယ်၊ ဒီလောက်ကြီးလေးတဲ့ ပြစ်မှုမျိုးကို ကျူးလွန်ခဲ့ကြလို့ သူတို့နှစ်ယောက်ကို ခဲများနှင့် ပစ်ပေါက်ပြီး တရားစီရင်ဆုံးဖြတ်သင့်တယ်လို့ ရပ်ရွာလူကြီးတွေက ဆုံးဖြတ်ချက် ချခဲ့ကြတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်ဟာ အမှန်မှုချ အပြစ်ရှိမရှိကိုတော့ အလ္လာဘုရားသခင်က အဆုံးအဖြတ်ပေးတော်မူပါလိမ့်မယ်"

သို့နှင့် . . .

ဘုန်းတော်ကြီးသည် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးနောက် စိတ်ထဲတွင် အကြံတစ်မျိုး ပေါ်ပေါက်လာသောကြောင့် -

"သူတို့ရဲ့ နာမည်တွေကို သိပါရစေ"

"သူငယ်မနာမည်က "ဇူလေခ"ဖြစ်ပါတယ်၊ ရွှက်လှေလုပ်သမား အူမာဟေသန်ရဲ့ တစ်ယောက်တည်းသော သမီးဖြစ်ပါတယ်၊ သူငယ်ရဲ့ နာမည်ကတော့ အလီဘက်အော်ဒါလီ ဖြစ်ပါတယ်၊ သူဟာ အင်မတန် ဆင်းရဲတဲ့ သိုးကျောင်းသားတစ်ယောက်သာ ဖြစ်ပါတယ်၊ သူတို့နှစ်ဦးရဲ့ နာမည်တွေကို ဘာကြောင့်မေးရတာလဲဘုရား"

"သူတို့ကို ကျုပ်သိတယ်၊ မနှစ်က ကျုပ်ဒီနေရာကို ရောက်လာတုန်းက သူတို့ကို ကျုပ်မြင်ခဲ့ဖူးတယ်၊ သူတို့ဟာ ငယ်ရွယ်သူတွေပါကလား

www.foreverspace.com.mm

သူတို့က ခင်ဗျားတို့ကို ဘယ်လိုများ ရန်ပြုခဲ့ကြလို့တုန်း၊ ကျုပ်တို့ အင်္ဂလန်နိုင်ငံမှာဆိုရင်တော့ဖြင့်”

သည်တွင် မေဂျာဂရန့်က . . .

“တပည့်တော်တို့ အခုအင်္ဂလန်နိုင်ငံမှာ ရှိနေကြတာမဟုတ်ပါဘူး ဘုရား၊ တပည့်တော် အရှင်ဘုရားကို အကြံပေးရမှာဖြင့် ဒီကိစ္စမှာ အရှင်ဘုရား ဘာမျှဝင်ရောက်စပ်စုခြင်း မပြုရင် ကောင်းပါလိမ့်မယ်၊ အရှင်ဘုရားကသာ ဝင်ရောက်စပ်စုရင်တော့ဖြင့် ဟန်ဆန်နီနှင့် အော်ဒါလီမိသားစုတို့ အကြီးအကျယ် သွေးထွက်သံယိုဖြစ်ကြမယ့် ရန်ပွဲကြီးဖြစ်လာကြပါလိမ့်မယ်၊ ဒါတင်မကသေးဘူး အိုမန်နယ်သားတွေနဲ့ ယိမင်နယ်သားတွေဟာလဲ ကြီးကျယ်တဲ့ စစ်ပွဲကြီးတစ်ရပ် ဖြစ်ပွားလာကြပါလိမ့်မယ်ဘုရား”

သို့နှင့်အမျှ ဘုန်းတော်ကြီးသည် တစ်ချက်မျှ ညည်းတွားလိုက်ချေတော့သည်။

မေဂျာဂရန့်သည် အာရပ်လူမျိုးများနှင့် ဆက်ဆံရေးတွင် အထူးပင် လိမ္မာကျွမ်းကျင်သူတစ်ယောက်ဖြစ်ပြီး အာရပ်များအပေါ်တွင်လည်း အတော်သြဇာညောင်းသူတစ်ယောက်ပင် ဖြစ်ပေတော့သည်။ သို့နှင့်အမျှ မေဂျာဂရန့်၏ ကူညီမှုသာမရပါလျှင် မိမိဘာမျှ မတတ်နိုင်တော့သည်ကို ဘုန်းတော်ကြီးသည် ကောင်းစွာသဘောပေါက်လာမိတော့သည်။

သို့ရာတွင် မိမိသည် လူတစ်ယောက်အနေနှင့်လည်းကောင်း၊ သာသနာပြု ဘုန်းတော်ကြီးတစ်ပါးအနေနှင့်လည်းကောင်း တတ်နိုင်သမျှ အကူအညီပေးနိုင်ရမည်ဟူ၍ ယုံကြည်နေမိတော့သည်။

သို့နှင့်သူသည် အဗ္ဗဒူခန်အော်ဒါလီအား လှည့်ကာကြည့်လိုက်ပြီးလျှင် . . .

“ဒီကလေးနှစ်ယောက်ကို ကျုပ်တွေ့ချင်တယ်” ဟုပြောကြားလိုက်တော့သည်။

“ဘာကြောင့်တွေ့ချင်ရတာလဲဘုရား”

“သူတို့နှစ်ယောက်ကို တွေ့ရရင် သူတို့နှစ်ယောက်အတွက် ကျုပ်တို့ကိုးကွယ်တဲ့ ထာဝရဘုရားသခင်ထံမှာ ဆုတောင်းပေးချင်လို့ပါ”

အဗ္ဗဒူခန်အော်ဒါလီသည် ခေတ္တမျှ တွေဝေကာ တွေးဆလိုက်ပြီးလျှင် . . . “အစ္စလာမ်ဘာသာဝင်တစ်ယောက် မဟုတ်စေကာမူ သူ့ရဲ့အသည်းနှလုံးသားအတွင်းက စေတနာသန့်သန့်နဲ့ ဆုတောင်းပေးမယ်ဆို

www.foreverspace.com.mm

ရင် မုချကောင်းရတော့မှာပါပဲ၊ ဒါကြောင့် အရှင်ဘုရားကို တပည့်တော် ခေါ်ဆောင်သွားပါမယ်၊ တပည့်တော်နောက်က လိုက်ခဲ့ပါတော့"

ထို့နောက် သူတို့သည် ရွက်ဖျင်တဲအတွင်းမှ ထွက်ခွာသွားကြတော့သည်။ ဒစ်ကန်ရှာကား အထူးပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေတော့သည်။ မကြာမီ သေပွဲဝင်သွားကြရတော့မည့် ချစ်သူနှစ်ဦးအတွက် လွမ်းမင်းစွာ ကြိုတင်ဝမ်းနည်းနေမိကြရရော့ထင့်၊ ပုရစ်နှင့် ညဥ့်ငှက်များသည် စိုးစဥ်းမျှ အော်မြည်အသံပြုခြင်း မရှိကြတော့ချေ။

သူငယ်နှင့် သူငယ်မနှစ်ဦးတို့သည် လက်နက်အပြည့်အစုံနှင့် လူနှစ်ယောက် စောင့်ရှောက်နေကြသည့် တဲငယ်တစ်ခုအတွင်း၌ ရှိနေကြတော့သည်။ ဘုန်းတော်ကြီး ထွမ်လင်ဆန်သည် အောက်လင်းမီးအိမ်၏ အရောင်ဖြင့် ချစ်သူနှစ်ဦးတို့ကို မြင်တွေ့ရတော့သည်။

ဇူလေခသည် သူမ၏မျက်နှာကို ချစ်သူ အလီဘက်အော်ဒါလီ ရင်ဘတ်ပေါ်တွင် တင်ထားပြီး အိပ်ပျော်နေသည်။ သူမ၏တစ်ကိုယ်လုံးကို အလီဘက်အော်ဒါလီက ဖက်ထားလျက်ရှိသည်။ သူမ၏ ခြေဖဝါးနှစ်ဖက်ပေါ်တွင် ခြောက်သွေ့သော သွေးစသွေးနများ တွယ်ကပ်နေကြသည်။

အလီဘက်အော်ဒါလီမှာ နိုးနေသည်။ ၎င်းသည် ပြူးကျယ်မည်းနက်သော မျက်လုံးအစုံတို့ဖြင့် ဘုန်းတော်ကြီးနှင့် အဗ္ဗဒုခန်အော်ဒါလီတို့အား ကြည့်လိုက်တော့သည်။ သို့ရာတွင် ၎င်းတို့မှာ လှောင်အိမ်အတွင်း၌ အဓိခံနေရသော ငှက်ငယ်များပမာ လွတ်မြောက်ခွင့်ကို မည်သို့မျှ မမျှော်မှန်းနိုင်တော့ပြီတကား။

သို့နှင့် ဘုန်းတော်ကြီးသည် အလီဘက်အော်ဒါလီအား စကားပြောရန် အားထုတ်လိုက်တော့သည်။ သို့ြားလည်း ၎င်းမှာ လည်ချောင်းတွင် ဆို့လာပြီး ဘာမျှအသံမထွက်နိုင်တော့ချေ။

သို့ဘိရကား ဘုန်းတော်ကြီးသည် အိပ်ပျော်နေသော ဇူလေခန်၏ နံဘေးတွင် ဒူးထောက်လိုက်တော့သည်။ ၎င်းတို့အနီးတွင် သောက်ရေအိုးတစ်လုံးရှိနေရာ ဘုန်းတော်ကြီးသည် မိမိ၏လက်ကိုင်ပဝါကို ယင်းသောက်ရေအိုးအတွင်း၌ နှစ်လိုက်ပြီးလျှင် ဇူလေခ၏ ခြေကလေးနှစ်ချောင်းကို သိမ်မွေ့စွာ ပွတ်သပ်ပေးလိုက်တော့သည်။

"အင်း ... ဒီခြေကလေးနှစ်ချောင်းဟာ မကြာသေးမီကပဲ အပျော်ကြီးပျော်ပြီး အပြေးကြီးပြေးခဲ့ကြရတယ်၊ မကြာမီအတွင်းမှာပဲ ဒီ

ခြေကလေးနှစ်ချောင်းဟာ သံချိုင်းတွင်းထဲထည့်ပြီး အမြှုပ်ခံကြရရှာတော့မယ်၊ သူမရဲ့တစ်ကိုယ်လုံးကိုလဲ လည်ပင်းအထိ သဲမြေတွင်းထဲထည့်ပြီး မြှုပ်လိုက်ကြတော့မယ်၊ လည်ပင်းအထက်ကိုသာ ဖော်ထားကြလိမ့်မယ်၊ သကြားလုံးတွေစားဖို့နဲ့ နေရောင်အောက်မှာ ကခုန်ဖို့ အင်မတန်နှစ်သက်တဲ့ မိန်းမငယ်မကလေးကို သူတို့က ခွေးရူးလို အမှတ်ထားပြီး တစ်လှည့်စီမသေမချင်း ကျောက်ခဲတွေနဲ့ ပစ်ကြ၊ ပေါက်သတ်ကြတော့မှာပါကလား”

စသည်ဖြင့် ဘုန်းတော်ကြီးတွမ်လင်ဆန်သည် စိတ်ထဲတွင် တီးတိုးပြောဆို ညည်းတွားမိတော့သည်။

ထိုစဉ်မှာပင် မေဂျာဂရန့်သည် ၎င်း၏လက်မောင်းတစ်ဖက်ကို ကိုင်လိုက်ပြီးလျှင်… “အရှင်ဘုရားရဲ့ အလိုဆန္ဒဟူသမျှတို့မှာ မုချပြည့်ဝပါစေလို့ တပည့်တော်လဲ ဆုတောင်းပါတယ်”

ဟု တီးတိုးပြောဆိုကာ ခရစ်တော်၏ လက်ဝါးကပ်တိုင်အသွင်သင်္ကေတကို လုပ်ပြလိုက်တော့သည်။

ထိုနောက် မေဂျာဂရန့်သည် ရွက်ဖျင်တဲအပြင်ဘက်သို့ မရွှင်မပျသော ရုပ်သွင်ဖြင့် ထွက်ခွာသွားချေတော့သည်။

(၃)

ထိုညတွင် ကောင်းကင်ပြင်၌ ကြယ်ရောင်တွေ တလျှမ်းလျှမ်းတောက်ပြူးနေကြသည့်အပြင် ပန်းရနံ့များကို သယ်ဆောင်လာသော လေပြည်သည် တဲအတွင်းသို့ ဝင်ရောက်နေတော့သည်။

ဘုန်းတော်ကြီးတွမ်လင်ဆန်သည် မိမိတို့ တည်းခိုရာ ရွက်ဖျင်တဲအတွင်းသို့ တစ်ကိုယ်တည်း ရောက်ရှိနေတော့သည်။ ယင်းတဲအတွင်းသို့ မိမိဘယ်ပုံဘယ်နည်းဖြင့် ရောက်လာသည်ကိုကား မသိနိုင်တော့ချေ။

မေဂျာဂရန့်ကား ဒစ်ကန်ရွာ၏ အကြီးအချုပ်ဖြစ်သူ အဇ္ဇဒူခန်အော်ဒါလီအပြင် ရပ်ရွာလူကြီးများနှင့် စကားပြောဆိုရန် နောက်တွင် ချန်နေခဲ့တော့သည်။

ထိုနောက် ဘုန်းတော်ကြီးသည် ၎င်း၏ခုတင်နံဘေးတွင် ဒူးထောက်လိုက်ပြီးလျှင် တစ်ကိုယ်လုံး တုန်လှုပ်လာကာ ထာဝရဘုရားသခင်ထံတော်တွင် ဆုတောင်းရန် မိမိ၏ပါးစပ်ကို ဟလိုက်ပေတော့သည်။ သို့ရာတွင် မည်သည့်အသံက တစ်စိုးတစ်မျှ ထွက်မလာနိုင်တော့ချေ။

သူ၏စိတ်အာရုံထဲတွင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းအမျိုးမျိုးကို ပေါ်လာနေတော့သည်။ သူသည် ယင်းမြင်ကွင်းများကို မမြင်နိုင်တော့ရန် အစွမ်းကုန် ကြိုးစားဖယ်ရှား ပစ်လေငြားလည်း စိုးစဉ်းမျှ မအောင်မြင်နိုင်ခဲ့ချေ။

လူငယ်နှစ်ဦးတို့၏ ဦးခေါင်းနှစ်လုံးတို့သည် သံပြင်ပေါ်တွင် အုန်းမှုတ်ကဲ့သို့ တည်ရှိနေပေတော့မည်။ ခဲများဖြင့် အပေါက်ခံရသဖြင့် ထိမှန်တိုင်း ယင်းဦးခေါင်းနှစ်လုံးတို့သည် ပြင်းထန်သော ဝေဒနာများကို ခံစားရချေတော့မည်။ မကြာမီ ယင်းဦးခေါင်းနှစ်လုံးထဲမှ သွေးများ ဒလဟော ယိုစီးကျဆင်းလာချေတော့မည်။ သွေးများလည်း ကျိုးပဲ့ပြုတ်ထွက်ကုန်ကြတော့မည်။ သို့ရာတွင် ယင်းဦးခေါင်းနှစ်လုံးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးရယ်ပြကြလိမ့်မည်။ ၎င်းတို့သည် နောက်ဆုံးတွင် မျက်လုံးများကို မဖွင့်ထားနိုင်ကြတော့ဘဲ မှိတ်သွားကြရတော့မည်။ စသည်ဖြင့် ဘုန်းတော်ကြီးသည် အမျိုးမျိုးတွေးကာ ထင်မြင်ကာ အထူးပင် စိတ်ပူပန်မိချေတော့သည်။

သို့နှင့်အမျှ သူသည် ဘုရားရှိခိုးတစ်ပုဒ်ကို ရွတ်ဆိုရန် ပါးစပ်ကို ဟလိုက်တိုင်း စိုးစဉ်းမျှ အသံထွက်မလာနိုင်တော့ချေတကား။

အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာခဲ့ရာ သူသည် မဂျာဂရန့်၏ ဝီစကီပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲသို့ အပြည့်လောင်းချလိုက်ပြီးလျှင် ရေနည်းနည်းမျှမရောတော့ဘဲ သောက်မျိုးလိုက်တော့သည်။

သို့ သောက်မျိုးလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ရွက်ဖျင်တဲအတွင်းသို့ ဖျော့တော့သော အလင်းရောင်များ ဝင်ရောက်လာကြသောကြောင့် မကြာမီ မိုးထိန်ထိန်လင်းလာတော့မည်ဟု သူရိပ်စားမိလာတော့သည်။ ၎င်းနောက် သူသည် နားစွင့်ကာ ထောင်နေတော့သည်။ ဒစ်ဒကန်တစ်ရွာလုံး နိုးလာကြပြီဖြစ်၍ အသံများကို ကြားလာရပေပြီ။

ဒစ်ကန်ရွာသူရွာသားများသည် ကုလားအုတ်များကို ချည်နှောင်ရာ နေရာသို့ လာရောက်စုရုံးနေကြပေတော့မည်ဟု သူသည် တွေးထင်မှန်းဆနေမိတော့သည်။ အဘယ်ကြောင့်ဆိုသော် ဒစ်ကန်ရွာ၌ နေစထွက်ချိန်များတွင်သာ ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ တရားစီရင်ဆုံးဖြတ်လေ့ရှိကြကြောင်းကို သူသည် ကောင်းစွာသိရှိထားနှင့်ပြီ မဟုတ်ပါလော။ ၎င်းနောက် သူသည် နောက်ထပ်ဝီစကီ တစ်ဖန်ခွက်ကို နည်းနည်းမျှ ရေနှင့်မရောဘဲ သောက်မျိုလိုက်ပြန်တော့သည်။

www.foreverspace.com.mm

သောက်မျိုလိုက်သော ဝိစကီသည် သူ၏စိတ်ရှုပ်ထွေးနေခြင်းများကို ဖယ်ရှားဖျောက်ဖျက်ပေးလိုက်သည်ဖြစ်ရာ သူသည် နောက်ဆုံးတွင် ဘုရားရှိခိုးတစ်ပုဒ်ကို အထစ်အငေါ့မရှိဘဲ ကောင်းစွာရွတ်ဆိုနိုင်ပေတော့သည်။

သို့နှင့် သူသည် ဒူးထောက်လိုက်ပြီးလျှင်…

"အို အဖ ထာဝရဘုရားရှင် … ဤလူငယ်နှစ်ဦးတို့ကို အမြန်ကယ်တင်ပေးတော်မူပါ ဘုရား၊ သူတို့အား မကြာမီ ခံစားရတော့မည့် ဘေးဒုက္ခအပေါင်းမှ မုချကင်းဝေးသွားရလေအောင် အရှင်ဘုရား၏ တန်ခိုးတော်ဖြင့် ကူညီမိုင်းမတော်မူပါဘုရား၊ သူတို့နှစ်ဦးအပေါ်တွင် မဟာကရုဏာတော်မြတ်တကို ပွားများထားရှိတော်မူပါဘုရား"

စသည်ဖြင့် ကျယ်လောင်စွာ ရွတ်ဆိုလိုက်ပေတော့သည်။

သို့ ဘုရားရှိခိုးလိုက်ပြီးနောက် သူသည် ဘယ်မျှလောက်ကြာအောင်မသိ စိုးစဉ်းမျှ မလှုပ်မယှက်ဘဲ ငြိမ်သက်စွာ နေလိုက်စဉ် ရွက်ဖျင်တဲအပြင်ဘက်မှ ကျယ်လောင်သော အသံများကို ကြားလိုက်ရပေတော့သည်။

သို့နှင့်သူသည် ရွက်ဖျင်တဲ အပြင်ဘက်သို့ ထွက်သွားပြီးလျှင် ကုလားအုတ်များချည်နှောင်ထားရာ နေရာဘက်ဆီသို့ လှမ်း၍ကြည့်လိုက်ရာ လူတစ်စုကို မြင်တွေ့လေတော့သည်။ ၎င်းတို့သည် ကရိုကက်ရိုက်ပွဲတစ်ပွဲကို ကြည့်ရှုနေကြသော သူများကဲ့သို့ပင် နှစ်တန်းတန်း၍ ရပ်နေကြသည်ကို မြင်တွေ့ရပေတော့သည်။

၎င်းလူစု၏နောက်တွင် အလွန်အရပ်မြင့်သော အာရပ်တစ်ယောက်သည် ကျောက်ခဲတစ်လုံးကို ကိုင်ပြီး လျှင်မြန်စွာပစ်လိုက်သည်ကို မြင်ရပြီးနောက် လူအများ၏ ကျယ်လောင်စူးရှသော အော်ဟစ်သံများကိုလည်း ကြားလိုက်ရသည်ဖြစ်ရာ ကျောက်ခဲများဖြင့် ပစ်ပေါက်၍ တရားစီရင်ဆုံးဖြတ်သောပွဲသည် စတင်လေပြီဖြစ်ကြောင်း သိရှိရချေတော့သည်။

သို့နှင့် ဘုန်းတော်ကြီး တွမ်လင်ဆန်လည်း အကြီးအကျယ်စိတ်ပျက်သွားပြီးလျှင် ရွက်ဖျင်တဲအတွင်းသို့ အမြန်ပြန်လည်ဝင်ရောက်၍ မိမိ၏အိပ်ရာပေါ်တွင် မှောက်လျက်လှဲချလိုက်တော့သည်။

မကြာသေးမီက မိမိ၏ ဘုရားရှိခိုးသံများကို ထာဝရဘုရားသခင်သည် ကြားတော်မူဟန်မတူဟု ထင်စားမိကာ အလွန်အမင်း စိတ်ပျက်သွားရချေတော့သည်။

သူငယ်မ ဇုလေခ၏ သေးသွယ်သော အညိုရောင်ခြေကလေးနှစ်ချောင်းကိုလည်း ချက်ချင်းပြေး၍ မြင်မိချေတော့သည်။ သူမ၏ သေးသွယ်သော ခြေကလေးနှစ်ချောင်းတို့မှာ သံမြေတွင်းအောက်တွင် ဝိညာဉ်ကဲ့သို့ အထူးပင် နာကျင်နေကြရရှာမည်ဟူ၍ သနားစိတ်များသည် တဖွားဖွား ပေါ်ပေါက်လာရချေတော့သည်။

ကုလားအုတ်များ ချည်တိုင်နေရာဆီမှ ကျယ်လောင်စူးရှသော အော်ဟစ်သံများကို မကြာဏ ကြားနေရတော့သည်။ သို့၍လည်း သူသည် မခံရပ်နိုင်တော့သောကြောင့် မိမိ၏နားရွက်နှစ်ဖက်ကို လက်ဝါးများဖြင့် ပိတ်ထားလိုက်တော့သည်။ သို့ပြားလည်း ယင်းအသံများသည် သူ၏နားနှစ်ဖက်အတွင်းသို့ ထိုးဖောက်ကာ ဝင်ရောက်လာနေကြမြဲပင်။

ခဲတစ်လုံးကို ပစ်လိုက်တိုင်း လူအုပ်ကြီးသည် ကျယ်လောင်စူးရှစွာ အော်ဟစ်လိုက်ကြတော့သည်သာ။

ခဲတစ်လုံးကိုပစ်သံ၊ နောက်ထပ်ခဲတစ်လုံးကို ပစ်သံ၊ နောက်ထပ်ခဲတစ်လုံးကို ပစ်သံ၊ နောက်ထပ် ခဲတစ်လုံးကို ပစ်သံ၊ နောက်ထပ် ခဲတစ်လုံးကို ပစ်သံ။

နောက်ဆုံးတွင် ခဲပစ်သံများကို မကြားရတော့သည်နှင့် သူသည် အထူးစိတ်လျှော့လိုက်ပြီး ငြိမ်သက်စွာ နေလိုက်တော့သည်။

သို့ရာတွင် မကြာမီမှာပင် ကြားရသော အသံတစ်သံကြောင့် သူသည် မိမိ၏ဦးခေါင်းကို မော့ကာ အသံကြားရာဘက်သို့ ကြည့်လိုက်တော့သည်။

မေရှာဂရန့်၏ ဂျမဒါတစ်ယောက်သည် ဘုန်းတော်ကြီး၏ ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်လာတော့သည်။ ၎င်းသည် ယီမင်နယ်မှ အလွန်ထွားကျိုင်းသော အာရပ်တစ်ယောက်ပင်ဖြစ်ပြီး လက်ဖက်ရည်ထည့်ထားသော ဖန်ခွက်ကြီးတစ်လုံးကို ကိုင်ဆောင်လာသည်။

"လက်ဖက်ရည်ပါ ဘုရား၊ သောက်တော်မူပါ ဘုရား၊ မေရှာက မကြာမီအတွင်းမှာ ဒီနေရာက ပြန်ရတော့မယ်လို့လဲ တပည့်တော်ကို အကြောင်းကြားခိုင်းလိုက်ပါတယ်ဘုရား"

သို့နှင့်အမျှ ဘုန်းတော်ကြီးတွမ်လင်ဆန်သည် ခုတင်ပေါ်မှ ထလိုက်ပြီးလျှင်...

"ကိစ္စတွေ အားလုံးပြီးကုန်ပလား"

"ဘာကိစ္စလဲ လက်ဖက်ရည်ဖျော်တဲ့ ကိစ္စကိုမေးတာလားဘုရား"



www.foreverspace.com.mm

www.foreverspace.com.mm

“ဟာ…မဟုတ်ဘူး၊ ခဲတွေနဲ့ ပစ်ပေါက်ပြီး တရားစီရင်ဆုံးဖြတ်ကြတဲ့ ကိစ္စဟာ ပြီးဆုံးသွားပြီလားလို့ ငါမေးနေတာလေ”

“မှန်ပါတယ်ဘုရား ဒီကိစ္စတွေအားလုံးဟာ ပြီးဆုံးသွားပါပြီ၊ ဒီအော်ဒါလီလူမျိုးတွေဟာ ခွေးထက်ပဲ မိုက်ကြပါသေးတယ်ဘုရား၊ မေဂျာဂရန့်ဟာ တပည့်တော်ရဲ့ အဖေနဲ့အမေလိုပါပဲဘုရား၊ ဒါပေမယ့် သူဟာ အချို့ကိစ္စတွေမှာ ကလေးလိုပါပဲ၊ မှန်ကန်တဲ့ဉာဏ်ကို မသုံးတတ်ပါဘူးဘုရား၊ တပည့်တော်ထံမှာသာ သူကြိုတင်ပြီး အကြံဉာဏ်တောင်းထားရင် အခုလို အမှားတွေ တွေ့ခဲ့ရမှာမဟုတ်ပါဘူး၊ သူဟာ စိတ်နေသဘောထား အင်မတန်ကောင်းလွန်းတဲ့အတွက်ကြောင့် အခုလို အမှားတွေ့ခဲ့ရတာပေါ့ဘုရား”

“ဘယ်လိုအမှားတွေ့ခဲ့ရတာလဲ၊ ခဲနဲ့ပစ်ပေါက်ပြီး တရားစီရင်ဆုံးဖြတ်ကြတဲ့ပွဲဟာ ဘယ်လိုဖြစ်သွားရလို့လဲ”

“ကျောက်ခဲတွေနဲ့ ပစ်ပေါက်ကြတဲ့ လူတွေအားလုံးဟာ တစ်လုံးမှ မထိမှန်နိုင်ကြဘူး၊ အားလုံးလွဲချော်သွားကြတယ်ဘုရား၊ တစ်ယောက်မှ ထိမှန်အောင် မပစ်နိုင်ခဲ့ကြဘူး၊ မထိမှန်တဲ့အတွက် ဦးခေါင်းနှစ်လုံးက သွေးတစ်စက်မှ မကျလာလို့ ဒီပွဲဟာ နည်းနည်းမှကြည့်လို့မကောင်းတော့ဘူး၊ မွဲကြီးပွဲကောင်း မဟုတ်ခဲ့တော့ဘူးဘုရား”

“အလို ဘာကြောင့် မထိမှန်ဘဲ လွဲချော်သွားကြရတာလဲ”

“ဘယ်လိုနည်းနဲ့ ထိမှန်နိုင်ကြတော့မှာလဲ ဘုရား၊ သူတို့ဟာ ကျောက်ခဲတွေကို မူစကတ်နဲ့ အိုမန်မြို့တွေဆီကို ပစ်ခဲ့ကြတာကိုး၊ အစွပ်အစွဲခံနေရသူနှစ်ဦးရဲ့ ဦးခေါင်းတွေကို မပစ်ခဲ့ကြဘဲကိုးဘုရား၊ ဒီလိုဖြစ်ခဲ့ရတာဟာလဲ မေဂျာဂရန့်ရဲ့ အပြစ်ကြောင့် ပေါ့လျော့မှုတွေကြောင့်ပါပဲဘုရား”

“ဘာ … ဘာ မေဂျာဂရန့်ရဲ့ အပြစ်ကြောင့်တဲ့လား ဘယ်လိုအပြစ်လဲ”

“မေဂျာဂရန့်ဟာ အင်မတန် စိတ်သဘောဖြူစင်တဲ့ လူတစ်ယောက်ဖြစ်လို့ အစွပ်အစွဲခံနေရတဲ့ သူနှစ်ဦးရဲ့ ဦးခေါင်းတွေကို ထိမှန်အောင်ပစ်နိုင်တဲ့ ယောက်ျားတိုင်းကို ငွေတစ်ကျပ်စီ ဆုအဖြစ်ပေးမယ်၊ ဒါပေမယ့် ဦးခေါင်းကိုထိအောင်မပစ်နိုင်ဘဲ လွဲချော်သွားတဲ့ ယောက်ျားတိုင်းကိုတော့ နှစ်သိမ့်ဆုအဖြစ် … ၃၀၃-ရိုင်ဖယ်ကျည်တောင့် တစ်တောင့်စီ ပေးဦးမယ်လို့ မေဂျာဂရန့်က စေတနာတွေပိုတဲ့ စကားတွေကို

ပြောကြားထားခဲ့သေးတာကိုး ဘုရား။ ဒစ်ကန်ရွာမှာ ၃၀၃-ရိုင်ဖယ်ကျည် တောင့်တစ်တောင့်ဟာ အခုအခါမှာ သုံးကျပ်တန်ပါတယ်ဘုရား၊ တပည့် တော်ကိုသာ သူမေးထားခဲ့ရင် ၃၀၃-ရိုင်ဖယ်ကျည်တောင့်တစ်တောင့်ဟာ ဒီရွာမှာ သုံးကျပ်တန်တယ်လို့ တပည့်တော် သူ့ကို ပြောပြထားမှာပေါ့ ဘုရား။ ဒီအကြောင်းကို သူမသိသေးတဲ့အတွက်ကြောင့် ခဲပစ်တဲ့ ယောကျ်ား တွေဟာ အခွင့်ကောင်းယူပြီး အစွပ်အစွဲခံနေကြရတဲ့ သူနှစ်ဦးရဲ့ ဦးခေါင်းတွေကို မထိမှန်စေတော့ဘဲ တမင်လွဲချော်သွားရအောင် ပစ်ပေါက် ခဲ့ကြတာကိုး ဘုရား"

"ဩော် ... ဒီလိုလား ... ဒီလိုကိုး"

"မှန်ပါတယ် အရှင်ဘုရား၊ ခဲနဲ့ပစ်ပေါက်တဲ့ ယောကျ်ားတိုင်းက အစွပ်အစွဲခံနေရရှာတဲ့ သူငယ်နဲ့ သူငယ်မနှစ်ဦးတို့ဟာ လုံးဝအပြစ်ကင်း တဲ့အတွက် အလ္လာဘုရားသခင်က သူတို့ရဲ့ဦးခေါင်းတွေကို မထိမှန်စေ တော့ဘဲ လွဲချော်သွားစေတယ်လို့ချည်း အောင်ဟစ်ပြောဆိုနေကြပါတော့ တယ်ဘုရား၊ အလ္လာဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ရမှာပေါ့ဘုရား၊ ဇူလေခနဲ့ အလီဘက်အော်ဒါလီတို့ဟာလဲ တခမ်းတနား မင်္ဂလာဆောင် ကြတော့မလို့ ပြင်ဆင်နေကြပါပြီဘုရား၊ အလ္လာဘုရားသခင်ဟာ အမှန် တရားဘက်မှာ အမြဲရှိနေပါတယ်ဘုရား၊ အရှင်ဘုရားနေထိုင်လို့ ကောင်း ပါရဲ့လား၊ အရှင်ဘုရားရဲ့ မျက်နှာကို တပည့်တော်မြင်ရတာ တစ်မျိုးဖြစ် နေပါကလား"

"ကျုပ် နေထိုင်လို့ ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး"

သို့နှင့် ဖြစ်ရပ်အမှန်တို့ကို ကြားသိလိုက်ရသော ဘုန်းတော်ကြီး တွမ်လင်ဆန်သည် ဝမ်းမြောက်ဝမ်းသာ၍ မဆုံးနိုင်တော့ချေ။ ဇူလေခ သည် နောက်ထပ် ကခုန်မြူးထူးနိုင်တော့မည်ကို တွေး၍ ဝမ်းသာအားရ နေမိပေတော့သည်။

အလွန်တရာ စကားနည်းလှပြီး အာရပ်လူမျိုးများ၏ မလေ့ သဘောစရိုက်များကို ကောင်းစွာလေ့လာသိရှိနားလည်ထားပြီးဖြစ်သော မေဂျာဂရန့်သည် ချစ်သူနှစ်ဦး၏ အသက်များကို ကယ်ဆယ်လိုက်ပြီ မဟုတ်လော။ မေဂျာဂရန့်သည် အလွန်လိမ္မာသော သူတစ်ယောက်ပင် မဟုတ်ပါလော။ လူတိုင်းလူတိုင်းလည်း အထူးကျေနပ် ဝမ်းမြောက်ကုန်ကြ ပြီမဟုတ်ပါလော။ မေဂျာလို လူလိမ္မာမျိုးကား ဤကမ္ဘာပေါ်တွင် ရှာမှရှား ပါဘိတော်။

သို့နှင့် ဘုန်းတော်ကြီးတွမ်လင်ဆန်က ဂျမဒါအား…

"အေး … ဟုတ်တာပေါ့၊ မင်းပြောတာ တကယ်မှန်ပါတယ်၊ အလ္လာဘုရားသခင်ဟာ လုံးဝအပြစ်ကင်းကြတဲ့ ချစ်သူနှစ်ဦးကို ကျောက်ခဲတွေနဲ့ပစ်လို့ မထိမှန်ရလေအောင် မိမိတန်ခိုးတော်နဲ့ ရှောင်ရှားလွှဲဖယ်ပေးတော်မူလိုက်တာ အမှန်မုချပါပဲ၊ အလ္လာဘုရားသခင်ရဲ့ သတ္တဝါတွေအပေါ်မှာ ထားရှိမွှားများတဲ့ မဟာကရုဏာတော်ဟာ အတိုင်းမသိကြီးမားလှပါပေတော့တယ်"

စသည်ဖြင့် ချီးကျူးပြောကြားလိုက်တော့သတည်း။

*(Garnett Redcliffe ရေးသော Judgement On Lovers ဝတ္ထုကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုထားသည်။)*

ဖေဖော်ဝါရီလ၊ ၁၉၇၁
သွေးသောက်

❑

www.foreverspace.com.mm

## နှုတ်ရုထား

ဤဝတ္ထုကို နာမည်ကျော် ဘင်္ဂါလီစာရေးဆရာကြီးတစ်ဦးဖြစ်သူ ဆာရတ်ချန်ဒရာချက်တာဂျီ ရေးသားခဲ့သည်။ ဝတ္ထုအမည်ရင်းမှာ "အဘာဂီ၏နိဗ္ဗာန်"ဖြစ်လေသည်။ ဤဝတ္ထုကို ဘင်္ဂလီကျေးရွာတစ်ရွာတွင် ကျင်းပခဲ့သော အသုဘအခမ်းအနားတစ်ရပ်ပေါ်တွင် အခြေတည်ထားပြီး ကျေးတောရွာများတွင်နေထိုင်ကြရသော ဇာတ်နိမ့်သူတို့၏ နင်းပြားဘဝနှင့် မြေပိုင်ရှင်များ၏ ရက်စက်ကြပုံတို့ကို သရုပ်ဖော်ထားလေသည်။

ကံအားလျော်စွာ အိန္ဒိယအစိုးရသည် ၁၉၄၇-ခုနှစ်၊ လွတ်လပ်ရေးရပြီးသည့်နောက်တွင် နှစ်ပေါင်းများစွာကတည်းက တည်မြဲလာခဲ့သော မျှမတ ဆိုးရွားလှသည့် လူမှုရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အပြီးအပိုင် ဖြိုခွင်းပစ်လေတော့သည်။

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအမှတ် (၄၈)တွင် "အိန္ဒိယအစိုးရသည် အားနည်းသော လူနည်းစုတို့၏ ပညာရေးနှင့် စီးပွားရေးတို့ကို ချုပ်ကိုင်ထိန်းသိမ်း အားပေးဆောင်ရွက်မည်။ အထူးသဖြင့် ဇာတ်နိမ့်သူတို့၏ အခွင့်အရေးများကို ကောင်းစွာကာကွယ်စောင့်ရှောက်ပေးမည်။ ၎င်းတို့၏ နိမ့်ကျလှသော ဘဝအခြေအနေ တိုးမြင့်လာအောင် အစွမ်းကုန်အားပေး ဆောင်ရွက်သွားမည့်အပြင် သွေးစုပ်ခံနေရခြင်းများကိုလည်း ကောင်းစွာကာကွယ်ပေးမည်။" ဟူ၍ အတိအလင်းဖော်ပြထားလေသည်။ သို့နှင့်အမျှ အိန္ဒိယအစိုးရသည် ဇာတ်နိမ့်သူများ၏ အကျိုးအတွက် ကောင်းမွန်လှောက်ပတ်သော ဥပဒေများကို ထုတ်ပြန်ခဲ့ပေတော့သည်။

ဆော်ဝင်မြို့မောအုပ်တိုက်

(၁)

www.foreverpage.com.mm

အပျော်ကြွယ်ဝချမ်းသာသော စပါးကုန်သည်ကြီး မူကာဂျီ၏ ဇနီးဖြစ်သူသည် တစ်ပတ်ခန့်သာ နာမကျန်းဖြစ်ပြီးနောက် အနိစ္စရောက်သွားရှာတော့သည်။ ထိုစဉ်အခါက၊ ၎င်းတို့ဇနီးမောင်နှံမှာ ဒီရေအလား စီးပွားတက်တုန်းတက်ဆဲ အခါပေပင်။

၎င်းတို့တွင် သား ၄-ယောက်နှင့် သမီး ၃-ယောက်ထွန်းကားခဲ့ပြီး ထိုသားနှင့် သမီးများမှတစ်ဖန် သားနှင့် သမီးများစွာ ပေါက်ဖွားလာခဲ့ပြန်တော့သည်။ ယင်း သား၊ သမီး၊ မြေး၊ မြစ်၊ သမက်၊ ချွေးမများနှင့် အိမ်နီးနားချင်းများစွာတို့သည် မူကာဂျီ၏ နေအိမ်သို့ စုရုံးရောက်ရှိလာကြပြီး လွန်စွာကြီးကျယ်ခမ်းနားလှသည့် အသုဘအခမ်းအနားကြီးဖြစ်မြောက်အောင် အစွမ်းကုန် ကူညီရိုင်းပင်းကြလေတော့သည်။ တစ်ရွာလုံးရှိလူများလည်း မသာအိမ်သို့ ရောက်ရှိလာကြပြီးလျှင် ခမ်းနားတင့်တယ်စွာ မွမ်းမံပြင်ဆင်ထားသော အလောင်းစင်ကြီးကို တအံ့တဩ ကြည့်ရှုကြလေတော့သည်။

မူကာဂျီ၏ ချွေးမနှင့် မြေးမများသည် ဦးစွာ ရောက်လာကြပြီးလျှင် ရှိုက်ငင်ငိုကြွေးမြည်တမ်းကြတော့သည်။ ၎င်းနောက် သေဆုံးသွားသူ၏ ခြေဖဝါးနှစ်ဖက်ပေါ်တွင် ချိတ်နီရည်ဖြင့် ဖျော်ထားသော ဆေးရည်ကို သုတ်လိမ်းကြပြီးလျှင် ဦးခေါင်းပေါ်တွင်မူကား ဟင်္သပြဒါးကို ရေဖြင့် ခပ်ပျစ်ပျစ်ဖျော်ပြီး ထူထပ်စွာ လိမ်းကြသည်။ ၎င်းနောက် ချွေးမများသည် သေဆုံးသွားသူ၏ နဖူးပြင်တစ်ပြင်လုံးပေါ်တွင် နံ့သာများကို ထူထပ်စွာ လိမ်းကျံကြပြီးလျှင်အလွန်အဖိုးတန်သောပိုးကတ္တီပါစောင်ကြီးတစ်ထည်ကို ခန္ဓာကိုယ်ပေါ်တွင် လွှမ်းခြုံထားကြတော့သည်။ ၎င်းတို့သည် နောက်ဆုံးတွင် မိမိတို့ဝတ်ရုံထားကြသော ဆာရီအဝတ်စများဖြင့် သေဆုံးသူ၏ခြေဖဝါးနှစ်ဖက်တွင် တွယ်ကပ်နေသော ဖုတ်မှုန့်များကို သုတ်ယူလိုက်ကြသည်။

မသာအိမ်သို့ ရောက်လာကြသော လူများ၏ စကားပြောဆိုသံများနှင့် အလောင်းစင်ပေါ်တွင် ခင်းကျင်းထားရှိသော ပန်းပွင့်များ၊ ပန်းရွက်၊ ပန်းခွေများအပြင် ထွန်းညှိထားသော များလှစွာသော အမွှေးတိုင်ချောင်းများကို တောက်ရှုကြည့်ပါက အသုဘအခမ်းအနားနှင့် လုံးဝမတူတော့ဘဲ လွန်စွာချမ်းသာသော မူကာဂျီ၏ ဇနီးဖြစ်သူသည်လူ့လောကကြီး

www.foreverspace.com.mm

ပေါ်တွင် အသက် ၅၀-ကျော်မျှ နေထိုင်လာခဲ့ပြီးဖြစ်သော်လည်း အာဝါဟမင်္ဂလာအခမ်းအနားအတွက် လင်ဖြစ်မည့်သူ၏ နေအိမ်သို့သွားရောက်ရန် မွမ်းမံပြင်ဆင်ထားသည်နှင့် မခြားလှတော့ပေ။

ဧပါးကုန်သည်ကြီး မူကာဂျီသည် သေဆုံးသူ မိမိ၏ဇနီးထံပါးသို့ ချဉ်းကပ်လာပြီး မျက်ရည်နှစ်စက်ကျဆင်းပြခြင်းဖြင့် နောက်ဆုံးနှုတ်ဆက်လိုက်တော့သည်။ ၎င်းနောက် မျက်ရည်ကို သုတ်လိုက်ပြီးလျှင် ရှိက်ငင်ငိုကြွေးနေကြသော သူ၏ သမီးနှင့် ချွေးမများရှိရာသို့ သွားရောက်နှစ်သိမ့်လေတော့သည်။

နံနက် နေရောင်ခြည်သန်းလာသည်နှင့် တစ်ပြိုင်နက် တစ်ရွာလုံး "ဟာရီဘိုးလ်" ဟု တခဲနက် ဝမ်းနည်းကြေကွဲဖွယ် မြည်တမ်းကြပြီး အသုဘပို့ဆောင်လေသည်။ ထိုစဉ်ဝယ် လူအုပ်ကြီးနောက်မှ မိန်းမတစ်ယောက် လိုက်ပါလာသည်ကို တွေ့ရသည်။ ၎င်းသည် လူအုပ်ကြီးနှင့် မရောနှောဘဲ မလှမ်းမကမ်းမှ လိုက်လာခြင်းဖြစ်သည်။

သူမကား အခြားသူမဟုတ် "ကန်ဂါလီ"၏ မိခင်ဖြစ်လေသည်။ မိမိခြံအတွင်း၌ စိုက်ပျိုးထားသော ခရမ်းသီးအချို့ကို ခူးဆွတ်ပြီး ဈေးသို့ ရောင်းချရန်အသွားတွင် လွန်စွာကြီးကျယ်ခမ်းနားလှသော အသုဘအခမ်းအနားကြီးကို မြင်လိုက်ရသဖြင့် တအံ့တသြ ငေးမောကြည့်ပြီး ရပ်ကြည့်နေမိတော့သည်။ သို့နှင့်အမျှ သူမသည် ခရမ်းသီးများကို ဈေးသို့ သွားရောင်းချရန်ကိုပင် မေ့လျော့လျက်ရှိနေတော့သည်။ သူမသည် ကျဆင်းသော မျက်ရည်များကို သုတ်လိုက်ပြီးလျှင် မီးသင်္ဂြိုဟ်မည့်နေရာဆီသို့ လူအုပ်ကြီးနောက် ခပ်လှမ်းလှမ်းမှ လိုက်သွားလေတော့သည်။

မီးသင်္ဂြိုဟ်မည့်နေရာမှာ ထိုရွာကို ရစ်ပတ်နေသော မြစ်ကမ်းနဖူးရှိ သဲသောင်ခုံပေါ်တွင်ဖြစ်လေသည်။ ယင်းသဲသောင်ခုံပေါ်တွင် နံ့သာချောင်းများ၊ ပွားရည်အမွှေးတိုင်များနှင့် ရောနှောပက်ဖျန်းထားသည့် ထင်းပုံကြီးတစ်ပုံကို အဆင်သင့် ပြင်ဆင်ထားရှိလေသည်။ ကန်ဂါလီ၏ မိခင်သည် ဇာတ်နိမ့်သူတစ်ယောက်ပင်ဖြစ်ချေရာ လူအုပ်ကြီးအနားသို့ ကပ်၍မသွားဝံ့ချေ။ သို့ဖြစ်ရာ ၎င်းသည် ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်ကလေးပေါ်သို့ တစ်ကိုယ်တည်း တက်ရောက်ပြီး မီးသင်္ဂြိုဟ်သည့် အခမ်းအနားကို အစအဆုံးတိုင် အထူးစိတ်ဝင်စားကာ ကြည့်နေမိတော့သည်။

သေဆုံးသွားသော သူဌေးကတော်ကြီး၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ရန် ထင်းပုံကြီးပေါ်သို့ ပို့ဆောင်စဉ် ၎င်းသည် ချိတ်ဆေးနီဖြင့်

လိမ်းကျံထားသော ခြေဖဝါးနှစ်ဖက်ကို ရှုးစိုက်ကာ ကြည့်မိတော့သည်။ ထိုစဉ်ပင် ရုပ်အလောင်းရှိရာသို့ အပြေးသွားရောက်ပြီး ခြေဖဝါးနှစ်ဖက်ပေါ်တွင် လိမ်းကျံထားသော ဆေးနီကို လက်ဖြင့် မွတ်ယူပြီး မိမိနဖူးပေါ်တွင် သုတ်လိမ်းလိုက်လိုသော စိတ်ဆန္ဒမှာ ပြင်းပြစွာ ပေါ်ပေါက်လာတော့သည်။

အသုဘလာရောက်ပို့ဆောင်ကြသည့် လူအုပ်ကြီးသည် "ဟာရိဘိုလ်"ဟု တခဲနက် ဟစ်ကြွေးမြည်တမ်းလိုက်ကြပြီး ဘုန်းတော်ကြီးများက ဂါထာမန္တရားများ ရွတ်ဆိုလိုက်ပြီးသောအခါ ရုပ်အလောင်းတင်ထားသော ထင်းပုံကြီးကို မီးတင်ရှို့လိုက်ကြတော့သည်တွင် သူမသည် မျက်ရည်အသွယ်သွယ် ကျဆင်းလာရင်း...

"တကယ့်ကို ကုသိုလ်ထူးတဲ့ သူဌေးကတော်ကြီးပါပဲ၊ သူဌေးကတော်ကြီးဖြင့် ကောင်းကင်ဘုံကို တက်ရောက်သွားရပြီ၊ ငါသေသွားတဲ့အခါကျရင်လည်း ငါ့ရုပ်အလောင်းတင်ထားတဲ့ ထင်းပုံကြီးကို ငါ့သားကနဲဂါလီကိုယ်တိုင် မီးတင်ရှို့ခွင့် ရပါစေ" ဟူ၍ တီးတိုးရွတ်ဆိုမိတော့သည်။

ထို့ပြင် 'သေဆုံးသွားသော သူဌေးကတော်ကြီးသည် လွန်စွာကုသိုလ်ထူးလှပေသည်။ မိမိရုပ်အလောင်းတင်ထားသော ထင်းပုံကြီးကို မိမိသား၏လက်ဖြင့် မီးတင်ရှို့ခွင့် ရရှိနိုင်ခဲ့သည်မှာလည်း လွန်စွာထူးပါပေသည်။ သူဌေးကတော်ကြီးသည် လွန်စွာကြွယ်ဝချမ်းသာသူလည်းဖြစ်ပါပေသည်။ မိမိလင်၊ သား၊ သမီး၊ သမက်၊ ချွေးမ၊ မြေး၊ မြစ်နှင့် ဆွေမျိုးဉာတိတို့ထံပါးမှ ထွက်ခွာပြီး ကောင်းကင်ဘုံသို့ တက်ရောက်သွားနိုင်ခွင့်ရပြီတကား' စသည်ဖြင့် ကနဲဂါလီ၏အမေသည် လွန်စွာအားကျနေမိတော့သည်။

ထင်းပုံကြီးကို မီးစွဲလောင်စပြုပြီး မကြာမီပင် မီးခိုးမီးလျှံများထွက်လာကာ ရုပ်အလောင်းကို ဖုံးလွှမ်းသွားလေတော့သည်။ မီးခိုးလုံးကြီးများသည် ရစ်ပိုက်ကာ ကောင်းကင်သို့ တက်သွားနေသည့် အကြားတွင် ရထားတစ်စီး၏ သဏ္ဌာန်ကို သူမမြင်လိုက်ရသည်ဟု ထင်မိလေသည်။ ထိုရထားမှာ ပန်းပြောက်၊ ပန်းခက်၊ ပန်းရွက်၊ ပန်းနွယ်တို့ဖြင့် လှပစွာ မွမ်းမံခြယ်လှယ်ထားရှိသည်ဟူ၍လည်း ထင်မြင်မိသည်။ ထိုရထားပေါ်တွင် လူတစ်ယောက်ထိုင်လျက် လိုက်ပါသွားသလိုလိုလည်း မြင်လိုက်မိသည်။ ထိုသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်းကိုကား အသေအချာ ခွဲခြား၍

မသိလိုက်ရချေ။ သို့ရာတွင် ၎င်း၏နဖူးပေါ်တွင် ဟင်္သာပြဒါးရောင် လျှမ်းနေသည်ကိုလည်းကောင်း၊ ခြေဖဝါးနှစ်ဖက်ပေါ်တွင် ဆေးနီရောင်သုတ်လိမ်းထားသည်ကိုလည်းကောင်း တွေ့မြင်မိသဖြင့် ထိုသူသည် မည်သူသာဖြစ်ကြောင်းကို ရမ်းဆသိရှိနိုင်လေတော့သည်။

သို့နှင့်အမျှ သူမသည် မျက်ရည်ပြည့်လျှမ်းသော မျက်လုံးအစုံတို့ဖြင့် ကောင်းကင်အထက်သို့ မော့ကြည့်နေစဉ် အသက် ၁၅-နှစ်ခန့်မျှသာ ရှိမည်ဖြစ်သော သူငယ်တစ်ယောက်သည် မိမိဝတ်ဆင်ထားသော အဝတ်စကို ညင်သာစွာဆွဲလိုက်သည်ကို တွေ့မြင်မိတော့သည်။

"အမေ … ရပ်ပြီးမနေပါနဲ့တော့လား အမေ၊ အမေ ထမင်းချက်ရဦးမယ် မဟုတ်လား"

သူမသည် အထူးအံ့ဩကာ ကောင်းကင်အထက်သို့ ရပ်ပြီးကြည့်နေမိရာမှ ပြန်လည်သတိရလာပြီးလျှင် ထိုသူငယ်ဘက်သို့ လှည့်လိုက်ပြီး။

"အေး … ဟုတ်သားပဲ သားရယ်၊ မင်းသတိပေးတာအခင်မတန်ကောင်းပါတယ်ကွယ်၊ ဟော ဟိုမှာလေ မိုးပေါ်ကို ကြည့်လိုက်စမ်းသားရယ်၊ ဗြာဟ္မဏမျိုးဖြစ်တဲ့ စပါးကုန်သည်ကြီး မူကာဂျီရဲ့ မိန်းမဟာ ကောင်းကင်ဘုံကို နတ်ရထားနဲ့ တက်သွားပါပကော သားရယ်၊ ကြည့်လိုက်စမ်းသား … မိုးပေါ်ကြည့်လိုက်စမ်း"

သူငယ်က…

"ဗြော် …ဟုတ်လားအမေ၊ ဘယ်မှာလဲ…ဘယ်မှာလဲ"ဟု မေးကာ ကောင်းကင်ထက်သို့ ခေတ္တမျှ အံ့ဩစွာ ကြည့်လိုက်တော့သည်။ ၎င်းနောက်…

"ကျွန်တော်မမြင်ပါဘူးအမေ၊ အမေစိတ်ထင်လို့ထင်ပါရဲ့၊ မီးခိုးတွေကိုသာ တွေ့ရပါကလား အမေ၊ ဟင်…မွန်းတည့်တော့မယ်အမေ၊ ဒါပေမယ့် ကျွန်တော် ထမင်းမဆာသေးပါးအမေ" ဟု ပြောလေသည်။

၎င်းနောက် မိခင်ဖြစ်သူ၏ မျက်လုံးအစုံတို့တွင် မျက်ရည်များပြည့်လျှမ်းနေသည်ကို မြင်မိသဖြင့် …

"အမေ ဗြာဟ္မဏအမျိုးဖြစ်တဲ့ စပါးကုန်သည်ကြီးရဲ့ မိန်းမဟာ သေဆုံးသွားပြီပေါ့၊ ဒါပေမယ့် အမေဘာကြောင့်ငိုရသလဲ၊ အမေနဲ့ဘာတော်လို့လဲ"

သို့မှ သူမသည် ပြန်လည်သတိရလာလေတော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

မိမိနှင့် ဘာမှမတော်စပ်သူတစ်ယောက် သေဆုံးသွားသည့်အတွက် မိမိသည် မဆီမဆိုင် အကြောင်းမဲ့ ငိုယိုမိသည်ကို သားဖြစ်သူတွေ့ရှိသွားသဖြင့် ပြန်၍ ရှက်လာမိတော့သည်။

မျက်ရည်ကျသည်မှာ အမင်္ဂလာဖြစ်သည်။ မိမိဘေးတွေ့ရချိန်မည်ကို စိုးရိမ်မိလာပြီး ကန်ဂါလီ၏အမေသည် မျက်ရည်များကို သုတ်လိုက်ပြီးလျှင် "ဟင်…မှန်းစမ်း အမေ့မျက်လုံးတွေထဲကို မီးခိုးတွေဝင်သွားလို့ အမေမျက်ရည်ထွက်မိတာပေါ့သား၊ အမေ လူများအတွက် ငိုမိတာ မဟုတ်ပါဘူးကွယ်"

"အမေပြောတာ မမှန်ဘူး၊ အမေတကယ်ပဲ ငိုနေတယ်"

သူမသည် နောက်ထပ် မည်သို့မျှပြန်မပြောတော့ဘဲ သားဖြစ်သူ၏ လက်တစ်ဖက်ကို ဆွဲကိုင်လိုက်ပြီးလျှင် ရေချိုးဆိပ်သလို့ သွား၍ သားနှင့်အတူ ရေဝအောင်ချိုးပြီး နေအိမ်သို့ ပြန်လာလေတော့သည်။ သူမသည် ကံမကောင်းသောကြောင့် အသုဘအခမ်းအနားနောက်ပိုင်းကို မြင်ခွင့်မရလိုက်တော့ချေ။

(၂)

မိဘများသည် သားသမီးများအား အမည်မှည့်သောအခါ၌ လွဲမှားတတ်ကြသည်။ သို့နှင့်အမျှ လွဲမှားစွာအမည်မှည့်ခံရသူသည် မွေးခါစမှ သေသည်အထိ ဒုက္ခတွေ့ရတတ်ချေတော့သည်။

ကန်ဂါလီ၏အဘွားသည် သူ၏အမေကိုမွေးဖွားပြီး သေဆုံးခဲ့သဖြင့် အဘိုးဖြစ်သူက သူ၏အမေကကို စိတ်ဆိုးဆိုးနှင့် "အဘာဂီ" (မိကံဆိုး)ဟု အရွဲ့တိုက်ကာ အမည်မှည့်လိုက်ချေတော့သည်။ သို့ဖြစ်ရကား ကန်ဂါလီ၏မိခင် အဘာဂီမှာ အမိ၏အုပ်ထိန်းခြင်းဖြင့် ကြီးလာခဲ့ရသူ မဟုတ်ချေ။ အဘိုးဖြစ်သူသည် မြစ်ထဲသို့ ဆင်းပြီး နေ့ရောညပါ သားငါးရှာခဲ့ရသည်ဖြစ်ရာ သမီးဖြစ်သူအား ကောင်းစွာမကြည့်ရှုနိုင်ခဲ့ချေ။ သို့လင့်ကစား ကန်ဂါလီ၏အမေသည် မသေမပျောက်ဘဲ တဖြည်းဖြည်းကြီးပြင်းလာနိုင်ခဲ့သည်မှာ လွန်စွာအံ့သြဖွယ်ပင်။ အဘာဂီသည် အချိန်တန်အရွယ်ရောက်လာသော် ယောကျ်ားတစ်ယောက်နှင့် အိမ်ထောင်ပြုလိုက်ပြီး သားတစ်ယောက်ထွန်းကားလာခဲ့သည်ဖြစ်ရာ ၄င်းသားကလေးကို အနိုင်နိုင်ကျွေးမွေးကြည့်ရှုလာခဲ့ရချေသည်။

www.foreverspace.com.mm

သူမ အိမ်ထောင်ပြုခဲ့ရသော ယောက်ျား၏အမည်မှာ "ကျား" ရှာရှစ်တည်း။ သို့ပြားလည်း ထိုကျားတွင် ကန်ဂါလီ၏ အမေနှင့် အိမ်ထောင်မပြုမီကပင် ကျားမတစ်ကောင် ရှိထားပြီးဖြစ်သည်။ ကျားရာရှစ်သည် ကန်ဂါလီကိုမွေးဖွားပြီး မကြာမီအတွင်းမှာပင် ကံဆိုးမအဘာဂီကို ပစ်ထားခဲ့ပြီး ထိုကျားမနှင့်အတူ အခြားရွာတစ်ရွာသို့ ပြောင်းရွှေ့သွားရောက် နေထိုင်လေတော့သည်။

သားကလေး ကန်ဂါလီသည် တဖြည်းဖြည်းကြီးပြင်းလာပြီး အသက် ၁၅-နှစ်အရွယ်သို့ ရောက်လာတော့သည်။ သူသည် ကြိမ်ဖြင့်တောင်းများဖြစ်အောင် ရက်တတ်နေပြီ။ အဘာဂီက သူတို့သည် ဆင်းရဲနေကြသော်လည်း နောက်တစ်နှစ်မျှအကြာတွင် မုချချောင်လည်လာလိမ့်မည်ဟု စွဲမြဲယုံကြည်နေတော့သည်။

နံနက်စာ စားသောက်ပြီး၍ လက်ဆေးပြီးလျှင် ကန်ဂါလီသည် သူ့အမေနားသို့လာသောအခါ သူ့အမေသည် ထမင်းများကို မစားသေးဘဲ စားခွက်ထဲတွင်ပင် စုပုံထား လျက်ရှိသည်ကို မြင်တွေ့ရသည်။

"အမေ ထမင်းစားပြီးပြီလား"

"ဟင့်အင်း ... မစားရသေးဘူးသားရေ၊ အချိန်လည်း နောက်ကျသွားပြီ၊ နောက်တော့လည်း အမေမဆာသေးဘူးကွယ်၊ စားချင်တဲ့စိတ်လုံးဝမပေါ်သေးဘူးကွယ်"

ကန်ဂါလီသည် မိခင်ဖြစ်သူ ပြန်လည်ပြောကြားချက်ကို လက်မခံနိုင်သေးချေ။

မိခင်သည် မကြာခဏ ထမင်းမစားဘဲ နေခဲ့သည်။ ယခုလည်း ထမင်းမစားချင်ဟု ပြောပြန်သည်ဖြစ်၍ မိခင်၏ စားခွက်ကို ထပ်မံ၍ ကြည့်ပြန်ရာ တစ်ယောက်စာ ထမင်းဟင်းများ ထားရှိသည်ကို တွေ့ရမှ ကျေနပ်သွားပြီး မိခင်၏ပေါင်ပေါ်သို့ တက်ထိုင်လိုက်တော့သည်။

အသက် ၁၅-နှစ်ရှိလာပြီဖြစ်သော သားငယ်သည် မိခင်၏ ပေါင်ပေါ်သို့ တက်၍ထိုင်သည်မှာ မသင့်တော်ဟု ဆိုရပေမည်။ သို့ရာတွင် ကန်ဂါလီသည် မွေးကတည်းကပင် ချူချာလာသဖြင့် မိခင်နှင့်သာ ပူးကပ်ပြီး အတူတူနေခဲ့ကြဖြစ်သောကြောင့် မိခင်ထံပါးမှ ခွဲခွာပြီး ကစားဖော်များရှိရာသို့ သွားရောက်ကစားခွင့် မရခဲ့ချေ။

ထို့နောက် ကန်ဂါလီသည် မိမိလက်ဖြင့် မိခင်၏ လည်ပင်းကို ဖက်ပြီး မိမိပါးပြင်ကို မိခင်၏ပါးပြင်နှင့် ကပ်ထားလိုက်သည်။

"ဟင် … အမေ့အသားတွေ ပူနေပါကလား၊ အမေဘာကြောင့် နေပူထဲမှာ မတ်တပ်ရပ်ပြီး လူသေမီးရှို့တာကို ကြည့်နေရသလဲ၊ နောက်တော့လဲ အမေဟာ ရေချိုးဆိပ်မှာ ရေဆင်းချိုးလိုက်သေးတယ်၊ လူသေအလောင်းမီးရှို့တာကို ကြည့်မိတာ"

အဘာကီသည် ဆက်ပြီးမပြောစေလိုတော့သဖြင့် ကန်ဂါလီ၏ပါးစပ်ကို လက်ဝါးဖြင့် အမြန်ပိတ်လိုက်ပြီး…

"သားရေ … ဒီလိုမပြောပါနဲ့ကွယ်၊ လူသေအလောင်းမီးရှို့တဲ့အကြောင်းကိုပြောင် ငရဲကြီးမယ်သားရဲ့၊ အင်မတန် ကုသိုလ်ကောင်းလှတဲ့ ဗြာဟ္မဏအနွယ်ဝင် သူဌေးကတော်ကြီးဟာလေ နတ်ရထားကြီးစီးပြီး ကောင်းကင်ဘုံကို လိုက်ပါသွားတာ အမေမြင်လိုက်ရတယ်ကွယ့်"

"အမေပြောတာ ကျွန်တော်မယုံနိုင်ပါဘူး၊ သေသွားတဲ့ လူတိုင်းဟာ ကောင်းကင်ဘုံကို ရထားနဲ့ သွားရမှာလား"

"အေး … အမေကိုယ်တိုင် မြင်လိုက်ရတယ် သားရဲ့၊ အဲဟို သူဌေးကတော်ကြီးဟာလေ နတ်ရထားကြီးထဲမှာ ထိုင်ပြီး လိုက်ပါသွားတယ်ကွယ့်၊ သူ့ရဲ့ ဆေးနီဆိုးထားတဲ့ ခြေဖဝါးနှစ်ဖက်ကိုလဲ လူတွေမြင်လိုက်ရတယ်သားရဲ့"

"လူတွေအားလုံး မြင်လိုက်ကြသလား အမေ"

"အေး … အားလုံး မြင်လိုက်ကြတယ်"

ကန်ဂါလီသည် မိမိဦးခေါင်းကို မိခင်၏ရင်ခွင်ပေါ်တွင် ကပ်မှီကာ စဉ်းစားနေမိတော့သည်။ သူသည် ငယ်ကတည်းကပင် မိခင်၏ပြောဆိုချက်များကို တစ်သဝေမတိမ်း လိုက်နာယုံကြည်လာခဲ့သူတစ်ယောက်ပင်ဖြစ်ရာ မိခင်ဖြစ်သူက သူဌေးကတော်ကြီးသည် နတ်ရထားကို စီးပြီး ကောင်းကင်သို့ တက်ရောက်သွားသည်ကို ကိုယ်တိုင်မြင်လိုက်ရကြောင်း ပြောပြသည်ကို ကောင်းစွာယုံကြည်လေတော့သည်။

ကန်ဂါလီက…

"အမေ … ဒီလိုဆိုရင် အမေသေသွားရင်လဲ ကောင်းကင်ဘုံကို နတ်ရထားစီးပြီး တက်သွားရမှာပဲ မဟုတ်လား၊ ကျွန်တော့်ရဲ့ သူငယ်ချင်း တန်းဒေးရဲ့အမေက တစ်နေ့က ပြောနေတယ်၊ ဓာတ်နိမ့်သူ ဒွန်းစဏ္ဍားတွေနေတဲ့ ရပ်ကွက်ထဲမှာ ကန်ဂါလီရဲ့အမေလို စိတ်ကောင်းရှိတဲ့၊ ယဉ်ကျေးတဲ့ မိန်းမမျိုး မရှိဘူးတဲ့" ဟု ဖြည်းညင်းစွာ ပြန်ပြောလေသည်။



www.foreverspace.com.mm

အဘာဂီက မည်သို့မျှ ပြန်မပြောတော့သော်လည်း ကန်ဂါလီက

"အမေ့ကို အဖေစွန့်ပစ်သွားတုန်းက အမေ့ကို လက်ထပ်ချင်ကြတဲ့လူတွေ အများကြီး လာရောက်ပြောဆိုခဲ့ကြတယ်၊ ဒါပေမယ့် အမေက ငါဘာကြောင့် နောက်တစ်ကြိမ် အိမ်ထောင်ပြုရမှာလဲ၊ ငါ့သားကလေး ကန်ဂါလီကိုပဲ ငါကြည့်ရှုကျွေးမွေးသွားတော့မယ်၊ ငါတွေ့ကြုံခံစားနေရတဲ့ ဒုက္ခတွေဟာ တစ်နေ့ကျရင် ပျောက်သွားကုန်တော့မှာပါလို့ အမေပြန်ပြောခဲ့တယ်၊ အမေနောက်ထပ် အိမ်ထောင်မပြုခဲ့တာကို ကျွန်တော် ကျေးဇူးတင်လို့ မဆုံးနိုင်တော့ပါဘူး အမေ၊ အမေသာ နောက်ထပ်အိမ်ထောင်ပြုလိုက်ရင် ကျွန်တော် ထမင်းငတ်ပြီး မုချသေခဲ့ရမှာပါပဲအမေ" စသည်ဖြင့် ဖြည်းညင်းစွာ ပြန်ပြောလေတော့သည်။

အဘာဂီသည် သူမ၏ အတိတ်ဇာတ်ကြောင်းများကို ပြန်ပြောင်းသတိရမိလာပြီးလျှင် သားဖြစ်သူအား မိမိရင်ခွင်ပေါ်တွင် တင်းကျပ်စွာ ဖက်ထားလိုက်တော့သည်။ သူမအား အိမ်ထောင်သစ်ထူရန် လာရောက်ပြောဆို တိုက်တွန်းအကြံပေးသူတွေ မနည်းလှပြားလည်း အဘာဂီသည် လုံးဝ လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ အဘာဂီသည် ထိုအကြောင်းများကို ပြန်လည်သတိရမိလာပြီးလျှင် မျက်ရည်များ ကျဆင်းချေတော့ရာ သားဖြစ်သူက မျက်ရည်များကို မိမိလက်ဖြင့် သုတ်ပေးပြီးလျှင်…

"အမေ … အမေဖျားနေပြီထင်တယ်၊ ကျွန်တော် ဖျာခင်းလိုက်မယ်၊ အမေဖျာပေါ်မှာ လှဲနေပါနော်" ဟု တောင်းပန်ပြောဆိုလေတော့သည်။

မိခင်ဖြစ်သူက မည်သို့မျှပြန်မပြောသဖြင့် ကန်ဂါလီသည် ဖျာတစ်ချပ်ကိုခင်း၍ အိပ်ရာခင်းအစုတ်တစ်ထည်ကို လွှမ်းလိုက်ပြီးလျှင် ညစ်ပေနေသော ခေါင်းအုံးငယ်တစ်လုံးကို ချထားလိုက်သည်။

သူ့မိခင်၏ လက်တစ်ဖက်ကို ဆွဲကိုင်ပြီး အိပ်ရာပေါ်သို့ တွဲခေါင်သွားစဉ် အဘာဂီက သားဖြစ်သူအား …

"သားရေ … မင်း ဒီနေ့ အလုပ်မဆင်းနဲ့တော့" ဟု တီးတိုးညည်းတွားကာ ပြောဆိုလိုက်လေသည်။

အလုပ်တစ်ရက် မဆင်းရတော့သည်ကို ကန်ဂါလီသည် လွန်စွာဝမ်းသာမိတော့သည်။

သို့ရာတွင်…



www.foreverpage.com.mm

"ကျွန်တော် အလုပ်မဆင်းနိုင်ရင် အလုပ်ရှင်က ကျွန်တော့်ကို ထမင်းဖိုးငွေ ၁-ပဲပေးမှာ မဟုတ်ဘူးအမေ" ဟု ပြန်လည်စဉ်းစားမိကာ ပြောဆိုလေသည်။

"ကိစ္စမရှိဘူးသားရယ်၊ လာလာ ... ဒီကိုလာ၊ သားကို အမေ ပုံပြောပြမယ်လေ"

ကန်ဂါလီလည်း နောက်ထပ် မည်သို့မျှ ပြန်မပြောတော့ဘဲ မိခင်၏အနီးတွင် လဲလျောင်းလိုက်ပြီး ရင်ခွင်နားသို့ ကပ်သွားပြီးလျှင်...

"ဒါဖြင့် ကောင်းပြီအမေ၊ ကျွန်တော့်ကို မင်းသား၊ စစ်ဗိုလ်ကြီးနဲ့ နတ်မြင်းပျံအကြောင်းတွေပါတဲ့ပုံကို ပြောပြပါနော် အမေ"

သို့နှင့် ... အဘာဂီသည် မင်းသား၊ စစ်ဗိုလ်ကြီးနှင့် မြင်းပျံ အကြောင်းတွေပါသော ပုံကို စတင်ပြောပြလေတော့သည်။ ထိုပုံကို မိမိ ငယ်စဉ်ကပင် ကြားသိမှတ်မိလာခဲ့ခြင်းဖြစ်သည်။ သို့ပြောနေရာမှ အဘာ ဂီသည် ဆက်မပြောတော့ဘဲ မိမိပင်ကိုဉာဏ်ဖြင့် ရုတ်တရက် ဖန်တီး ကာ အခြားပုံတစ်ပုံကို ပြောပြလေသည်။ အဘာဂီသည် အဖျားတက်နေ လျက်နှင့်ပင် တစ်ပုံပြီးတစ်ပုံ မရပ်မနားဘဲ ပြောပြလေတော့သည်။

ကန်ဂါလီမှာလည်း ပုံများကို နားထောင်နေစဉ် ဝမ်းသာလိုက် ဝမ်းနည်းလိုက်နှင့် လွန်စွာ နှလုံးတွေ့နေတော့သည်။ မိခင်၏ ရင်ခွင်ကို တင်းကျပ်စွာ ကပ်၍ လည်ပင်းကို ဖက်ထားပြီးလျှင် လွန်စွာကြည်ရွှင်နေ မိတော့သည်။

အခန်းအပြင်ဘက်တွင် နေရောင်သည် တဖြည်းဖြည်း မှေးမှိန် လာပြီးလျှင် အခန်းတွင်း၌ကား အလင်းရောင် လုံးဝပျောက်ကွယ်သွား ချေတော့သည်။ အဘာဂီကား မှောင်နေသော အိမ်ခန်းအတွင်း၌ ညည်း တွားကာ နေတော့သည်။ ထိုနောက် အဘာဂီသည် ထိုနေ့နံနက်တွင် မိမိမြင်တွေ့ခဲ့ရသော သူဌေးကတော်ကြီး၏ အသုဘအခမ်းအနား ခင်းကျင်းပုံ၊ ၎င်း၏ ဆေးနီရောင်ဆိုးထားသော ခြေဖဝါးနှစ်ဖက်ကို မိမိမြင်လိုက်ရပုံ၊ ၎င်းအား နတ်ရထားဖြင့် ကောင်းကင်ဘုံသို့ တင်ဆောင် သွားသည်ကို မိမိမြင်လိုက်ရပုံ၊ လွန်စွာဝမ်းနည်းမှုဆွေးနေသော စပါးကုန်သည်ကြီးမှကာဂျီသည် သေဆုံးသွားသော ၎င်း၏ဇနီးအား မိမိခြေဖဝါးနှစ်ဖက်ပေါ်တွင် တွယ်ကပ်နေသော ဖုန်မှုန့်များကို ပွတ်ယူ၍ လက်ဆောင်အဖြစ် ပေးလိုက်ပုံ၊ မီးသင်္ဂြိုဟ်သည့်နေရာသို့ ကိုယ်တိုင် ပို့ဆောင်ပုံ၊ သား၊ သမီး၊ မြေး၊ မြစ်၊ သမက်၊ ချွေးမများက "ဟာရီဘိုလ်း"

ဟု တစ်ခဲနက် ဟစ်ကြွေးမြည်တမ်းကြပြီး သူဌေးကတော်ကြီး၏ ရုပ်အလောင်းကို လောင်ကြည်းသွားကြပုံ၊ နောက်ဆုံးတွင် မီးသင်္ဂြိုဟ်ရန် ပြင်ဆင်ထားရှိသော ထင်းပုံကြီးကို သူဌေးကတော်ကြီး၏သားကိုယ်တိုင် မီးတင်ရှို့ပေးလိုက်ပုံများကို အသေးစိတ်ပြောပြလေတော့သည်။

"သားရေ … ထင်းပုံက ထွက်လာတဲ့ မီးခိုးမီးလျှံကြီးဟာ သာမညမဟုတ်ဘူးကွယ့်၊ နတ်မီးခိုး မီးလျှံတွေဖြစ်တယ်၊ ကောင်းကင်ဘုံအထိ တက်သွားမယ့် မီးခိုးမီးလျှံတွေဖြစ်တယ်၊ ဒါပေမယ့် အဲဒီနတ်ရထားကြီးဟာလေ အင်မတန် တင့်တယ်ခမ်းနားလှပပေသကွယ့်၊ သူဌေးကတော်ကြီးကို ကောင်းကင်ဘုံအထိ တင်ဆောင်သွားမယ့် နတ်ရထားကြီးပေါ့ကွယ်၊ အမေပြောနေတာကို ကြားရဲ့လား"

"ကျွန်တော် အကုန်ကြားရပါတယ် အမေ"

"အမေသေသွားတဲ့အခါမှာ အမေ့သားကိုယ်တိုင်က မိမိလက်နဲ့ အမေ့အလောင်းတင်ထားတဲ့ ထင်းပုံကို မီးရှို့ပေးနိုင်ရင် အမေဟာလေ ကောင်းကင်ဘုံကို သူဌေးကတော်ကြီးလို နတ်ရထားနဲ့ မုချတက်ရောက်နိုင်ခွင့်ရလိမ့်မယ်ကွယ့်"

ထိုတွင် ကန်ဂါလီက …

"အို … အမေကလဲ ဒီလိုမပြောပါနဲ့၊ ကျွန်တော်ရဲ့ တာဝန်တွေကို ကျွန်တော် မပျက်မကွက် လုပ်ဆောင်ပါမယ်၊ စိတ်ချပါအမေ"

အဘာဂီသည် ခေတ္တမျှ ငြိမ်သက်ရှုလိုက်ပြီးလျှင် …

"အေး … ကောင်းသကွယ့် … ကောင်းသကွယ့်၊ ငါ့သားက အမေ့အလောင်းတင်ထားတဲ့ ထင်းပုံကြီးကို မိမိလက်နဲ့ မီးရှို့ပေးနိုင်မှ အမေဟာ ကောင်းကင်ဘုံကို မုချတက်ရောက်သွားနိုင်ပြီး အမေ့ကို ဇာတ်နိမ့်သူတစ်ယောက်ရယ်လို့ ဘယ်သူကမှ ကဲ့ရဲ့ရှုတ်ချနိုင်တော့မှာ မဟုတ်ဘူးကွယ့်၊ အင်း … ငါ့သားဟာ အမေ့အလောင်းတင်ထားတဲ့ ထင်းပုံကြီးကို မိမိကိုယ်တိုင် မီးရှို့ပေးလိုက်တာနဲ့တစ်ပြိုင်နက် ကောင်းကင်ဘုံက နတ်ရထားကြီးဟာ လူ့ပြည်ကို မုချဆင်းသက်လာပြီး အမေ့ကို တစ်ခါတည်း တင်ဆောင်သွားမှာ မုချပါပဲ" ဟု ပြောပြန်သည်။

ကန်ဂါလီသည် မိမိမျက်နှာကို မိခင်၏ရင်ဘတ်နှင့် ကပ်ထားရာမှ … "အို … အမေကလဲ ဒီအကြောင်းတွေကို မပြောပါနဲ့တော့၊ ကျွန်တော် အင်မတန်ကြောက်လာပြီအမေ" ဟု အော်၍ပြောလိုက်လေတော့သည်။

သို့ရာတွင် မိခင်ဖြစ်သူက…

“ကန်ဂါလီရေ … အမေမှာချင်တာတစ်ခု ကျန်နေသေးတယ် ကွယ့်၊ အမေသေသွားလို့ရှိရင်လေ မင်းအဖေကို အမေ့ဆီ အတင်းလာ ခိုင်းပြီး အမေ့ရဲ့ခေါင်းပေါ်မှာ မင်းအဖေရဲ့ ခြေဖဝါးနှစ်ဖက်မှာ တွယ်ကပ် နေတဲ့ မြေမှုန့်တွေကို ဖြူးခိုင်းပါ၊ နောက်တော့လဲ အမေ့ရဲ့ အသုဘအခမ်း အနားကို မီးသင်္ဂြိုဟ်မယ့်နေရာအရောက် ပို့ဆောင်ခိုင်းပါ၊ နောက်ပြီးတော့ လဲ အမေ့ရဲ့ခေါင်းပေါ်မှာ ဟင်္သာပြဒါးကို ရေဖျော်ပြီး လိမ်းခိုင်းပါ၊ နောက် ပြီးတော့ အမေ့ရဲ့ခြေဖဝါးနှစ်ဖက်ပေါ်မှာလဲ ဆေးနီရောင် ဆိုးခိုင်းပါ၊ အင်း…ဒါပေမယ့် ဒီအလုပ်တွေကို မင်းအဖေ လုပ်ပေးပါ့မလား၊ မလုပ် ပေးလို့ရှိရင်ဖြင့် ငါ့သားကန်ဂါလီက လုပ်ပေးပါနော်၊ ကန်ဂါလီရေ… မင်းဟာ အမေ့ရဲ့သားလဲဟုတ်တယ်၊ သမီးလဲဟုတ်တယ်” ဟု သနားစဖွယ် မှာထားလေသည်။

သို့နှင့် အဖျားရှိန်လွန်စွာတက်နေသော အဘွားကြီးသည် သား ဖြစ်သူ ကန်ဂါလီအား မိမိရင်ခွင်ဆီသို့ တင်းကျပ်စွာ ဆွဲယူလိုက်တော့ သည်။

(၃)

ရွာတွင် ဆေးဆရာ တစ်ဦးတစ်ယောက်မျှ မရှိချေ။ အခြား တစ်ရွာတွင်သာ ဆေးဆရာတစ်ယောက်ရှိလေသည်။ ကန်ဂါလီသည် ၎င်းဆေးဆရာထံသို့ သွားရောက်ပြီးလျှင် ခြေကြွအဖြစ် ငွေတစ်ကျပ်ကို တင်ပြီး လွန်စွာဖျားနေသော မိမိ၏မိခင်ထံသို့ အမြန်သွားရောက် ကုသပေးပါမည့်အကြောင်းကို ၎င်းဆေးဆရာ၏ ခြေအစုံတို့ကို မိမိ ဦးခေါင်းဖြင့်မွတ်ကာ တောင်းပန်တိုးလျှိုးလေတော့သည်။ ယင်း ခြေကြွ ငွေတစ်ကျပ်မှာ ကန်ဂါလီသည် မိမိ၏ကြေးသောက်ရေခွက်ကို ပေါင်နှံ ၍ရလာခြင်းဖြစ်ချေသည်။ သို့ငြားလည်း ဆေးဆရာကား မလိုက်လာဘဲ ဆေးလုံး ၄-လုံးကိုသာ ပေးလိုက်တော့သည်။ ထိုဆေးလုံး ၄-လုံးကို ကျောက်ဆုံတစ်ခုတွင် ထည့်ပြီး နနွင်းစိမ်း၊ တမာရွက်၊ ပျားရည်တို့ဖြင့် ရောနှောထုထောင်းကာ သောက်ရမည်ဖြစ်ချေသည်။

အိမ်သို့ပြန်ရောက်လာသောအခါ ကန်ဂါလီ၏ မိခင်ဖြစ်သူမှာ အထူးပင် စိတ်မချမ်းမသာ ဖြစ်သွားရချေတော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

"အမေ့ကိုမကိုင်ပင်ဘဲ ဘာကြောင့် ကြေးရေသောက်ခွက်ကို ပေါင်နှံလိုက်ရတာလဲ" ဟု သားဖြစ်သူအား ပြစ်တင်ပြောဆိုလေတော့သည်။

ထို့နောက် ဆေးလုံး ၄-လုံးကိုကိုင်၍ မိမိဦးခေါင်းနှင့် ထိတို့လိုက်ပြီးလျှင် မီးဖိုထဲသို့ ပစ်ချလိုက်ပြီး…

"ငါ့သားကန်ဂါလီ … အမေ့ရောဂါဟာ ပျောက်ချင်ပျောက်လာမှာပါပဲ၊ ဒါပေမယ့် စာတ်နိမ့်တဲ့ ဒွန်စဏ္ဍားတွေဟာ ဆေးသောက်ပေမယ့်လို့ အရာရောက်နိုင်မယ်မဟုတ်ပါဘူးကွယ်" ဟု ပြောလိုက်လေသည်။

သို့နှင့် အဘာဂီသည် ရောဂါမပျောက်ဘဲ ၅-ရက်မျှကြာသွားတော့သည်။ အိမ်နီးချင်းများသည် လာရောက်သတင်းမေးကြသည်။ ၎င်းတို့အသီးသီးသည် သူတို့ကြားဖူးသော ဆေးနည်းတိုများကို ပြောကြားပြီး ပြန်သွားကြလေသည်။ ၎င်းတို့ပြောကြားသော ဆေးနည်းတိုများမှာ ကား စုံလှဘိတော့သည်။ သမင်ချိုကို ဆန်ဆေးရည်နှင့် သွေးသောက်၊ ခရုခွံကို မီးဖုတ်ပြီး ရေနှင့်ဖျော်သောက်၊ နွားချေးကို ဆိတ်ချေးနှင့် ရောထောင်းပြီး လူ့ဆီးရည်နှင့်ဖျော်သောက်၊ ကြက်ချေးကို ရေစိမ်ပြီးသောက်စသော ဆေးနည်းတို့များပေ။

ကန်ဂါလီက ၎င်းဆေးနည်းတိုများကို ဖော်စပ်ပြီး တိုက်ကျွေးလိုကြောင်း မိခင်အား ပြောကြားသည်။ သို့ရာတွင် အဘာဂီသည် သားဖြစ်သူအား မိမိအပါးသို့ ခွဲလိုက်ပြီးလျှင်…

"သားရေ…ဆေးဆရာပေးလိုက်တဲ့ ဆေးလုံးတွေဟာ အမေ့အတွက် အရာမရောက်နိုင်ဘူးဆိုရင်၊ ဒီဆေးနည်းတိုတွေဟာ အရာရောက်နိုင်ပါ့မလား၊ အမေမသောက်ဘူးကွယ့်၊ ဆေးမသောက်ဘဲနဲ့ အမေ့ကိုယ်ကို အမေကုသမယ်ကွယ့်" ဟု ပြောလိုက်တော့သည်။

ကန်ဂါလီသည် ဘာမျှမတတ်နိုင်တော့ဘဲ ရှိုက်ငင်ငိုကြွေးလေတော့သည်။

"ဆေးမသောက်ဘဲနဲ့ အမေ့ရောဂါ ဘယ်ပျောက်နိုင်မှာလဲ အမေရယ်"

"ဆေးသောက်ဖို့မလိုပါဘူးသားရယ်၊ ဆေးမသောက်ဘဲနဲ့အမေကိုယ် အမေကုသပါမယ်၊ မကြာခင် ပျောက်သွားမှာပါပဲ၊ ကဲ…ငါ့သား ဆန်နည်းနည်းနဲ့ ဟင်းသီးဟင်းရွက်နည်းနည်းကို ပြုတ်ပြီးစားပေတော့"

www.foreverspace.com.mm

သို့နှင့် ကန့်ဂါလီသည် မိမိဘဝတွင် ပထမဆုံးအကြိမ် ဆန်ကိုပြုတ်လေတော့သည်။ ဆန်ပြုတ်သည့်အိုးမှ ရေတွေလျှံကျလာပြီး အိုးထဲသို့လည်း ပြာတွေဝင်သွားကုန်ပြီးလျှင် မနူးမနပ်ဖြစ်သွားရသည်ကို မြင်မိသော အဘာဂီအဖို့ မျက်ရည်များပင် ကျဆင်းလာတော့သည်။ လဲနေရာမှထ၍ အကူအညီပေးရန် ကြိုးစားသေးသော်လည်း ခေါင်းအလွန်မူးနောက်လာကာ အိပ်ရာပေါ်သို့ လဲကျသွားချေတော့သည်။

ဆန်ကိုခက်ခဲစွာ ပြုတ်ပြီးသောအခါ အဘာဂီက မိမိသားအား အပါးသို့ခေါ်၍ဆန်ကို မည်သို့မည်ပုံ ပြုတ်ရမည်ကို နည်းပေးပြောကြားရန်အားထုတ်စဉ် သူမ၏ အသံမှာ တဖြည်းဖြည်း တိမ်၍တိမ်၍သွားသည်။

ရွာတွင်နေ့နေသော ဆရာသည် "အစ်ရှင်ဂါ" သည် လူမမာ၏ သွေးကို စမ်းသပ်တတ်သူတစ်ယောက်ဖြစ်သည်။ သူသည် ဖိ-ရက်မြောက် နံနက်တွင် အဘာဂီထံသို့ လာရောက်ပြီး သူမ၏လက်မှသွေးကြောများကို စမ်းသပ်ပြီးနောက် ခေါင်းကိုယမ်းပြပြီးလျှင် သက်ပြင်းတစ်ချက်ချလိုက်သည်။ ၎င်းနောက် အိမ်အပြင်သို့ ထွက်သွားသည်။ အဘာဂီအဖို့ ဆရာသည်၏ မျက်နှာကဲသည် မည်သို့သော အဓိပ္ပာယ်ကိုဆောင်ကြောင်း ကောင်းစွာသိရှိလေသည်။ သို့ငြားလည်း သူမသည် သေရတော့မည်ကို စိုးစဉ်းမျှ မကြောက်ရွံ့ချေ။

လာရောက်သတင်းမေးကြသူတွေ ပြန်သွားကုန်ကြသောအခါ အဘာဂီသည် မိမိသားဖြစ်သူအား . . .

"ငါ့သား . . . မင်းသူ့ကို ပြန်ခေါ်ပေးနိုင်မလား"

"ဘယ်သူ့ကိုလဲ အမေ"

"အမေ့ကို စွန့်ပစ်သွားတဲ့သူပေါ့ သားရယ်"

"ဪ . . . အဖေလား၊ သူ့ကိုအမေဘာကြောင့် ခေါ်ချင်ရသလဲ"

"အေး . . . မင်းအဖေကို သွားပြောလိုက်၊ အမေဟာ သူ့ခြေဖဝါးနှစ်ဖက်ပေါ်မှာ ထွယ်ကပ်နေတဲ့ ဖုန်မှုန့်နည်းနည်း လိုချင်တယ်လို့ ပြောပြပါကွယ်"

ကန့်ဂါလီသည် အိမ်မှထွက်ခွာသွားတော့မည်ပြုစဉ် အဘာဂီက ၎င်း၏လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်ပြီး . . . "မင်းအဖေဆီရောက်ရင် ငိုပြလိုက်ပြီး၊ အဖေရေ...အမေ သေတော့မယ်လို့ပြော"ဟု မှာလေသည်။

www.forevershare.com.mm

ငှင်းနောက် . . .

"သားရေ ... မင်းပြန်လာတဲ့အခါမှာ ဆတ္တာသည် မိန်းမဆီက ချိတ်ရည်နဲ့ ဖျော်ထားတဲ့ ဆိုးဆေးနည်းနည်း တောင်းလာပါနော်၊ အမေ့နာမည်ကို ပြောပြရင် ပေးပါလိမ့်မယ်၊ အမေ့ကို သူ အင်မတန်ချစ်တယ်ကွယ့်" ဟု မှာလေတော့သည်။

အဘာဂီကို တစ်ရွာလုံး ချစ်ကြလေသည်။ သူမသည် ဖွားနာစကတည်းကပင် သားဖြစ်သူအား အထက်ပါအတိုင်း အကြိမ်ပေါင်းများစွာမှာနေချေတော့ရာ ကန်ဂလီမှာ လွန်စွာမှပင် ထိတ်လန့်ကာ ရွာမှထွက်သွားလေတော့သည်။

## (၄)

နောက်တစ်ရက် လင်ယောင်းဖြစ်သူ 'ကျား'ရာရှစ်ရောက်လာချိန်ဝယ် အဘာဂီသည် လုံးဝသတိမရတော့ချေ။ သူမ၏မျက်နှာပေါ်တွင် သေရတော့မည့် အရိပ်အယောင်များ သန်းလာလျက်ရှိချေသည်။

ကန်ဂါလီက . . .

"အမေ ... အဖေလာပြီလေ၊ ထကြည့်ပါဦး အမေရဲ့ အဖေ့ခြေဖဝါးပေါ်ကဖုန်မှုန့်တွေကိုအမေလိုချင်တယ်ဆို" ဟုသည်ဖြင့် အော်ဟစ်ငိုကြွေးချေတော့သည်။ သူသည် သားဖြစ်သူ၏ အော်ဟစ်ငိုကြွေးသံများကို ကြားနိုင်ဦးမည်လော။ အကယ်စင်စစ် ကြားနိုင်သည်ဆိုစေကာမူ သူမတွင် သိမှတ်တတ်သော တရားရှိနေပါဦးမည်လော။ မည်သို့ပင်ရှိစေကာမူ အဘာဂီသည် အိပ်ရာပေါ်မှ အနည်းငယ် လူလွန့်လာပြီးလျှင် မိမိ၏လက်တစ်ဖက်ကို ထုတ်၍ဖြန့်ပြလိုက်တော့သည်။

ထိုအခြင်းအရာကို မြင်လိုက်သော 'ကျား'ရာရှစ်သည် မတ်တပ်ရပ်နေရာမှ အထူးပင် တွေဝေသွားရချေတော့သည်။ ငှင်း၏နံဘေးတွင် ရပ်နေသော အိမ်နီးချင်း 'ဘန်ဒေး'၏ အဒေါ်ဖြစ်သူက . . .

"သားရာရှစ် ... သွား ... သွား၊ မင်းခြေဖဝါးနှစ်ဘက်ပေါ်မှာ တွယ်ကပ်နေတဲ့ ဖုန်မှုန့်တွေကို တောင်းနေပြီ၊ သွားပေးလိုက်ပါကွယ်" ဟု ပြောဆိုတိုက်တွန်းလေသည်။ ကျားရာရှစ်သည် ရှေ့တစ်လှမ်းတိုးသွားပြီးလဆင် တစ်သက်တာလုံးတွင် မိမိအရေးမစိုက်ဘဲ စွန့်ပစ်ထားခဲ့သော အစားအစာနှင့် နေထိုင်ရန် အိုးအိမ်ရာမပေးခဲ့သော၊ တစ်ကြိမ်တစ်ခါ

www.foreverspace.com.mm

မှုပင် လာရောက်သတင်းမမေးခဲ့ဘူးသော မိမိမယားဟောင်းအား သေခါနီး အချိန်ကလေးတွင် မိမိခြေဖဝါးနှစ်ဖက်တွင် ကပ်လျက်ရှိသော ဖုန်မှုန့် အနည်းငယ်ပေးရတော့မည်ဖြစ်ရာ လွန်စွာဝမ်းနည်းလှိုက်ဖိုကာ ငိုကြွေး မိချေတော့သည်။

"အင်း ... အင်မတန် သနားစရာကောင်းပါဘိတော့တယ် ကွယ်၊ သူ့လင်ကို ဒီလောက်ချစ်မြတ်နိုးလာတဲ့ မိန်းမဟာ ဗြာဟ္မဏအမျိုး ထဲမှာမဟုတ်ဘဲ ဒွန်းစဏ္ဍားမျိုးထဲမှာ မွေးဖွားလာခဲ့ရတာ အင်မတန် ကုသိုလ်ဆိုးပါတယ်ကွယ်၊ ဒါပေမယ့် သားရာရှစ်ရေ ... မင်းမယား သေခါနီးမှာ မင်းဆောင်ရွက်ရမယ့် ဝတ္တရားမှန်သမျှတွေကို မပျက်မကွက် စေဘဲ ကောင်းကောင်းဆောင်ရွက်ပေးလိုက်ပါတော့၊ မင်းမယားဟာလဲ သူသေသွားတဲ့အခါမှာ သူ့သားကန်ဂါလီလက်နဲ့ သူ့အလောင်းတင်ထားတဲ့ ထင်းပုံကို မီးရှို့ပေးလိမ့်မယ်၊ မုချမီးရှို့ပေးလိမ့်မယ်လို့ မသေခင်ကတည်းက စွဲစွဲမြဲမြဲ ယုံကြည်မျှော်လင့်လာခဲ့တယ်ကွယ်" စသည်ဖြင့် ရာရှစ်၏အမေ က သနားစဖွယ် ပြောဆိုတိုက်တွန်းလေတော့သည်။

သို့နှင့် အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားပြီးလျှင် ထိုည သန်းခေါင်ကျော်အချိန်တွင် အဘာဂီသည် လူ့လောကကြီးကို စွန့်ခွာသွား ရချေတော့သည်။ ကန်ဂါလီကား ငိုကြွေး၍ မဆုံးနိုင်အောင်ပင် ရှိတော့ သည်။ သို့ရာတွင် အဘာဂီကဲ့သို့ ဇာတ်နိမ့်လှသော ဒွန်းစဏ္ဍားမိန်းမတစ် ယောက်ကို ကောင်းကင်ဘုံသို့ နတ်ရထားကြီးဖြင့် ဆောင်ကြဉ်း၍သွားရန် စီစဉ်ချက်များ ရှိလေဦးမည်လော။ သို့တည်းမဟုတ် ၄င်းသည် ကောင်း ကင်ဘုံသို့ မဟုတ်ဘဲ သေပြည်ဆီသို့ပင် မည်းမှောင်သော တောင်ကြား များအတွင်းမှ ခြေလျင်လျှောက်ပြီး သွားရလေမည်လောဟူ၍ကား မည်သူမျှ မသိနိုင်ကြချေ။

အဘာဂီနေထိုင်သော တဲငယ်နှင့်ကပ်လျက်ရှိသည့်မြေပေါ်တွင် သစ်တိုင်ပင်တစ်ပင်ပေါက်နေသည်။ ရာရှစ်သည် ပုဆိန်တစ်လက်ကို ငှား ရမ်းပြီး ထိုသစ်ပင်ကို တစ်ချက်မျှ ခုတ်လိုက်မိစဉ် မြေပိုင်ရှင်၏လက်ပါး စေသည် ဘယ်ကရောက်လာမှန်း မသိရဘဲ ရာရှစ်၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ပြင်းထန်စွာရိုက်ပြီးလျှင် ၄င်း၏လက်မှ ပုဆိန်ကို ဆွဲယူ လိုက်ရင်း...

"ဆာလား ... မင်းအမေလင်ပိုလို့ ဒီသစ်ပင်ကို ခုတ်ရတာ လားဟင်" ဟု အော်ဟစ်ကြိမ်းမောင်း ဆဲဆိုလိုက်တော့သည်။

ရာရှစ်သည် မိမိ၏ပါးနှစ်ဖက်ကို ပွတ်လိုက်တော့သည်။

သားဖြစ်သူ ကန်ဂါလီကား မျက်ရည်ဝဲလာပြီးလျှင်…

"ဒရဝမ်ကြီးရဲ့ … ဒီသစ်တိုင်ကို ကျွန်တော့်ရဲ့ အမေကိုယ်တိုင် စိုက်ခဲ့ပါတယ် ခင်ဗျား၊ ဘာကြောင့် ကျွန်တော့်အမေကို အကြောင်းမဲ့ ရိုက်ရသလဲ" ဟု ပြန်လည်မေးမြန်းလေသည်။

ဒရဝမ်ကြီးလည်း လွန်စွာဒေါသထွက်လာပြီးလျှင် ကန်ဂါလီအား ယုတ်မာစုတ်ပဲ့စွာ ဆဲရေးတိုင်းထွာလိုက်ပြီး ရိုက်ရန် ဟန်ပြင်လိုက်ပြီးမှ လက်ကို ပြန်၍ရုပ်သိမ်းလိုက်တော့သည်။ အတယ့်ကြောင့်ဆိုသော် ဇာတ်နိမ့်သူတစ်ယောက်ကို ထိမိပါက မိမိသည် လူသေကောင်ကို ကိုင်မိသကဲ့သို့ မသန့်မရှင်းဖြစ်သွားရမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်ချေသည်။

သို့နှင့် ထိုနေရာသို့ ရွာတွင်းမှ လူများ စုဝေးရောက်ရှိလာကြတော့သည်။ ထိုလူအားလုံးကပင် ရာရှစ်သည် ဒရမ်ဝမ်ကြီးထံမှ ခွင့်တောင်းပြီးမှသာလျှင် ထိုသစ်ပင်ကို ခုတ်သင့်ကြောင်း ထင်မြင်ချက်ပေးနေကြတော့သည်။ ၄င်းနောက် သူတို့သည် ဒရဝမ်ကြီး၏ခြေကို ဖက်ကြပြီးလျှင် အဘာဂီသေဆုံးခါနီးကလေးတွင် မိမိသေဆုံးသွားသောအခါ မိမိ၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်လိုက်ရန် စိတ်ဆန္ဒပြင်းပြစွာနှင့် လာရောက်ကြည့်ရှုသူတို့အား မှာသွားကြောင်း၊ ထို့ကြောင့် ၄င်းအား မီးသင်္ဂြိုဟ်နိုင်ရန် ထိုသစ်ပင်ကို ခုတ်ခွင့်ပေးပါမည့်အကြောင်း ပြောဆိုတောင်းပန်တိုးလျှိုးကြလေသည်။ သို့ရာတွင် ဒရဝမ်ကြီးသည် ဘုးဆိုဖရုံမသီးနိုင်သော လူစားမျိုးဖြစ်ရာ မျက်နှာထားရှစ်ခေါက်ချိုးပြီး ခေါင်းကိုသာ အတွင်ခါပြလိုက်တော့သည်။

မြေပိုင်ရှင်ကြီးသည် ထိုရွာတွင်မနေဘဲ ရုံးခန်းဖွင့်ထားပြီး 'အဒါရှိုင်း'အမည်ရှိသော ကိုယ်စားလှယ်တစ်ဦးကို ထားရှိလေသည်။ ရွာအတွင်းရှိ လူများသည် ခေါင်းမာလှသော ဒရဝမ်ကြီးအား တောင်းပန်တိုးလျှိုးနေကြစဉ်တွင် ကန်ဂါလီသည် အဒါရှိုင်း၏ရုံးခန်းဆီသို့ အပြေးသွားလိုက်တော့သည်။ လက်အောက်ငယ်သားများသည် မတရားညှဉ်းဆဲတတ်ကြသည်။ ထို့ကြောင့် မြေပိုင်ရှင်၏ကိုယ်စားလှယ်ဖြစ်သူ အဒါရှိုင်းအား အကျိုးအကြောင်းပြောပြပြီး တောင်းပန်တိုးလျှိုးလျှင် ထိုသစ်ပင်ကို မုချ ခုတ်ခွင့်ရပေလိမ့်မည်ဟု ထင်မှတ်ယုံကြည်မိတော့သည်။

ကန်ဂါလီသည် ရိုးအလွန်းသော သူငယ်တစ်ယောက်ဖြစ်ရကား ဘင်္ဂါလီမြေပိုင်ရှင်များနှင့် ၄င်းတို့လက်ပါးစေ ကိုယ်စားလှယ်များ ညစ်ပတ်

www.foreverspace.com.mm

ကြပုံတွေကို မသိရှာသေးချေ။ အဒါရှိုင်းသည် ကန်ဂါလီအား မမျှော်လင့်ဘဲ တွေ့မိရာ မိမိတဲ့မှ ခွင့်မရဘဲ မိမိအခန်းတွင်းသို့ ဝင်ရောက်လာသည်ကို လွန်စွာဒေါသထွက်လာပြီး…

"ဟေ့ကောင် … မင်းဘယ်သူလဲ"ဟု ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလိုက်သည်။

"ကျွန်တော့်နာမည် ကန်ဂါလီလို့ ခေါ်ပါတယ်၊ လူကြီးမင်းရဲ့ ဒရဝမ်က ကျွန်တော့်အဖေကို ပါးရိုက်လိုက်လို့ လာတိုင်ပါတယ်"

"အေး … ကောင်းကွာ၊ မင်းအဖေက မြေခွန်မပေးဘဲ နေခဲ့လို့ ထင်ပါရဲ့"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်အမေဟာ အခုမနက်ကပဲ သေဆုံးသွားပါတယ်၊ အမေ့ကို မီးသင်္ဂြိုဟ်ဖို့ သစ်တိုတစ်ပင်ကို တစ်ချက်ခုတ်မိတာနဲ့ ပါးရိုက်ခံခဲ့ရပါတယ်"ဟု ပြောဆိုကာ ငိုကြွေးလေတော့သည်။

နံနက်အချိန်တွင် မိမိအိမ်သို့ လာရောက်ငိုကြွေးသည်မှာ အမင်္ဂလာဖြစ်သည်ဟု မှတ်ယူပြီး၊ အဒါရှိုင်းသည် လွန်စွာဒေါသထွက်လေတော့သည်။ ဤသူငယ်သည် သူ့အမေအကြောင်းကို ကိုင်မိပြီးဖြစ်ဟန်တူသည်။ အကယ်၍ ကိုင်မိပြီးဖြစ်ပါက မိမိအခန်းတွင်းသို့ ဝင်ရောက်လာသည့်အတွက် တစ်ခန်းလုံး သနသွားရချေတော့မည်ဟုမှတ်ယူလိုက်တော့သည်။ သို့ဖြစ်ရာ သူသည် ကန်ဂါလီအား…

"ဟေ့ … မင်းအမေ သေသွားပြီကိုး၊ ဒီလိုဆိုရင် မင်း ငါ့အခန်းထဲမှာ ရပ်ပြီးမနေနဲ့တော့၊ အပြင်ကိုထွက်ပြီး မြေပေါ်မှာ သွားနေလိုက်"ဟု အော်ဟစ်နှင်ထုတ်လိုက်လေသည်။

"ဘယ်သူတွေ ရှိကြသလဲဟေ့ … ဒီကိုလာကြစမ်း၊ ဒီကောင်လေးရပ်နေသွားတဲ့နေရာဟာ သနသွားပြီ၊ နွားချေးကို ရေနဲ့ဖျော်ပြီး ကြမ်းပြင်ကို သုတ်လိမ်းဆေးကြောလိုက်ကြစမ်း" ဟု အော်ပြောကာ တပည့်များကို ခေါ်လိုက်လေသည်။

"ဟေ့ ကောင်လေး … မင်းဟာ စာတ်နိမ့်သူပဲ၊ ဘယ်အမျိုးထဲကလဲဟေ့"

"ကျွန်တော် ဒွန်းစဏ္ဍားအမျိုးပါ"

"ဟင်း … ဒွန်းစဏ္ဍားလား၊ ဒွန်းစဏ္ဍားမျိုးထဲကသေသွားရင် မီးသင်္ဂြိုဟ်ရိုးထုံးစံ မရှိဘူး။ ဒါကြောင့် ထင်းမလိုဘူးဟေ့"

"ဒါပေမယ့် ဒီလိုပါခင်ဗျား၊ ကျွန်တော့်အမေက သူသေသွားရင် မီးသင်္ဂြိုဟ်ဖို့ မှာသွားပါတယ်ခင်ဗျာ၊ ကျွန်တော်ပြောတာကို မယုံရင် တစ်ရွာလုံးကို မေးကြည့်ပါ၊ သူက သေခါနီးမှာ လူတိုင်းကို ဒီလိုပဲမှာသွားပါတယ်ခင်ဗျာ"

"ဒါဖြင့်ရင် ကောင်းပြီလေ၊ ငွေငါးကျပ်ယူလာပေတော့၊ ဒီသစ်ပင်ဟာ ငွေငါးကျပ်တန်တယ်၊ ဒါကြောင့် မင်း ငွေငါးကျပ်ပေးနိုင်မလား"

ကန်ဂါလီသည် ငွေငါးကျပ်ကို ပေးနိုင်အားမရှိချေ။ နံနက်ကပင် သူ့ဆွေမျိုးဖြစ်သူ ဘန်းဒေး၏ အဒေါ်သည် သူ၏ကြေးထမင်းပန်းကန်ကို တစ်ကျပ်နှင့်ပေါင်ပြီး သူ့အတွက် အဝတ်သစ်တစ်ပိုင်းဝယ်ပေးခဲ့ရသည်ကို သူမြင်ခဲ့ရပြီမဟုတ်ပါလော။ သို့ဖြစ်ရကား ကန်ဂါလီက…

"ကျွန်တော် ငွေငါးကျပ် မပေးနိုင်ပါဘူး" ဟု ပြန်ပြောလိုက်သည်။ အဒါရှိုင်းသည် မျက်နှာထား တစ်မျိုးပြင်ပြီးလျှင်…

"ဟေ့ကောင်လေး…မင်းငွေငါးကျပ် မပေးနိုင်ဘူးဆိုရင် မင်းအမေရဲ့ အလောင်းကို မြစ်ကမ်းဘေးက သဲသောင်ခုံထဲမှာ မြှုပ်လိုက်ပေတော့၊ မင်းခုတ်ချင်နေတဲ့ သစ်ပင်ဟာ မင်းအမေလင်ပိုင်တယ်လို့ မင်းထင်နေသလား"

"ဒီသစ်ပင်ဟာ ကျွန်တော်တို့နေတဲ့ တဲအိမ်နားမှာ ပေါက်နေတဲ့ သစ်ပင်ပါ၊ ဒီသစ်ပင်ကို ကျွန်တော့်အမေကိုယ်တိုင် စိုက်ခဲ့ပါတယ်ခင်ဗျာ"

အဒါရှိုင်းသည် လွန်စွာဒေါသထွက်လာပြီး…

"ဩော် … မင်းတို့အမေကိုယ်တိုင်စိုက်ခဲ့တဲ့ သစ်ပင်တဲ့လား။ ဟေ့…ဒရဝမ်ကြီး အမြန်လာလိုက်စမ်း။ ဒီခွေးမသားလေးရဲ့ လည်ပင်းကို ဆွဲပြီး အပြင်ကိုတွန်းထုတ်လိုက်စမ်း" ဟု အော်ဟစ်ကာ အမိန့်ပေးလိုက်တော့ရာ ဒရဝမ်လည်း ကျယ်လောင်စွာ ဆဲဆိုကြိမ်းမောင်းပြီး ကန်ဂါလီ၏လည်ပင်းကို ကိုင်၍ အခန်းအပြင်ဘက်သို့ ဆွဲထုတ်လိုက်ပြီး နောက်ပါးကိုငါးချက်ရိုက်ပြီးလျှင် မြေပေါ်သို့ တွန်းလှဲပစ်လိုက်တော့သည်။

ကန်ဂါလီသည် မြေပေါ်မှလူးလွန့်ကာ ထလာပြီးလျှင် အလိမ်းလိမ်းကပ်နေသော ဖုန်မှုန့်များကို ခါပြီး ဖြည်းညင်းစွာ ထွက်သွားချေတော့သည်။ သို့ထွက်သွားနေစဉ် မိမိသည် မည်သည့်ပြစ်မှုမျိုးကို လွန်ကျူးမိသဖြင့် ဤကဲ့သို့အရိုက်ခံလိုက်ရကြောင်းကို စိုးစဉ်းမျှ စဉ်းစား၍မရနိုင်ချေ။

ထို့နောက် အဒါရှိုင်းသည် သူ၏လက်ထောက် 'ပရက်'ကို ခေါ်ပြီး…

"ဒီကောင်လေးဆီမှာ...မြေခွန်အကြွေးတွေ ကျန်ရှိနေသလား ကြည့်လိုက်စမ်း။ ကျန်ရှိနေရင် သူ့ရဲ့ ငါးဖမ်းပိုက်ကွန်ဖြစ်ဖြစ်၊ တခြား ဘာပစ္စည်းဖြစ်ဖြစ် သိမ်းယူထားလိုက်ပေတော့၊ ဒီတော့မှလဲ ဒီခွေးမသား လေးဟာ ပေးဆပ်ဖို့အကြွေးတွေ ကျန်မတော့ဘဲ တခြားကို ထွက်သွား နိုင်ပါလိမ့်မယ်" ဟု အမိန့်ပေးလိုက်တော့သည်။

နောက်တစ်ရက်တွင် စပါးကုန်သည်ကြီး မူကာဂျီ၏ နေအိမ်၌ ကျင်းပခဲ့သော ရက်လည်ဆွမ်းကျွေး "ရှရက်"အခမ်းအနားကြီးကို ခမ်းနား တင့်တယ် သိုက်မြိုက်စွာ ကျင်းပလေတော့သည်။ သေဆုံးသွားသော သူဋ္ဌေးကတော်ကြီး၏ ဂုဏ်ရည်အဆင့်အတန်းနှင့် ကိုက်ညီအောင် ကျင်းပ ခဲ့ခြင်းဖြစ်ရာ လွန်စွာမှပင် ကြီးကျယ်ခမ်းနားပါပေသည်။ ထိုအခမ်းအနား ကြီးကို စပါးကုန်သည်ကြီး မူကာဂျီကိုယ်တိုင် စီမံကွပ်ကဲကာ ကျင်းပခဲ့ ခြင်းဖြစ်သည်။

ကန်ဂါလီသည် ထိုဆွမ်းကျွေးပွဲသို့ ရောက်ရှိလာပြီးလျှင် မူကာဂျီ ရှေ့၌..."ဩော်...ငါ့အမေတော့ ဆုံးရှာပြီ" ဟု တီးတိုးညည်းတွား မြည်လိုက်သည်။

မူကာဂျီက

"ဟေ့ကောင်လေး ... မင်းဘယ်သူလဲ၊ ဘာလိုချင်သလဲ"ဟု ငေါက်ငမ်းမေးမြန်းလိုက်သည်။

"ကျွန်တော့်နာမည်က ကန်ဂါလီလို့ခေါ်ပါတယ်၊ ကျွန်တော့် အမေသေဆုံးသွားပါပြီ၊ ကျွန်တော့်အမေက သူသေသွားရင် သူ့အလောင်း ကို မီးသဂြိုဟ်လိုက်ဖို့ မှာခဲ့ပါတယ်"

"ဒါဖြင့် မီးသဂြိုဟ်လိုက်ပေါ့"

မြေပိုင်ရှင်၏ ကိုယ်စားလှယ် အဒါရှိုင်း၏ ရုံးခန်းတွင် ဖြစ်ပွား ခဲ့သော အဖြစ်သနစ်များသည် ရွာအတွင်းသို့ ပျံ့နှံ့သွားပြီးဖြစ်ရာ အနီးရှိ လူတစ်ယောက်က မူကာဂျီအား...

"ဒီလိုပါ ... ဒီသူငယ်ဟာ သူ့အမေရဲ့ အလောင်းကို သဂြိုဟ်ဖို့ သစ်ပင်တစ်ပင်ကို လိုချင်နေဟန်တူပါတယ်"ဟု ပြောကြားလိုက်သည့် အပြင် ကန်ဂါလီနှင့် အဒါရှိုင်းတို့ဖြစ်ပျက်ခဲ့ကြသော အကြောင်းများကို လည်း တစ်လုံးမကျန် ပြောကြားလိုက်သည်။

မူကာဂျီသည် လွန်စွာအံ့ဩသွားရသည်နှင့်အမျှ ဒေါသစိတ်တွေ ကျွံထွက်လာပြီးလျှင်...

www.foreverspace.com.mm

"ဟော့ကောင်လေး … မင်းအင်မတန်လူပါးဝတာပဲ၊ ငါလည်း ထမင်းဟင်းတွေချက်ဖို့ ထင်းတွေအတော်များများ လိုနေသေးတယ်၊ မင်းကို ငါမပေးနိုင်ဘူး" ဟု ပြတ်သားစွာပြောပြီး ထွက်သွားချေတော့သည်။

ရက်လည်ဆွမ်းကျွေးအခမ်းအနားကို စီစဉ်ဆောင်ရွက်ကျင်းပပေးရန် ရောက်ရှိနေသော ဘုန်းတော်ကြီးက …

"ဟော့သူငယ် … မင်းတို့ဒွန်းစဏ္ဍားမျိုးတွေ သေသွားတဲ့အခါမှာ အလောင်းကို မီးတင်ရှို့ရတဲ့ ထုံးစံအစဉ်အလာ မရှိဘူး၊ ဒါကြောင့် မင်းအမေရဲ့ အလောင်းကို မြစ်ကမ်းဘေးမှာရှိတဲ့ သဲသောင်ခုံပေါ် ယူသွားပြီး၊ ကောက်ရိုးလက်တစ်ဆုပ်လောက်ကို မီးရှို့ပြီး မင်းအမေရဲ့ပါးစပ်ကို အဲဒီမီးနဲ့ ခဏတို့ပြီး မြှုပ်လိုက်ပေတော့" ဟူ၍ နှစ်သိမ့်စကား မြွက်ကြားတော်မူလိုက်သည်။

ထိုစဉ် မူကာဂျီ၏ သားကြီးသည် အနားမှဖြတ်သွားလေရာ ဘုန်းတော်ကြီး၏ မြွက်ကြားချက်ကို ကြားမိလိုက်သော် …

"အရှင်ဘုရား … ဒီအမျိုးယုတ်လှတဲ့ ဒွန်းစဏ္ဍားတွေဟာ အင်မတန် အလှမ်းကျယ်လွန်းကြတယ်၊ သူတို့ဟာ ဗြာဟ္မဏမျိုးတွေနဲ့ အဆင့်အတန်းချင်း တူချင်ကြတယ်" ဟု ဒေါ်ဟစ်ပြောဆိုသွားတော့သည်။

ကန်ဂါလီသည် ဘုန်းတော်ကြီးအား နောက်ထပ်မည်သို့မျှ တောင်းမန်လျှောက်ထားခြင်းမပြုတော့ဘဲ မိမိ မိခင်သေဆုံးလျှက်ရှိသော တဲအိမ်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားချေတော့သည်။

လွန်ခဲ့သော နှစ်နာရီအတွင်း မိမိတွေ့ကြုံခံစားလိုက်ရသော ဘဝ၏အဆင်မပြေမှု၊ ထံတရား၏ ရက်စက်မှုများကြောင့် ကန်ဂါလီသည် အတော်ပင် စိတ်ထိခိုက်သွားရရှာတော့သည်။

ထို့နောက် ကန်ဂါလီသည် မြစ်ကမ်းနံဘေးရှိ သဲသောင်ခုံပေါ်တွင် တွင်းတစ်တွင်းကို တူးပြီးလျှင် မိခင်၏ရုပ်အလောင်းကို တွင်းထိပ်တွင်ချထားလိုက်တော့သည်။

ထိုစဉ် မိမိ၏ သူငယ်ချင်းဖြစ်သူ ရန်ရှန်၏အမေက အကူအညီပေးလာသည်။ သူမသည် ကောက်ရိုးလက်တစ်ဆုပ်မျှကို မီးရှို့ကာ ကန်ဂါလီ၏ တုန်လှုပ်နေသော လက်တွင်းသို့ ထည့်လိုက်ပြီး သေဆုံးသွားသော အဘာဂီ၏ ပါးစပ်ကို မီးမြှိုက်စေတော့သည်။

ငင်းနောက် သူတို့သည် အလောင်းကို တွင်းထဲသို့ ချလိုက်ပြီး မြှုပ်နှံလိုက်ကြတော့သည်။

မြစ်ကမ်းထိပ်ရှိ ရွာကလေးတွင် ရွာသူရွာသားများသည် မိမိတို့ ကိစ္စအသီးသီးကို လုပ်ဆောင်နေကြစဉ် ကန့်ဂါလီသည် မြစ်ကမ်းဘေးရှိ သဲသောင်ခုံပေါ်တွင် တစ်ကိုယ်တည်းရပ်ကာ မီးလောင်နေသော ကောက်ရိုးဆုပ်မှ ကောင်းကင်ထက်သို့ ရစ်ပိုက်ကာ တက်နေသော မီးခိုးများကို မျက်တောင်မခတ်ဘဲ ရှုစိုက်ကာ ကြည့်နေမိတော့သည်။ သို့ပြားလည်း ကောင်းကင်မှ ရထားတစ်စင်းတလေမျှ ဆင်းသက်လာသည်ကို မမြင်တွေ့ရချေ။

စွန်လ၊ ၁၉၆၅
မြဝတီ

❑

www.foreverspace.com.mm

www.foreverspace.com.mm

## ပုရစ်မောင်

ကီကီသည် အသက် ၁၁-နှစ်ရှိလာပြီ။ သူသည် တစ်ရက်တွင် မိမိဖခင်နှင့်အတူ ပုရစ်များကို လိုက်လံရှာဖွေဖမ်းဆီးရာ တစ်ကောင်မျှ မရဘဲ ပင်ပန်းနွမ်းနယ်စွာ အိမ်သို့ပြန်လာခဲ့ရသည်။ ကီကီမှာ လွန်စွာ ကြောက်တတ်သော ကလေးသူငယ်တစ်ယောက်မင်ဖြစ်သည်။ အသက် ၅-နှစ်အရွယ်တွင် အပြစ်တစ်ခုကြောင့် ဖခင်ဖြစ်သူက ၎င်းအား တုတ်နှင့် ရိုက်မည်အပြုတွင် ကီကီသည် အကြောက်လွန်ပြီး မေ့မြောသွားဖူးသည်။ သို့နှင့်အမျှ သူသည် မိမိဖခင်ကို လွန်စွာကြောက်ရွံ့နေတော့သည်။

ကီကီမှာ အသက်အရွယ်နှင့်စာလျှင် ကိုယ်လုံးကိုယ်ထည် ကြီးထွားသင့်သလောက် မကြီးထွားသေးချေ။ လွန်ခဲ့သောနှစ်တွင် သူ့မိခင်က သူ့အတွက် ချုပ်ပေးခဲ့သည့် အဝတ်အစားများမှာ ကျပ်မလာသေးဘဲ ချောင်မြဲချောင်လျက်ပင် ရှိနေသေးသည်။ သူ၏ရုပ်သွင်မှာ အချိုးမကျလှချေ။ ခေါင်းကြီးကိုယ်သေးပြီး၊ ခြေထောက်နှစ်ချောင်းမှာလည်း အနည်းငယ်သေးသည်။ သူသည် ကြိုးခုန်ရန် အလွန်ဝါသနာပါသည်။ အသက် ၁၁-နှစ်ရောက်နေငြားလည်း မိမိကိုယ်ကို ကလေးငယ်တစ်ယောက်ဟုပင် ထင်မှတ်နေသေးသည်။ ၎င်း၏အစ်ကိုတစ်ယောက်မှာ သေဆုံးသွားပြီး အစ်မဖြစ်သူမှာလည်း အိမ်ထောင်ကျကာ တစ်ရွာသို့ပြောင်းရွှေ့နေထိုင်တော့သည်ဖြစ်ရာ အိမ်တွင် ကီကီတစ်ယောက်သာ ကျန်ရှိတော့ရကား မိဘနှစ်ပါးက ၎င်းအား အလိုလိုက်ထားကြတော့သည်။

www.foreverspace.com.mm

ကီကီသည် ပုရစ်များကို လွန်စွာချစ်မြတ်နိုးသူတစ်ယောက်ဖြစ်သည်။ ပုရစ်များကို မကြာမကြာဖမ်းယူပြီး ကစားလေ့ရှိသည်။ ပုရစ်နှစ်ကောင်ကို ဖန်ပုလင်းထဲထည့်ပြီး ကိုက်စေသည်။ သို့ဖြစ်ရာ ကီကီသည် ပုရစ်တစ်ကောင်၏အော်သံ၊ကိုယ်၏ပမာဏ၊ခြေထောက်အနေအထားနှင့် အရောင်အသွေးတို့ကို ကြားမြင်တွေ့ရှိမှုနှင့်ပင် ထိုပုရစ်၏ စွမ်းရည်သတ္တိကို အကဲဖြတ်နိုင်လာတော့သည်။ သူနေသော အခန်းအနီးရှိ ပန်းဥယျာဉ်အတွင်းမှ ပုရစ်အော်သံ ကြားလိုက်လျှင် ကီကီသည် တူရိယာအသံဟု ထင်မှတ်ကာ သဒ္ဒါရုံခံစားလေ့ရှိသည်။ သူသည် သူ့ဖခင်သင်ပြသည့် ပညာဗဟုသုတများကို ခဏတာမျှသာ မှတ်သားနိုင်ခဲ့ပြီးငြီးငွေ့မေ့ပျောက်သွားငြားလည်း ပုရစ်အော်သံကို ကြားမိလျှင်ကား လွန်စွာမှပင် စိတ်ကြည်လင်ရွှင်ပျလေတော့သည်။ သို့ဖြစ်ရကား ကီကီသည် ပုရစ်များ သူ့အခန်းနားသို့ လာရောက်နေပျော်ချင်ကြလေအောင် အခန်းပြတင်းပေါက်အောက်တွင် အုတ်ချပ်များကို တမင်တကာ စုပုံထားသည်။

ထိုနေ့တါင် သူ၏ဖခင်သည် သားကလေးကီကီနှင့်အတူ ပုရစ်ရှာဖွေရန် ရွာတောင်ဘက်ရှိ တောင်ခြေရင်းဆီသို့ ပထမဆုံးအကြိမ် ထွက်လာခဲ့ခြင်းဖြစ်သည်။

ကီကီ ၆-နှစ်သားအရွယ်က တစ်နေ့တွင် မိမိစာသင်ခန်းအတွင်းသို့ ပုရစ်တစ်ကောင်ကို ယူဆောင်သွားသည်။ ဆရာသည် ပုရစ်ကိုမြင်လိုက်သော် လက်ဖြင့်ညှစ်ချေလိုက်တော့သည်။ ကီကီသည် လွန်စွာဒေါသထွက်လာရကား ဆရာနောက်သို့ လှည့်သွားသည်နှင့် တစ်ပြိုင်နက် အတန်းသားများရှေ့တွင်ပင် ဆရာ၏ပခုံးပေါ် ခုန်တက်ခွစီးလိုက်ပြီး လည်ပင်းကို အကြိမ်ပေါင်းများစွာ ကုတ်ဖဲ့လေတော့ရာ ဆရာသည် နာကျင်လွန်းလှသဖြင့် ကီကီအား ခါချပစ်လိုက်ရဖူးသည်။ ကီကီသည် ဤမျှပင် ပုရစ်များကို ချစ်လေတော့သည်။

တစ်ရက်တွင် ဖခင်ဖြစ်သူသည် ပုရစ်ဖမ်းရန် နီးခြမ်းပါးများဖြင့် ရက်ထားပြီး ဝါးလုံးလက်ကိုင်ရိုးတပ်ထားသည့် ဝါးပိုက်ကွန်တစ်မျိုးကို ပြုလုပ်လေတော့သည်။ ပြီးစီးသွားသောအခါ . . .

"ဟော့ . . . ကီကီ . . . လာ တို့များ ပုရစ်သွားဖမ်းရအောင်" ဟု ခေါ်လေတော့သည်။

ကီကီသည် လွန်စွာဝမ်းမြောက်လေတော့သည်။ သူသည် ယခင်က ပုရစ်များကို ဖမ်းခဲ့ဖူးသည်။

www.foreverspace.com.mm

သို့ရာတွင် ငါးပိုက်ကွန်နှင့်ကား မဟုတ်ချေ။ ၎င်းပြင်သူ့အား အိမ်၏တောင်ဘက် တစ်မိုင်ခွဲကွာတွင် တည်ရှိသော တောင်ခြေသို့လည်း ဘယ်သောအခါမျှ သွားခွင့်မပေးခဲ့ဘူးချေ။ ထိုတောင်ခြေတွင် ပုရစ်လွန်စွာ ပေါကြောင်းကို သူကောင်းစွာသိထားသည် မဟုတ်ပါလော။

ထိုနေ့မှာ စူလိုင်အတွင်းဖြစ်ရာ နေအလွန်ပူသည်။ အဖနှင့် သားတို့သည် ငါးပိုက်ကွန် ကိုယ်စီကိုင်ပြီး တောင်ခြေတောင်ခါးပန်းနှင့် တောင်စောင်းများရှိနေရာများတွင် ပုရစ်များကို ရှာဖွေကြတော့သည်။ ၎င်းနောက် တောအတွင်း ဖြတ်သန်းကာ ချုံငယ်များကို ခုန်ကျော်ကြသည်။ ကျောက်တုံးများကို လှန်လှောပြီး ရှူးရှူကျယ်လောင်စွာ အော်မြည်တမ်းသည့် ပုရစ်များကို သေချာစွာ ရှာဖွေကြသည်။ မကြာမီပင် သူတို့သည် ရှူးရှူကျယ်လောင်စွာ အော်မြည်နေသော ပုရစ်တစ်ကောင်ကို မြင်လိုက်ရာ ပိုက်ကွန်နှင့် အုပ်ဖမ်းရန် အနားသို့ ကပ်အသွားတွင် ယင်းပုရစ်သည် ခုန်ပြေးပြီး ချုံထဲတွင် ပျောက်ကွယ်သွားတော့သည်။ အိမ်သို့ပြန်လာကြစဉ် ကီကီ၏ဖခင်သည် မိမိဖမ်းလိုသည့်ပုရစ် လွတ်သွားသည့်အတွက် အတူးဝမ်းနည်းကာ သက်ပြင်းကြီးချလိုက်တော့သည်။ သို့နှင့် ကီကီသည် ၎င်း၏ဖခင်နှင့် ပထမဆုံးအကြိမ် ခင်မင်ချစ်ကြည်ရင်းနှီးစွာ ရလိုက်တော့သည်။

(၂)

သူ့ဖခင်က မိမိသည် ပုရစ်လောကကို အဘယ်ကြောင့် စိတ်ဝင်စားလာရကြောင်းကို သားဖြစ်သူအား စိုးစဉ်းမျှ ရှင်းမပြခဲ့ချေ။ ကီကီကလည်း ဖခင်ဖြစ်သူအား မမေးရဲချေ။ အိမ်သို့ပြန်ရောက်ကြသောအခါ ကီကီသည် ထမင်းဟင်း အရံသင့် ပြင်ဆင်ထားပြီး အိမ်တံခါးဝတွင် စောင့်နေသော သူ၏မိခင်ကို တွေ့ရတော့သည်။

မိခင်က ကီကီအား...

"သားရေ ... မင်းပုရစ်ဖမ်းလို့ မိရဲ့လား" ဟုမေးရာ ဖခင်ဖြစ်သူက..."တစ်ကောင်မှ မမိဘူးကွယ်" ဟု စိတ်ပျက်သံဖြင့် ပြန်ပြောလိုက်သည်။

ကီကီသည် လွန်စွာအံ့သြလျက်ရှိတော့သည်။ သူသည် မိခင်ဖြစ်သူအား ထိုညတွင် မေးလိုက်တော့သည်။

"အမေ ... အဖေဟာ ပုရစ်တွေကိုလဲချစ်သကိုး၊ ကျွန်တော်ကတော့ ပုရစ်တွေကိုချစ်တာ ကျွန်တော် တစ်ယောက်တည်းရယ်လို့ ထင်နေမိတယ်"

"သားရေ ... မင်းအဖေဟာ ပုရစ်တွေကို မင်းလိုမချစ်ပါဘူး ကွယ်...၊ ဒါပေမယ့် မင်းအဖေက ပုရစ်တွေကို မချစ်ချင်ဘဲနဲ့ ချစ်လိုက်ရတော့တာပဲ"

"ဘာဖြစ်လို့လဲ အမေ...ဘာကြောင့်မချစ်ချင်ဘဲနဲ့ ချစ်လိုက်ရသလဲ"

"ဘုရင်မင်းတရားကြီးကြောင့်ပေါ့ သားရယ်၊ မင်းတို့အဖေဟာ ရွာသူကြီးမဟုတ်ပါလား၊ စွမ်းရည်သတ္တိရှိတဲ့ ပုရစ်ကောင်းကောင်းတစ်ကောင်ကို ဖမ်းဆီးပြီး ပို့ဆက်ရမယ်လို့ မင်းအဖေဆီကို အမိန့်စာရောက်လာတယ်ကွယ့်၊ ဒါကြောင့် ဘုရင်မင်းတရားကြီးရဲ့ အမိန့်ကိုမလွန်ဆန်ပံ့တဲ့အတွက် ပုရစ်တွေကို ထွက်ပြီးဖမ်းနေရတာပေါ့ကွယ်"

"အမေပြောပြတာကျွန်တော်ကောင်းကောင်း မရှင်းသေးပါဘူး"

"အေး ... ငါလဲမင်းကို မရှင်းပြရသေးပါဘူး၊ ဘုရင်မင်းတရားကြီးက စွမ်းရည်သတ္တိနဲ့ပြည့်စုံတဲ့ ပုရစ်တစ်ကောင်ကို ၁၀-ရက်အတွင်း ပို့ဆက်ရမယ်၊ မပို့ဆက်နိုင်ဘဲ ပျက်ကွက်ရင် ရာထူးက နုတ်ပယ်လိုက်မယ်၊ ဒဏ်ငွေလဲ ဆောင်ရမယ်တဲ့၊ တို့များဟာ အင်မတန် ဆင်းရဲကြလေတော့ ဒဏ်ငွေမပေးနိုင်ရင် ထောင်ကျကြမှာပဲ သားရယ်"

ကီကီသည် နောက်ထပ် မမေးတော့ချေ။ ပုရစ်ဖမ်းရန်မှာ လွန်စွာမှပင် အရေးကြီးကြောင်းကိုသာ မှတ်သားထားလိုက်တော့သည်။

ထိုကာလတွင် နေပြည်တော်ရှိ နန်းတော်ကြီးအတွင်း၌ နေပျော်ကြကုန်သော မိဖုရားနှင့် နန်းတွင်းသူများသည် လောင်းကြေးကြီးစွာဖြင့် ပုရစ်တိုက်ပွဲများကို ပြုလုပ်ကစားလေ့ရှိကြသည်။

ငွေးပြင် တစ်နှစ်လျှင် တစ်ကြိမ်ကျ ပုရစ်တံခွန်စိုက် တိုက်ပွဲများကိုလည်း ပြုလုပ်လေ့ရှိကြသည်။

ဤပုရစ်တိုက်ပွဲများကို "ဆွန်း"မင်းဆက် လက်ထက်တော်ကာလမှစ၍ အကြီးအကျယ် ပြုလုပ်လေ့ရှိသည့် အစဉ်အလာဖြစ်ခဲ့သည်။

နေပြည်တော်ကြီးအတွင်းသို့ မွန်ဂိုစစ်သေနာပတိကြီး ဂျင်ဂျစ်ခန်သည် စစ်တပ်ကြီးနှင့် ဝင်ရောက်လာစဉ်က နန်းရင်းဝန်ကြီးသည် ပုရစ်တိုက်ပွဲများကို အထူးစိတ်ဝင်စားစွာ ကြည့်နေတော့သည်။

မစ္စတာချန်းနေထိုင်ရာ ဟွာရင်းခရိုင်တွင် စွမ်းရည်သတ္တိရှိပြီး ကောင်းစွာတိုက်ခိုက်တတ်သော အာဇာနည်ပုရစ်မျိုးကောင်းများ ထွက်ပေါ်လေ့မရှိချေ။ သို့ရာတွင် တစ်ကြိမ်က ထိုခရိုင်မှ တရားသူကြီးတစ်ယောက်သည် လွန်စွာအမျိုးကောင်းလှသော ပုရစ်တစ်ကောင်ကို ကံအားလျော်စွာ ဖမ်းဆီးရမိလိုက်သဖြင့် နန်းတော်ကြီးအတွင်းသို့ ပို့ဆောင်လိုက်သည်တွင် လွန်စွာနှစ်မြို့ကြ်ရကား၊ မင်းသားတစ်ပါးက ထိုနယ်၏ဘုရင်ခံထံသို့ အရာထမ်း၊ အမှုထမ်းအားလုံးတို့အား ပုရစ်မျိုးကောင်းများကို ရနိုင်သမျှ ရှာဖွေဖမ်းဆီးစေပြီး ပေးပို့ရန် မေတ္တာရပ်ခံခဲ့သည်။ ထိုပုရစ်မျိုးကောင်းများကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ထံခွန်စိုက် ပုရစ်တိုက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်စေလိုသောကြောင့်ပင်ဖြစ်သည်။ ထိုမင်းသား၏ မေတ္တာရပ်ခံစာကို ဘုရင်မင်းတရားကြီး ထုတ်ပြန်တော်မူသော အမိန့်စာဖြစ်သည်ဟူ၍ ရွာသူရွာသားများက မှတ်ယူထားလိုက်ကြတော့သည်။

ထိုခေတ်အတွင်း လွန်စွာအမျိုးကောင်းပြီး တိုက်ရည်ခိုက်ရည်ပြည့်ဝသည့် ပုရစ်ကောင်၏တန်ဖိုးမှာ ဒေါ်လာတစ်ရာဖြစ်သည်။ ပုရစ်တိုက်ပွဲများမှာ တဖြည်းဖြည်းနှင့် နယ်ပယ်ကျေးရွာများသို့ ပျံ့နှံ့ရောက်ရှိသွားတော့သည်ဖြစ်ရာ ဗိုလ်စွဲသည့် ပုရစ်ကောင်များကို ပိုင်ဆိုင်သူများသည် မိမိတို့ပုရစ်များကို မည်မျှဈေးပင် ပေးစေကာမူ မရောင်းချလိုကြတော့ချေ။

အချို့သော ကျေးရွာသူကြီးများသည် ရွာသူရွာသားများထံမှ ငွေညှင်းပြီး ပုရစ်ကောင်များ ဝယ်ယူနိုင်ရန် "ပုရစ်ခွန်"များကိုပင် ကောက်ခံလာကြတော့သည်။

ကီကီ၏ ဖခင်ဖြစ်သူ မစ္စတာချန်းသည် မိမိရွာမှ ပုရစ်ခွန်ကောက်ခံပါက ဒေါ်လာ ၂၀၀-ခန့် မုချရရှိနိုင်မည်။ ယင်းဒေါ်လာ ၂၀၀-အနက် တစ်ဝက်ကို မိမိအတွက်ယူထားလိုက်ပြီး၊ ကျန်တစ်ဝက်ဖြင့် ဗိုလ်စွဲသည့် ပုရစ်တစ်ကောင်ကို ဝယ်ယူနိုင်သည်။ သို့ငြားလည်း မစ္စတာချန်းသည် ရွာသူရွာသားများထံမှ ပုရစ်ခွန် မကောက်ခံခဲ့ချေ။ တိုက်ပွဲတွင် ဗိုလ်စွဲနိုင်မည့် ပုရစ်တစ်ကောင်ကို ပေးပို့ရန်မှာ သူ၏ဝတ္တရားပင် ဖြစ်သည်ဟု ထင်မှတ်ယုံကြည်မိသည်နှင့်အမျှ ယင်းပုရစ်ကို မိမိကိုယ်တိုင် ရှာဖွေဖမ်းဆီးရန် ဆုံးဖြတ်လိုက်တော့သည်။

ကီကီသည် သူ့ဖခင်နည်းတူ ပုရစ်ကောင်းတစ်ကောင် ရှာဖွေဖမ်းဆီးရရှိနိုင်ရေးအတွက် အထူးပင် စိတ်ဝင်စားလာတော့သည်။

အဘယ့်ကြောင့်ဆိုသော် သူ၏ဝါသနာမှာ သာမည မဟုတ် တော့ဘဲ လွန်စွာဂုဏ်ရှိသည့် ဝါသနာဖြစ်ကြောင်း ထင်ရှားလာပြီ မဟုတ် ပါလော။

သို့နှင့်သူသည် နောက် ၃-ရက်မျှအကြာတွင် ပုရစ်ဖမ်းရန်ပိုက် ကွန်ငယ်ကို ကိုင်ထားသည့် သူ၏ဖခင်နှင့်အတူ အေးချမ်းသော သစ်ပင် ရိပ်အောက်တွင် အနားယူနေတော့သည်။

သူ့ဖခင်သည် ဆေးတံကိုမီးညှိလိုက်ပြီးလျှင် မှာထုတ်ရင်း မီးခိုး များကို ကြည့်နေလေသည်။

ငင်းနောက် ဆေးတံရိုးကို ပါးစပ်မှ ထုတ်လိုက်ပြီးလျှင် …

"ကီကီရေ…မင်း ငါ့အတွက် တိုက်ပွဲမှာ ဗိုလ်စွဲနိုင်မယ့် ပုရစ် တစ်ကောင်ကို ဖမ်းပေးနိုင်မှာပေါ့နော်၊ ဒီလိုကွယ်…သားရေ…နန်း တော်ကြီးမှာ နွေဦးရာသီပွဲတော်ကျရင် တံခွန်စိုက်ပုရစ်တိုက်ပွဲကြီးကို ကျင်းပလိမ့်မယ်ကွယ့်၊ အနိုင်ရတဲ့ ပုရစ်ရဲ့ ပိုင်ရှင်ကို ဘုရင်မင်းတရား ကြီးက ဆုကြီးလာဘ်ကြီး ချီးမြှင့်ပေးသနားမယ်ကွယ့်"

"ဟုတ်လား အဖေ၊ ဆုချီးမြှင့်ပေးသနားမယ်တဲ့လား၊ ဘုရင်ကြီး ကလဲ ပုရစ်တွေကို ချစ်သကိုး"

"အေး … ဟုတ်တယ်၊ အမှန်ဆုချီးမြှင့်လိမ့်မယ်ကွယ့်"

"ဒီလိုဆိုရင် အဖေ … ကျွန်တော်တို့ဟာ အဲဒီပြိုင်ပွဲကြီးမှာ မုချဗိုလ်စွဲအနိုင်ရမယ့် ပုရစ်ကောင်းတစ်ကောင်ကို ရှာဖွေဖမ်းဆီးပေး နိုင်ပါလိမ့်မယ်ထင်တယ်၊ ဒါထက် အဖေဟာ ဘုရင်ကြီးကို ဖူးမြော်ခွင့် ရနိုင်မယ်လား"

"ဘုရင်ကြီးကိုတော့ ဖူးမြော်ခွင့် ရနိုင်မယ်မဟုတ်ပါဘူး၊ ငါက အဲဒီပုရစ်ကို တရားသူကြီးဆီကို ပို့ပေးရမယ်၊ အဲဒီတရားသူကြီးက ဒီပုရစ်ကို ဘုရင်ခံဆီကို ပို့ပေးလိမ့်မယ်၊ ဘုရင်ခံက အဲဒီပုရစ်ဟာ ကောင်း လို့ရှိရင် ဘုရင်မင်းတရားကြီးထံကို ကိုယ်တိုင်သွားရောက် ပို့ဆက်လိမ့် မယ်၊ ဒါကြောင့် ပုရစ်ဟာ ကောင်းရမယ်၊ တကယ့်တိုက်ရည်ခိုက်ရည် စွမ်းရည်သတ္တိနဲ့ ပြည့်စုံရလိမ့်မယ်ကွယ့်။ ပြိုင်ပွဲကြီးမှာ အနိုင်ရတဲ့ ပုရစ်ရဲ့ ပိုင်ရှင်ကို အကြီးအကျယ် ဆုချီးမြှင့်ပေးသနားလိမ့်မယ်ကွယ့်"

"ဒီလိုဆိုရင်ဖြင့် အဖေ … ကျွန်တော်တို့ဟာ အင်မတန် ကောင်းတဲ့ ပုရစ်တစ်ကောင်ကို မုချဖမ်းမိနိုင်ပြီး ကျွန်တော်တို့ဟာ မုချ ချမ်းသာလာတော့မယ်လို့ ကျွန်တော် ထင်နေပါပြီအဖေ"



www.foreverspace.com.mm

သို့နှင့် သားအဖနှစ်ယောက်တို့သည် ပုရစ်ရှာဖွေဖမ်းဆီးရန် အိမ်မှထွက်သွားကြတော့သည်။ ကီကီမှာ မိမိဖခင်အတွက် ပုရစ်ဖမ်းပေးရန်မှာ မိမိတာဝန်ပင်ဖြစ်သည်ဟု ထင်မှတ်ယုံကြည်လာတော့သည်။

"အဖေ … ပြိုင်ပွဲကြီးမှာ မုချဗိုလ်စွဲနိုင်မယ့်ပုရစ်ကို ကျွန်တော်ရှာပြီး ဖမ်းပေးပါမယ်၊ အဖေမပူပါနဲ့"

www.foreverspace.com.mm

(၃)

မစ္စတာချန်းမှာ ပုရစ်လောကကိုကောင်းစွာကျွမ်းကျင်သိရှိသော မိမိ၏သားကို လွန်စွာအားကိုးမိတော့သည်။ သူတို့သည် ၃-ရက်ကြာမျှ ရှာဖွေကြပါသော်လည်း စိတ်တိုင်းကျသည့် ပုရစ်တစ်ကောင်ကိုမျှ ရှာ၍မတွေ့နိုင်သေးချေ။ သို့ရာတွင် ၄-ရက်မြောက်နေ့တွင် သူတို့သည် ကံကောင်းလေတော့သည်။ သူတို့သည် တောင်ထိပ်ပေါ်သို့တက်ရောက်ပြီး တစ်ဖက်သို့ ဆင်းကြစဉ် ထူထပ်သော ချုံများကိုဖြတ်ကျော်သွားကြသည်။ ၄င်းတောင်၏ခြေရင်းတွင် သင်္ချိုင်းဟောင်းနေရာတစ်ခု ရှိနေသည်ကို အဝေးမှမြင်ကြရသည်။ ထိုနေရာကမြေ၏ အရောင်မှာ နီဝါဝါအရောင်ရှိသည်ဖြစ်၍ ကီကီမှာ လွန်စွာအားတက်လေတော့သည်။ သူတို့သည် စမ်းငယ်တစ်ခုကို ကူးဖြတ်ကြပြီး ၁၅-မိနစ်ခန့်မျှအကြာတွင် သင်္ချိုင်းဟောင်းနားသို့ ချဉ်းကပ်ရောက်ရှိသွားကြတော့သည်။ သူတို့မှာ လွန်စွာဝမ်းမြောက်အားတက်နေကြပြီ။ အတယ်ကြောင့်ဆိုသော် ၁၂-ကောင်မျှရှိသော ပုရစ်တို့၏ ရှုးရှူးစွာအော်မြည်နေကြသံများကို ကြားမိလိုက်သောကြောင့်ပင်ဖြစ်သည်။ ကီကီသည် နားစွင့်ထောင်ရင်း အကဲခတ်နေတော့သည်။

ထိုစဉ်ပင် ဖားတစ်ကောင်သည် မြက်တောထဲမှ ရုတ်တရက်ခုန်ထွက်လာပြီး တွင်းတစ်တွင်းထဲသို့ အမြန်ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ထိုတွင်းထဲမှ လွန်စွာကြီးပြီး လှပသော ပုရစ်တစ်ကောင်ထွက်ပေါ်လာလျက် ခုန်ဆွ ခုန်ဆွနှင့် ပျောက်ကွယ်သွားချေတော့သည်။ ထိုပုရစ်ကြီးသည် ကျောက်ပြားတစ်ခု၏ အောက်တွင်ရှိသော တွင်းငယ်တစ်ခုထဲသို့ ဝင်ရောက်သွားခြင်းဖြစ်သည်။ သားအဖနှစ်ယောက်တို့သည် ၄င်းတွင်းဆီသို့ တဖြည်းဖြည်း တွားရွ၍သွားကြပြီး အဆက်မပြတ် ရှုးရှုကယ်လောင်စွာ အော်မြည်နေသော ပုရစ်သံကို ရှုးစိုက်နားထောင်ကြတော့

www.foreverspace.com.mm

သည်။ ထိုစဉ် ကီကီသည် မြက်ရိုးရှည်တစ်ချောင်းကို ပုရစ်ထွက်လာစေရန် တွင်းထဲသို့ ထည့်သွင်းပြီး လှုပ်မွှေလိုက်စဉ် ပုရစ်အော်သံ တိတ်သွားလေတော့သည်။

သို့နှင့် ပုရစ်သည် ၎င်းတွင်းငယ်ထဲတွင် ရှိနေကြောင်းကို သူတို့ကောင်းစွာသိသားကြတော့သည်။ သို့ရာတွင် တွင်းမှာ ကီကီ၏လက်ကို ထည့်သွင်း၍ မဝင်နိုင်အောင်ပင် သေးငယ်နေသဖြင့် အခက်ကြုံနေရတော့သည်။ မစ္စတာချန်းသည် တွင်းထဲသို့ ဆေးတံမီးခိုးများကို မှုတ်သွင်းလိုက်သော်လည်း မအောင်မြင်ချေ။ ထိုစဉ် ကီကီသည် တွင်းထဲသို့လောင်းထည့်ရန် စမ်းချောင်းငယ်ထဲမှ ရေသွားခပ်နေစဉ် မစ္စတာချန်းသည် ပုရစ်ထွက်လာက၁ မုချဖမ်းယူရန် ပိုက်ကွန်ငယ်ကို အဆင်သင့်ကိုင်ထားလေသည်။

မကြာမီ ကီကီရောက်လာပြီး တွင်းငယ်ထဲသို့ ရေလောင်းထည့်လိုက်သည်နှင့်တစ်ပြိုင်နက် ပုရစ်ကြီးသည် တွင်းထဲမှ ခုန်ထွက်လာသည်တွင် ပိုက်ကွန်ငယ်ထဲသို့ အမိခံလိုက်ရတော့သတည်း။ ၎င်းပုရစ်ကြီးမှာ "လည်ပင်းနက်" ခေါ် ပုရစ်မျိုးဖြစ်ရာ မေးရိုးကား၍ ကိုယ်ကားပြီး ခြေတံမှာ အထူးရှည်လေသည်။ ၎င်း၏တစ်ကိုယ်လုံးမှာ နီညိုအရောင်ဖြစ်လျက် ယွန်းထည်ပစ္စည်း၏ အရောင်ကဲ့သို့ ပြောင်လက်နေသည်။ သို့နှင့် သားအဖနှစ်ယောက်တို့မှာ အထူးပင်ပန်းကျိုးနပ်သွားကြတော့သည်။

သူတို့သည် အိမ်သို့ ပျော်ရွှင်စွာ ပြန်လာကြသည်။ အိမ်သို့ ရောက်လျှင် ပုရစ်ကြီးကို မစ္စတာချန်း၏ အိပ်ခန်းအတွင်း စားပွဲပေါ်ရှိ မြေအိုးတစ်လုံးထဲတွင် သေချာယုယစွာ ထည့်သွင်းထားလျက် မြေအိုး၏ အဖုံးပေါ်တွင်ကား ကြေးဆန်ခါတစ်ချပ်ကို တင်ထားလိုက်သည်။

မစ္စတာချန်းသည် နောက်တစ်ရက်တွင် မြို့သို့သွားရောက်၍ ၎င်းပုရစ်ကြီးကို တရားသူကြီးထံသို့ ပေးအပ်ရန်ဖြစ်သည်။ ထို့ကြောင့် မိမိဇနီးအား အိမ်နီးချင်းကြောင်များ မစားနိုင်အံ့သောငှာ ပုရစ်ကြီးကို ကောင်းစွာစောင့်ရှောက်ထားရန် မှာကြားပြီး ပုရစ်အားကျွေးမွေးရန် မြင်းသားကို ဈေးထဲတွင် သွားဝယ်လေတော့သည်။ မိမိမရှိစဉ် ၎င်းပုရစ်ကြီးကို မည်သူ့အားမျှ ကိုင်ခွင့်ထိတို့ခွင့် မပေးရန်ကိုလည်း ကျပ်တည်းစွာ မှာသွားသည်။ ကီကီမှာဝမ်းသာ၍ မဆုံးနိုင်တော့ချေ။ သို့ဖြစ်ရာ မိမိဖခင် အခန်းထဲသို့ ဝင်ရောက်လာပြီး ပုရစ်ကြီးအော်မြည်သံကို နားမထောင်ရလျှင် မကျေနပ်၊ အားမရဖြစ်နေတော့ရကား မိခင်အလစ်တွင် ဖခင်၏

အခန်းတွင်းသို့ တိုက်တိုက်ဆိုင်ဆိုင် ဝင်ရောက်လာတော့သည်။ အခန်းထဲရောက်လျှင် ပုရစ်ကြီးကိုထည့်ထားသော မြေအိုးနားသို့ ချဉ်းကပ်သွားပြီး ပုရစ်အော်မြည်သံကို နားထောင်တော့ရာ မကြားရသဖြင့် မြေအိုးကို ၃-၄ ချက် ခေါက်ပေးလိုက်သည်။ သို့ပြားလည်း မထူးခြားချေ။ အိုးတွင်းမှ လှုပ်ရှားသံကိုလည်း မကြားရချေ။ ထို့ကြောင့် ပုရစ်ကြီးသည် ထွက်ပြေးပျောက်ကွယ်သွားပြီဟု ထင်မှတ်မှားမိတော့သည်။

သူသည် ပုရစ်ကြီးကို မှောင်နေသော မြေအိုးထဲတွင် ကြည့်မမြင်သဖြင့် မြေအိုးကို အလင်းရောင်ရှိရာ ပြတင်းပေါက်နားသို့ ယူဆောင်၍ ကြေးဆန်ခါဖုံးကို တဖြည်းဖြည်း ဖွင့်ပြီးကြည့်လေတော့သည်တွင် ပုရစ်ကြီးသည် အိုးဝသို့ ရုတ်တရက် ခုန်ထွက်လာပြီး စာအုပ်စင်ပေါ်တွင် နားနေတော့သည်။

ကီကီသည် အထူးပင် ထိတ်လန့်သွားချေတော့ရာ ဘာလုပ်ရမည်ကို ဝေခွဲ၍မရတော့ချေ။ ၎င်းနောက် သူသည် ပြတင်းပေါက်တံခါးကို လျင်မြန်စွာပိတ်လိုက်ပြီးလျှင် အခန်းထဲ၌ ပုရစ်ကြီးကို လိုက်လံဖမ်းဆီးချေတော့သည်။

လွန်စွာ အစိုးရိမ်ကြီးနေသော ကီကီသည် ပိုက်ကွန်ငယ်ကို အသုံးပြုရန် သတိမေ့လျော့သွားရကား ပုရစ်ကြီးကို မိမိလက်ဝါးဖြင့်ဖိကာ ဖမ်းဆီးမိသောအခါတွင် ပုရစ်ကြီး၏လည်ပင်းမှာ ဒဏ်ရာရသွားပြီး၊ ခြေတစ်ချောင်းမှာလည်း ကျိုးသွားလေတော့သည်။

ကီကီသည် ကြောက်ဒူးတုန်နေတော့သည်။ နှုတ်ခမ်းခြောက်သွေ့လာပြီးလျှင် အထူးပင် ရင်ခုန်နေတော့သည်။ သူသည် ပြိုင်ပွဲကြီးတွင် မုချဆိုလ်စွဲမည့် ပုရစ်ကြီးကို မသန်မစွမ်းဖြစ်အောင် ပြုလုပ်လိုက်ပြီမဟုတ်ပါလော။

သူ့အမေက . . .

"ဟဲ့ ချေးကောင်လေး . . . နင်ဟာ တယ်မိုက်လှပါကလား၊ နင့်အပြစ်ကို ဒီဘဝမပြောနဲ့ ဆယ်ဘဝဖြေလို့ ပြေနိုင်မှာမဟုတ်တော့ဘူး၊ နင်တော့ မုချသေရတော့မှာပဲ၊ နင့်အဖေပြန်လာတဲ့အခါကျရင် နင့်ကို ဘယ်လိုအပြစ်ပေးမယ်ဆိုတာ ငါတော့မသိနိုင်ဘူး၊ နင့်ကို မုချသတ်ပစ်မှာပဲ" ဟု ပြောဆိုကြိမ်းချေတော့သည်။

ကီကီသည် မျက်နှာဖြူဖပ် ဖြူရော်ဖြစ်လာပြီးလျှင် ရှိုက်ကြီးတစ်ငင် ငိုကြွေးကာ အိမ်မှထွက်ပြေးချေတော့သတည်း။

www.foreverspace.com.mm

## (၄)

ညစာစားချိန်ရောက်လာသော်လည်း ကီကီသည် နေအိမ်သို့ ပြန်မလာသေးချေ။ သူ့အဖေကား လွန်စွာဒေါသထွက်လျက်ရှိရာ ကီကီ ပြန်ရောက်လာလျှင် ကောင်းကောင်းကြီး ရိုက်ပေးမည်ဟု အားခဲလျက်ရှိ တော့သည်။ သူတို့သည် မီးအိမ်ကို ထွန်းညှိပြီး ခြံထဲတွင် လိုက်ရှာကြရာ ညသန်းခေါင်အချိန်တွင် ကီကီ၏ ခန္ဓာကိုယ်ကို ရေတွင်းတစ်တွင်းထဲတွင် တွေ့ရချေတော့သည်။

ကလေးကို ရေတွင်းထဲမှ အိမ်သို့ယူဆောင်လာသောအခါ ကလေးတွင် အသက်ရှိသေးဟန် မတူတော့ချေ။ သူ၏ခေါင်းတွင် ဒဏ်ရာ ကြီးတစ်ခုကို တွေ့ရပြီး နဖူးမှာ ပွံသွားသောကြောင့် သွေးများ ယိုစီးကျ ဆင်းလျက်ရှိသည်။ ရေတွင်းတွင် ရေများစွာမရှိချေ။ သို့ရာတွင် ကီကီမှာ တစ်ကိုယ်လုံး စိုရွှဲနေတော့သည်။ သူတို့သည် ကီကီ၏ စိုရွှဲနေသည့် အဝတ်များကို ချွတ်လိုက်ပြီးလျှင် ခြောက်သွေ့သည့် အဝတ်သစ်များကို ဝတ်ပေးကြသည်။ ၎င်းနောက် ခုတင်ပေါ်တွင် သိပ်ထားပြီး ဒဏ်ရာနှစ် ချက်ကို ဆေးထည့်ပေးကြတော့သည်။ သွေးစမ်းကြည့်ရာ သွေးခုန်နေ သဖြင့်ဝမ်းသာကြရသည်။ တစ်ချက်တစ်ချက်တွင် ဖြည်းညင်းစွာ အသက် ရှူသံကို ကြားရသဖြင့် သားကလေးသည် အသက်ရှင်နေသေးကြောင်း သိနိုင်ကြတော့သည်။ ရေတွင်းထဲသို့ ကျသွားသည့်အချိန်မှာ ဖြင်းထန်လွန်း ရကား ကလေးမှာ တစ်နေ့လုံး ပြန်လည်သတိရခြင်း မရှိသေးချေ။ သို့နှင့် အမျှ သူတို့သည် ရွာထဲမှသမားတော်ကြီးကို ပင့်ခေါ်ပြီး ကလေးကို အစွမ်းကုန် ကုသစေသည်။ ထိုညနေတွင် သူတို့သည်...

"ကျွန်တော်သတ်လိုက်ပြီ၊ လည်ပင်းနက်နဲ့ ပုရစ်ကြီးကို ကျွန် တော်သတ်လိုက်ပြီ" ဟူသော ကီကီ၏ ကယောင်ချောက်ချား အော်ဟစ် သံကို မကြာမကြာ ကြားရတော့သည်။

နောက်တစ်နေ့နံနက်တွင် ကီကီသည် စွပ်ပြုတ်ရည် အနည်း ငယ်ကို သောက်နိုင်လာတော့သည်။ သို့ရာတွင်သူသည် ရှေးကနှင့် မတူတော့ဘဲ လုံးဝပြောင်းသွားတော့သည်ဖြစ်ရာ သူ၏ဖခင်ကိုပင် မမှတ်တော့ချေ။ သူ့ကိုလာကြည့်သော သူ၏အစ်မကို ကီကီသည် လုံးဝမမှတ်မိတော့ချေ။ သမားတော်ကြီးကမူ ကီကီသည် အကြောက် လွန်ပြီး ဖျားသွားသဖြင့် ဆေးဝါးဖြင့် ကုသ၍ ရနိုင်လိမ့်မည်မဟုတ်ဟု

ထင်မြင်ချက်ပေးလေတော့သည်။ ကီကီသည် "ကျွန်တော် သူ့ကို သတ်လိုက်ပြီ" ဟူ၍သာ ထပ်တလဲလဲ အော်ဟစ်ပြောဆိုနေချေတော့သည်။

ကီကီမှာ အသက်ရှင်လျက် ရှိနေသည်ဖြစ်ရကား တဖြည်းဖြည်းနှင့် ရောဂါပျောက်ကင်းသွားလိမ့်မည်ဟူသော ထင်စားချက်ဖြင့် မစ္စတာချန်းမှာ အထူးပင် အားတက်လျက်ရှိနေသည်။ ပြိုင်ပွဲကြီးတွင် မုချဗိုလ်စွဲနိုင်မည့် တံခွန်စိုက်ပုရစ်တစ်ကောင်ကို ဖမ်းဆီးပေးပို့နိုင်ရန် လေးရက်မျှကျန်ရှိသေးကြောင်းကို မစ္စတာချန်း သတိထားမိသည်။ သို့ဖြစ်ရာ သူသည် နောက်ထပ်ပုရစ်တစ်ကောင်ကို ဖမ်းဆီးရမိပြီး ကီကီအား ပြသနိုင်လျှင် ကီကီသည် မြန်မြန်ကျန်းမာလာလိမ့်မည်ဟု ယုံကြည်နေသည်။ ယခင်က မိမိတို့သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ကြသော သင်္ချိုင်းဟောင်းကြီးနေရာတွင်ကား ပုရစ်အများပင် ရှိနေကြောင်းကို သူကောင်းစွာသိရှိထားသည်။ သို့ဖြစ်ရာ မစ္စတာချန်းသည် အနည်းငယ် စိတ်အေးသွားပြီး ခေတ္တမျှ မှေးအိပ်လိုက်ရာ မိမိအိမ်ထဲတွင် ပုရစ်တစ်ကောင်၏ ကျယ်လောင်စူးရှသည့် အော်သံကို အံ့ဩစွာ ကြားမိလိုက်တော့သည်။ သို့နှင့်သူသည် အိပ်ရာမှထပြီး ဝမ်းသာအားရနှင့် အော်သံလာရာဆီသို့သွားရာ မီးဖိုဆောင်အတွင်းရှိ နံရံပေါ်တွင် ပုရစ်ကလေးတစ်ကောင်ကို အံ့ဩစွာ တွေ့မိလေတော့သည်။

မစ္စတာချန်းသည် ပုရစ်ကလေးကို အနားကပ်၍ သေချာစွာကြည့်ရာ အလွန်သေးငယ်သည်ကို တွေ့ရသည်။ သို့ရာတွင် ဤသေးငယ်သည့် ပုရစ်ကလေးသည် ထိုမျှကျယ်လောင်စွာ အော်မြည်နိုင်သည့်အတွက် လွန်စွာမှပင် အံ့ဩမိလေတော့သည်။ ထိုစဉ် ပုရစ်ကလေးသည် ၃-ကြိမ်မျှ ကျယ်လောင်စူးရှစွာ အော်မြည်လိုက်ပြီးလျှင် အဖမ်းအဆီးခံလိုသည့်သဘောဖြင့် မစ္စတာချန်း၏ အင်္ကျီလက်ပေါ်သို့ ခုန်တက်လာတော့သည်။

မစ္စတာချန်းလည်း ပုရစ်ကလေးကို ဖမ်းဆီးလိုက်ပြီးလျှင် သေချာစွာ ကြည့်ရှုအကဲခတ်လိုက်တော့သည်။ ပုရစ်ကလေးမှာ လည်တံရှည်ပြီးလျှင် ၎င်း၏အတောင်နှစ်ဖက်ပေါ်တွင်ကား ပန်းပွင့်သဏ္ဌာန်အကွက်များပေါ်နေသည်။ သို့နှင့်အမျှ လွန်စွာအတိုက်အသတ် ကောင်းမည့်ပုရစ်မျိုးကောင်း ဖြစ်ဟန်တူသည်ဟု ထင်မြင်မိသည်။ သို့ရာတွင် ကိုယ်လုံးကိုယ်ဖန်မှာကား သေးငယ်လွန်းလှချေသည်။

www.foreverspace.com.mm

သို့ဖြစ်ရကား သူသည် ငှင်းပုရစ်ကလေးကို တရားသူကြီးအား ပေးဆက်ရန် မငှဲ့ချေ။

ငှင်း၏ အိမ်နီးချင်းတစ်ယောက်ထံတွင် ပွဲတိုင်းနိုင်ခဲ့သည့် ပုရစ်တစ်ကောင်ရှိနေသည်။ ပိုင်ရှင်လူငယ်သည် မိမိပုရစ်ကို လှန်စွာရောင်းလို လှငြားလည်း ဈေးအလွန်တောင်းသောကြောင့် မည်သူမျှ မဝယ်လိုကြချေ။ ထို့ကြောင့် ပိုင်ရှင်သည် ငှင်းပုရစ်ကို မစ္စတာချန်းထံသို့ ရောင်းချရန် ယူဆောင်လာတော့သည်။

မစ္စတာချန်းက ထိုသူငယ်ယူဆောင်လာသည့် ပုရစ်နှင့် မိမိပုရစ် တိုက်လိုကြောင်းပြောရာ ထိုလူငယ်က မစ္စတာချန်း၏ ပုရစ်ကလေးကို ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မြူလိုက်တော့သည်။

"ခင်ဗျားပုရစ်က ငယ်ငယ်လေးဗျာ ... သေသွားမှာပေါ့"

"ကိစ္စမရှိပါဘူးဗျာ...စမ်းကြည့်ကြတာပေါ့"

သို့ပြောပြီးနောက် ပုရစ်နှစ်ကောင်တို့ကို လှောင်အိမ်တစ်ခုထဲတွင် ထည့်လိုက်ကြတော့သည်။ မစ္စတာချန်းသည် သည်တော့မှ မိမိပုရစ်သည် လွန်စွာမှပင် အလုံးအဖန်သေးငယ်ကြောင်းကို တွေ့သိရတော့ရာ မုချသေလိမ့်မည်ဟု အထူးပင် စိုးရိမ်မိလာတော့သည်။

"မိတ်ဆွေ ... ကျွန်တော့်ရဲ့ပုရစ်ဟာ အင်မတန်ငယ်ကြောင်းကို အခုမှသိရတော့တယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ပုရစ်ကို ခင်ဗျားပုရစ်ကြီးနဲ့ မတိုက်ပါရစေနဲ့တော့ဗျာ...မုချသေသွားလိမ့်မယ်"

"ကိစ္စမရှိပါဘူးဗျာ မစိုးရိမ်ပါနဲ့၊ မသေစေရပါဘူး၊ ကျွန်တော့်ရဲ့ ပုရစ်ဟာ ဘယ်လိုလျှင်မြန်ဖျတ်လတ်တယ်ဆိုတာ ခင်ဗျားကို မြင်စေချင်လို့ပါပဲ၊ ခင်ဗျားပုရစ်ကလေးဟာ တစ်ဖတ်သတ် အရေးရှုံးနိမ့်တာကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော် ဖျဉ်လိုက်ပြီး ခင်ဗျားလက်ကို ပြန်လည်ပေးအပ်ပါမယ်"

ထို့နောက် ပုရစ်နှစ်ကောင်တို့ကို ထမင်းပန်းကန်တစ်ခုထဲတွင် ခေါင်းချင်းဆိုင်ကာ ချထားလိုက်သည်။ ပုရစ်ကလေးကား မလှုပ်မယှက် ငြိမ်သက်စွာနေနေသည်။ ပုရစ်ကြီးကမူ သူ၏လက်တံနှစ်ချောင်းကို ဖြန့်ထုတ်ထားလိုက်ပြီး သတ်ရန်အဆင်သင့် စောင့်နေတော့သည်။

ပုရစ်ကလေးမှာ မလှုပ်မယှက်နေသည့်အတွက် ထိုလူငယ်က ပုရစ်လေးအား ဒေါသထွက်လာရန် ခေါင်းကိုကြက်တောင်တစ်တောင်ဖြင့် မွှတ်သပ်ပေးလေသည်။

သို့ဖြားလည်း ပုရစ်ကလေးသည် မလှုပ်မရှားလာဘဲ ငြိမ်သက်စွာပင် နေနေသေးရကား ထိုလူငယ်က ပုရစ်ကလေး၏ ဦးခေါင်းကို ကြက်တောင်ဖြင့် ၁၀-ခါမျှ ထပ်မံပွတ်သပ်ပေးပြန်တော့မှ ပုရစ်ကလေးသည် အလူးလှုပ်ရှားလာပြီး ပုရစ်ကြီးကို ခုန်အုပ်တိုက်ခိုက်လေတော့သည်။

www.foreverspace.com.mm

ပုရစ်ကလေးသည် ၎င်း၏လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီး ပုရစ်ကြီး၏ခေါင်းကို ဖမ်းညှပ်ထားပြီး လည်ပင်းကို ကိုက်ဖဲ့လေတော့ရာ ပုရစ်ကြီးမှာ မည်သို့မျှ မတတ်နိုင်တော့ချေ။ သို့ဖြစ်ရကား လူငယ်သည် မိမိပုရစ်ကြီး သေဆုံးသွားတော့မည်ကို အထူးစိုးရိမ်မိပြီး တိုက်ပွဲကို ဖျက်သိမ်းလိုက်ရတော့သည်။ ပုရစ်ကလေးကား မိမိဦးခေါင်းကိုထောင်လိုက်ပြီး အောင်နိုင်သူ၏ အော်မြည်ခြင်းဖြင့် ဝမ်းသာအားရ အော်မြည်လိုက်တော့သတည်း။

မစ္စတာချန်းသည် လွန်စွာမှပင် ကျေနပ်အံ့ဩသွားတော့သည်။ ထိုစဉ်ပင် ကြက်ဖတစ်ကောင်သည် မမျှော်လင့်ဘဲနှင့် ရုတ်တရက်ရောက်လာပြီး ပုရစ်ကလေးကို ပေါက်လိုက်ရာ ပုရစ်ကလေးမှာ ချသေရတော့မည်ဟု အထူးပင်စိုးရိမ်မိကြတော့သည်။ သို့ရာတွင် ပုရစ်ကလေးသည် ကျင်လည်စွာ ရှောင်တိမ်းကာ ခုန်ပြေးလေတော့သည်။ ကြက်ဖကလည်း အနောက်မှ ထက်ကြပ်မကွာ လိုက်နေချေတော့သည်။ မကြာမီ ကြက်ဖသည် ၎င်း၏ဦးခေါင်းကို အကြိမ်ပေါင်းများစွာ လှုပ်ခါနေသည်ကို တွေ့ရသဖြင့် အသေအချာကြည့်လိုက်ရာ ပုရစ်ကလေးသည် ကြက်ဖ၏လည်ပင်းကို ကိုက်ဖဲ့နေသည်ကို အံ့ဩစွာတွေ့တော့သည်။ သို့နှင့်အမျှ သူတို့အားလုံးသည် လွန်စွာအံ့ဩဝမ်းမြောက်သွားကြတော့သည်။ ပုရစ်ကလေး၏ စွမ်းအားသတ္တိကို သိရှိရပြီးဖြစ်သည့်အတိုင်း မစ္စတာချန်းသည် တရားသူကြီးထံသို့ ယူဆောင်သွားတော့၏။ ပုရစ်ကလေး အကြောင်းစုံကို ပြောပြပြီးလျှင် တရားသူကြီးအား လက်ဆောင်အဖြစ် ပေးအပ်လိုက်တော့သည်။ တရားသူကြီးသည် ချက်ချင်းမယုံသေးဘဲ စမ်းသပ်ကြည့်တော့သည်။ မိမိရုံးခန်းအတွင်း၌ ရှာဖွေထားရှိသော ပုရစ် ၉-ကောင်နှင့် တိုက်စေရာ ပွဲတိုင်းတွင် အနိုင်ရရှိလေတော့သည်။ ၎င်းနောက် ကြက်ဖကြီးတစ်ကောင်နှင့် စမ်းကြည့်ပြန်သည်။ ကြက်ဖကြီးက ပေါက်လိုက်စဉ်ပင် ပုရစ်ကလေးသည် ကျင်လည်စွာ တိမ်းရှောင်လိုက်ပြီး ကြက်ဖ၏လည်ပင်းပေါ်သို့ ပျံတက်ကိုက်ဖဲ့လေတော့သည်။

www.foreverspace.com.mm

တရားသူကြီးသည် သို့စမ်းသပ်ကြည့်ရာမှ လွန်စွာကျေနပ်သဘောကျလွန်းရကား ပုရစ်ကလေးကို ကြေးနန်းလှောင်အိမ်ငယ်တစ်ခုအတွင်းသို့ ထည့်သွင်းလျက် ဘုရင်ခံထံသို့ ပို့လိုက်တော့သည်။ ထိုရက်မှာ ဇူလိုင်လ၏ နောက်ဆုံးရက်ဖြစ်ရကား အချိန်မီရောက်ရှိရန် မြင်းနှင့်တင်ပို့စေတော့သည်။

ဖခင်ဖြစ်သူသည် သားကလေးကီကီ လုံးဝရောဂါပျောက်ကင်းမည့်ရက်ကို အထူးပင် စောင့်မျှော်လျက်ရှိနေသည်။ သားကလေးသည် ပုရစ်တစ်ကောင်ကြောင့် မမာမကျန်းဖြစ်ခဲ့သည်ဖြစ်ရာ ပုရစ်တစ်ကောင်နောက်ထပ်ရရှိလိုက်သည့်အတွက် မုချကျန်းမာလာရလိမ့်မည်ဟု နိမိတ်ယူလျက်ရှိနေတော့သည်။ ပုရစ်ကလေး၏ စွမ်းအားသတ္တိထူးများကို ကြားသိရသော မိခင်ဖြစ်သူသည် လွန်စွာအံ့ဩမိပြီးလျှင်…

"ဟင်… ဒီလိုဆိုရင် ပုရစ်ကလေးဟာ ကီကီနဲ့ မတူဘူးလားရှင်၊ အရင်တစ်ခါက ကီကီဟာ သူ့ဆရာရဲ့ပန်းပေါ်ကို ခုန်တက်ခွစီးပြီး လည်ပင်းကို ကုတ်ဖွဲ့တာနဲ့ မတူဘူးလားရှင်" ဟု ဝမ်းသာအားရ ပြောလေတော့သည်။

ကီကီသည် ရောဂါမပျောက်ကင်းသေးဘဲ တစ်နေ့လုံးအိပ်၍သာနေရှာတော့သဖြင့် မိခင်ဖြစ်သူက ပါးစပ်ထဲသို့ အစာများကို အတင်းထည့်သွင်း ကျွေးမွေးပေးရတော့သည်။ ဒဏ်ရာရရှိသည့်ရက်မှ ဆယ်ရက်အတွင်းဝယ် တစ်ကိုယ်လုံး ကိုက်ခဲသည့်ဝေဒနာကို ခံစားခဲ့ရတော့သည်။ ပင့်ခေါ်ကုသစေသောဆေးဆရာကြီးက ကီကီသည် လွန်ကဲစွာထိတ်လန့်မိသဖြင့် စိတ်နှလုံးထိခိုက်သွားသည့်အတွက် တဖြည်းဖြည်းကုသရမည်ဟု ပြောပြလေသည်။

နောက် ၃-ရက်ခန့်အကြာတွင် ကီကီသည် အထူးပင် ဂယောင်ချောက်ချား ဖြစ်သွားတော့သည်။ သို့ရာတွင် ဇူလိုင်လနောက်ဆုံးရက်တွင်ကား ပြန်လည်သတိရလာတော့သည်။ သူသည် ထိုရက်တွင် ပြုံးရွှင်သောအသွင်ဖြင့် မိခင်ဖြစ်သူအား…

"အမေ … ကျွန်တော်အနိုင်ရပြီ" ဟု ဝမ်းသာအားရအော်ပြောလေတော့သည်။

"မင်း ဘာဖြစ်တယ်"

"ကျွန်တော် အနိုင်ရပြီ…အမေ"

"ဘာအနိုင်ရတာတုံး…သား"

www.foreverspace.com.mm

“ကျွန်တော်မသိဘူးအမေ…ကျွန်တော်မှုချနိုင်ရမယ်”

ထိုနောက် ကီကီသည် အသံတိတ်သွားပြီးလျှင် လဝက်မျှသတိမေ့သွားတော့သည်။

ဩဂုတ်လ ၁၈-ရက်နံနက် အရုဏ်တက်အချိန်တွင် သားဖြစ်သူ၏ ခေါ်သံကို ကြားရပြန်တော့သည်။

“အမေရေ…ကျွန်တော် အင်မတန်ဆာလာပြီ”

မိခင်ဖြစ်သူသည် အိပ်ရာမှ ချက်ချင်းထ၍ လင်ဖြစ်သူကို ခေါ်ပြီးလျှင် သားရှိရာသို့ အမြန်သွားရောက်တော့သည်။

“အမေ…ကျွန်တော် အင်မတန်ဆာလှပြီ”

မိခင်က…“သားကလေးရေ…မင်းကျွန်းမာလာပြီနော်”ဟု ကြင်နာစွာပြောပြီး ကီကီ၏မျက်လုံးများကို မိမိ၏အင်္ကျီဖြင့် အသာအယာ သုတ်ပေးလေတော့သည်။

“သားရေ…မင်းဘယ့်နှယ့်နေသေးသလဲကွယ်” ဟု ဖခင်က မေးသည်။

“ကျွန်တော် အင်မတန် နေကောင်းလာပြီအဖေ”

“အေး…မင်းအိပ်ပျော်နေတာ အင်မတန်ကြာသွားပြီကွယ့်”

“ဟုတ်လား အဖေ…ဘယ်လောက်ကြာသွားပြီလဲ”

“မင်းအိပ်ပျော်သွားတာ ၃-ပတ်လောက် ရှိသွားပြီကွယ့်၊ မင်းအတွက် တို့များ အင်မတန် စိတ်ပူခဲ့ကြရတယ်”

“ဒီလောက်တောင် ကြာသွားသကိုး…၊ ကျွန်တော် ဘာမှမသိခဲ့ဘူးအဖေ၊ ဟိုပုရစ်ကြီးကို ကျွန်တော် မသတ်ခဲ့ပါဘူး၊ အဖေ့အတွက် ကျွန်တော် လိုက်ဖမ်းခဲ့တာပါပဲ”

“ဒါတွေကို မင်းဘာမှ တွေးမနေနဲ့တော့၊ မင်းဖျားနာနေတုန်းမှာပဲ ဟိုပုရစ်ကြီးထက်ကောင်းတဲ့ ပုရစ်တစ်ကောင်ကို အဖေဖမ်းလို့မိခဲ့ပြီကွယ့်…၊ အဲဒီပုရစ်က အကောင်တော့ နည်းနည်းငယ်တယ်၊ ဒါပေမယ့်လို့ အင်မတန် အတိုက်ကောင်းတယ်၊ စွမ်းရည်သတ္တိရှိတယ်ကွယ့်၊ အဲဒီပုရစ်ကလေးကို တရားသူကြီးက လက်ခံပြီး ဘုရင်ခံထံသို့ ပို့လိုက်ပြီကွယ့်၊ ဒီပုရစ်ကလေးက တိုက်ပွဲတိုင်းမှာ အနိုင်ရနေတယ်လို့ အဖေကြားရတယ်”

“ဒီလိုဆိုရင် အဖေကျွန်တော့်ကို လုံးဝအခွင့်လွှတ်တယ်ပေါ့နော်”

"အေး…သားကို လုံးဝအခွင့်လွှတ်ပါတယ်၊ သားဘာမှ မပူပါနဲ့၊ လုံးဝအခွင့်လွှတ်တယ်၊ ဒီပုရစ်ကလေးဟာ နေပြည်တော်မှာ ကျင်းပတော့မယ့် ထံ့မုံနှံစိုက်ပုရစ်တိုက်ပွဲကြီးမှာ မုချဗိုလ်စွဲလိမ့်မယ်လို့ အဖေထင်တယ်၊ သား စိတ်အေးအေးထားပြီး အနားယူပေတော့၊ ဒီတော့မှ မြန်မြန်ကျန်းမာလာမယ်"

သို့နှင့် မိဘနှစ်ပါးတို့သည် လွန်စွာဝမ်းသာလာကြတော့သည်။ ကီကီမှာလည်း အစာကိုကောင်းစွာ စားသောက်နိုင်လာတော့သည်။ သို့ရာတွင် သူ၏ပေါင်နှစ်ဖက်မှာကား ကိုက်ခဲနေသေးသည်။

"အမေ…ကျွန်တော့်ရဲ့စိတ်ထဲမှာ ကျွန်တော်ဟာ မိုင် ၁၀၀-လောက် ပြေးခဲ့ခုန်ခဲ့တယ်လို့ ထင်နေပါတယ်"

မိခင်ဖြစ်သူသည် ကီကီ၏ပေါင်နှစ်ဖက်ကို အသာအယာနှိပ်ပေးလေတော့သည်။

နောက်တစ်ရက်တွင် ကီကီသည် အိပ်ရာမှထနိုင်ပြီး အနည်းငယ် လှမ်းနိုင်လေတော့သည်။ ၃-ရက်အကြာတွင် ကီကီသည် သူ၏မိဘနှစ်ပါးနှင့်အတူ ထိုင်၍ မီးရောင်အောက်တွင် မြင်းသားဟင်းနှင့် ညစာ စားသောက်နိုင်လာတော့သည်။

ကီကီက …"ဟင်…ဒီမြင်းသားဟာ ကျွန်တော် နန်းတော်ကြီးမှာ စားခဲ့ရတဲ့ မြင်းသားနဲ့ အင်မတန်တူတာပဲ"

"ဘယ်နန်းတော်မှာလဲ"

"နေပြည်တော်က နန်းတော်ကြီးထဲမှာပေါ့"

"မင်း အိပ်မက်ခဲ့တာ ထင်ပါရဲ့ကွယ်"

"အိပ်မက်တာ မဟုတ်ဘူးအဖေ…ကျွန်တော် အခုမှတ်မိလာပြီ၊ ကျွန်တော်ဟာ ရွှေလှောင်အိမ်ထဲက ထွက်လာတော့ မိန်းမတွေအားလုံးဟာ အနီရောင်၊ အပြာရောင်နဲ့ အဝါရောင်အဝတ်တွေ ဝတ်ထားကြတာကို ကျွန်တော်မြင်ခဲ့ရပါတယ်"

"မင်း ဒီလိုအိပ်မက်ခဲ့တာ မင်း အရင်ဖျားနာနေတုန်းက ဖြစ်မှာပေါ့ကွယ်"

"မဟုတ်ဘူးအဖေ … ကျွန်တော့်ကိုယုံပါ၊ ကျွန်တော် နန်းတော်ကြီးထဲကို ရောက်ခဲ့ပါတယ်…အမှန်ပါပဲ"

"ဒီလိုဆိုရင် နန်းတော်ထဲမှာ မင်းဘာတွေကို မြင်ခဲ့သလဲ…ပြောပြစမ်း"

“နန်းတော်မှာ မုတ်ဆိတ်မွေးရှည်ရှည်နဲ့ လူတွေကို တွေ့ခဲ့ရပါတယ်၊ ဘုရင်မင်းတရားကြီးကိုလည်း တွေ့ခဲ့ရပါတယ်၊ သူတို့အားလုံးဟာ ကျွန်တော့်ကို လာကြည့်ကြပါတယ်၊ ကျွန်တော်က အဖေ့ကိုပဲ သတိရပြီး မုချနိုင်ရမယ်လို့ စိတ်တင်းထားခဲ့တယ်၊ ကျွန်တော့်ကို လှောင်အိမ်ထဲက ထုတ်လိုက်တော့ ပုရစ်ကြီးတစ်ကောင်ကို တွေ့ရပါတယ်၊ ကျွန်တော် အင်မတန် ကြောက်သွားတော့တယ်၊ ဒါပေမယ့် အဖေ့အတွက် အနိုင်ရအောင် ကြိုးစားတိုက်သတ်မယ်လို့ စိတ်တင်းထားပါတယ်၊ အဲဒီပုရစ်ကြီးဟာ ခြေတံလက်တံ အင်မတန်ရှည်တယ်၊ ကျွန်တော်ကတော့ စိတ်မလျှော့ဘဲ အဖေ့အတွက် မုချနိုင်ရမယ်လို့ စိတ်တင်းထားပြီး တိုက်သတ်တော့တာပဲ…၊ ကျွန်တော်ဟာ တစ်ညမှာ တစ်ပွဲတိုက်သတ်ခဲ့ရတယ်၊ နောက်ဆုံးညကျတော့ ခေါင်းနီတဲ့ပုရစ်ကြီးနဲ့ တွေ့ရသတ်ရတော့တာပဲ၊ အင်မတန်ကြောက်စရာကောင်းတဲ့ ပုရစ်ကြီးပါပဲ။

ဒါပေမယ့် ကျွန်တော်ကတော့ အဖေ့အတွက် မုချနိုင်ရမယ်လို့ စိတ်တင်းပြီး ကြောက်တဲ့စိတ်တွေကို ဘေးချိတ်ထားလိုက်တယ်၊ ဒါနဲ့ပဲ ကျွန်တော်က သူ့အနား ကပ်သွားလိုက်တော့ သူက နောက်ဆုတ်သွားလိုက်တော့တယ်၊ သူက ကျွန်တော့်အနား ကပ်လာပြန်တော့ ကျွန်တော်က နောက်ဆုတ်ပေးလိုက်ပြန်တယ်၊ ကျွန်တော်က ကိုယ်လုံးငယ်တော့ အင်မတန်ပေါ့ပါးတယ်၊ ဒါနဲ့ပဲ ကျွန်တော်က အလစ်မှာ ခုန်ဝင်ပြီး သူ့အရှေ့ခြေတစ်ချောင်းကိုကိုက်ဖြတ်လိုက်တယ်၊ သူလဲအင်မတန်နာသွားပြီး ကျွန်တော့်ကို အသေသတ်ဖို့ ပြေးအလာမှာ ကျွန်တော်က အမြန်ရှောင်လိုက်ပြီး သူ့လည်ပင်းပေါ် ခုန်တက်ပြီး ကိုက်ဖြတ်လိုက်တာ သေပါရောလား”

ကီကီပြန်လည်ပြောပြပုံမှာ လွန်စွာသဘောဝကျလှရကား မိဘနှစ်ဦးသည် ငြိမ်သက်စွာ နားထောင်နေကြတော့သည်။

ကီကီသည် မိမိမြင်မက်ခဲ့သည့် အိပ်မက်ကို သေချာစွာ ပြန်လည်ပြောကြားနေသည်ဟု ထင်မိကြသည်။

“ဒါဖြင့်…သားသားဟာ တံခွန်စိုက်ပုရစ်တိုက်ပွဲကြီးမှာ ဗိုလ်စွဲခဲ့တာပေါ့နော်”

“ကျွန်တော် ဗိုလ်စွဲခဲ့တယ်လို့ ထင်မိတာပဲအဖေ၊ တိုက်ပွဲတိုင်းမှာလဲ ကျွန်တော်ဟာအဖေ့အတွက် မုချနိုင်ရယ်မယ်လို့ စိတ်တင်းပြီး တိုက်ခိုက်အနိုင်ယူခဲ့တာပဲ”



www.foreverspace.com.mm

မိဘနှစ်ဦးတို့က သူတို့သားငယ်ပြောသမျှသည် မှန်သည်အမှန် သည်ကို မဝေခွဲနိုင်ကြသေးချေ။ သူတို့သားငယ်ကား လိမ်မပြောတတ် ကြောင်းကို သိကြသဖြင့် မှန်မမှန် သတင်းကို စောင့်မျှော်နေကြတော့ သည်။

www.foreverspace.com.mm

(၆)

ရွှေလှောင်အိမ်ထဲတွင် ထည့်သွင်းကာပို့လိုက်သော ပုရစ်ကလေး သည် နေပြည်တော်ကြီးသို့ ဖြိုင်ပွဲကြီး မကျင်းပမီတစ်ရက်တွင် ကောင်း မွန်စွာ ရောက်ရှိသွားတော့သည်။ ဘုရင်ခံသည် ဤမျှ ကိုယ်လုံးကိုယ်ဖန် သေးငယ်သော ပုရစ်ကလေးကို နေပြည်တော်ကြီးရှိ မင်းသားကြီးတစ်ပါး ထံသို့ ပို့ဆက်လိုက်ခြင်းဖြစ်သည်။ ၎င်းပုရစ်ကလေး၏တိုက်ရည်ခိုက်ရည် စွမ်းသတ္တိထူးများအကြောင်းနှင့် ပတ်သက်၍ စာလုံးရေ သုံးထောင်မျှ ထုတ်ဖော်ချီးကျူးရေးသားထားသည့် စာတစ်စောင်ကိုလည်း ပုရစ်ကလေး နှင့်အတူ ပို့ဆက်လိုက်လေသည်။

မင်းသားကြီးသည် ယင်းစာကိုဖတ်ရှုပြီးလျှင်…

"ဘုရင်ခံဟာ ဒီလောက်ငယ်တဲ့ ပုရစ်ကလေးကို ကျုပ်ဆီပေးပို့ လိုက်တာ ရူးနေပြီထင်တယ်" ဟု ပြောလေသည်။

မင်းသားကြီး၏ဇနီး (ဘုရင်မင်းမြတ်၏ သမီးတော်ဖြစ်သူ)က

"ဒီလိုဆိုရင် ပုရစ်ကလေးအကြောင်းသိရအောင် စမ်းကြည့်ပါ လား" ဟု အကြံပေးလေသည်။

ပုရစ်ကလေးသည် ပထမပွဲတွင် ဖွဲ့သတ္တိကောင်းကောင်းနှင့် တိုက်ခိုက်လေတော့သည်။ မိမိထက် မည်မျှပင် ကိုယ်လုံးကိုယ်ထည်ကြီး သည့် ပုရစ်ပင်ဖြစ်စေကာမူ နည်းနည်းမျှ ကြောက်ရွံ့သည့်အမူအရာကို မပြချေ။ ပထမညတွင် ပုရစ်ကလေးသည် လွန်စွာကိုယ်လုံးကြီးသော ပုရစ်ဗိုလ်တစ်ကောင်ကို အသေကိုက်သတ်နိုင်တော့ရာ တစ်နန်းတော်လုံး အထူးပင် အံ့ဩကုန်ကြရတော့သည်။ ၎င်းနောက် တစ်ညပြီးတစ်ည ဆက်လက်ကျင်းပသွားသည့် တိုက်ပွဲများတွင်လည်း ၎င်းပင် အနိုင်ရရှိခဲ့ တော့သည်။ ၎င်းမှာကိုယ်လုံးကိုယ်ဖန် သေးသည်ဖြစ်ရကား အထူးပင် ပေါ့ပါးပြီး မိမိရန်သူကို လျင်မြန်စွာ ခုန်အုပ်တိုက်ခိုက်နိုင်တော့သည်။

www.foreverspace.com.mm

ပုရစ်တိုက်ပွဲကြီးသည် ၅-ညကြာသော် ပြီးဆုံးသွားလေတော့သည်။ ဩဂုတ်လ ၁၄-ရက်မှ ၁၈-ရက်အထိဖြစ်သည်။ နောက်ဆုံးညတွင် ပုရစ်ကလေးသည် ဗိုလ်စွဲလေတော့သည်။ နောက်တစ်ရက်နံနက်တွင်မူကား ပုရစ်ကလေးသည် လှောင်အိမ်အတွင်းမှ ထူးဆန်းစွာ ပျောက်ကွယ်သွားလေတော့သည်။

နေပြည်တော်တွင် နန်းတော်ကြီးအတွင်း၌ ၅-ညတိုင်တိုင် ကျင်းပခဲ့သည့် တံခွန်စိုက်ဗိုလ်လုပုရစ်ပြိုင်ပွဲကြီး၌ ကိုယ်လုံးကိုယ်ဖန်သေးသည့် ပုရစ်ကလေးတစ်ကောင်သည် ပုရစ်ကြီးများကို တိုက်သတ်ပြီး ဗိုလ်စွဲကာ ပျောက်ကွယ်သွားသည့်သတင်းကို မစ္စတာချန်းတို့ ဇနီးမောင်နှံကြားသိလိုက်ရသောအခါ သူတို့သည် အထူးပင် ဝမ်းသာကြတော့သည်။

မစ္စတာချန်းသည် အကောင်းဆုံးဝတ်စုံကို ဝတ်ဆင်ပြီး၊ သားဖြစ်သူ ကီကီအား တရားသူကြီးထံသို့ ခေါ်ဆောင်သွားသည်။ တရားသူကြီးက ၄င်းအုပ်ချုပ်ရသည့် ခရိုင်ရှိ ကောလိပ်ကျောင်းတွင် ဝင်ရောက်သင်ကြားနိုင်ရန် ကီကီအား ပညာသင်ဆုကို ၁၅-နှစ် ချီးမြှင့်လိုက်တော့သည်။

ထိုရက်မှစ၍ မစ္စတာချန်းတို့ဇနီးမောင်နှံမှာ စီးပွားလာဘ်လာဘ တိုးတက်ဖွံ့ဖြိုးလာတော့သည်။ ကီကီမှာလည်း ကောလိပ်ကျောင်းတွင် ဝင်ရောက်သင်ကြားလျက်ရှိတော့သည်။ ကီကီသည် မိမိအကြောင်းကို ဘယ်သူ့ကိုမျှ မပြောမပြလိုတော့သည်သာမက ပုရစ်တိုက်ပွဲများကိုလည်း လုံးဝကြည့်ရှုအားပေးခြင်း မပြုတော့ချေ။ အတော်ပင် စိတ်ထိခိုက်လျက်ရှိတော့သည်။

မစ္စတာချန်းမှာမူကား မိမိသားကြောင့် လွန်စွာမှပင် ဂုဏ်တက်လျက်ရှိသည်ဖြစ်ရာ မိမိအိမ်သို့ အလည်လာသမျှလူတိုင်းအား ကီကီ၏ အကြောင်းဖြစ်ရပ်များကို မြိန်ရေရှက်ရေနှင့် ပြောပြလေ့ရှိတော့သည်။ သို့ ပြောပြတိုင်း မစ္စတာချန်းက…

“ဘယ်သူမဆို စိတ်ထားဖြူစင်ဖို့ အရေးကြီးတယ်၊ မိဘချစ်တဲ့ စိတ်သဘောဖြူစင်တဲ့ သူများကို နတ်ကောင်းနတ်မြတ်များက အမြဲကူညီကြလိမ့်မယ်” ဟူ၍ နောက်ဆုံးတွင် နိဂုံးချုပ်လေ့ရှိတော့သတည်း။

ဩဂုတ်လ၊ ၁၉၆၁

ရွှေမြိုင်ကောလိပ်၊ အာမခံစာစောင်၊

ကုသ



# ကသ

# နတ်ရထား

ILLUSTRATED BY KO SAN 2004

www.foreverspace.com.mm